www.burmeseclassic.com

ချောက်ချောက်ချားချား ပရဆန်းကြယ်လုံးချင်းဝတ္ထုသစ်

# [illegible]

ကျော်တလားအော်သံ



[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သော အခန်းစဉ်များ


အခန်း (၁) နိဒါန်း သို့မဟုတ်

အခန်း (၂) ကျောက်တာလားအော်သံနိဒါန်း

အခန်း (၃) မယုံဘူးဆိုတာ မကြုံဖူးသေးလို့ပါ

အခန်း (၄) တစ်ရံရောအခါက ကျောက်တာလားပုံပြင်

အခန်း (၅) သက်ဝင်လှုပ်ရှားလာသော ကျောက်တာလားဒဏ္ဍာရီ

အခန်း (၆) ဒဏ္ဍာရီထဲက ကျောက်တာလားတောင်

အခန်း (၇) ကျောက်တာလားကြီးနှင့် ထိပ်တိုက်တွေ့ဆုံခြင်း

အခန်း (၈) ထူးဆန်းထွေလာ မြွေဆိပ်ချမည်ာ

အခန်း (၉) ကျောက်တာလားတောင်မှ မာယာတောကစားခြင်း

အခန်း (၁၀) ပြန်မပြောချင်တဲ့ ဇာတ်လမ်းတစ်ပုဒ်

အခန်း (၁၁) မှဆိုးမိုင်းတစ်ယောက်၏ အတ္ထုပ္ပတ္တိ

အခန်း (၁၂) ကျောက်တာလားမှ ထူးဆန်းသောရသေ့ကြီး

အခန်း (၁၃) ပါကယာတီပါတန်နွံအိုင်မှ ရှန်းထွက်လွတ်မြောက်ခြင်း

အခန်း (၁၄) ကျောက်တာလားတောင်မှ မကောင်းဆိုးဝါးလူမည်းကြီး

အခန်း (၁၅) ပယောဂ္ဂိဝင်ပါထဲတွင် ဝဲလည်နေကြသူများ

အခန်း (၁၆) ကျောက်တာလားဝင်ပါမှ ပယောဂ္ဂိရှာပုံတော်

အခန်း (၁၇) ထူးဆန်းသောရသေ့ကြီးနှင့် တွေ့ဆုံခြင်း

အခန်း (၁၈) ဝိဇ္ဇာအဖော်တွင်းသို့ ငွတ်တိုးဝင်ကြသူများ

အခန်း (၁၉) ကျောက်တာလားတောင်မှ စွန်းတောက်စားခြင်း

အခန်း (၂၀) ထူးဆန်းလျှို့ဝှက်သော ကျောက်တာလားနယ်မြေ

အခန်း (၂၁) ကျောက်တာလားကြီးမှ မိစ္ဆာဒေါသ်

အခန်း (၂၂) လောကသားများ၏ အဝိဇ္ဇာနိဂုံး

အခန်း (၂၃) ကျောက်တာလားတောင်မှ ပျောက်ကွယ်တိမ်မြုပ်နေသော ဂူနန်းပွားတော်

အခန်း (၂၄) ကျောက်တာလားအော်သံနိဂုံး


www.burmeseclassic.com

www.burmeseclassic.com

ရှေးသူဟောင်းတို့သည် ...
"ဥစ္စာချင်းတူလျှင် ယူပေရှေ့" ...
ဟူ၍ နှောင်းလူတို့ကို
စိန်ခေါ်သွားတတ်လေ့ ရှိသည်။
ထို့ပြင် ...
"မသိသူကျော်သွား သိသူဖော်စား"... ဟူ၍လည်း
တစ်ကွက်ချန်သွားတတ်ကြပါသေးသည်။

ဤသို့ဆိုလျှင် ...

အခန်း (၁)

နိဒါန်း သိမ့်ပဟုတ်

'ဒုတ် .. ဒုတ် .. ရှုပ် .. ဒုတ်'
'ဒုတ် .. ဒုတ်'
'ဝရော .. ဖျော .. ဖြောင်း'

ကျောက်တလားလှိုဏ်ကြီးအတွင်းမှာတော့ ဝါးခုတ်သမား တစ်ယောက်၏ တဒုတ်ဒုတ်နှင့် ဝါးခုတ်သံကလေးလေး မှန်မှန် ထွက်ပေါ်နေပါ၏။

အချိန်က ညနေသုံးနာရီကျော်ကျော်ခန့် ရှိပါပြီ။ သစ်ကြီး ပင်ကြီးများထူထပ်သော တောအုပ်ဖြစ်သဖြင့် ညနေ လေးနာရီ ကျော်သည်နှင့် ဝါးတောကြီးထဲတွင် မှိုင်းမှောင်ရီဝေစ ပြုချင်နေ ပြီ။

စောစောပိုင်း တစ်နာရီ၊ နှစ်နာရီခန့်ကမှ ကျောက်တ လားလှိုဏ်ကြီးအောက်တက်ရှိ ရေဝေမြောင်ဝါးတောကြီးထဲတွင် ဝါးခုတ်သံ တဖျောင်းဖျောင်း၊တဒုတ်ဒုတ် စကားပြောသံ တညံ

www.burmeseclassic.com

www.burmeseclassic.com



ညံ့နှင့် ရှိပါချေ၏။ သို့သော် ထိုဝါးခုတ်သူများသည် မကြာမီအခါ ပိုင်းလောက်ကပင် စခန်းသို့ပြန်သွားကြပြီဖြစ်သည်။ ထို့ကြော ရေဝေမြောင်ဝါးတောကြီးထဲတွင် ဝါးခုတ်နေသူဆို၍ အုန်းဆော တစ်ဦးတည်းသာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

စင်စစ် အုန်းဆောင်သည် လောဘရမ္မက်ကြီးသူ မဟုတ် ပါ။ မိခင်မုဆိုးမကြီးအား ရှာဖွေလုပ်ကိုင်ကျွေးမွေးနေသည့် သာ လိမ္မာတစ်ဦး ဖြစ်သည်။ သို့သော် မျက်စိတိမ်စွဲနေသည့် မိခင်ကြီ အား ဆေးဝါးကုသရန်နှင့် မျက်စိခွဲပေးရန်အတွက် အုန်းဆော တစ်ယောက် ကြိုးကြိုးစားစား ငွေရှာနေခြင်းဖြစ်ပါ၏။

ထို့ကြောင့်လည်း သူ၏ဝါးခုတ်ဖော်များ စခန်းသို့ ပြ သွားကြသည့်တိုင် အုန်းဆောင် မပြန်နိုင်သေးဘဲ ဝါးဒိုင်သူကြ ဦးကျော်ဖေ မှာကြားထားသည့် စိတ်ကြိုက် တစ်ပင်တိုင်ဝါးများ သဲသဲမဲမဲရှာဖွေ၍ ခုတ်ယူနေခြင်းဖြစ်သည်။

ထို့အတွက်ကြောင့် အုန်းဆောင်တစ်ယောက် တခြားဝါ ခုတ်သမားများထက် ပို၍ ဝီရိယစိုက်ထုတ်၍ လုပ်ကိုင်ရသည စခန်းသို့ပြန်ရောက်လျှင်လည်း သူတကာတွေ ချက်ပြုတ်စာ သောက်ပြီးမှ သူတစ်ယောက်တည်း ချက်ပြုတ်စားသောက် သည်။

ထို့ကြောင့် ညဥ့်နက်မှ အိပ်ရာဝင်ရသည့်တိုင် သူတကာ ထက် ဝီရိယပို၍ စောစောပြန်၍ ထရပါ၏။ ထို့မျှဝီရိယထား ကျားကုတ်ကျားခဲ ကြိုးစားရသည့်တိုင် သူ၏စိတ်ကြိုက် ဝါးအ အတွက်က မပြည့်မီတတ်သေး။

မည်သို့ပင်ဖြစ်စေ ...



စခန်းသိမ်းလျှင်မူ လိုအပ်သောဝါးအရေအတွက် ပြည့်မှ ဖြစ်မည်မို့ အုန်းဆောင်တစ်ယောက် ယခုကဲ့သို့ ကြိုးစား၍ ဝါး ခုတ်နေရခြင်းပင် ဖြစ်ပါချေ၏။

"ဟေ့ကောင် အုန်းဆောင် ... လောဘတကြီးနဲ့ ဝါး ခုတ်ရင်း ဟိုကျောက်တလားကြီးဘက်ကို ရောက်သွားဦးမယ်နော် သတိလည်းထားဦး"

"ဟုတ်တယ် အုန်းဆောင် ... ကျောက်တလားကြီး အကြောင်းလည်း သိရဲ့သားနဲ့၊ နယ်ကျွံသွားဦးမယ်၊ နောက်ပြီး မှောင်လုအောင်လည်း မနေနဲ့ဟေ့နော်"

ဝါးခုတ်စခန်းသို့ အတူရောက်ရှိလာကြသည့် တစ်ရွာ တည်းသား ညီလုနှင့် ပေါက်ခေါ်တို့၏ အမှာစကားများကို အုန်း ဆောင်ကြားယောင်မိခဲ့သည်။

မည်သို့ပင်ဖြစ်စေ ... ရေဝေမြောင်ဝါးတောမှ ညနေ လေးနာရီခွဲသာသာခန့်တွင် ပြန်ဖြစ်သည်သာ ဖြစ်ပါ၏။

မပြန်၍ မဖြစ်။ ထိုအချိန်တွင် ရေဝေမြောင်ဝါးတောကြီး တစ်ခုလုံး အမှောင်ရိပ်တို့ ယှက်သန်းမင်းမူစပြုနေပြီ မဟုတ်ပါ လော။

နောက်ပြီး နာမည်ကျော် ကျောက်တလားကြီးကလည်း ရှိသေးသည်မဟုတ်ပါလား။ ပြောင်ချောနေသည့် ကျောက်နံရံကြီး အထက် ရည်မျောမျောငေါ်ထွက်နေသည့် ကျောက်တလားကြီးက လေဟာနယ်ထဲတွင် ကျောက်မုတ်ဆိတ်များ၊ နွယ်ဒါန်းကြီးများ တွဲရွဲကျလျက် တည်ရှိနေပုံကလည်း သွေးပျက်ချောက်ချားဖွယ်ရာ ပင်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ကြားထဲ ရံဖန်ရံခါ ကျောက်တလားကြီးဆီမှ အော်ဟစ်ညည်းတွားသံများ၊ ရင်ဘတ်ထု၍ ငိုကြွေးသံများ၊ သီချင်းဆိုသံများနှင့် ညဘက်များတွင် စုန်းတောက်စားခြင်း၊ မီးလုံးကြီးများ ဝဲပျံတက်ခြင်း . . . စသော ချောက်ချားဖွယ်ဖြစ်ရပ်များနှင့် ကိုယ်ထိလက်ရောက်ရိုက်ပုတ်ချိုးဖဲ့တတ်သော ကျောက်တလားဘီလူးကြီးများရှိသည်ဆိုခြင်းကြောင့်လည်း 'ကျောက်တလားကြီး'ရှိရာဘက်သို့ မည်သူမျှ သွားရောက်ကြခြင်းမရှိကြ။

မမျှော်လင့်ဘဲ နယ်ကျွံ၍ရောက်ရှိသွားကြလျှင်လည်း အန္တရာယ်တစ်ခုခုနှင့် မလွဲမသွေကြုံတွေ့ရသည်ချည်းသာမို့ တတ်နိုင်သမျှ ကျောက်တလားကြီးနှင့်လွတ်ကင်းအောင် နေထိုင်ကြလေ့ရှိသည်။

ထို့ကြောင့် တစ်ရွာတည်းသား ညိုလှနှင့်ပေါက်ခေါ်တို့က အနုန်းဆောင်အား စိတ်မချစွာဖြင့် မှာကြားခဲ့ခြင်းပင်ဖြစ်ပါ၏။

ယခု သူခုတ်နေသည့်ဝါးများမှာ တစ်ပင်တိုင်ဝါးကြီးများသာ ဖြစ်သည်။ အကောက်အကွေး၊ အလိမ်အဖယ် မပါသဖြင့် ဝါးဒိုင်လူကြီးဦးကျော်ဖံ သဘောကျမှာသေချာသည်။

ထို့ကြောင့်လည်း ယနေ့လိုအပ်နေသော ဝါးသုံးလုံးခန့်ကိုလည်း တစ်ပင်တိုင်ဝါးများသာဖြစ်ရမည်ဟူသော အတွေးများဖြင့် အနုန်းဆောင် လှည့်ပတ်၍ ရှာဖွေနေမိသည်။

စင်စစ် . . . ဤရေဝေမြောင်ဝါးတောတွင် တစ်ပင်တိုင်ဝါးများ ပေါက်ရောက်သည်ဆိုသော်လည်း အပင်နုကလေးများနှင့် သက်နုဝါးများသာ ပေါများလှသည်။ သက်ရင့်ဝါးများမှာ သူလိုကိုယ်လို ဝါးခုတ်သမားများကြောင့် ရှားပါးစပြုနေပါ၏။



ထို့ကြောင့် ဝါးရင့်ကို လှည့်ပတ်၍ရှာဖွေနေရသဖြင့် အချိန်များ လေလွင့်ဆုံးရှုံးခဲ့သည်။ ယခုဆိုလျှင် ဝါးရုံတောကြီးထဲတွင် အမှောင်ရိပ်တို့ပင်ယှက်သန်းစပြုနေပါချေပြီ။

"ဟူး . . . မလွယ်တော့ဘူးထင်တယ် . . . မှောင်လည်း မှောင်လာတော့မယ်၊ နောက်နေ့မှပဲ လိုတဲ့ဝါးအရေအတွက်ကို ပိုပြီးခုတ်တော့မယ်၊ ဒီနေ့တော့ ပြန်မှပဲ၊ တော်ကြာ ညိုလှတို့ ငါ့ကိုမျှော်နေကြမှာ"

အနုန်းဆောင် ထိုသို့ဆုံးဖြတ်ချက်ချလိုက်ပြီး လာလမ်းအတိုင်း မပြန်တော့ဘဲ တစ်ဖက်လျှိုကြောထဲမှ ဖြတ်ဆင်းလိုက်သည်။

ရည်ရွယ်ချက်ကမူ ဝါးတောကြီးထဲမှ မပြန်တော့ဘဲ လျှိုကြောအောက်ဘက်ရှိ 'ရွှေနီချောင်း' ရိုးအတိုင်း စခန်းသို့ပြန်ရန် ဖြစ်ပါ၏။ သို့သော် . . .

သူ ရွေးချယ်ခဲ့သောဖြတ်လမ်းသည် နာမည်ကျော် 'ကျောက်တလား' ဗွယ်ကြီးအောက်ဘက်ခြမ်းအနီးမှ ဖြတ်သန်းမည်ဖြစ်သည်ကို အနုန်းဆောင်တစ်ယောက် ထိုစဉ်အချိန်ကာလအား သတိမထားမိခဲ့ပါချေ။

ထိုကဲ့သို့ သတိမထားမိလိုက်နိုင်ခဲ့ခြင်းကပင် အနုန်းဆောင်၏ ဘဝကံကြမ္မာအပြောင်းအလဲတစ်ခုသို့ တွန်းပို့ခံလိုက်ရခြင်းကို ကာယကံရှင် အနုန်းဆောင်တစ်ယောက် ကြိုတင်၍သိရှိနိုင်ခဲ့မည်ဆိုပါလျှင် . . . ။

❋

www.burmeseclassic.com

www.burmeseclassic.com



'ရှဲ ရှဲ ..ရှဲ ရှဲ'
'ဖြန်း ..ဖြန်း ..ဖြန်း'
'ဝေါ ဖရော ..ဝေါ ဖရော'

အုန်းဆောင်တစ်ယောက် နေဝင်ရီတရောအချိန်တွင် ရုတ်တရက် ရွှေနီချောင်းဘက်ဆီမှ ကြားလိုက်ရသောအသံများကြောင့် ထိတ်ခနဲရင်ခုန်သွားပါ၏။

ဟုတ်သည် ...။ လှိုဏ်ကြောအောက်ခြေဘက်ရှိ ရွှေနီချောင်းဖျားဆီမှ တရှဲရှဲနှင့်မြည်သံများ တဖြန်းဖြန်းနှင့် ရေကျသံများ၊ တဝေါဝေါနှင့် အော်မြည်သံများကြောင့် အုန်းဆောင် လှမ်းနေသည့်ခြေလှမ်းများပင် တန့်သွားကြသည်။

"ဪ ... ဘာသံတွေပါလိမ့် ... ဟို ... ဟို ... ရွှေနီချောင်းဖျားဘက်က အသံတွေထင်တယ်၊ ရေကျသံတွေရော တဖျောဖျောနဲ့ ခဲသဲတွေကျသံရော ကြားနေရတယ်၊ ဘယ် ... ဘယ်လိုဖြစ်တာလဲ"

အချိန်က နေဝင်ရီတရော နွားရိုင်းသွင်းချိန်။

နေရာက ယခုမှ အုန်းဆောင်တစ်ယောက် ကျိုးကမ်းတောင်းမှောက်ကြည့်မိသည်။ သူ့ရှေ့တည့်တည့်တွင် တောင်ကမ်းပါးယံမှ စွန်းထွက်နေသော ကျောက်စွယ်မည်းမည်းကြီးတစ်ခုကို မမျှော်လင့်ဘဲ ဖြုန်းခနဲတွေ့မြင်လိုက်သည်။

"ဟာ ... ကျောက် ... ကျောက် ... ကျောက် တ ... တလားကြီး"



ဟုတ်သည် ...။ တစ်ရွာတည်းသား ညိုလှနှင့် ပေါက်ခေါတို့ အတန်တန်မှာကြားခဲ့သော နာမည်ကျော်ကျောက်တလားကြီးက သူ၏ရှေ့တွင် မကောင်းဆိုးဝါးတစ္ဆေကောင်ကြီး တစ်ကောင်နှယ် ထီးထီးမားမားကြီး တွေ့မြင်နေရပါချေပြီကော။

"ဘုရား ဘုရား .. ငါ .. ငါ ဖြတ် .. ဖြတ်လမ်းကနေလာ .. လာမိတာ မှား .. မှားပြီထင်တယ်၊ ဟို ဟို .. ဘီ .. ဘီလူးကောင်တွေနဲ့ တွေ့ရင်တော့ .. ဒုတ် .. ဒုတ် .. ဒုက္ခပဲ၊ ဘုရား ဘုရား .. ကယ် .. ကယ်ပါ"

ထိုစဉ် တရှဲရှဲနှင့်ကြားနေရသည့် ရေသံများ၊ ခဲသဲကျသံများ ရပ်သွားပြီး လူသံသူသံများနှင့် စကားပြောဆံသံသဲ့ကိုပါ ကြားလိုက်ရပါ၏။

အုန်းဆောင်မှာ ယခုမှပင် ညိုလှနှင့် ပေါက်ခေါတို့၏ သတိပေးစကားများကို အမှတ်ရလာမိခဲ့သဖြင့် ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထကာ ခေါင်းနားပန်းများပင် ကြီးသွားမိသည်။

"အိုး ... ခုမှတော့ မထူးတော့ဘူး။ ဘာကောင်ကြီးပဲလာလာ ပေါဒ်ဝါးခုတ်ဓားနဲ့ အပိုင်းပိုင်းခုတ်ပစ်မယ် ... ဟင်း"

နောက်ဆုံးမှာတော့ အုန်းဆောင်တစ်ယောက် လက်ထဲမှ ဝါးခုတ်ဓားကိုသာ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ကိုယ့်ကိုယ်ကိုယ်အားပေးကာ အသံများကြားရာသို့ ကျောက်တုံးအကွယ်မှ ချောင်းမြောင်းကြည့်လိုက်သည်။

နေဝင်ဖျိုးဖျ ခပ်မှောင်မှောင် ဆည်းဆာချိန်မို့ မြင်ကွင်းက မသဲမကွဲ။ ရွှေနီချောင်းစပ်တွင် ယိမ်းထိုးလှုပ်ယမ်းနေကြသည်

www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းတချို့ကို တစ္ဆေကောင်ကြီးများနှယ် ဝိုးတဝါး တွေ့မြင်နေရသည်။

"ဟင် ... ဒီလိုအချိန်ကြီးမှာ ချောင်းစပ်မှာ ဘာလုပ်နေကြတာလဲ ... ဘယ်သူတွေလဲ"

ကြောက်စိတ်နှင့် သိချင်စိတ်တို့ ဒွန်တွဲနေသည့် အုန်းဆောင်တစ်ယောက် သစ်ပင်ချုံနွယ်များကို အကာအကွယ်ပြု၍ ဝိုးတဝါးမြင်တွေ့နေရသည့် အရိပ်မည်းကြီးများရှိရာသို့ ပုန်းလျှိုးကာ တိုးဝင်လာခဲ့သည်။ မကြာမီ ရွှေနီချောင်းနှင့် နီးကပ်လာခဲ့ပြီမို့ ပုန်းကွယ်နေရာမှ ချောင်းမြောင်း၍ ကြည့်လိုက်ပါ၏။

"ဟာ"

ရုတ်တရက်မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အုန်းဆောင်ခမျာ ဟာခနဲပင် အာမေဋိတ်သံထွက်သွားပါချေ၏။

"ဟင် ... ဘယ် ... ဘယ်လိုဖြစ်တာလဲ ... စောစောက အရိပ်မည်းတွေ ဘယ်ရောက်ကုန်ကြပြီလဲ၊ လူရိပ်တွေရော၊ စကားပြောသံတွေပါ ငါ သေသေချာချာ မြင်ခဲ့၊ကြားခဲ့တာပါ၊ အခုတော့ ဘယ်သူမှ မရှိကြတော့ပါလား"

ဟုတ်သည် ...။ စောစောပိုင်း မိနစ်အနည်းငယ်ကမှ တွေ့ခဲ့ရသည့် အရိပ်သဏ္ဌာန်ကြီးများကို လုံးဝမတွေ့မြင်ရပါလေတော့၊ ထိုအရိပ်သဏ္ဌာန်ရှင်များအစား တိုင်ငုတ်များ ထိုးထိုးထောင်ထောင်နှင့် ပစ္စည်းအချို့ကိုသာ ချောင်းစပ်တွင် တိတ်ဆိတ်စွာ တွေ့မြင်လိုက်ရပါတော့သည်။

အုန်းဆောင်မှာ အားမလိုအားမရဖြစ်လာပြီး ထိုငုတ်တိုင်များနှင့် သံပုံး၊ ရေပုံးများရှိရာ နေရာသို့ ဓားမကိုဆုပ်ကိုင်၍



ဝင်ရောက်လာခဲ့သည်။

"ဟင် ... ဒါ .. ဒါ .. ဟို .. ဟို .. ရွှေ .. ရွှေကျင်တဲ့ ပစ္စည်းအသုံးအဆောင်တွေပါလား၊ ဒီ .. ဒီလိုဆို စောစောက လူတွေ ဘယ်ကိုရောက်သွားကြပြီလဲ"

အုန်းဆောင်မှာ ဝင်လုဆဲနေခြည်အောက်တွင် တွေ့မြင်နေရသည့် မျှော်စင်နှင့် ဖလားခွက်၊ နှစ်တောင်ပတ်လည်ခန့်ရှိသည့် မြေစာတွင်း၊ မြေစာခဲများနှင့် သံပုံးစုတ်နှစ်လုံးတို့ကို သေချာစွာ ကြည့်ရှုစစ်ဆေးနေပါ၏။

ထိုစဉ်မှာပင် ကျင်လက်စ မျောစင် (ဂုန်နီအိတ်ဖျင်ကြမ်းစ) ပေါ်တွင် တင်ကျန်နေသည့် ဝင်းဝင်းလက်လက်အရာတချို့ကို အုန်းဆောင် အမှတ်မထင် တွေ့မြင်လိုက်သည်။

"ဟင် ... မျောစင်ပေါ်က ဖျင်ကြမ်းစပေါ်မှာ တဝင်းဝင်း တလက်လက်နဲ့ ဘာများပါလိမ့် .. ရွှေ .. ရွှေစလေးတွေများလား၊ မ .. မသိဘူး"

ဟုတ်သည် ...။ အုန်းဆောင် သေချာစွာ ဂရုတစိုက် ကောက်ယူကြည့်လိုက်တော့ လက်သည်းခြမ်းတစ်စိတ်ခန့်ရှိသော ရွှေမှုန်ရွှေစတစ်ဖတ်ဖြစ်နေသည်ကို အံ့ဩစွာ သိလိုက်ရပါ၏။

"ဟာ .. ဟုတ် .. ဟုတ်တယ် .. ဒါ .. ဒါ ရွှေ .. ရွှေ .. ရွှေစတစ်စပဲ၊ ဟို .. ဟိုမှာလည်း ရွှေမှုန်ရွှေစတွေ၊ ဟော .. ဟောဟိုဖျဉ်စပေါ်မှာလည်း လက်လက် လက်လက်နဲ့ ရွှေ .. ရွှေ .. ရွှေစတွေ"

အုန်းဆောင်မျက်လုံးတွေ ရွှေဟူသော အဖိုးတန်ရတနာပစ္စည်းများကြောင့် ပြူးကျယ်လင်းလက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် လက်ထဲမှ ဝါးခုတ်ဓားကြီးကို ခါးတွင်ထိုးလိုက်ပြီး မျောစင် (ဂုန်နီအိတ်ဖျဉ်ကြမ်း) ပေါ်တွင် တင်ကျန်နေသည့် ရွှေမှုန်ရွှေစများကို လောဘတကြီး သိမ်းကြုံး ရှုံယူငင်နေပါတော့သည်။

"ဟီး ဟီး ဟီး . . ရွှေ . . ရွှေ . . ရွှေတွေ အများကြီး . . အများကြီးပဲ . . ဟီး ဟီး . . ငါ . . သ . . သ . . သူဌေး . . သူဌေးဖြစ်ပြီ . . ဖြစ်ပြီကွ . . ဟီး ဟီး"

လောဘသည် အဝိဇ္ဇာကို သယ်ဆောင်လာတတ်သည့် အဓိကတရားခံဖြစ်ပါ၏။ ယခုလည်း ဝါးခုတ်သမား အုန်းဆောင်၏ သတိနှင့်အသိတရားဟူသမျှတို့ကို 'ရွှေ' တည်းဟူသော လောဘအမှောင်က ကြီးစိုးမင်းမူသွားချိန်မှာတော့ . . .။

"အဟီး အဟီး . . ဟာ . . ဟိုမြေတွင်းထဲမှာလည်း ရွှေ . . ရွှေမှုန်ရွှေစတွေက မနည်းမနောပါလားဟေ့၊ ချမ်းသာပြီ . . ငါ ချမ်းသာပြီကွ . . . အဟေး"

အနီးရှိ နစ်တောင်ပတ်လည်ခန့် မြေစာတွင်းထဲတွင်လည်း ရွှေမှုန်ရွှေစများက တဝင်းဝင်းတလက်လက်နှင့်။

အုန်းဆောင် သူ၏ခေါင်းတွင်ပေါင်းထားသည့် ပုဆိုးစုတ်ကလေးကို ဖြည်ကာ ရွှေမှုန်ရွှေစများကို သိမ်းကြုံး၍ထည့်ပါလေတော့သည်။ ပါးစပ်မှလည်း တတွတ်တွတ်နှင့်ရွတ်ကာ သူရူးတစ်ယောက်ကဲ့သို့ဖြစ်နေသည့် အုန်းဆောင်မှာ တစ်စတစ်စ အမှောင်ရိပ်တို့ ကြီးစိုးလာသည်ကို သတိမမူမိပါလေတော့။

ထိုထက်ပို၍ဆိုးဝါးသည်က ကျောက်တလားကြီးတောင်ခွယ်အောက်ဆီမှ သူရှိရာသို့ ခါးကြီးထောက်ကာ စိန်းစိန်းဝါး



းစိုက်ကြည့်နေသည့် ပလိုင်းကြီးတစ်လုံးကို လွယ်သိုင်းထားသော သျှောင်ထုံးနှင့်ကရင်အဘိုးကြီးတစ်ယောက်ကိုပါ အုန်းဆောင် မမြင်မတွေ့လိုက်ရခြင်းက မကြာမီ သူ့ထံသို့ရောက်ရှိတော့မည့် ကံကြမ္မာဆိုးများကို မည်သို့မျှတားဆီးနိုင်စွမ်းရှိမည် ဟုတ်တော့ပါ။

ကရင်အဘိုးကြီးသည် အုန်းဆောင်အား အတန်ကြာမျှ န်းစိန်းဝါးဝါးစိုက်ကြည့်နေပြီးမှ ကျောက်တလားကြီးရှိရာသို့ န်လှည့်ထွက်ကာ ပျောက်ကွယ်သွားပါလေတော့သည်။

မကြာမီ နာမည်ကျော် ကျောက်တလားကြီးဆီမှ တဟီး း တဟင်းဟင်းနှင့် ညည်းတွားဟစ်အော်သံကြီးများက မှောင်ရီ းစည်၍အမှောင်ထဲတွင် ပွဲတင်စီးမျောလာခဲ့ပါချေပြီကော။

"ဟီး ဟီး . . ဟီး အဟီး"

"ဟင်း ဟင်း . . ဟင်း ဟင်း ဟင်း"

ရုတ်တရက် သူ၏အပေါ်မှ မကောင်းဆိုးဝါး တခွေ ာင်ကြီးနှယ် အုပ်မိုးထားသည့် နာမည်ကျော် 'ကျောက်တ ားကြီး' ဆီမှ ညည်းညူသံများကို တိတိပပကြားလိုက်ရသဖြင့် ုန်းဆောင်တစ်ယောက် မျက်ကလဲဆန်ပျာ ဖြစ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် ကျောက်တလားကြီးအောက်ခြေ ကျောက်ထရံကြီးဆီမှ လူနှစ်ရပ်ကျော်ခန့် မြင့်မားတွတ်နိုင် ာ မကောင်းဆိုးဝါးအရိပ်မည်းကောင်ကြီးက ရွှေမှုန်ရွှေစများ ို လောဘတကြီး သိမ်းကြုံးထည့်နေသည့် အုန်းဆော ှာက်ကျောဘက်သို့ တရွေ့ရွေ့တိုးဝင်လာလျက် ရှိပါချေပြီ ာ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဘာ . . ဘာသံကြီးလဲ၊ တဟီးဟီးနဲ့ . . . သ
. . သရဲခြောက်တာများလား"

အုန်းဆောင်မှာ ယခုမှပင် အမှောင်ရိပ်တို့ တစ်စတစ်စ
ဝါးမျိုကြီးစိုးလာသည့် ပတ်ဝန်းကျင်ကို ထိတ်လန့်ချောက်ချား
စွာ သတိပြုလိုက်မိသည်။ ထို့အတူ သူ၏နောက်ဘက်မှလည်း
'ချွတ်'ဟူသော သစ်ကိုင်းကျိုးသံသဲ့သဲ့ကို ဖျတ်ခနဲကြားလိုက်ရ
သဖြင့် နောက်သို့ ကပျာကယာ လှည့်ကြည့်လိုက်သည်တွင် . .

"ဟာ . . အား . . ဘ . . ဘ . . ဘီလူး . . ဘီလူးကြီး
. . ဘီလူးကြီး . . အီး အီး . . ဟီး ဟီး . . အစ် အစ်"

နောက်ကျသွားပါပြီ။ အုန်းဆောင် အော်ဟစ်ထွက်ပြေး
ရန် ကြိုးစားလိုက်သော်လည်း၊ သူ၏ခန္ဓာကိုယ်တစ်ခုလုံးအား
ရထားခေါင်းတွဲကြီးတစ်ခု အရှိန်ပြင်းစွာ ဝင်ရောက်တိုက် ခိုက်
လိုက်သကဲ့သို့ နာကျင်စွာခံစားလိုက်ရပြီး စိတ်အစဉ်ကလည်း
စကြာဝဠာအဆုံးထိတိုင် လွင့်မျောသွားပါလေတော့သည်။

'အီး . . အင်း . . အား'

'ဝုန်း . . ဘုန်း'

ထို့အတူ အုန်းဆောင်၏ သွေးပျက်ချောက်ချားစွာ အော်
ဟစ်လိုက်သည့်အသံနက်ကြီးက ကျောက်တလားတောင်စွယ်
သာမက ဝန်းကျင်ထက်အောက်တစ်ခွင်လုံး ပဲ့တင်ရိုက်ခတ်သွား
ပါလေတော့သည်။

❋ ❋ ❋



အခန်း (၂)

ကျောက်တလားအောက်သံနိမိတ်နမ်း

"တောမျောက်က ကြိုးခွေ
စိမ့်ကြီးမြိုင်ချောင်တ
ရွှေဖိုးခေါင် သံချိုညောင်းတယ်
ဒေါင်းက အိုးဝေ"

တောင်ခြေလျှိုကြီးအတွင်းမှ ဒေါင်းတွန်သံအချို့ကို ပြတ်
တောင်း၊ ပြတ်တောင်းကြားနေရသည်။ 'စိမ့်ကြီးမြိုင်ချောင်'
ဟု ဆိုရမည့်ကဲ့သို့ ကျောက်တလားတောင်ကြီးထက်မှာတော့
တဲခွန်စိမ့်စမ်းများ၊ စမ်းပေါက်ချောင်းငယ်များနှင့် အထင်က
ရှစ်သော 'ရွှေနီချောင်း' က ကျောက်တလားအောက်ခြေတွင်
ခွေစီးဆင်းနေပါ၏။

ရွှေနီချောင်းစပ်ရှိ သစ်တော၊ ဝါးတောကြီးထဲမှာတော့
ဒေါင်းညို့တို့က အိုးဝေ အိုးဝေနှင့် တွန်သံပေးလာကြသကဲ့သို့
ကောက်လွှဲကျော်များကလည်း ကွိကွိကွကွနှင့် တစ်ပင်နှင့်တစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



မြူးထူးခုန်ပျံဆော့ကစားကာ အော်မြည်လျက်ရှိကြသည်။

အချိန်ကာလက ခအောင်းဝေသော တပေါင်းနွေလ၊ မြူခိုးယုက်ဝေ ရွက်ဟောင်းကြွေ၍ တောင်လေဝှေ့ပိုက် နွေစရိုက် နွေခါသမယသို့ရောက်ပြီဆိုလျှင် ကျောက်တလား တောင်ကြီးတစ်ခုလုံး ပြာရီရော်မှိုင်းလျက် တောအလုံးသည် မှိုင်း မှောင်ပြာရော်သွေ့ခြောက်ကာ ကြည့်လေရာ၊ မြင်လေရာတိုင်း မြူတွေဆိုင်းလျက် မှိုင်းမှိုင်းမှုန်နေပါသည်။

ကျောက်တလားတစ်ဖက်ခြမ်းဆီမှ ဖော်ကွဲညသြငှက်နှ ငှက်ဖိုးခေါင်တို့၏ လွမ်းယောင်ဆွေးယောင် တေးဖွဲ့အော်မြည် သံတို့ကလည်း ညနေခင်းလေပြည်ထဲတွင် စီးမျောပျံ့လွင့်နေကြ ၏။ တစ်နေကုန် အလင်းများ ဖြန့်ကြက်ခွဲဝေပေးထားသည် နေလုံးနီနီကြီးပင် သူ၏အလင်းတန်းများကို ရုပ်သိမ်းစပြုနေခဲ့ မဟုတ်ပါလား။

တကယ်ပင် ဆည်းဆာနေက အားပျော့လျက်ရှိပါချေပြီ ဝင်လုဆဲ နေလုံးနီနီကြီးက ကျောက်တလားတောင်စွယ် ထိပ်တွင် မေးတင်ခိုနားလျက်ရှိပါ၏။ ရိုးမအတွင်းမှ အမျိုးအမည မသိ ငှက်တစ်အုပ်၏ အော်ဟစ်ဆူညံသံများကြောင့် ကြံမှုန်တ ယောက်အိပ်ပျော်နေရာမှ လန့်ဖျပ်ကာ နိုးထလာခဲ့သည်။ ယ မနက်ပိုင်းတစ်ခုလုံး မြေသယ်မြေပေါက်လုပ်ကိုင်ခဲ့ရသဖြင့် ယ ဖျားဖျားကာ ကိုယ်လက်များ နာကျင်ကိုက်ခဲလျက် ရှိပါ၏။

ထို့ကြောင့် ကြံမှုန်တစ်ယောက် ရွက်ဖျင်တဲအတွင် အိပ်ရာထက်တွင်သာ ဘယ်ညာလူးလိမ့်ရင်း ထူးဆန်းသော ငှ အော်သံတစ်မျိုးကို နားစွင့်နေမိသည်။ အမှတ်တမဲ့ နားထော



ကြည့်လျှင် ဗုံးတီးသံ၊ နှဲမှုတ်သံများကဲ့သို့ အော်မြည်ဟစ်ကြွေး နေကြသည်။ ငှက်များ တစ်ကောင်နှင့်တစ်ကောင် အပြိုင်အော် မြည်နေကြသည်မို့ ကြံမှုန်မှာ အိပ်ရာထက်မှ မထချင်ထချင်နှင့် ထလိုက်ရသည်။

စင်စစ် သူတို့ရွက်ဖျင်တဲအနီးရှိ မန်ကျည်းပင်ကြီးပေါ်မှ ငှက် လေးငါးဆယ်ကောင်ခန့် အုပ်စုဖွဲ့လျက် အော်မြည်နေကြသည့် 'ငှက်ဆိုင်းဝိုင်း' ခေါ် ထူးထူးဆန်းဆန်းငှက်တစ်အုပ် အိပ်တန်း တက်ကြရင်း တကျည်ကျည်အော်မြည်နေကြသည့်အသံများက ထူး ဆန်းစွာပင် ဗုံးတီးသံ၊ နှဲမှုတ်သံလေးများဖြင့် ဆိုင်းဝိုင်းတစ်ခု တီးခတ်နေသကဲ့သို့ အသံများ ထွက်ပေါ်နေခြင်းပင်တည်း။

ကြံမှုံတို့သားအဖသုံးယောက် ပဲခူးရိုးမအတွင်းရှိ ကျောက်တလားတောင်ခြေအနီးမှ ချွေးနီချောင်းသို့ ရောက်ရှိနေ ကြသည်မှာ (၈)ရက်ခန့်ပင် ရှိပြီဖြစ်သော်လည်း မည်မည်ရရ ကျင်ရန် ယခုအချိန်ထိတိုင် နေရာအတည်တကျ အထိုင်မ ကျသေး။ ကောင်းနိုးရာရာ မြေနေရာကိုရှာဖွေရင်း တူးဖော်နေ ကြသည်မှာ (၈) ရက်မြောက်သို့ပင် ရောက်ရှိလာပြီဖြစ်ပါ၏။

ကြံမှုံ၏ဖခင် ဦးရွှေသာ၊ အစ်ကိုဖြစ်သူ ကြံစုန်နှင့် သူတို့ သားအဖသုံးယောက်တို့သည် (နစ်ပတ်)စာ ရိက္ခာများကိုတောင် ရွာမှ တစ်နိုင်တစ်ပိုင်ခန့်သာ သယ်ယူနိုင်ခဲ့ကြသဖြင့် ရက်အ နည်းငယ်အတွက်သာ ကျန်ရှိတော့သည်မို့ အားစိုက်ကာ ရှာဖွေ ကြခြင်းဖြစ်ပါ၏။ ထိုအထဲတွင် ကြံမှုံမှာ ငှက်များ၏အော်သံ ထားသူမို့ ယနေ့တစ်ရက် စခန်းတွင်သာ တစ်ယောက်တည်း ထမင်းချက်ပြုတ်ရင်း နားနေရင်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တလားတောင်မှ ရွှေနီချောင်းသည် ရွှေကျ ၌ရရှိနိုင်သည့်ချောင်းဖြစ်သလို ချောင်းအနီးတစ်ဝိုက်တွင်လည် လုပ်ကွက်များရှာဖွေ၍ ရွှေရှာ၍ရရှိနိုင်သော ချောင်းတစ်ခု ဖြ ပါ၏။ သို့သော် ကျောက်တလားတောင်ကြီး၏ ကျော်စော ဂုဏ်သတင်းအရှိန်အဝါကြောင့် လာရောက်ရှာဖွေတူးဖော်သူမျာ မရှိသလောက်ရှားပါးလှသည်။

“ကျောက်တလားတောင် လွတ်အောင်ရှောင်
မရှောင်နိုင်ခြား မပျော်ပါးနှင့်
ဘီလူးစားခြင်းခံရမည်
ညဥ့်အိပ်ညဥ့်နေ မနိုလေနှင့်
ဘီလူးအော်သံ ကြားရမည်။

ဟုတ်သည်လေလား။ မဟုတ်သည်လေလား။ ပုံပြ လေလား၊ ဒဏ္ဍာရီလေလား မသိနိုင်။ တဘောင်လိုလို၊ စာချ လိုလို၊ သိုက်စာလိုလိုနှင့်။ အထက်ဖော်ပြပါ လင်္ကာတဘော ကြောင့်လည်း ‘ကျောက်တလားတောင်’ ကြီးသည် ချောက်ချာ ထိတ်လန့်ဖွယ်ရာပေါင်းများစွာနှင့် ဂုဏ်သတင်းကြီး မြင့်ခဲ့သည် မဟုတ်ပါလား။ တကယ့်လက်တွေ့များတွင်လည်း ကျောက်တ လားတောင်သို့ ရွှေရှာသွားသူများသည် အပြန်ခရီးတွင် တ ယောက်စ၊ နှစ်ယောက်စ ထူးဆန်းစွာပျောက်ဆုံး၍ ကျန်ရစ် သောသတင်းများကြောင့် ကျောက်တလား၏ နာမည်ဂုဏ် သတင်းက ကြီးချင်တိုင်းကြီးနေခဲ့ခြင်းပင် ဖြစ်ပါတော့သည်။

စာဆိုတဘောင်များအတိုင်း ကျောက်တလားဘီလူး အ စားခံရခြင်းလေလား။ သို့တည်းမဟုတ် တောင်ကြားလျှိုကြီးမျာ



ကြားတွင် လိမ့်ကျပျောက်ဆုံးခြင်းလေလား။ တောကောင်ကြီး များ၏ သတ်ဖြတ်စားသောက်ခြင်းများကို ခံကြရလေသည်လား မသိတတ်နိုင်။ သဲလွန်စ၊ ခြေရာလက်ရာအစအနပင် ရှာဖွေ၍ တွေ့ရလောက်အောင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ကြခြင်း ကြောင့်လည်း ကျောက်တလားရွှေမြေသည် အဖြေမရှိသော ပဟေဠိပုစ္ဆာများနှင့်သာ ပွေလိမ်ရှုပ်ထွေးနေပါချေတော့သည်။

လောလောဆယ်မှာမူ ရွှေနီချောင်းဖျားတွင် ကြံမှုတို့ လူစုနှင့် ဇရစ်ခဲရွာဘက်မှ ရွာသားသုံးလေးဦးတို့သာ ကိုယ့်လုပ် ကွက်နှင့်ကိုယ် ရှာဖွေလုပ်ကိုင်လျက်ရှိကြပါ၏။ ယခင်နေ့များက ဆိုလျှင် ကြံမှုကိုယ်တိုင်ပါဝင်၍ ရွှေစရွှေန ရွှေထွက်များရာနေ ရာများတွင် ဟိုစမ်းစမ်း ဒီစမ်းစမ်းနှင့် ရှာဖွေလုပ်ကိုင်ကြရင်း နေ့ဝင်အလုပ်သိမ်းခဲ့ကြရသည်ချည်းသာ ဖြစ်ပါချေ၏။

ယခုလည်း ဖခင်ဖြစ်သူနှင့် အစ်ကိုဖြစ်သူ ကြံစုန်တို့ ရောက်မလာကြသေးသဖြင့် သူတို့အားကြိုဆိုရင်း စခန်းတစ် ဖက်တွင် လမ်းလျှောက်ထွက်လာခဲ့ခြင်းဖြစ်သည်။ ကျောက်တ လားတောင်၏ လှပသော နေဝင်ဆည်းဆာသဘာဝအလှပန်းချီ ကားတစ်ချပ်က အမှတ်မထင် ကြံမှုအား ညို့ယူဖမ်းစားလိုက် သည်သို့။

ဝင်လုဆဲနေလုံးနီနီကြီးသည် နီတွေးသောမျက်နှာဝိုင်း ကြီးဖြင့် ရွှေနီချောင်းစပ်ချောက်ကမ်းပါးထက်ဝယ် ဝေ့ဝဲလျက်။ ထို့ကြောင့် ချောက်ကမ်းပါးအောက်ခြေရှိ ချောင်းရေပြင်တွင် နေလုံးနီကြီး၏မျက်နှာရိပ်သည် တန်း၍ထင်နေသည်။ ရွှေနီ ချောင်းရေပြင်တစ်ခုလုံး မျက်စိတစ်ဆုံး ပုစွန်ဆီရောင်ယှက်ဖြာ

www.burmeseclassic.com

www.burmeseclassic.com



သန်းနေပါ၏။ အနီရောင်အနားသတ်၍ အပြာမှိုင်းမှိုင်းနှင့် ညို
စပြုနေပါချေပြီကော။

ချောက်ကမ်းပါးအထက် တောင်ကမ်းပါးယံတွင် တန်
တန်းကြီးငေါ၍ထွက်နေသည့် နာမည်ကျော် ကျောက်တလားကြီး
က ဝင်လုဆဲဆဲ ဆည်းဆာနေခြည်အောက်တွင် မဂေါင်းဆိုး
တစ္ဆေကောင်ကြီးတစ်ကောင်၏ လက်ဖျံရိုးကြီးတစ်ချောင်းနှယ်
ပြာမှိုင်းမှိုင်း၊ ညစ်ထေးထေးဖြင့် တွေ့မြင်နေရပါ၏။ စင်စ
ကြီမှုံတစ်ယောက် ဘယ်ဆီရယ်မဟုတ် . . . ရွှေနီချောင်းရှိရာသ
ထွက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် သူ၏ ဦးတည်ရာမဲ့ခြေလှမ်
များနှင့် မသိစိတ်တို့၏ခေါ်ဆောင်မှုတို့က ပြာမှိုင်းမှိုင်းကျောက်
တလားကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေစေသည်ဟုဆိုပါလျှ

ဟုတ်သည် . . .။ ကြီမှုံတစ်ယောက် မသိစိတ်၏ ညို
ငင်ဖမ်းစားမှုဖြင့် နာမည်ကျော်ကျောက်တလားကြီးအနီးသို့ မရော
ရှယ်ပါဘဲနှင့် ရောက်ရှိလာခဲ့ပါချေ၏။ ထိုအချိန်တွင် ကျောက်တ
လားကြီးအောက်ခြေရှိ ရွှေနီချောင်းဖျားအနီးကွင် မည်းမည်းရိ
ရိပ်သဏ္ဌာန်အချို့ကို ကြီမှုံမြင်တွေ့လိုက်ရသည်။

"ရော် . . . အခုလို နေဝင်လုနီးတဲ့အချိန်မှာတောင်
လူတွေ ရွှေကျင်ယူနေကြတုန်းပဲလား၊ တော်တော်တော့ ဖွဲ့ကြ
တဲ့လူတွေပဲ"

ကြီမှုံ ပါးစပ်မှ တတွတ်တွတ်ပြောဆိုရင်း ထိုလူများနှ
မလှမ်းမကမ်းရှိ ကျောက်စွယ်နောက်ဘက်မှ တစေ့တစော
အကဲခတ်ကြည့်ရှုနေပါလေ၏။ သည်မှာပင် မယုံနိုင်စရာထူးခြာ
မှုတစ်ခုကို ကြီမှုံ ဖျတ်ခနဲ မြင်တွေ့လိုက်ရသည်။



အသက် (၇၀)ကျော်အဘိုးတစ်ဦးနှင့် ဆယ့်သုံးနှစ်အရွယ်ခန့် မြေးငယ်လေးတစ်ယောက်တို့ ကျောက်တလားကြီး၏အောက်ခြေတွင် 'မျောစင်'ဖြင့် ရွှေကျင်နေကြသည်ကို တွေ့ရှိလိုက်ရခြင်းပင် ဖြစ်ပါလေ၏။ ဤမျှအသက်အရွယ်ဖြင့် ခက်ခဲကြမ်းတမ်းလှသော ရိုးမအတွင်းသို့ တက်လာပြီး ရွှေကျင်နေခြင်းသည် အံ့ဩစရာတစ်ခုနှယ် ဖြစ်နေသည်မဟုတ်ပါလား။

"ဟ . . . ဘယ်လိုဖြစ်တာလဲ . . . ဒီလောက်အသက်အရွယ်ကြီးနဲ့တောင် ရိုးမထဲထိလာပြီး လူမမယ်ကလေးတစ်ယောက်နဲ့ ရွှေလာကျင်ရတယ်လို့ကွာ"

ဟုတ်သည် . . .။ ဤမျှအသက်အရွယ်ကြီးနှင့် ခက်ခဲကြမ်းတမ်းသလောက် သဘာဝဘေးဒဏ်၊ တောကောင်ကြီးများ၏ အန္တရာယ်တို့ဖြင့် ရောပြွမ်းနေသည့် ရိုးမအတွင်းသို့ တက်လာပြီး ရွှေနီချောင်းဖျားမှ နာမည်ကျော် 'ကျောက်တလားကြီး' အောက်တွင် ရွှေကျင်ယူနေကြသည်မှာ အံ့ဩဖွယ်ရာတစ်ခုပင် မဟုတ်ပါလား။

သို့သော် . . . ရွှေသည် လွန်စွာတန်ဖိုးကြီးသော ရတနာပစ္စည်း ဖြစ်ပါ၏။ အသက်အရွယ် ကြီးသည်၊ ငယ်သည် မခြားနား၊ လိုချင်တပ်မက်မှုရှိနေကြစမြဲပင်မို့ သူလည်းလေ လောကီသားပေမို့ ဟူ၍ပင် မှတ်ယူလိုက်ပါသည်။

ထိုစဉ်မှာပင် ကြီမှုံမှာ အဘိုး၏မျောစင်ပေါ်သို့ အသတ်တမဲ့ လှမ်း၍ကြည့်လိုက်သည်။ မျောစင်ပေါ်ရှိ ဂုန်နီကြမ်းဖျင်စပေါ်တွင် ရေလောင်းချလိုက်တိုင်း ရွှေမှုန်ရွှေစများကို ဝင်လုဆဲဆဲနေခြည်အောက်ဝယ် တဝင်းဝင်းတလက်လက်ရှိနေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစွာတွေ့မြင်လိုက်ရသည်။

"ဟာ ...ရွှေ .. ရွှေ .. ရွှေမှုန်ရွှေစတွေ အများကြီး .. အများကြီးပါလား"

အဘိုးကြီးမှာ မျောစင်ထိပ် ဇလားခွက်အတွင်းရှိ ခဲ၊ သဲ၊ ကျောက်စနဲ့ကို လှုပ်ခါချနေပြီး မြေးငယ်လေးမှာမူ ထိုဇလားခွက်ထဲသို့ ရေငင်ကာလောင်းပေးနေပါ၏။ ဇလားခွက်အတွင်းတွင် ခဲ၊ သဲ၊ ကျောက်တို့ကုန်သွားလေတိုင်း မြေးငယ်လေးက (၂)တောင်ပတ်လည်သာသာခန့်ရှိသော မြေကျင်းထဲမှ မြေကြီးများကို ဂေါ်ပြားနှင့်ထိုးခွကာ ဇလားခွက် (ဆန်ခါကွက်) ထဲသို့ ကော်၍ထည့်ပေးနေပြန်ပါ၏။

မြေးငယ်လေး ဂေါ်ပြားနှင့်သယ်ယူရာတွင်လည်း ရွှေမှုန်ရွှေစများကို လှမ်းတွေ့နေရသဖြင့် ကြိမ်မှု၏မျက်လုံးအစုံမှာ အရောင်တလက်လက် ထွက်ပေါ်လာလေသည်သို့ ...။

"ဘုရား ဘုရား ...ငါ ..ငါများ မျက်စိမှောက်နေတာများလား။ ဟို ..ဟို နှစ်တောင်ပတ်လည်လောက်ရှိတဲ့ မြေကျင်းထဲက မြေကြီးတွေထဲမှာလည်း ရွှေမှုန်ရွှေစတွေက အများကြီးပါလား၊ ဒီ ..ဒီမြေးအဘိုးနှစ်ယောက် တော်တော်ကံကောင်းကြတာပဲ"

"ဟင်း ဟင်း ...ငါတို့မှာဖြင့် တစ်ပတ်ကျော်လောက်သဲကြီးမဲကြီးရှာဖွေနေရတာတောင် ဘာမှဖြစ်ဖြစ်မြောက်မြောက်ရှာလို့မတွေ့သေးဘူး၊ ဟူး ...ကြည့်ပါဦး။ သူတို့မြေးအဘိုးကျတော့လည်း ရွှေမှုန်ရွှေစတွေက ဆန်ခါခွက်ပေါ်မှာရော၊ ဟိုမြေကျင်းထဲမှာရော နည်းနည်းနောနောရွှေမှုန်တွေမှ မဟုတ်တာ"



ကြိမ်မှုတစ်ယောက် အနီးဆုံးကျောက်တုံးကွယ်များနောက်ထိတိုင် တိုးဝင်ချဉ်းကပ်သွားကာ အဘိုးအိုရဲ့ရွှေလုပ်ကွက်ကို စိတ်ဝင်တစားဖြင့် ချောင်းမြောင်းကာ အကဲခတ်နေပါတော့သည်။ ရွှေမှုန်ရွှေစများမှာ ကျင်ဇမ်းဖြင့် မကျင်ယူရခင်ကတည်းကပင် တွေ့မြင်နေရသဖြင့် အဘိုးအိုတွေ့ရှိထားသည့် ရွှေတွင်းသည် အောင်မြင်သောရွှေတွင်းတစ်တွင်း ဖြစ်နေပါချေပြီကော။

ထို့ကြောင့်လည်း ကြိမ်မှုတစ်ယောက် ပတ်ဝန်းကျင်အခြေအနေ၊ အချိန်အခါကိုပင် မေ့လျော့ကာ မြေးအဘိုးနှစ်ယောက် လုပ်ကိုင်နေကြသည့် ရွှေတွင်းကိုသာ စိတ်ဝင်တစား ချောင်းကြည့်နေမိပါတော့သည်။

မျောဆိုသည်မှာ တစ်ဖက်နိမ့် တစ်ဖက်မြင့် ရေဆင်းကောင်းအောင်လုပ်ထားပြီး ၎င်းအပေါ်မှ တစ်တောင်ခန့်ရှိ ဂုန်နီကြမ်းဖျင်စများ ထပ်ကာ၊ ထပ်ကာ ခင်းထားခြင်းကိုခေါ်ပါ၏။ တချို့ကမူ ၄က်ပျောအခေါက်ပတ်လည်လှန်၍ ထိုမျောစင်ပေါ်မှ ကန့်လန့်ခံကာထားရှိလုပ်ကိုင်ကြသည်ကိုလည်း 'မျော' ဟု ခေါ်ဆိုကြသည်။

ထိုမျောစင်ပေါ်သို့ တူးယူရရှိသော မြေစာခဲ၊ သဲ၊ သံမှုန်တို့နှင့်အတူ ရွှေစများပါ ဆန်ခါခွက်ထဲသို့ထည့်ကာ ရေဖြင့်လောင်း၍ လှုပ်ခါချရသည်။ ထိုသို့လှုပ်ခါချလိုက်လျှင် ရွှေထက်ပေါ့ပါးသော သဲ၊ ခဲ၊ ကျောက်တို့ ရေဖြင့်မျောပါသွားကြသော်လည်း ရွှေမှုန်ရွှေစတို့မှာ ဂုန်နီဖျင်ကြမ်းစ သို့မဟုတ် ငှက်ပျောအခေါက်တို့၌ တင်ကျန်နေခဲ့ကြပါလေ၏။ ပြီးမှ ၎င်းတို့ကို ကျင်ဇမ်းအတွင်းသို့ထည့်ယူကာ 'ရွှေ' ကို သန့်စင်ကျင်ယူကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြံမှုံစောစောက မြင်တွေ့လိုက်ရသည်မှာ မျောစင်ပေါ်မှ ရွှေမှုန်ရွှေစများကိုဖြစ်သည်။ အမှန်တကယ်ဆိုလျှင် ရွှေကျင်ယူရသည်ဆိုသော်လည်း ထိုမျောစင်ပေါ်၌ ရွှေမှုန်ရွှေစများကို တော်တန်ရုံ မြင်ရခဲပါ၏။ ယခုမူ ကျင်ဗန်းဖြင့် ကျင်မယူရသေးခင်မှာပင် ရွှေမှုန်ရွှေစများကိုတွေ့မြင်နေရသည်မို့ ကြံမှုံတစ်ယောက် အလိုရမ္မက်အားကျစိတ်များဖြင့် ချောင်းကြည့်နေခြင်းဖြစ်သည်။

ထိုအချိန်တွင် ဆည်းဆာလေပြည်တွင် မိုးသက်ရန့်တို့ စီးမျောလွင့်ပါလာကြပါ၏။ ကျောက်တလားတောင်ထိပ်တွင် မိုးရိပ်မိုးသားများ အုံ့မှိုင်း၍ပိတ်မှောင်လာသည်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် အဘိုးအိုမှာ ဆန်ခါခွက်ထဲမှ ခဲ၊ သဲ၊ ကျောက်များကို လှုပ်ခါရင်း မြေးငယ်ဖြစ်သူအား လှမ်းပြောလိုက်သံကို ကြံမှုံကြားလိုက်ရသည်။

"မြေးရေ ... ဒီဆန်ခါခွက်ထဲကကုန်ရင် မြေစာတွေ ထပ်မထည့်နဲ့တော့၊ ကျောက်တလားတောင်မကြီးထိပ်မှာ မိုးသားတွေညို့နေပြီ၊ မကြာခင် မိုးရွာချလို့ တောင်ကျရေတွေ စီးလာတော့မယ်၊ တော်ကြာ ငါတို့မြေးအဘိုးတွေ ချောင်းရေထဲကို မျောပါသွားဦးမယ်၊ နေလည်းဝင်တော့မယ်ဆိုတော့ သိမ်းကြစို့ မြေးရေ"

ထို့နောက်မှာတော့ အဘိုးအိုနှင့်မြေးငယ်တို့မှာ သူတို့၏ လုပ်ငန်းသုံးကိရိယာများကို လိုက်လံစုစည်း၍ သိမ်းဆည်းနေကြသည်။ ဟုတ်သည် ...။ ရွှေနီချောင်းက အဘိုးအိုပြောသည့်အတိုင်းပင် ဖြစ်ပါ၏။ ကျောက်တလားတောင်မကြီးထိပ်တွင်



မိုးညို့လာပြီဆိုလျှင် မကြာမီ တောင်ကျရေသည် အရှိန်အဟုန်ပြင်းစွာဖြင့် ဝါးလုံးထိုး ဆင်းချလာပါတော့သည်။ ထိုသို့သော အချိန်မျိုးတွင် ဟိုအက်ကမ်း၊ သည်ဘက်ကမ်းချောင်းရိုးကို လူမဆိုထားနှင့် ... မြင်းပင် ဖြတ်၍မလွှတ်နိုင်ဟု ဆိုစကားရှိပါ၏။

ရွှေကျင်လုပ်ကိုင်ကြရာတွင် လုပ်ကွက်များနှင့် တဲများရှိရာသည် မဝေးလှသော်လည်း အချို့နေရာများတွင် မြင့်မားသော ကမ်းပါးကြီးများသည် (၁၀)ပေ၊ (၁၅)ပေ အမြင့်ခန့်ထိ ရှိတတ်ပါ၏။ ထိုအခါမျိုးတွင် ငယ်ရွယ်သူများက သစ်ပင်နွယ်ပင်များကိုဆွဲ၍ ကမ်းပါးပေါ်သို့တက်ရောက်နိုင်ကြသော်လည်း သက်ကြီးရွယ်အိုများအတွက်မူ လွန်စွာခက်ခဲသလောက် အန္တရာယ်များလှပါလေ၏။ ကြံမှုံတစ်ယောက် ဟိုဟိုသည်သည် စဉ်းစားရင်း အတွေးလွန်သွားသည်မို့ အဘိုးအိုနှင့် သူ၏မြေးငယ်တို့ ပြန်သွားကြသည်ကိုပင် သတိမထားမိလိုက်နိုင်ပါချေတော့။

ကြံမှုံ သတိဝင်လာတော့ စောစောက မျောစင်နှင့် မြေကျင်းတစ်ဝိုက်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိကြပါလေတော့။ ဆည်းဆာနေခြည်ပင် အားပျော့ပါးလျားစပြုနေပါပြီ။

"ဟော ... အဘိုးအိုနဲ့ သူ့မြေးတောင် မရှိကြတော့ပါလား၊ ဘယ်လမ်းကနေ ပြန်သွားကြမှန်းတောင် မသိလိုက်ဘူး။ အင်း ... သူတို့မရှိတုန်း သူတို့တူးထားတဲ့ မြေကျင်း (ရွှေတွင်း) ကို သွားပြီးကြည့်ဦးမှပဲ"

ကြံမှုံသည် အဘိုးအို၏ရွှေတွင်းကို စိတ်ဝင်တစားအားကျလွန်းသဖြင့် ကျောက်တုံးအကွယ်မှထွက်ကာ နှစ်ဆောင်ပတ်သည်ခန့်ရှိသောမြေကျင်းသို့ အပြေးအလွှားသွားရောက်ကြည့်ရှုပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် အနီးတွင် အဆင်သင့်ရှိသော သံပန်းကန်ပြား တစ်ချပ်နှင့် မြေကျင်းထဲမှမြေစာခဲများကို ထိုးကော်ကြည့်လိုက်၏။

"ဟာ"

ကပျာကယာကော်ယူလိုက်သည့် သံပန်းကန်ပြားထဲတွင် ရွှေမှုန်ရွှေစများကို များပြားစွာတွေ့လိုက်ရသဖြင့် ကြံမှူး၏ရင်မှာ ဒိတ်ခနဲပင် ခုန်လှုပ်သွားပါ၏။ တစ်ချိန်တည်းမှာပင် နှလုံးသွေးတို့ တဒိတ်ဒိတ်တိုးလာပြီး ကြံမှူးကိုယ်တိုင်လည်း လောဘစိတ်တို့ တရိပ်ရိပ်နှင့်တက်လာကြသည်။ ယူသင့်,မယူသင့် စဉ်းစားဝေဖန်ပိုင်းခြားမှု မရှိတော့။ အသိစိတ်တို့ ပျောက်ကွယ်သွားသည့် ခဏ ...

မြေကျင်အနီးရှိ သံပုံးအစုတ်တစ်လုံးထဲသို့ သံပန်းကန်ပြားဖြင့် ရွှေမှုန်ရွှေစများပါရှိသည့် မြေစာများကို လောဘတကြီး ခပ်၍ထည့်ပါလေတော့သည်။ ပြီးသည်နှင့် ပြည့်လျှံနေပြီဖြစ်သည့် သံပုံးစုတ်ကို မနိုင့်တနိုင်နှင့် သယ်မကာ ကမ်းပါးပေါ်သို့ သယ်ယူသလာခဲ့သည်။

"ဟင်း ဟင်း ဟင်း ... ငါတော့ သူဌေးဖြစ်ပြီနဲ့ တူတယ်၊ ဒီသံပုံးထဲက ရွှေမှုန်ရွှေစကိုသာ ကျင်ယူလိုက်မယ်ဆိုရင် အနည်းဆုံး တစ်ပိဿာ, နှစ်ပိဿာလောက်တော့ ရမယ် ... ဟင်း ဟင်း ... ငါ့ကိုတော့ ဘုရားမပြဲထင်တယ်ဟေ့"

ကြံမှူးတစ်ယောက်တည်း ရွှေသီးရွှေးပေါက်များ၊ စို့ရွှဲလျက် သံပုံးကြီးကို မနိုင့်တနိုင်နှင့်သယ်ယူလာစဉ်မှာပင် လမ်းတွင် သူ၏အစ်ကို ကြံစုန်နှင့် ထိပ်တိုက်တိုးမိပါလေ၏။

"ဟာ ... ဟေ့ကောင် ကြံမှူး ... ဇဲမှာမနေဘဲနဲ့ ဘယ်



ကိုလျှောက်သွားနေတာတုံး၊ နေမကောင်းဘူးလည်း ပြောသေးတယ်၊ ဟိုမှာ အဖေက စိတ်ပူနေပြီ"

"ဟား ... ဟေ့ ဟေ့ ကြံစုန် ... လာ လာ ... အတော်ပဲ ... ဒီ .. ဒီသံပုံးကို ကူပြီးသယ်ပေးစမ်းပါကွာ၊ ငါလည်း လောဘတကြီးနဲ့ ထည့်လာခဲ့တာ အခုမှ မနိုင်မနင်းဖြစ်နေတာနဲ့ အတော်ပဲ"

"ဟေ့ကောင် ... သံပုံးထဲက ဘာတွေမို့လို့ ငါက သယ်ပေးရမှာလဲ ကြံမှူး"

ကြံစုန်က မောမောနှင့်အလုပ်သိမ်းလာရာမှ ဇဲထဲတွင် ညီဖြစ်သူအား မတွေ့ရသဖြင့် ဖခင်ကြီး၏ခိုင်းစေမှုနှင့် လိုက်လံရှာနေခြင်းဖြစ်ပါ၏။ ယခု တွေ့မည့်တွေ့တော့လည်း သံပုံးကြီးတစ်လုံးကို မနိုင်မနင်းထမ်းပိုး၍ ပြန်လာသည်ကြောင့် မေးလိုက်ခြင်းဖြစ်ပါ၏။

"အာ ... မင်းတို့ သဲသဲမဲမဲရှာနေတဲ့ ရွှေတွေလေကွာ. ရွှေတွေ၊ ကိုင်း ... ဒီမှာကြည့်စမ်း"

ကြံမှူးက သံပုံးကြီးကို ပခုံးပေါ်မှချကာ ကြံစုန်အား ပြလိုက်သည်။ သံပုံးထဲသို့ စိတ်ဝင်တစားကြည့်လိုက်သည့် ကြံစုန်၏မျက်နှာတွင် ဝင်းခနဲလင်းလက်သွားသည်။

"ဟာ ... ရွှေ .. ရွှေမှုန်ရွှေစတွေနဲ့ ရောထွေးနေတဲ့ မြေစာခဲတွေပါလား၊ ဒါ .. ဒါ .. မင်း .. မင်း .. မင်း ဘယ်နေရာက တွေ့ခဲ့တာလဲ ကြံမှူး ... ဟင်"

"ဟေး ကြံစုန် ... သိချင်ရင် နောက်မှပြောမယ် ... လောလောဆယ် ငါတို့နှစ်ယောက် ဒီသံပုံးကို ပိုးမပြီး ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယူသွားကြမယ်''

ထို့နောက်မှာတော့ နှစ်ယောက်သား ရွှေမှုန်ရွှေစများ ပါဝင်သည့် မြေစာအံပုံးကြီးကို သူတို့နေထိုင်ရာ ရွက်ဖျင်တဲကြီး ဆီသို့ သယ်ယူလာခဲ့ကြသည်။ တဲဆီသို့ရောက်တော့ ဖခင်ဖြစ်သူ အား အံပုံးကြီးအတွင်းမှ ရွှေမှုန်ရွှေစများကို ပြသလိုက်ပါလေ၏။

''ဟာ ... ဒါ .. ဒါ တကယ့် ရွှေမြေအစစ်ပဲ ကြံမှုံရ၊ မင်း ဘယ်ပုံဘယ်နည်းနဲ့ ဘယ်နေရာကနေ ရခဲ့တာလဲ ကြံမှုံ၊ ဒီလိုရွှေမှုန်အနေအထားမျိုးက ငါတို့ လေး,ငါး,ခြောက်လ ရှာဖွေရင်တောင် တွေ့ဖို့မလွယ်တဲ့ အနေအထားပဲဟေ့''

''အင်း ... နေရာသိတောင်မှ မလွယ်တော့ဘူး အဖေ ရေ၊ ဘာပြုလို့လဲဆိုတော့ အဖေတို့လည်း မနက်ဖြန်ဆိုရင် အလုပ် ဆင်းလို့ ရမှာမဟုတ်တော့ဘူး။ အခုဆိုရင် ကျောက်တလား တောင်ထိပ်မှာ မိုးတွေရွာနေပြီဆိုတော့ မကြာခင် ရွှေနီချောင်းမှာ တောင်ကျရေတွေ ဆင်းလာတော့မယ်၊ လုပ်ကွက်တွေအားလုံး ကို ရေတွေလွှမ်းသွားတော့မယ်၊ ဒါပေမဲ့ ငါတို့အတွက်ကတော့ ရွှေပါတဲ့မြေစာတစ်ပုံး ရထားပြီဆိုတော့ မနက်ဖြန် အဲဒီမြေစာ တွေကို ကျင်ယူရုံပဲရှိတော့တယ်လေ ... ဟင်း ဟင်း''

ဖခင်ကြီးရော အစ်ကိုဖြစ်သူကြံစုန်ပါ သူပြောသည့် စကားများကိုသာ ခေါင်းတညိတ်ညိတ်နားထောင်ရင်း ရွှေမှုန် ရွှေစများ ရောနှောကာပါဝင်နေသည့် မြေစာပုံးကြီးကိုသာ အံ့သြ ဝမ်းမြောက်စွာ ငေးကြည့်နေကြပါလေတော့သည်။

❀ ❀ ❀



အခန်း (၃)

မယုံဘူးဆိုတာ မကြုံဖူးသေးလို့ပါ

ကြံမှုံပြောတာ မှန်သည်။

ထိုနေ့ညနေ နေဝင်ပြီး မိုးစုန်းစုန်းချုပ်သွားသည်နှင့် နီချောင်းရေအလျင်သည် တဝေါဝေါ တဝုန်းဝုန်းနှင့် အရှိန်အ န်ပြင်းစွာ စီးဆင်းလာသဖြင့် ချောင်းတစ်ဖက်တစ်ချက် ကမ်း စောင်းတစ်လျှောက် ချောင်းရေသည် ဝါးလုံးထိုးစီးဆင်းကာ မ်းကြိုးတိုက်စားသွားခဲ့သည်။

ချောင်းကမ်းပါးတစ်လျှောက်ရှိ ရွှေလုပ်ကွက်များ၊ ကိုသရိုက်များပါမကျန် သိမ်းကြုံးကာ တိုက်စားဝါးမျိုသွား ည် မဟုတ်ပါလား။

ကျောက်တလားထောင်ထိပ်တွင် မိုးရိပ်ညိုလျှင် ရွှေနီ င်းရှိရွှေကျင်သူများ ကပျာကယာ လုပ်ငန်းခွင်မှ သိမ်းဆည်း ခွာကြရသည်မှာ စကားပုံမဟုတ်၊ ပုံပြင်ဒဏ္ဍာရီ မဟုတ်။ သယ်စင်စစ်ပင် ဖြစ်သည်ဆိုခြင်းကို လက်တွေ့သာ..ကာ ပြသ

www.burmeseclassic.com

www.burmeseclassic.com



သွားသကဲ့သို့ပါတည်း။

"ဩော် ... ဒါကြောင့်ထင်ပါရဲ့ သားတို့ရယ် ... ကျောက်တလားတောင်နဲ့ပတ်သက်တဲ့ စကားပုံတွေ, တဘော ညွှန်းတွေ ထားခဲ့တာဖြစ်မယ် ... ဟင်း ဟင်း ... ဘာတဲ့ ... 'ကျောက်တလားတောင် လွတ်အောင်ရှောင်၊ မရှောင်နိုင် ငြား မပျော်ပါးနဲ့ ... တဲ့၊ ဘီလူးစားခြင်း ခံရမည် ... တဲ့ ညဥ့်အိပ်ညဥ့်နေ မနိုလေနှင့် ဘီလူးအော်သံကြားရမည် ... လို့ ဆိုတဲ့ တဘောင်လင်္ကာထဲကအတိုင်းပဲပေါ့၊ တစ်ညလုံး တဝေ ဝေါ၊ တဝုန်းဝုန်း၊ တဟီးဟီးနဲ့ မကောင်းဆိုးဝါး ဘီလူးကော ကြီးတွေ အော်ဟစ်မြည်ကြွေးနေသံတွေကျနေတာပဲ၊ ကျောက် တလားတောင်တစ်ခုလုံး ဆူညံပွက်နေတာပဲ ကြီးမှုံရေ"

ဟုတ်သည် ...။

မိုးသံ၊ လေသံ၊ တောင်ပေါ်ရေကျသံများက ကျောက်တ လားတောင်တစ်ပိုက်တွင် တဟီးဟီး၊ တဝုန်းဝုန်းနှင့် ဘီလူးကြ တစ်ကောင် အော်ဟစ်ညည်းညူနေသကဲ့သို့ ပဲ့တင်ညံ့လျက် သည်ကို ကြီးမှုံသတိပြုလိုက်မိသည်။

မည်သို့ပင်ဖြစ်စေ သူတို့အတွက် ကျောက်တလားကြ က လက်ဆောင်ပေးလိုက်သည့် 'ရွှေမြေစာပုံး'ကြီးက အထေ သင့်ရှိနေပြီ မဟုတ်ပါလား။

ကြီးမှုံနှင့်ကြီးစုန်တို့မှာ နံနက်စာအတွက် အဆာပြေ မင်းကြမ်းများစားသောက်ပြီးစီးသည်နှင့် ထိုရွှေမြေစာသံပုံးကြ ထဲမှ မြေစာများကို တဲအနီးမှာပင် ကျင်ဗန်းထဲသို့ထည့်ကာ ကျင်နေမိကြသည်။



ဖခင်ဖြစ်သူ ဦးရွှေသာကလည်း သူတို့ရွှေကျင်နေကြ သည့်အနီးသို့ စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုရင်း ကူညီ လုပ်ကိုင်ပေးပါ၏။

သုံးယောက်သား တစ်ယောက်နှင့်တစ်ယောက် စကား ခင်မပြောနိုင်ကြဘဲ မြေစာပုံကြီးကိုသာ ကျုံး၍ ကျင်ယူနေကြ သည်။

သို့သော် မည်သို့ဖြစ်သွားလေသည်မသိ ...။ ယမန် ညက ရွှေမှုန်ရွှေစများဖြင့် တဝင်းဝင်းတလက်လက်ရှိနေသော ပုံးထဲမှ မြေစာများသည် ယနေ့နံနက်တွင် ကျင်ဗန်းများဖြင့် ျင်လိုက်သည်နှင့် ရွှေနှင့်တူတာဆို၍ အဝါရောင်အဖတ်လေး ်ဖတ်ပင် မတွေ့ရပါလေတော့။

"ဟော ... ဘယ် ... ဘယ်လိုဖြစ်သွားတာလဲ ကြီ ဒါ မြေစာတွေကို ပန်းကန်ပြားနဲ့ခပ်ယူတုန်းကတောင် ရွှေ ရွှေစတွေဟာ ပန်းကန်ပြားမှာတောင် ကပ်ပါလာကြတာ တွေ့ သေးတယ်၊ အခု တစ်ပွင့်တလေတောင် မတွေ့ရတာ ဘာ ဘာသဘောလဲ ... ဘာတွေဖြစ်ကုန်ပြီလဲ ဟင်"

ကျင်ထားသော မြေစာနှင့် ရေများထဲတွင် မွှေနှောက် ကြသည်။ ကျင်ဗန်းပေါ်တွင်လည်း ဖင်ပြန်ခေါင်းပြန်ရှာဖွေ ကြသည်။ မြေစာသံပုံးထဲတွင်လည်း မျက်လုံးကြီးများ ပြူးပြဲ ာင်ရှာဖွေကြည့်သည်။

သို့သော် ...

ရွှေနှင့်တူသည့် အဝါရောင် အဖတ်ကလေး တစ်ဖတ်ပင် မျှမတွေ့ရခြင်းက များစွာထူးဆန်းနေပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါကြားဖူးတာကတော့ ရှေးအဘိုးအဘွား တွေဟာ သူတို့ရဲ့ ရတနာရွှေငွေပစ္စည်းတွေကို သူခိုး,ဓားပြနဲ့ မလိုသူတွေလက်ထဲကို မရောက်ရလေအောင် မြေမှာမြှုပ်နှံထား လေ့ရှိကြတယ်တဲ့၊ အဲ ... ဒါပေမဲ့ နှစ်တွေအတော်ကြာတော့ အဲဒီရတနာပစ္စည်းတွကို ပြန်ပြီးတူးဖော်ကြတော့ အဲဒီ နဂိုမြှုပ် ထားတဲ့နေရာမှာ မရှိကြတော့ဘူးတဲ့၊ ကာလနှစ်တွေ ကြာလာ တော့ နေရာရွှေ့ပြောင်းသွားကြတယ်တဲ့လေ"

"အိုး ... ဒါတွေက နှစ်ပေါင်းများစွာကြာမှ ဖြစ်တတ် တဲ့သဘောပါ၊ အခုဟာက မင်းတို့ရှေ့မှာတင် ရွှေရောင်ရွှေမှုန် တဝင်းဝင်းနဲ့ မနေ့ညနေကမှ သယ်လာခဲ့တဲ့ ဥစ္စာ ... ထူးထူး ဆန်းဆန်း ရွှေတစ်မှုန်မှ မကျန်ရစ်အောင် ပျောက်ဆုံးသွား တယ်လို့ကွာ ... ဟင်း"

ကြိမ်မှူးမှာ သူကိုယ်တိုင် တပင်တပန်းနှင့် သယ်ဆောင် သော မြေစာသံပုံးကြီးထဲမှ ရွှေမှုန်ရွှေစများက ထူးဆန်းစွာ ပျောက်ဆုံးသွားသဖြင့် တောက်တခေါက်ခေါက်ဖြင့် မကျေမနပ် ဖြစ်နေပါလေ၏။

"ဒါပဲဖြစ်ဖြစ်ပေါ့ ကြိမ်မှူးရယ် ... ဘယ်အချိန်က သယ်သယ် သူ့ရဲ့သဘာဝကိုက ရွှေလျားတတ်တဲ့သဘော တာမို့ အခုဟာကလည်း ငါ့ညီက သူတစ်ပါးရဲ့တူးဖော်ထား ရွှေတွင်းထဲကနေ မတော်လောဘနဲ့ မသိအောင်ခိုးယူလာ ဆိုတော့ ငါ့ညီနဲ့မထိုက်တန်လို့ ပြန်ပြီး နဂိုနေရာမှာ ရွှေပြောင်း သွားတာပဲပေါ့ကွာ"

"နေစမ်းပါဦး ကြိမ်မှူးရဲ့ ... မင်း ဒီ ရွှေမြေစာပုံး



ဘယ်နေရာ, ဘယ်တွင်းထဲကနေ ယူလာတာလဲ ... ငါ့ကို မှန် မှန်ပြောစမ်း"

မယုံကြည်နိုင်ဖွယ် ထူးဆန်းလှသော အဖြစ်အပျက် ကြောင့် ဖခင်ဦးရွှေသာမှာ ကြိမ်မှူးအား စေ့စေ့စပ်စပ်မေးမြန်းပါလေ တော့သည်။

ထို့ကြောင့်လည်း ကြိမ်မှူးမှာ ယမန်နေ့ညနေ နေဝင်ရီတ ရောအချိန်က ရွှေနီချောင်းဖျား ကျောက်တလားစွန်းကြီး၏ အောက်ခြေတွင် တွေ့ရှိခဲ့ရသည့် အဘိုးအိုတစ်ယောက်နှင့် မြေး ယ်လေးတို့ တူးဖော်နေကြသည့် မြေကျင်း(ရွှေတွင်း)အကြောင်း ကို ဖခင်ကြီးနှင့်အစ်ကိုဖြစ်သူတို့အား ခရေစေ့တွင်းကျ ပြောပြ လိုက်ပါတော့သည်။

"အင်း ... အဲဒါကြောင့် မင်းကို သေသေချာချာမှာခဲ့ တာပေါ့ ... ဟောဒီကျောက်တလားတောင်ကို လာရင် အဲဒီရွှေနီ ချောင်းဖျားက ကျောက်တလားကြီးဆီကို မသွားဖို့ အဖေမှာခဲ့ တာပေါ့ ...၊

အဲဒီနေရာက နတ်ကြီးတယ်၊ အစောင့်အရှောက်ကြီး တယ်၊ ကျောက်တလားတောင်ကိုစောင့်ရှောက်တဲ့ ကျောက်တ လားတောင်ပိုင်ဘိုးဘိုးကြီးပိုင်ဆိုင်တဲ့ အတွင်းစခန်းကြီးလည်း ဖြစ်တယ်၊ နည်းနည်းမှအမှားမခံတဲ့ နယ်မြေမို့လို့ တော်ရုံတန် ရုံလူသားတွေမဆိုထားနဲ့ ... မုဆိုးရင့်မာကြီးတွေတောင် လွှတ် ရှောင်ရှောင်ကြတဲ့ ကျောက်တလားနယ်မြေကြီးကွ ...၊

အင်း ... သေသေချာချာပြန်စဉ်းစားကြည့်ရင် ရှင်း ရှင်းလေးပါကွ ... မင်းတွေ့ခဲ့တယ်ဆိုတဲ့ အသက် (၇၀)ကျော်

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးဆိုတာ သာမန်လူသား ဟုတ်နိုင်ပါ့မလား၊ ဒီလောက် အန္တရာယ်ထူပြောလှတဲ့ တောတောင်ကြီးထဲမှာ မင်းတို့လို ငယ် ရွယ်တဲ့သူတွေတောင် ဘယ်လောက်ပင်ပန်းခက်ခဲကြသလဲဆိုတာ လက်တွေ့ပဲလေ၊ ဒီတော့ ဒီလောက်ကြမ်းတမ်းခက်ခဲတဲ့ တော နက်ကြီးထဲမှာ အသက်အရွယ်အိုမင်းလှပြီဖြစ်တဲ့ အဘိုးအိုတစ် ယောက်နဲ့ မြေးငယ်လေးဆိုတာ ရိုးရိုးသာမန်လူသားတွေ ဟုတ် မဟုတ် ဖြစ်နိုင်,မဖြစ်နိုင်ဆိုတာကို မင်းတို့ပဲစဉ်းစားကြည့်ကြ တော့လေ''

''ဟုတ်တယ် ကြံ့မှူး ...အချိန်ကလည်း နေဝင်ရီ တရောအချိန်ဆိုတော့ ကေန္တ မင်းတောခြောက်ခံလိုက်ရတာ ပဲ ဖြစ်မယ်၊ ဒီလိုဆည်းဆာအချိန်မျိုးတွေက မကောင်းဆိုးဝါး တွေ, ကျတ်တွေ, တစ္ဆေတွေ မြူးထူးကြတဲ့အချိန်ပဲ မဟုတ်လား အင်း ... တော်သေးတာပေါ့ ... မင်းကို ရွှေတုံးတွေနဲ့ မက်လုံး ပေးပြီး ခေါ်မသွားလို့သာပေါ့၊ သူတို့နဲ့သာ မင်းပါသွားရင်တော့ ခုလိုချိန်ဆို ဘယ်ဘဝကိုတောင် မင်းရောက်နေမှန်း သိမှာမဟုတ် တော့ဘူး ကြံ့မှူးရေ''

ဖခင်ကြီးနှင့် အစ်ကိုဖြစ်သူတို့၏ ပြောစကားများကို နားထောင်နေရင်းမှပင် ကြံ့မှူးတစ်ယောက် ကြက်သီးမွေးညင်း များ တဖြန်းဖြန်းထလာခဲ့သည်။

သူတို့ပြောသလိုသာ အမှန်တကယ် တောခြောက်ခံခဲ့ရ သည်ဟုဆိုလျှင် တဲစခန်းထိတိုင် ရွှေမှုန်ရွှေစအပြည့်နှင့် ယူ ဆောင်လာသည့် မြေစာသံပုံးကြီးက အဘယ်ကြောင့် ပါရှိလာရ ပါသနည်း။



နောက်ပြီး ...

ဤရွှေမှုန်ရွှေစများကို ဖခင်ကြီးရော အစ်ကိုဖြစ်သူ ကြံ့ နှံပါ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြသေးသည် မဟုတ ပါလား။

ဤသို့ သုံးဦးသုံးဖလှယ် မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရ ပါသော မြေစာပုံးထဲမှ ရွှေမှုန်ရွှေစများသည် ယနေ့နံနက်ခင်းသို့ ရောက်သည်နှင့် ထူးဆန်းစွာပျောက်ဆုံးသွားခဲ့ရခြင်းမှာ အဘယ် အတွက်ကြောင့်ပါနည်း။

အဖြေသည် ရှာလေ ဝေးလေ၊ လိုက်လေ ပြေးလေ တည်း။

နောက်ဆုံးတော့ ...

ဖခင်ကြီးပြောသကဲ့သို့ ကျောက်တလားတောင်မှ ထူး ဆန်းသော ကျောက်တလားကြီးနှင့် ပတ်သက်ယှက်နွယ်နေသည့် ထူးခြားဆန်းကြယ်သော ပရဆန်းကြယ်ဖြစ်ရပ်ကြီးတစ်ခုဟုသာ တ်ကိုဒုန်းဒုန်းချကာ ဖြေသိမ့်လိုက်ရပါတော့သတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

### တစ်ရံရောအခါက ကျောက်တလားပုံပြင်

ညဥ့်သည် တိတ်ဆိတ်သလောက် ငြိမ်သက်နေပါသည်။ ရံဖန်ရံခါ ဝေ့ဝဲတိုက်ခတ်လာသည့် မြောက်ပြန်လေကလေး သာ ဟိုမှသည်မှ နေ့ဘကာမြူးကာ တဟူးဟူးတိုက်ခတ်နေပါ

ရိုးမတောကြီးထဲရှိ ကျောက်တလားတောင်တွင် ကြုံ ခဲ့ရသည့် ကြံမှုံ၏ 'ရွှေမြေစာပုံး'ကိစ္စက တိုမျှနှင့်မပြီးဆုံးခဲ့ သူတို့နေထိုင်ရာ ကျောက်ချောရွာသို့ရောက်သည့်တိုင် မကျေ နပ်ဖြင့် တတွတ်တွတ်ပြောနေသည့် ကြံမှုံကြောင့် ဓာတ်ဗိ ဆေးဆရာကြီးဦးကျောက်အိုးပါ ကြားသိသွားခဲ့သည်။

ထို့ကြောင့် ကြံမှုံတို့ညီအစ်ကိုနှစ်ယောက်ကို သူ၏ အိမ်အောက်ထပ်တွင် ခေါ်ယူကာ ကျောက်တလားတောင်နှင့် သက်၍ ဆုံးမစကားများကိုသာ ပြောဆိုနေပါလေ၏။

"ကျောက်တလားတောင်ဟာ ခေတ်အဆက်ဆက် ဇဝင်အဆက်ဆက် နာမည်ကျော်သတင်းကြီးခဲ့တဲ့ တောင်



တစ်တောင်ပဲကွ၊ မယုံကြည်လို့ သွားပြီးစမ်းကြတဲ့သူတွေဆို တချို့ အလောင်းတောင်ရှာလို့မရအောင် ပျောက်ခြင်းမလှ ပျောက်သွားတတ်ကြတာတွေ တစ်ပုံတစ်ပင်ကြီးပဲ ကြံမှုံရေ၊ တချို့ဆိုရင် ကျောက်တလားက ဘီလူးညီနောင်နဲ့ တွေ့ပြီး သေပြေးရှင်ပြေး ထွက်ပြေးခဲ့ကြရတာတွေလည်း တောင်ခြေရွာ စဉ်တစ်လျှောက်မှာ အများကြီးပဲကွဲ့၊ မသေခဲ့ရင်တောင်မှ တစ်လ၊ နှစ်လကျော်လောက် ဆေးကုသပြီးယူကြရတယ်၊ တချို့ဆိုရင် ရူးသလိုလို၊ ကြောင်သလိုလိုတောင် ဖြစ်သွားခဲ့ကြတာတွေ ငါတို့ဘဝတစ်လျှောက် မြင်ခဲ့၊ သိခဲ့၊ ကြားခဲ့ရတာတွေလည်း တစ်ပုံကြီးပဲ ကြံမှုံ"

ဗိန္ဓောဆရာကြီးဦးကျောက်အိုးက သူ၏ဝါးဆေးတံကြီးထဲသို့ ဆေးမှုန့်များကိုသိပ်ထည့်ရင်း ကြံမှုံတို့ညီအစ်ကိုနှစ်ယောက်အား ကျောက်တလားကြီးနှင့် ပတ်သက်ခဲ့ကြသူများအကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြနေပါလေ၏။

"မဟုတ်သေးဘူး ဆရာကြီးရဲ့ . . . အခုဟာက ကျုပ်ကိုယ်တိုင် အဲဒီအဘိုးအိုနဲ့ ဆယ့်သုံးနှစ်အရွယ်ကောင်လေးကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာဗျ၊ နောက်ပြီး သူတို့ကျင်နေတဲ့ မျောခွက်၊ ဆန်ခါခွက်တွေ၊ မြေကျင်းတွေနဲ့ ရွှေမှုန်ရွှေစတွေကိုတောင် သေသေချာချာမြင်တွေ့ခဲ့ရပြီးမှ အခုလို ဖြစ်သွားခဲ့ရတာကိုပဲ နားမလည်နိုင်တာဗျ"

"ဟင်း ဟင်း ဟင်း . . . ကြံမှုံ ကြံမှုံ . . . မင်းဟာ ပြောလေကဲလေ၊ မန်းလေပွဲလေဆိုတာလို ဖြစ်နေပြီ၊ မျက်စိနဲ့မြင်၊ နားနဲ့ကြားရတိုင်း အမှန်တကယ်လို့ မပြောနေတာလား

www.burmeseclassic.com

www.burmeseclassic.com



. . . ဟင်၊ မှတ်ထား ကြီးမှူး . . . ဟောဒီလောကကြီးမှာ မင်းတို့၊ ငါတို့ မသိနိုင်၊မမြင်နိုင်တဲ့ အံ့မခန်းဆန်းကြယ်ဖြစ်ရပ်တွေဟာ အများကြီးပဲရှိသေးတယ်၊ အခု မင်းရောက်ခဲ့တဲ့ 'ကျောက်တလားနယ်မြေ' ဆိုရင် ပိုပြီးတောင်မှ မယုံကြည်နိုင်စရာတွေ၊ စိတ်ချောက်ချားစရာတွေနဲ့ အံ့မခန်းဖြစ်ရပ်ဆန်းတွေ အများကြီးပဲ ကြီးမှူး . . .၊

မင်း သေသေချာချာစဉ်းစားကြည့်စမ်း . . . မင်းတို့လို ငယ်ရွယ်တဲ့သူတွေတောင် အသွားအလာခက်ခဲပြီး အန္တရာယ်တွေများလှတဲ့ ရိုးမတောတောင်တွေကြားထဲမှာ အသက် (၇၀)၊ (၈၀) အဘိုးအိုတစ်ယောက်က ဘယ်လိုလုပ်ပြီး ရောက်အောင်နိုင်မှာတဲ့လဲ၊ နောက်ပြီး အဲဒီအဘိုးအို ရွေ့ကျင်နေတဲ့နေရာကလည်း ကျောက်တလားကြီးရဲ့ အောက်တည့်တည့်မှာ၊ မှတ်ထား ကြီးမှူး . . . အဲဒီ ကျောက်တလားကြီးဝန်းကျင်ကို ဘယ်သူမှ မသွားရဲ၊ မလာရဲကြဘူးကွ၊ အဲဒီနေရာတွေဟာ သွားလမ်းသာရှိပြီး ပြန်လမ်းမရှိတဲ့ အန္တရာယ်နယ်မြေကြီးကွဲ့၊ မင်းသာ ကံကောင်းထောက်မလို့ ဘာအန္တရာယ်မှမတွေ့ကြုံရဘဲ အသက်နဲ့ကိုယ်မြဲပြီး ပြန်လာခွင့်ရခဲ့တာ ကြီးမှူးရေ"

ကြီးမှူးနှင့်ကြီးစန်ညီအစ်ကိုနှစ်ယောက်တို့မှာ ဗိန္ဓောဆရာကြီးဦးကျောက်အိုးပြောပြနေသည်များကို စိတ်ဝင်တစားနားထောင်ရင်း ကြက်သီးမွေးညင်းများပင် တဖြန်းဖြန်းနှင့် ထလာကြသည်သို့ . . .။

"ဟိုး . . . အနောက်ဘက် ဇရစ်ခဲရွာက မုဆိုးညီနောင် မဲကြီးနဲ့ မဲလေးတို့ဆို ကျောက်တလားကြီးမှာတွေ့ခဲ့ရတဲ့ ဟို



. . . လူနှစ်ရပ်ကျော်လောက်ရှိတဲ့ ဘီလူးကြီးနှစ်ကောင်ကို တွေ့ရလို့ ဆိုပြီး ကြောက်လန့်တကြားနဲ့ သေနတ်နဲ့ပစ်ခတ်ပြီး ထွက်ပြေးလာကြတာလေ၊ ကံဆိုးချင်တော့ အကြီးကောင်ဖြစ်တဲ့ မဲကြီးဆိုတဲ့မုဆိုးကောင် ကုပ်ချိုးပြီးအသတ်ခံခဲ့ရတာ သုံးလေးနှစ်လောက်တောင် ရှိသွားပြီပေါ့၊ အေးလေ . . . မင်းတို့မှ မသိကြဘဲကိုး . . . ဟင်း . . . အန္တရာယ်ရှိတယ်ဆိုတဲ့နေရာတွေကို ရှောင်နိုင်အောင်ရှောင်ကြစမ်းပါကွာ၊ မင်းတို့အတွက် အန္တရာယ်ရှိလို့ တားနေရတယ်ဆိုတာကိုတော့ နားလည်ကြမှာပေါ့၊ နေရာတကာမှာ ဖွတ်တရွတ်မလုပ်ချင်ကြစင် . ကြီးမှူး"

ဗိန္ဓောဆရာကြီးဦးကျောက်အိုးက၊ သူ၏ဝါးဆေးတံကြီးကို တစ်ချက်နှစ်ချက်ခန့် ရှိုက်ဖွာလိုက်သည်။ ပြီးလျှင် ဆေးတံမီးခိုးငွေ့များ မှုတ်ထုတ်လိုက်သဖြင့် ဆွမ်းစားကျောင်းအောက်ထပ်တွင် လွင့်ပါဝေ့မျောသွားကြသည်။ ကြီးစန်က သူ့ရှေ့မှ ရေနွေးကြမ်းပန်းကန်ကို ကောက်ယူကာ မော့သောက်လိုက်ရင်း

"အဲဒါကိုတော့ ကြပ်ကြပ်ပြောပေးပါ ဆရာကြီးရယ်၊ ဒီကောက် ဖွတ်တရွတ်နဲ့ တဖောက်ကန်းလုပ်တတ်လို့ အဖေကသည်း သူ့ကို အမြဲဆုံးမနေရတာ၊ အခုလည်း နေမကောင်းလို့ အဲထဲမှာချန်ထားရစ်ခဲ့တာကို ကောင်းကောင်းမနေဘဲ အဲဒီကျောက်တလားကြီးဘက်ကို လျှောက်သွားလို့ အဲဒီလိုအဖြစ်မျိုးတွေ့ကြုံခဲ့ရတာလေ၊ ဆရာကြီးပြောသလို ကံကောင်းလို့ ဘာအန္တရာယ်မှ မတွေ့ခဲ့ရတာပေါ့"

ကြီးစန်က ညီဖြစ်သူနှင့်ပတ်သက်၍ ဗိန္ဓောဆရာကြီးဦးကျောက်အိုးထံ တိုင်ကြားနေသည်ကို ကြီးမှူးမှာ ခေါင်းငုံ့၍သာ

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ဆိတ်နေလျက်ရှိပါ၏။ ဦးကျောက်အိုးက ကြံမှုံအား စူးစိုက်ကြည့်လိုက်ရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်သည်။

"ဟင်း ဟင်း ဟင်း ... ဒီကောင်က ငါ ငယ်ငယ်တုန်းကလိုပဲ၊ တစ်ခါတလေ တဖောက်ကန်း, တစ်ဖွတ်ထိုး လုပ်ချင်သေးတယ်၊ မလုပ်နဲ့ ကြံမှုံ ... မလုပ်လိုက်မိလေနဲ့၊ ရှေးလူကြီးတွေ, အဘိုးအဘွားတွေက သူတို့ရဲ့အတွေ့အကြုံတွေ, ကြားဖူးနားဝတွေနဲ့ နောင်းလူငယ်တွေကို အသိပေးခဲ့, တားမြစ်ခဲ့ကြတာပေါ့၊ တစ်ဆက်တည်း မင်းတို့နှစ်ယောက်ကို ကျောက်တလားတောင်ကြီးနဲ့ပတ်သက်တဲ့ အမိက ရာဇဝင်တစ်ပုဒ်ကို ပြောပြမယ်၊ အဲဒီကျောက်တလားရာဇဝင်ကို မင်းတို့သိသွားတဲ့အခါကျတော့မှ ကျောက်တလားကြီးနဲ့ပတ်သက်ပြီး ဆောင်ရန်,ရှောင်ရန်တွေ လုပ်သင့်,မလုပ်သင့်တာတွေကို စဉ်းစားချင့်ချိန်လို့ရမှာပေါ့"

ဦးကျောက်အိုးက ကြံစုန်အသင့်ငှဲပေးထားသည့် နီကြင်ကြင်ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်ရင်း တစ်ရံရောအခါက ပုံပြင်ဆန်ဆန် ကျောက်တလားရာဇဝင်နှင့် ဒဏ္ဍာရီတစ်ပုဒ်ကို ပြောပြနေပါတော့သည်။

"ငါတို့ရဲ့ အဘိုးအဘွားတွေပြောခဲ့သလိုဆိုရင် 'မြန်မာအစ တကောင်းက' ဆိုတဲ့စကားပုံလို တကောင်းရာဇဝင်အဆက်ကနေ စရလိမ့်မယ်ထင်တယ်၊ ဟိုတုန်းကတော့ ကျောက်တလားကြီးကို သဖန်းချိုတောင်လို့ ခေါ်ကြတယ်၊ သဖန်းချိုပင်ကြီးတွေ ပေါလို့ ခေါ်ကြတာလေ၊ တောင်ခြေနဲ့မနီးမဝေး မြေပြန့်လွင်ပြင်မှာ ဘုရင်ညီနောင်လို့ခေါ်တဲ့ ညီနောင်ရင်းနှစ်ပါး ရှိကြတယ်တဲ့ ...၊



အဲဒီ ဘုရင်ညီနောင်ရဲ့အမည်တွေက ဘိဘိသေနနဲ့ ဘိဘိဓဇလို့ခေါ်ကြတယ်၊ သူတို့ဘုရင်ညီနောင်အမြွာကို မွေးမွေးပြီးချင်း သူတို့ရဲ့မယ်တော် မိဖုရားခေါင်ကြီးဟာ ကွယ်လွန်အနိစ္စရောက်ခဲ့တယ်၊ ဘုရင်ကြီးက မိဖုရားကိုချစ်တဲ့စိတ်နဲ့ ဖြေမဆည်နိုင်လွန်းလို့ မိဖုရားကြီးရဲ့ရုပ်ကလပ်ကို ပုံစံမပျက်သွင်းစေဘဲ ဆေးရည်စိမ်ပြီး မှန်ခေါင်းတလားမှာ ထည့်သွင်းထားခဲ့တယ်တဲ့ ကြံစုန် ...၊

ပြည်သူပြည်သားတွေကလည်း ဝမ်းနည်းပူဆွေးလွန်းလို့ သူတို့မိဖုရားခေါင်ကြီးရဲ့ မှန်ခေါင်းတလားကြီးထဲမှာ သူတို့ရဲ့ လည်ဆွဲရတနာတွေ, ရွှေငွေပစ္စည်းတွေပါထည့်ပြီး ပူဇော်ကန်တော့ကြတယ်တဲ့၊ ဒီလိုနဲ့ နောက်ဆုံးမှာ ဘုရင်ကြီးက မိဖုရားကြီးရဲ့ မှန်ခေါင်းတလားကို ရွှေစင်အတိနဲ့သွန်းလုပ်ပြီး စံနန်းဆောင်မှာ အစောင့်အကြပ်တွေချပြီး စောင့်ရှောက်စေခဲ့တယ်"

ကြံစုန်နှင့်ကြံမှုံတို့ညီအစ်ကိုနှစ်ယောက် ဗိန္ဓောဆရာကြီးဦးကျောက်အိုး၏ စိတ်ဝင်စားဖွယ်ရာ ကျောက်တလားရာဇဝင်ဝယ် စီးဝင်နစ်မျောလျက် ...။

အချိန်တို့သည် တရွေ့ရွေ့နှင့် ကုန်လွယ်လာခဲ့သည်။ သို့တိုင်အောင် ဆရာကြီးဦးကျောက်အိုး၏ ကျောက်တလားရာဇဝင်က တိတ်ဆိတ်စွာအိပ်မောကျနေသည့် ညဥ့်ရင်ခွင်ထဲဝယ် စီးမျောသက်ဝင်လျက် ရှိနေဆဲပါ။

"ဒီလိုနဲ့ နောက်ဆုံး ဘုရင်ကြီးပါ နတ်ရွာစံသွားရာက အရွယ်ရောက်နေကြပြီဖြစ်တဲ့ ဘုရင်ညီနောင်လို့ နာမည်တွင်နေတဲ့ ဘိဘိသေနနဲ့ ဘိဘိဓဇတို့ဟာ တိုင်းပြည်ကြီးကို တစ်ဝက်စီ

www.burmeseclassic.com

ပိုင်းလို့ တစ်ပိုင်းစီခွဲပြီး အုပ်ချုပ်စိုးစံခဲ့ကြတယ်၊ နီဒါန်းချိန်ကတည်းက အစမကောင်းခဲ့ကြတဲ့ ဘုရင်ညီနောင်ဟာ မှူးကြီးမတ်ရာ သေနာပတိတွေရဲ့ မြှောက်ပင့်မှု၊ မိဖုရားတွေ၊ မောင်းမတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် တစ်ယောက်နဲ့တစ်ယောက်၊ တစ်မင်းနဲ့တစ်မင်း အမုန်းကြီးမုန်းခဲ့ကြတယ်၊ ပိုပြီး ဆိုးဝါးရက်စက်တာက ညီငယ်ဖြစ်တဲ့ ဘိဘိဓဖေပဲ၊ ဘယ်လောက်တောင် ဆိုးဝါးရက်စက်သလဲဆိုရင် ရွှေငွေရတနာပစ္စည်းတွေအပြည့်ပါတဲ့ မယ်တော့်ရဲ့ ဆေးရည်စိမ်ခေါင်းတလားကြီးကိုတောင် လုယူပြီး နောင်တော်ဘိဘိသနရဲ့ တိုင်းပြည်တစ်ဝက်ကိုပါ သိမ်းယူဖို့ကြိုးစားလာခဲ့တယ်လေ''

ညည်သည် တစ်စ တစ်စ အိုမင်းရင့်ရော်လာခဲ့သည်။ ဗိန္ဓောဆရာကြီး ဦးကျောက်အိုး၏ စိတ်ဝင်စားဖွယ်ရာ 'ကျောက်တလားရာဇဝင်' က မြောက်ပြန်လေ၏ ညည်ရင်ခွင်ထဲဝယ် ရှင်သန်စီးမျောလျက်ရှိပါချေတော့သည်။

❁ ❁ ❁



အခန်း (၅)

သက်ဝင်လှုပ်ရှားလာသော
ကျောက်တလားအဏ္ဏာရီ

နက်ရှိုင်းသည့် အမှောင်ထုကြီး အက်ကွဲပျက်စီးစ ပြုလာခဲ့သည်။ ထိုအမှောင်နက်နက်ထဲမှ နီညိုညိုအက်ကွဲကြောင်းရာများက ဟိုတစ်စ၊ သည်တစ်စ ဖြစ်ပေါ်လာခဲ့ပါ၏။ မဟူရာအမှောင်နက်နက်ပေါ်တွင် နီရဲသောပတ္တမြားရည် သွန်းလောင်းလိုက်သကဲ့သို့။

အရုဏ်တက်ပြီ။

နီရဲလင်းလက်သော အလင်းစတို့ အရှေ့အရပ်မှနေ၍ တစ်စ တစ်စ တိုးဝင်ဖြန့်ကြက်လာပါ၏။ မကြာမီ အချိန်ပိုင်းအတွင်းမှာပင် နေ့သစ်တစ်ခု စတင်၍ဝင်ရောက်ပေတော့မည်။ တဝါး မှိန်ဖျော့ဖျော့အရုဏ်ဦး၏ နှင်းမြူများအောက်တွင် တန်းချီတောင်ကြီးနှင့် တောင်စွယ်တောင်တန်းများ ဝိုင်းရံထားသော မြို့တစ်မြို့ကို မပီဝိုးတဝါး တွေ့မြင်နေရပါ၏။ မြို့ကြီး၏ အဖက်လေးတန်တွင် ထူထပ်မြင့်မားသော မြို့ရိုးတံတား နီနီ

www.burmeseclassic.com



ရဲရဲကြီးများကဖြင့် အနိုင်အခန့် ကာရံထားလျက်ရှိသည်။

သို့သော် မကြာမီအချိန်ပိုင်းအတွင်းမှာပင် မတည်ငြိမ်သော သခါရသဘောတရားတို့၏ အနက်အဓိပ္ပါယ်ကို ဤ တိတ်ဆိတ်စွာအိပ်မောကျနေသည့် မြို့ကလေးက ညွှန်းဆိုထုတ်ဖော်ပြသတော့မည်ကို မည်သူတစ်ဦးတစ်ယောက်မျှ ကြိုတင်၍ မသိရှိနိုင်ကြပါချေပြီတည်း။

'တူ တူ ‥တူ တူ ‥တူ တူ'

''ဟေး ‥ဟိုင်း ‥ဟေး ဟေး ‥ဟူး''

'ခွပ် ခွပ် ‥ခွပ် ခွပ် ‥ဖျောင်း ဖျောင်း'

ဟုတ်သည်။

နေ့သစ်တစ်ခု၏ မင်္ဂလာရှိသော အရုဏ်ဦးနံနက်ခင်းတစ်ခုသည် ဆူညံစွာထွက်ပေါ်လာသည့် စစ်ခရာသံ၊ တံပိုးမှုတ်သံ၊ မြင်းခွာသံ၊ အော်ဟစ်သံကြီးများ၏အောက်တွင် အနိဋ္ဌာရုံပုံရိပ်တစ်ခုအဖြစ် စတင်နိဒါန်းချီဖွင့်လှစ်ခဲ့ပါချေပြီကော။

ပတ်ဝန်းကျင်ရှိ တောင်စွယ်တောင်တန်းများနှင့် သဖန်းချိုတောင်စောင်းထက်တွင် တံခွန်များ၊ အလံများနှင့် မြောက်မြားလှစွာသော စစ်သည်ရဲမက်များက အရုဏ်ဦးနေခြည်နှင့်အပြိုင် ထွက်ပေါ်လာကြသည်။

''ဟေး ‥ဟေး ဟေး ‥ဟေး ဟေး''

'တူ ‥တူ တူ ‥တူ တူ'

တစ်ချိန်တည်းမှာပင် စစ်ချီသံ၊ စစ်ခရာမှုတ်သံများနှင့်အတူ မြို့တံခါးနှင့်တည့်တည့်နေရာတွင် သိမ်းငှက်ဖျူဟာနှင့် စစ်ခင်းထားသည့် တပ်မကြီးတစ်ခုကပါ ထွက်ပေါ်လာခဲ့ပါတော့



သည်။ ကြီးမားသောလှည်းကြီးများ၊ မီးလျှံစင်ကြီးများ၊ မြားပစ်စင်ကြီးများ စသည့် သေနင်္ဂဗျူဟာကို ရှေ့တွင်ခင်းကျင်းထားပြီး မြို့ရိုးတံခါးကြီးကိုဖြိုဖျက်ရန် စတင်၍ တိုက်ခိုက်ကြပါတော့၏။

''ဟေး ‥‥မြို့တံခါး ပေါက်ပြီဟေ့ ‥‥တိုက်ကြ သတ်ကြ''

'ဝုန်း ဒုန်း ‥ဖြုံး ‥ဝေါ'

''ဟေး ‥ဟေး ‥ဟေး''

ညီတော်ဘိဘိဓဇ၏ တပ်တော်အင်အားက လွန်စွာကြီးမားလှသဖြင့် အနိုင်အမာတည့်ထားသည့် မြို့ရိုးတံခါးကြီးမှာ မကြာမီအချိန်ပိုင်းအတွင်းမှာပင် ပြိုကွဲကျိုးပျက်သွားခဲ့ပါတော့သည်။ တစ်ချိန်တည်းမှာပင် တပ်ဦး၏နောက်မှ အသေခံမြင်းတပ်အုပ်စုက ချီတက်ဝင်ရောက်လာပြီး တွေ့သမျှ၊ မြင်သမျှ လူ၊ မြင်းမြင်ရာကို ထိုးခုတ်တိုက်ခိုက်ကြပါလေ၏။

''ဟေး ‥‥ဟိုင်း ‥‥သေစမ်းကွာ''

'ဖုစ် ‥ရွှစ် ‥ဒုတ် ‥ဖုစ် ရွှစ်'

''အား ‥အူး ‥အီး အား''

အရုဏ်၏ ဝိုးတဝါးအလင်းရောင်အောက်တွင် ကြုံးဝါးအော်သံ၊ ခုတ်ထစ်တိုက်ခိုက်သံ၊ ပြန်လှန်တိုက်ခိုက်သံ၊ ညည်းညူသံ၊ အော်ဟစ်ညည်းညူသံများက ဆူညံစွာ ထွက်ပေါ်လာကြသည်။ ရှေ့ပြေးအသေခံမြင်းတပ်ကို ကိုယ်ကာယထွားကျိုင်းသန်မာလှပြီး လက်ထဲတွင်လည်း ကြီးမားထက်မြက်လှသော ပုဆိန်သွားကြီးကို ထမ်းပိုးဆောင်ထားသော စစ်သူကြီးတစ်ဦးက ဦးဆောင်ဝင်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစစ်သူကြီးနာမည်က နန္ဒယော်ဓာ။

ဘုရင်ညီနောင် ဘိဘိဓဇ၏ အားအထားရဆုံးသော ညာလက်ရုံးစစ်သူကြီးတစ်ယောက်လည်း ဖြစ်သည်။ နောင်တော် ဘိဘိသေန၏ နန်းရင်ပြင်ကိုသိမ်းပိုက်ရယူနိုင်ရန် တာဝန်ယူထားရသည့် စစ်သူကြီးတစ်ဦး။

''ဟေး ..ဟိုင်း ..''

တဝီဝီဝှေ့ယမ်းလိုက်သည့် ပုဆိန်သွားကြီးအောက်တွင် ရန်သူစစ်သည် ရဲမက်အများအပြား လဲပြိုသွားကြသည်။ တိုက ခိုက်မှုက မှန်တိုင်းတစ်ခုနှယ်၊ မိုးကြိုးစက်ကွင်းတစ်ခုနှယ်၊ လျှပ် စီးကြောင်းတစ်ခုနှယ် လျင်မြန်စွာ မွှေနှောက်ဖျက်ဆီးသွားခဲ့သည်။

ဘုရင်ညီနောင် 'ဘိဘိသေန' ၏ နန်းရင်ပြင်တစ်ခုလုံး သွေးပင်လယ်ဖြစ်သွားခဲ့ရပါပြီ။ မကြာမီ နောက်ခံစစ်တပ်မှ လွှဲ၍ တပ်များအားလုံး မြို့တွင်းသို့တိုင် ဝင်ရောက်နိုင်ခဲ့ကြသည်။ နန်း ရင်ပြင်သွားရာလမ်းတစ်လျှောက် ရှိသမျှ၊ ခုခံသမျှ စစ်သည်ရဲ မက်အားလုံး၊ တံမျက်စည်းလှည်းသကဲ့သို့ သုတ်သင်သွားသည်။

''ဟေး ..ဟိုင်း ..ဟေး ဟေး''

'ဝှစ် ရှစ် ..ဒုတ် ..ရှစ်'

''အား ..အ ..အီး ..အင့်''

အလုံဖြူထောင်ကာ အညံ့ခံကြသော ရန်သူရဲမက်စစ် သည်များကိုပင် မချန် ... နေရာတွင်ပင် ရက်စက်စွာ အပြီးတိုင် သုတ်သင်သွားကြသဖြင့် ရန်သူရဲမက်များ၏အလောင်းများက အလောင်းချင်းထပ်မျှ များပြားလှပါ၏။

မကြာမီ ကျောက်ဖြူသားလှေကားထစ်များနှင့် အနီ



ရောင်ကော်ဇောကြီးများ ခင်းကျင်းထားသည့် နန်းရင်ပြင်လှေကား ထစ်များအတိုင်း မြင်းသည်တော်များ၊ လှံကိုင်,လေးမြားကိုင် စစ်သည်များက တစ်ဟုန်ထိုးချီတက်လာကြပြီး ဘုရင်ညီနောင် အစ်ကိုတော် ဘိဘိသေန၏နန်းရင်ပြင်အား စီးနင်းဝိုင်းရံလိုက်ကြ သည်။

ညီတော်ဘိဘိဓဇသည် စင်စစ် သွေးဆာနေသည့် ဘုရင်တစ်ပါးသာတည်း။ ထို့အတူ သူ၏စစ်သူကြီး နန္ဒယော်ဓာ၏ ပုဆိန်သွားကြီးကလည်း သွေးဆာရက်စက်သည့် ကျားရိုင်းတစ် ကောင်၏အစွယ်ကြီးနှယ် ခုခံသူများ၊ လက်နက်ချအညံ့ခံကြ သည့် စစ်သူကြီး, မှူးမတ်ပညာရှိများကိုလည်း သတ်ဖြတ်ဝါး မျိုကာ အဆုံးစီရင်လိုက်ပါချေပြီကော။

ပလ္လင်ရှေ့တွင် သရဖူဆောင်းထားသည့် ဘုရင်ညီ နောင်အစ်ကိုတော် ဘိဘိသေနသည် သူ၏ပတ္တမြားကျောက်စီ ဓားကို ကိုင်ဆောင်လျက် ညီတော်ဘိဘိဓဇကို စောင့်ဆိုင်းနေ သကဲ့သို့ သူ၏မိဖုရားခေါင်ကြီးကလည်း ကျောက်စီဓားမြှောင်ကို ကိုင်စွဲကာ ရာဇမာန်အပြည့်ဖြင့် ဂုဏ်ခြေကြီးရင့်စွာ ရပ်နေကြသည်။

ထိုအချိန်တွင် စစ်သူကြီးနန္ဒယော်ဓာက မြင်းညိုကြီးကို စီးနင်းကာ သွေးစက်စက်ယိုစီးကျနေသည့် ပုဆိန်ကြီးကို ကိုင်စွဲ လျက် စစ်ရှုံးဘုရင် ဘိဘိသေနနှင့် မိဖုရားခေါင်ကြီးတို့အား ဝိုင်းရံထားလိုက်ကြသည်။

''အရှင်ဘိဘိသေနနဲ့ မိဖုရားခေါင်ကြီး လက်နက်ချပြီး ထီးနန်းကို ညီတော်ဘုရင်မင်းမြတ်အား လွှဲပြောင်းပေးတော်မူ လိုက်ပါ''

www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီးနန္ဒယော်ဓာ၏ အမိန့်စကားသံကြောင့် စစ်ရှုံးဘုရင် ဘိဘိသေနက ခပ်ယဲ့ယဲ့မျှ ပြုံးလိုက်သည်။ အတန်ကြာမှ ရဲရင့်တည်ကြည်သောစကားသံဖြင့် မြွက်ဟလိုက်သည်။

"ဒီမှာ နန္ဒယော်ဓာ ...လောကပါလနတ်မင်းတွေနဲ့ ငါတို့ရဲ့ဘိုးဘေးဘီဘင်တွေ, နောက်ပြီး ငါ့ရဲ့ခမည်းတော်နဲ့ မယ်တော်တို့ကို သစ္စာတိုင်တည်ပြီးသွားပြီ၊ ငါ့မှာ သင့်တို့ကို ပေးစရာလည်း မရှိဘူး။ ယူစရာလည်း မရှိဘူး။ သစ္စာတရားနဲ့ ကံကြမ္မာရဲ့အဆုံးအဖြတ်ကိုသာ ငါစောင့်နေတာ"

ထိုအချိန်တွင် ညီတော်ဘိဘိဓဇသည် မြင်းဖြူကြီးကို စီးနင်းကာ ကိုယ်ရံတော်တပ်ဖွဲ့နှင့်အတူ နန်းရင်ပြင်သို့ ရောက်ရှိလာသဖြင့် ရဲမက်စစ်သည်အားလုံးက ဘုရင်ညီနောင် ညီတော်ဘိဘိဓဇဘုရင်ကြီးအား ဝိုင်း၍အရိုအသေပြုကြသည်။

သို့သော် စစ်နိုင်ဘုရင် ဘိဘိဓဇသည် ပလ္လင်ရှေ့တွင် ယခုအချိန်ထိတိုင်ရပ်နေကြသည့် အစ်ကိုဘိဘိသေနနှင့် မိဖုရားခေါင်ကြီးတို့ကို စူးစူးနစ်နစ်စိုက်ကြည့်ကာ ဦးခေါင်းကို ဖြည်းညင်းစွာ ရမ်းခါလိုက်သည်။

သူ၏အရှင်၏ မျက်နှာရိပ်မျက်နှာကဲကို တစ်ရံမလပ် ကြည့်ရှုနေသည့် ညာလက်ရုံးစစ်သူကြီး နန္ဒယောဓာမှာ ဝိုင်းရံထားကြသည့် လေးသည်တော်အဖွဲ့အား အမိန့်ပေးနိုင်းစေလိုက်သည့် ခဏ ...

"ရွှစ် ..ဝှစ် ..ရွှစ် ..ရွှစ် ..ဝှစ် ..ဗိုး"

"ဒုတ် ..အ ..ဒုတ် ဒုတ် ..အင့် ..အီး"

လေးသည်တော်များ ပစ်လွှတ်လိုက်သည့်မြားများသည်



စစ်ရှုံးဘုရင်ဘိဘိသေနနှင့် မိဖုရားခေါင်ကြီးတို့၏ရင်ဝကို ထိမှန်ကာ နန်းရင်ပြင်ကျောက်ဖြူလှေကားမှ နှစ်ပါးစလုံး တလိမ့်လိမ့်နှင့် လိမ့်ဆင်းလာကြသည်။ ဖြစ်ချင်တော့ စစ်သူကြီးနန္ဒယော်ဓာ၏ရှေ့တွင် ဘိဘိသေန စစ်ရှုံးဘုရင်ကြီး လိမ့်ဆင်းကျလာသဖြင့် နန္ဒယော်ဓာ၏ပုဆိန်ကြီးက လက်ခနဲ ဖြစ်သွားသည်ခဏ ...

"ဒုတ် ..အင့်"

ဘိဘိသနဘုရင်ကြီးခမျာ စစ်သူကြီးနန္ဒယော်ဓာ၏ ပုဆိန်လက်ချက်ဖြင့် ခန္ဓာကိုယ်နှင့် ဦးခေါင်းမှာ တကွဲတပြားစီ ဖြစ်သွားပါလေ၏။ မိဖုရားခေါင်ကြီးမှာလည်း ကျောက်ဖြူလှေကားအတိုင်း အောက်သို့လိမ့်ကျကာ လှေကားရင်းတွင် ငြိမ်သက်သွားပါလေတော့သည်။

အောင်ပွဲရ ညီတော်ဘိဘိဓဇမှာ မြင်းဖြူကြီးပေါ်မှ လွှားခနဲခုန်ဆင်းကာ စစ်ရှုံးဘုရင် အစ်ကိုတော်ဘိဘိသေန၏ သရဖူမှ စိန်ကြီးတစ်လုံးကို ဓားဦးနှင့်ထိုးကော်ယူလိုက်သည်။ ပြီးလျှင် မရီးတော်မိဖုရားကြီး၏ သရဖူမှ မြကြီးတစ်လုံးကိုလည်း ထိုသို့ပင် ကော်ထုတ်ယူလိုက်ပြီး ရွှေသားချည်းသာ ကျန်ရစ်ခဲ့ပြီဖြစ်သော သရဖူနှစ်ခုကို စစ်သူကြီးနန္ဒယော်ဓာအား ဆုလာဘ်အဖြစ် ပစ်ပေးလိုက်ပါ၏။

ထို့နောက်မှာတော့ အောင်ပွဲရဘုရင် ဘိဘိဓဇသည် သူ၏မြင်းဖြူကြီးပေါ်သို့ လွှားခနဲပြန်တက်လိုက်ပြီး လက်ထဲရှိ ကျောက်စိမ်းဓားကို ပင့်မြှောက်ဆန့်တန်းကာ ဟစ်ကြွေးလိုက်ရာ နောက်လိုက်နောက်ပါစစ်သည်အားလုံး၏ အော်မြည်ဟစ်ကြွေးသံကြီးက ဘဝင်ပင် ညံသွားပါလေတော့သည်။

www.burmeseclassic.com



"ဟေး ‥ ဟေး ဟေး ‥ ဟူး ဟူး ‥ ဟေး"

ထိုစဉ်မှာပင် ကြည်လင်နေသော ကောင်းကင်ကြီးတစ်ခုလုံး မိုးရိပ်မိုးသားများဖြင့် ချက်ချင်းပိတ်မှောင်မည်းတက်လာပြီး မိုးခြိမ်းသံ၊ တော်လည်းသံ၊ လျှပ်စီးလက်သံများကပါ တဝုန်းဝုန်း တကျိမ်းကျိမ်းနှင့် ဆူညံစွာ အော်မြည်ဟစ်ကြွေးလာကြပါချေပြီ ကော။

'ကျိမ်း ‥ ဝုန်း ‥ ကျိမ်း'

ထိုအချိန်တွင် စစ်အောင်နိုင်သူဘုရင် ဘိဘိဓဇနှင့် စစ်သူကြီး နန္ဒယော်ဓာတို့သည် မယ်တော်မိဖုရားခေါင်ကြီး၏ ရွှေခေါင်းတလားကြီးထားရှိရာ စံနန်းဆောင်ကြီးထဲတွင် ရောက်ရှိနေကြပါပြီ။ ဘုရင်ဘိဘိဓဇကိုယ်တိုင် ရွှေမှန်ခေါင်းတလားကြီးကိုဖွင့်ရန် ကြံစည်နေစဉ်မှာပင် ရုတ်ခြည်းပြောင်းလဲသွားသော ရာသီဥတုကြောင့် ဘုရင်ကြီးကိုယ်တိုင်ပင် ထိတ်ခနဲဖြစ်သွားပါလေ၏။

"ဟဲ့ ဟဲ့ … ဘယ် ‥ ဘယ်လိုဖြစ်ပြီး နေ့ခင်းကြောင်တောင် ရုတ်ခြည်းအမှောင်ကျသွားရတာလဲ … ဟော ဟော … မိုးခြိမ်းသံကြီးတွေ၊ လေတိုက်သံကြီးတွေကလည်း တဝုန်းဝုန်း တဒိုင်းဒိုင်းနဲ့ပါလား"

ဟုတ်သည် …။ ပတ်ဝန်းကျင်ရှိ ရာသီဥတုမှာ ဘုရင်ညီနောင် အစ်ကိုတော်ဘိဘိသေနနှင့် မိဖုရားခေါင်ကြီးတို့ မင်းနှစ်ပါး ရန်သူ ညီတော်ဘိဘိဓဇ၏လက်ချက်ဖြင့် နတ်ရွာစံသွားကတည်းက သိသိသာသာကြီးပင် ပြောင်းလဲသွားခဲ့ပါချေပြီကော။

'ကျိမ်း ကျိမ်း ‥ ဝေါ ဝေါ ‥ ဒိန်း'



'ဝေါ ဝရော ‥ ဖျော ‥ ဝေါ ရူး'

ဝန်းကျင်တစ်ခုလုံးသည် ပိန်းပိတ်အောင် မှောင်ကျသွားခဲ့သည်။ လေသံက တိုးဝှေ့တိုက်ခတ်သံသက်သက် မဟုတ်တော့၊ အသံကုန် ဟစ်အော်မြည်ကြွေးနေသည့် ချောက်ချားသွေးပျက်ဖွယ်ရာ အသံမျိုးဖြစ်သည်။ မိုးခြိမ်းသံတဝုန်းဝုန်း တကျိမ်းကျိမ်း အောက်တွင် မိုးသီးမိုးပေါက်တို့က သွန်ချလိုက်သကဲ့သို့ တဝေါဝေါနှင့် ရွာချလာခဲ့သည်။

ခိုင်ခန့်လှသည့်စံနန်းဆောင်ကြီးပင် သိမ့်ခနဲ၊ ငြိမ့်ခနဲဖြစ်သွားသည့်သို့ …။ မိုးသက်လေပြင်းက စူးစူးဝါးဝါး ဟူးဟူးရားရား …။ လေအော်သံ၊ မိုးအော်သံကြီးများကြားမှ စံနန်းဆောင်ကြီး၏ အော်ဟစ်ညည်းညူသံသဲ့သဲ့ကို ကြားလိုက်ရသလိုလို ဝေါခနဲ ဝုန်းခနဲ ဆောင့်၍ ဆောင့်၍ တိုက်ခတ်လိုက်သည့် မိုးသက်လေပြင်းအောက်တွင် စံနန်းဆောင်ကြီးပင် မြေပြင်တွင် ပြားပြားဝပ်သွားတော့မည်လေလား …။ တိုင်ကြီးတွေပါ ကျွတ်ထွက်၍ လွင့်ပါသွားတော့မည်လေလား။

"ဘုရား ဘုရား … ဘုရင်ဘိဘိသေနရဲ့ သစ္စာစကားကြောင့် မိုးလေစောင့်တဲ့ လောကပါလနတ်မင်းကြီးတွေ ဒေါသထွက်နေကြပြီထင်တယ်"

စစ်သူကြီးနန္ဒယော်ဓာတစ်ယောက် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော သွေးပျက်ဖွယ်ရာ မိုးခြိမ်းသံ၊ လေပြင်းမုန်တိုင်း တိုက်ခတ်သံကြီးများကြောင့် ထိတ်လန့်တုန်လှုပ်လျက်ရှိပါပြီ။

"ဟင်း ဟင်း ဟင်း … သိပ်ကြောက်နေပြီလား နန္ဒယော်ဓာ၊ ဒါဟာ သစ္စာမဲ့တဲ့သူတွေအတွက် လောကပါလနတ်

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးတွေနဲ့ မိုးနတ်မင်းကြီးက ဒဏ်ခတ်ဆုံးမနေတာလေ ... ဟင်း ဟင်း ဟင်း ... ဒါဟာ မြင့်မြတ်တဲ့သစ္စာတရားနဲ့ က ကြမ္မာရဲ့ မှန်ကန်တဲ့အဆုံးအဖြတ်ပဲ နန္ဒယော်ဓာရေ ... ဟား ဟား ဟား ဟား ဟား''

စစ်သူကြီးနန္ဒယော်ဓာ ကြောက်လန့်တကြားဖြင့် သူ နားနှစ်ဖက်ကို ပိတ်လိုက်သည်။ သို့တိုင်အောင် ဘုရင်ညီနော် အစ်ကိုတော်ဘိဘိသေနတ်၏ စကားသံကြီးများက မိုးသံလေသံ ပင် ထိုးဖောက်ကာ ဗူးဗူးဝါးဝါး ကြားယောင်နေသကဲ့သို့။

''ဟဲ့ စစ်သူကြီး ... ရာသီဥတုဆိုးရွားလှချည်လား ဘယ် ... ဘယ်လိုဖြစ်တာလဲတောင် မသိတော့ဘူး၊ ဟေ ဟော ... မယ်တော်ကြီးရဲ့ ခေါင်း ... ခေါင်းတလားကြီးက လှုပ် ... လှုပ်ရှားလာပါပေါ့လား ... ဘုရား ဘုရား''

ဟုတ်သည် ...။ စံနန်းဆောင်ကြီးကပင် လေမုန်တိုင်း ကြောင့် ယိမ်းထိုးလှုပ်ယမ်းလာသည်လေလား မသိ ...။ စံနန်း ဆောင်၏ ရွှေပလ္လင်တော်ထက်တွင်ထားရှိသော မယ်တော် ဖုရားခေါင်ကြီး၏ ရွှေမှန်ခေါင်းတလားကြီးမှာ တဖြည်းဖြည်း လှုပ်ယမ်းယိမ်းထိုးလာပြီး အပေါ်သို့ပင် ကြွတက်လာသယော်

'ဝေါ .. ဝေါ ဝေါ .. ဝရော ဝရော'

''ဟာ ... ရေ .. ရေတွေ .. တောင်ကျရေတွေ စီး လာပြီဟေ့''

''ချောင်းရေတွေ လျှံတက်လာပြီ ... ပြေးကြဟေ့ ... ပြေးကြ ပြေးကြ ''

နဂိုကတည်းက တောင်စဉ်တောင်တန်းများ ပတ်ဝိုင်းလျက်ရှိသော မြို့ကြီးသည် မိုးလေကြီးလွန်းသဖြင့် တောင်ကျရေများ တဝေါဝေါနှင့် နေရာအနှံ့မှ စီးမျောလိမ့်ဝင်လာကြပါတော့သည်။



'ဝေါ ဝေါ .. ဝရော .. ဖျော ဖျော''

''အား .. ကယ် .. ကယ်ကြပါ .. အား အမယ်လေး''

''အား .. အူး''

အမှောင်နက်နက်အောက်မှ မုန်တိုင်းအော်သံ။

ကိုယ့်လက်ကိုပင် မမြင်ရအောင် ပိန်းပိတ်အောင် မည်းမှောင်နေသည့် မုန်တိုင်းမိုးကြမ်းအောက်တွင် ဗူးဗူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်မြည်ကြွေးသံများနှင့် စစ်သားရာထောင်တို့ လုံးစွပ်ဇိုက်ပွဲ ဆင်နွှဲနေကြသည့်နှယ် ...။ ကြောက်ခမန်းလိလိ ကြမ်းမောင်းဟစ်ကြွေးသံများက တစ်လှည့်စီ၊ တစ်ဖန်စီ မြိမ်းခြောက်နေသည့် လေမုန်တိုင်းဒဏ်၊ မိုးပေါက်မိုးခဲတို့၏ ကြမ်းတမ်းစွာရိုက်ပုတ်ခြင်းဒဏ်များကို စစ်အောင်နိုင်သူဘုရင် ဘိဘိသေ၏ စစ်သည်ရဲမက်များမှာ အားကိုးရာမဲ့ လည်စင်း၍ ခံနေကြရပါချေပြီတည်း။

''အား ... ကယ်ကြပါဦးဗျို့ ... အား .. အူး''

''အမလေး ... လုပ် .. လုပ်ကြပါဦး .. အား အီး''

သွေးရူးသွေးတန်းနှင့် ပြေးစရာ မြေမရှိ။ ထိုအတူ နေရာသည်း မရှိ။ ဘာဆိုဘာတစ်ခုမျှမရှိသည့် မြေပြင်ထက်ဝယ် စစ်သည်ရဲမက်များမှာ ဝါးလုံးထိုးကျဆင်းလာသည့် ရေလှိုင်းရေစီးများကြားတွင် ကယ်ပါယူပါတစာစာအော်ရင်း မျောပါသွားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



တဝေါဝေါနှင့်ရွာချနေသည့် မိုးရေစက်များကလည်း အ… စက်အပေါက်လိုက်မဟုတ် ... ရေတံခွန်နှယ် တစ်ပြင်တည်း တစ်သွင်တည်း သွန်ချနေသည့်ကြောင့် စစ်သည်ရဲမက်များမှာ မိုးရေနှင့် ချောင်းရေ တောင်ကျရေကြားထဲတွင် စုန်းစုန်းမြုပ်ကာ သေဆုံးကုန်ကြရပါတော့သည်။ ထိုအချိန်တွင် ...

သစ္စာမဲ့သူ လောဘသား ဥစ္စာရူးနှစ်ယောက်ဖြစ်သည့် ဘုရင်ညီနောင် ညီတော်ဘိဘိဓနှင့် စစ်သူကြီးနန္ဒယော်ဓာတို့မှာ ယိမ်းထိုးလှုပ်ယမ်းနေသည့် မယ်တော်မိဖုရားခေါင်ကြီး၏ ခေါင်… တလားကြီးကိုဖွင့်ကာ အထဲမှရွှေငွေရတနာပစ္စည်းများကို ယူငင်… ရန် ကြိုးစားနေကြပါ၏။

"ဟီး ဟီး ဟီး ... တိုင်းပြည်မှာ ငါတို့ အချမ်းသာဆုံး… ဖြစ်တော့မယ်ဟေ့ ... ဟီး ဟီး"

"ဟီး ဟီး ... ဖွင့် ... ဖွင့်ပါဟ စစ်သူကြီးရ ... ဘာလုပ်နေတာလဲ ... ဟင်း ဟင်း"

လောဘသည် အသိတရားဟူသမျှကို အမှောင်ဖုံး… ၏။ ယခု ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သည့်နှယ် ကပ်ဆိုက်… သည်ကိုပင် သတိမမူနိုင်ကြ။ ခေါင်းတလားကြီးထဲမှ ရတန… ရွှေငွေပစ္စည်းများကိုသာ မတော်လောဘစိတ်နှင့် ရယူရန် … စည်ကြိုးစားနေကြသည့် ဘုရင်ဘိဘိဓနှင့် စစ်သူကြီးနန္ဒယော်… ဒါတို့မှာ ပလ္လင်ထက်မှ တစ်စ တစ်စ ရှန်းကြွတက်လာသည့် ရွှေခေါင်းလောင်းတလားကြီးကို သတိမမူနိုင်ခဲ့ကြ။

"ဟီး ဟီး .. ဟီး ဟိုး .. ဟီး .. ဝိုး .. ဟီး"

ထိုအတူ တဟီးဟီး ညည်းညူအော်ဟစ်သံများနှင့်အ…



ရွှေသားပလ္လင်ထက်မှ လေပေါ်သို့တိုင် ဝဲပျံကြွတက်လာသည့် ခေါင်းတလားကြီးကိုသာ အမိအရ ဖက်တွယ်ယူငင်နေကြပါ၏။ သူတို့သတိရတော့ နောက်ကျသွားခဲ့ရပါပြီ။

"ဟာ ... ခေါင်း ... ခေါင်းတလားကြီး လေ ... လေ ပေါ် ပျံ ... ပျံတက်နေပြီ"

"ဟာ ... အရှင် အရှင် ... လုပ် .. လုပ်ပါဦး .. အ"

ဘုရင်ညီနောင် အစ်ကိုတော်ဘိဘိသေန၏ တိုင်တည် သစ္စာဆိုခဲ့သော သစ္စာတရား၊ လောကပါလနတ်မင်းတို့၏ မှန်ကန်တည့်မတ်သောသစ္စာ၊ ဘိုးဘေးဘိဘင်တို့၏ စောင့်ရှောက်မှုသစ္စာ စသော မြင့်မြတ်သောသစ္စာတရား၏ ဒဏ်ခတ်ခြင်းကို ဘုရင်ဘိဘိဓနှင့် စစ်သူကြီးနန္ဒယော်ဓာတို့ ဆိုးဝါးစွာ ခံစားကြရပါပြီ။

ရွှေပလ္လင်ထက်မှ ရှန်းကြွပျံတက်လာသည့် မယ်တော်မိဖုရားခေါင်ကြီး၏ ရွှေမှန်ခေါင်းတလားကြီးသည် စံနန်းဆောင်မှ ဝေါခနဲပျံထွက်သွားသည်နှင့် ဘုရင်ဘိဘိဓနှင့် နန္ဒယော်ဓာတို့မှာ ခေါင်းတလားပေါ်မှ လွင့်စဉ်ပြုတ်ကျကာ ရေစီးထဲတွင် မျောပါသေဆုံးသွားကြပါတော့သည်။ စံနန်းဆောင်မှ ဝေါခနဲ ပျံထွက်သွားသည့် ရွှေမှန်ခေါင်းတလားကြီးမှာ မြင့်မားမတ်စောက်လှသော 'သဖန်းချိုတောင်' ၏တောင်နံရံစောင်းထက်ဝယ် ဒုန်းခနဲ ပဲ့တင်သံကြီးမြည်ဟည်းလျက် အရှိန်ပြင်းစွာ စူးနစ်စိုက်ဝင်သွားပါလေတော့သတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## ဒဏ္ဍာရီထဲက ကျောက်တလားတောင်

ရှုန်းစိုနုသစ်သော နေခြည်နုနုကြားတွင် နှင်းမြူဖာပဝါ ပါးသည် ထူထပ်သိပ်သည်းစွာ ခြုံလွှမ်းရစ်သိုင်းထားလေသည့် မှို ကျောက်တလားတောင်ကြီးတစ်ခုလုံးသည် ဝေဝါးမှုန်သီလျက် မှိုင်းမှိုင်းမှုန်နေပါ၏။

ကျောက်တလားတောင်ကြီး၏ အရှေ့ဘက်ခြမ်း ပေ သုံးလေးရာခန့်အမြင့်ထိတိုင် ရေလျှာလျှောစီးပုံသဏ္ဍာန် မြင့်မား မတ်စောက်လှသော ကျောက်နံရံချပ်ကြီးတစ်ခုကို နှင်းမှုန်ထွေး ထွေးကြားတွင် ဝေဝေဝါးဝါးတွေ့မြင်နေရသည်။

ထိုကျောက်နံရံကြီးမှာ မိုးရာသီကာလများတွင် တောင် ကျရေများစီးဆင်းနေသည့် ရေတံခွန်ကြီးတစ်ခု ဖြစ်ခဲ့ပုံရသည်။ ရေစီးကျရာ ကျောက်သားနံရံများမှာ ရေစီးကြောင်းချိုင့်ဝှမ်းများ ဖြစ်နေပြီး ဖြူဖွေးချောမွတ်လျက် သစ်ပင်ချုံနွယ်များမှာလည်း အနည်းငယ်မျှသာ ရှိပါ၏။



ထိုမှတစ်ဆင့် တဖြည်းဖြည်း မြင့်တက်သွားသည့် ကျောက်နံရံကြီး၏တောင်စွယ်တွင် သီးခြားကြီး ထူးထူးခြားခြား ပေါ်ထွက်နေသည့် ကျောက်တလားကြီးတစ်ခုကမူ တောင်ကမ်း ပါးယံတွင် ကြီးမားရှည်လျားလှသော ကျောက်စွယ်ကျောက်တန်း ကြီးတစ်ခု စူးနစ်စိုက်ဝင်နေသကဲ့သို့ အမှီအတွယ်မဲ့ လေဟာနယ် ကြီးထဲတွင် တန်းတန်းမတ်မတ်ကြီး အသွင်သဏ္ဍာန် ထူးခြားစွာ တည်ရှိနေခြင်းပင်တည်း။

ထိုကျောက်တလားကြီး၏ တောင်ခြေအောက်ဘက်မှာ တော့ ရွှေနီချောင်းက ရစ်ခွေဝိုက်ကာ စီးဆင်းလျက်ရှိနေပါ၏။

ထိုကျောက်တလားကြီးတည်ရှိရာ ကျောက်နံရံကြီး၏ အထက်ဘက်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ မိုးယံသို့တိုင် ထွင့်ပျံ့နေကြသည့် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း ... စသော သစ်ပင်ကြီးငယ်များနှင့် ကြိမ်ပင်၊ ဝါးပင်၊ ချုံနွယ်ကြီး များက ထူထပ်သိပ်သည်းစွာ နေရာယူထားကြသည်။

အင်ဂျင်နီယာချုပ် မစ္စတာစတီဗင်နှင့် လက်ထောက် ဌာနမှူးလေး မင်းမောင်တို့လူစုက လေဟာနယ်ထဲတွင် မည် သည့်အထောက်အကူမှမရှိဘဲ တန်းတန်းမတ်မတ်ကြီး တည်ရှိနေ သော ကျောက်တလားတောင်မှ နာမည်ကျော် 'ကျောက်တ လား' ကြီးဟု အမည်တွင်သတင်းကြီးနေသည့် ကျောက်စွယ် တန်းကြီးကို စိတ်ဝင်တစား ကြည့်ရှုနေကြပါသည်။

''အင်၊ ... အဲဒါပဲ ဌာနမှူးလေးရေ ... တစ်နယ် လုံးမှာ သတင်းကြီးနေတဲ့ 'ကျောက်တလားကြီး' ဆိုတာလေ၊ အချို့ကလည်း ကျောက်ခေါင်းတလားကြီးရယ်လို့ ခေါ်ကြသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နို့မဟုတ်ကြောက တောင်ခြေရွာတွေအားလုံးလိုလိုက တော့ လွယ်လွယ်ကူကူ 'ကျောက်တလားကြီး' လို့ပဲ ခေါ်ကြတယ် လေ"

ကျောက်ချောရွာမှ လယ်ပြမှုဆိုးကြီးဦးခွန်ယော်က မစ္စတာစတီဗင်နှင့် ဌာနမှူးလေးမင်းမောင်တို့အား ကျောက်တလားကြီးနှင့်ပတ်သက်၍ သူသိထားသမျှ ရှင်းလင်းပြောပြနေခြင်း ဖြစ်ပါ၏။

"ဒေသခံရွာသားတွေနဲ့ ကျောက်တလားတောင်ခြေရွာတွေက ရှေ့မီနောက်မီဘိုးဘေးတွေ ပြောသလိုသာဆိုရင်တော့ ဘုရင့်ညီနောင်ဖြစ်တဲ့ ညီတော်ဘိဘိဇရဲ့ ပြစ်မှားကျူးလွန်လိုက်တဲ့ သစ္စာမဲ့တဲ့လုပ်ရပ်တွေနဲ့ လောဘအမှားတွေကြောင့် ရတနာတွေ အပြည့်အသိပ်ထည့်ထားတဲ့ မယ်တော်မိဖုရားခေါင်ကြီးရဲ့ ရွှေမှန်ခေါင်းတလားကြီးဟာ လောဘသားတွေရဲ့လက်ထဲမှာ မထားတော့ဘဲ စံနန်းဆောင်ရွှေသားပလ္လင်ပေါ်ကနေ ရုန်းထွက်ပျံဝဲတက်လာခဲ့ရာကနေ ဟောဒီ သဖန်းချိုတောင်လို့ ခေါ်တွင်ခဲ့ဖူးတဲ့ ကျောက်တလားတောင်ကြီးရဲ့ တောင်ကမ်းပါးယံအစွန်းမှာ လာပြီးစိုက်ဝင်နေတာလို့ ပြောကြတာပဲ ဌာနမှူးလေးရေ"

"ဒီလိုဆိုရင် ... အခု ကျွန်တော်တို့မြင်တွေ့နေရတဲ့ ကျောက်စွယ်တန်းကြီးဟာ ဘုရင်ညီနောင်ရဲ့မယ်တော် မိဖုရားခေါင်ကြီးရဲ့ ရတနာတွေ အပြည့်ထည့်ထားတဲ့ ရွှေမှန်ခေါင်းတလားကြီးပေါ့နော် ဦးကြီး"

ဌာနမှူးလေးမင်းမောင်က မှဆိုးကြီးဦးခွန်ယော်အား ထပ်ဆင့်မေးမြန်းလိုက်ရင်း နံနက်ခင်း မြူနှင်းများလွှင့်ပြယ်စ ကျောက်တလားတောင်ကြီး၏တောင်စွယ်မှ ငေါ်ထွက်နေသည့် (ကျောက်တလား)ကျောက်စွယ်ကြီးအား တအံ့တသြနှင့် ငေးမောကြည့်နေမိသည်။

အင်ဂျင်နီယာချုပ် မစ္စတာစတီဗင်ကမူ ထူးဆန်းအံ့သြဖွယ်ကောင်းသော ကျောက်စွယ်တန်းရှည်မျှော်မျှော်ကြီးကိုသာ ရှူးနစ်နစ်ကြည့်ရင်း တစ်စုံတစ်ရာကို စဉ်းစားနေသကဲ့သို့ ငြိမ်သက်တိတ်ဆိတ်နေပါလေ၏။

"အင်း ... ဟုတ်တယ်လို့ ပြောရမှာပဲ ဌာနမှူးလေးရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒေသခံတောင်ခြေရွာတွေအားလုံးက ဒီလိုပဲ ဆင်မှတ်ယုံကြည်နေကြတာကွဲ့၊ ဦးကြီးတို့ ဘိုးဘေးဘီဘင်တွေ သက်ထက်ကတည်းက ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ကြားခဲ့၊ သိခဲ့ရတဲ့ ကျောက်တလားကြီးရဲ့ ပါးစပ်ရာဇဝင်နောက်ခံသမိုင်းကတော့ အဲဒီအတိုင်းပဲ ဌာနမှူးလေး ...၊

ပိုပြီးယုံကြည်တာကတော့ ကျောက်တလားကြီးရဲ့ အောက်တည့်တည့်မှာရှိတဲ့ ရွှေနီချောင်းထဲကို ကျောက်ခေါင်းတလားကြီးပေါ်ကနေ ရွှေမှုန်ရွှေစတွေ တဖွဲဖွဲ ထွက်ကျနေလို့ ရွှေထွက်နေတာလို့လည်း ဆိုကြတယ်၊ တကယ်တမ်းမှာလည်း အဲဒီကျောက်တလားကြီးရဲ့ အောက်တည့်တည့် ချောင်းစပ်မှာ ရှာရင် ရွှေမှုန်ရွှေစတွေဟာ အဲဒီလူတွေရဲ့ လက်ထဲကနေပဲ ထူးဆန်းဆန်းနဲ့ ပျောက်ကွယ်သွားကြလေ့ရှိတယ်တဲ့လေ ... အင်း ဟင်၊ ... မယုံရင်တော့ ပုံပြင်လို့ပဲ မှတ်ယူလိုက်ပေတော့ ဌာနမှူးလေးရေ ...၊

ပိုပြီးထူးခြားတာကတော့ အဲဒီကျောက်တလားကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ လပြည့်လကွယ်ညတွေဆိုရင် တဝင်းဝင်းတလက်လက်နဲ့ အရောင်မျိုးစုံဖြာထွက်ပြီး တစ်ညလုံးလိုလို လင်းလက်နေတာကိုတော့ ကျုပ်တို့ အခုအချိန်ထိ မြင်တွေ့နေရတုန်းပဲ ဌာနမှူးလေးရဲ့၊ တစ်ခါတလေများဆိုရင် သီချင်းဆိုသံတွေလိုလို, ညည်းတွားဟစ်အော်သံတွေလိုလို အသံတွေဟာ အဲဒီကျောက်ခေါင်းတလားကြီးဆီကနေ ကြားကြားနေရသေးတယ်ကွဲ့ ...၊

နောက်ပြီး တချို့ ပြောသံကြားရတာကတော့ ရသေ့ကြီးတစ်ပါးနဲ့ မင်းသမီးလေးတစ်ပါးကိုလည်း တောင်ပေါ်တက်ပြီး ထင်းခွေ, သစ်ခုတ်ကြတဲ့သူတချို့ တစ်ခါ တစ်ခါ တွေ့ခဲ့ကြရတယ်လို့လည်း ပြောသံကြားဖူးတယ်၊ အို ... ကျောက်တလားကြီးနဲ့ပတ်သက်တဲ့ သတင်းတွေကတော့ စုံနေတာပဲ၊ တချို့ဆိုကျောက်တလားစောင့် ဘီလူးညီနောင်ကိုတောင် တွေ့ကြလို့ထွက်ပြေးခဲ့ကြရတယ်တဲ့လေ ...ဟင်း ဟင်း''

ဟုတ်သည် ...။

သူတို့အဖွဲ့ ကျောက်တလားတောင်ခုလတ်တွင် စခန်းချကာ မြေတစ်ကေကျော်ကျော်ကျယ်ဝန်းသည့် တူးဖော်ရေးစခန်းဝင်းကြီးကို စတင်ဆောက်လုပ်နေစဉ်ကတည်းကပင် ဤကျောက်တလားကြီးနှင့်ပတ်သက်သော သတင်းစကားအမျိုးမျိုးကို သစ်ခုတ်သမားများ၊ မုဆိုးကြီးများနှင့် အခြားရွာသားများထံမှ ကြားသိနေခဲ့သည်မဟုတ်ပါလား။

စင်စစ် ...ပဲခူးရိုးမတောင်တန်းကြီး၏ တောင်စွယ်တစ်ခုဖြစ်သော ကျောက်တလားတောင်တစ်ဝိုက်တွင် 'မြိုင်စိန်' တူးဖော်ရေးလုပ်ငန်းအဖြစ် လျာထားသည့်လုပ်ကွက်များသို့ မျက်



ဖြူအရာရှိ အင်ဂျင်နီယာချုပ် မစ္စတာစတီဗင်နှင့် အထူးလက်ထောက်ဌာနမှူးအဖြစ် မင်းမောင်တစ်ယောက် သူ၏မိုင်းအဖွဲ့ သော မြိုင်စိန်တူးဖော်ရေးအဖွဲ့နှင့်အတူ လိုက်ပါလာခဲ့ခြင်းသည်။

မြိုင်စိန်ဆိုသည်မှာ (သက်နုအနယ်ကျကျောက်တစ်မျိုး) ပြီး ရေခဲတုံးနှယ် အပေါ်ယံကြည်လင်၍ အောက်ခြေနောက်တ်သည့် သလင်းကျောက် (Quartz) တစ်မျိုးဖြစ်၍ အချပ်လိုက် လွှာလိုက် တွေ့ရှိရတတ်သည်။

'မြိုင်စိန်' ကို ကမ္ဘာကျော်မျက်မှန်ကုမ္ပဏီကြီးတစ်ခုက ဤကျောက်တလားတောင်တစ်ဝိုက်တွင် မျက်နှာဖြူအရာရှိ အင်ဂျင်နီယာချုပ် မစ္စတာစတီဗင်ကို ဦးဆောင်စေပြီး မြန်မာအလုပ်သမားများနှင့် တူးဖော်ယူရန် စီစဉ်ညှိနှိုင်းထားခြင်းလည်းဖြစ်ပါ

စင်စစ် မြိုင်စိန်ကို (PHOTOGRAY) နှင့် (SUN GRAY) သော အလှမျက်မှန်၊ ပါဝါမျက်မှန် (မှန်) များအဖြစ် ကျကျနနစ်တကျသွေးယူကာ အသုံးပြုကြခြင်းဖြစ်သည်။

လက်ထောက်ဌာနမှူးလေး မင်းမောင်မှာ သလင်းကျောက် (Quartz) ထွက်ရှိနိုင်သည့် မြေအနေအထား၊ မိုင်းခွဲနိုင်ည့်ဧရိယာ၊ နေရာဒေသ စသည်တို့ကို တွက်ချက်တိုင်းထွာရည်။

သူ၏လက်အောက်တွင် ...ဌာနစုမှူးနှစ်ယောက်နှင့် လုပ်သမားပေါင်း တစ်ရာကျော် ရှိပါ၏။

ထိုကဲ့သို့ မိုင်းခွဲသင့်သည့်နေရာများကို တိုင်းထွာ သတ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်၍ လုပ်ကွက်များခွဲဝေသတ်မှတ်ခြင်းတို့ကို ပြုလုပ်နေစဉ် ယခုကဲ့သို့ ထူးဆန်းထွေလာများနှင့်သတင်းကြီးနေသည့် ကျောက်တလားကြီး သို့မဟုတ် ဘုရင်ညီနောင်၏ မယ်တော်မိဖုရားခေါင်ကြီး၏ ဂူဗိမ္ဗာန်ရှိအစီအရင်များနှင့် စီရင်ထားသည့် 'ရွှေမှန်ခေါင်းတလားကြီး' နှင့် သူတို့မိုင်းလုပ်သားများ ထိပ်တိုက်တွေ့ဆုံခဲ့ကြရာမှ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းများနှင့် မယုံကြည်နိုင်ဖွယ်ရာ၊ ထိတ်လန့်ချောက်ချားဖွယ်ရာ၊ ထူးဆန်းအံ့သြဖွယ်ရာများကို ဌာနမှူးလေးမင်းမောင်တစ်ယောက် တရေးရေးဖြင့် ပြန်လည်မြင်ယောင်လာမိခဲ့ပါတော့သည်။

အခန်း (၇)

ကျောက်တလားကြီးနှင့် ထိပ်တိုက်တွေ့ဆုံခြင်း

'ဝုန်း ‥ ဂျိမ်း ‥ ဝုန်း ‥ ဖျော ဖရော'

နေ့လယ်ခင်းနေခြည်အောက်တွင် တဝုန်းဝုန်း၊ တဝေါ
ါနှင့် မိုင်းဖောက်ခွဲသံများ၊ ကျောက်တုံးကြီးငယ်များ ပြိုကျသံ
ကာ ပဲခူးရိုးမတောင်စွယ်နှင့် ကျောက်တလားတောင်ဝန်းကျင်
ဝိုက်တွင် ရက်ခြားဆိုသလို ဆူညံစွာကြားနေရသည်။ 'မြိုင်
ရှာဖွေတူးဖော်ရေးလုပ်ငန်းမှ ဌာနမှူးလေးမင်းမောင်က သူ၏
နမှူးများနှင့် မိုင်းခွဲလုပ်သားများအား ညွှန်ကြားရင်း ထိ
မှုများမရှိစေရန်လည်း စီစဉ်ညွှန်ကြားလျက်ရှိပါ၏။

ဌာနမှူးလေး မင်းမောင် ...

သို့မဟုတ် ...

မျက်နှာဖြူအရာရှိ အင်ဂျင်နီယာချုပ် မစ္စတာစတီဗင်၏
က်ထောက်ဌာနမှူး ဦးမင်းမောင်။

လက်ထောက်ဌာနမှူး ဦးမင်းမောင်ဟု ရာထူးတာဝန်

www.burmeseclassic.com

www.burmeseclassic.com



အရ ခေါ်ဝေါ်နေရသော်လည်း စင်စစ် အသက်အရွယ်မှာမူ သုံးဆယ်ပင် မပြည့်တတ်သေး။ နက်ရှိုင်းသီခေါင် လူသူမနီးသော တောတောင်ကြီးများနှင့် မြင့်မားကြမ်းတမ်းသော တောင်တန်းကြီးများ၏ရင်ခွင်တွင်သာ ပျော်မွေ့နေတတ်လေ့ရှိသော သူ၏ပင်ကိုဗီဇရိုက်ကြောင့် ဤလုပ်ငန်းခွင်နှင့် ဤသဘာဝ တောတောင်ရေမြေသည်သာ သူ့ဘဝ၏ နားခိုမှေးစက်ရာ ရင်ခွင်စစ်စစ်ပင်ဖြစ်ပါချေတော့သည်။

ယခုအချိန်ထိတိုင် အိမ်ထောင်မရှိ၊ လူပျိုလူလွတ်တစ်ယောက်ဖြစ်သဖြင့်လည်း တာဝန်ကျရာနယ်မြေဒေသများတွင် မညည်းမညူ ရွှေ့ပြောင်းလုပ်ကိုင်တတ်ခြင်း၊ လုပ်ငန်းခွင်တွင် စည်းကမ်းကြီးသလောက် ဖွဲ့နှဲ့ကြီးခြင်း၊ တာဝန်ယူတတ်ခြင်းများနှင့် မိမိအောက်လက်ငယ်သားများအပေါ်တွင် စာနာနားလည်တတ်ခြင်း . . . စသည့် အရည်အချင်းကောင်းများကြောင့် အထက်အရာရှိများနှင့် အလုပ်သမားဝန်ထမ်းများ၏ ချစ်ခင်လေးစားမှုကို ခံယူရလေ့ရှိထားသူတစ်ယောက်လည်း ဖြစ်ပါ[illegible]

သို့သော် မျိုးချစ်စိတ် အပြည့်အဝရှိခြင်း၊ မဟုတ်မခံ[illegible]စိတ်ရှိခြင်းနှင့် အလုပ်သမားများနှင့်ပတ်သက်လာလျှင် မှန်က[illegible]သည့်အတိုင်း လုပ်ဆောင်လေ့ရှိသဖြင့် သူ၏အထက်အရာရှိကြီးများဖြစ်ကြသော တိုင်းတစ်ပါးသား မျက်နှာဖြူအင်္ဂလိပ်အရာရှိကြီးများနှင့် မကြာခဏဆိုသလို ထိပ်တိုက်တွေ့ဆုံတတ်လေ့ရှိသည်။ ထို့ကြောင့်လည်း လုပ်ငန်းကုမ္ပဏီကြီးတွင် အုပ်ချုပ်ရေးအင်ဂျင်နီယာ ရာထူးကြီးကြီးရယူထားနိုင်ပါလျက်နှင့် မြို့ကြီးပြကြီးများတွင် နေထိုင်လုပ်ကိုင်ခွင့်မရဘဲ ယခုကဲ့သို့သော တော[illegible]



[illegible]တောင်လျှိုမြောင်များကြားတွင် လှည့်လည်၍ တာဝန်ထမ်းဆောင်နေရခြင်း ဖြစ်သည်မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ . . . မင်းမောင်ကိုယ်တိုင်ကလည်း [illegible]က်ခဲကြမ်းတမ်းသော တောတောင်လျှိုမြောင်ကြီးများထဲတွင်သာ ပျော်မွေ့တတ်သူတစ်ယောက်ဖြစ်သဖြင့် သူ၏ဘဝတူအလုပ်သမားများနှင့်သာ ကျရာနေရာတွင် ပျော်ရွှင်လွတ်လပ်စွာ[illegible]ာဝန်ထမ်းဆောင်လျက်ရှိနေပါ၏။ ယခုလည်း ပြောင်းချောနေ[illegible]သည့် မြင့်မားမတ်စောက်လှသော ကျောက်တလားတောင်[illegible]ခမ်းပါးယံတွင် ကျောက်စွန်းကြီးတစ်ခုသဖွယ် ဖြောင့်တန်းစွာ[illegible]ိုးထွက်နေသည့် ကျောက်စွယ်ကြီး (ကျောက်တလားကြီး) ၏[illegible]စ်ဖက်အောက်ခြေတောင်ခုလတ်တွင် မိုးဖောက်ခွဲရန် ပြင်ဆင်[illegible]နကြခြင်းဖြစ်ပါသည်။

နေ့လယ်ခင်းနေခြည်အောက်တွင် မြောက်ပြန်လေရူးက[illegible]ိမှုသည်မှ ဝေ့ဝဲတိုက်ခတ်နေပါ၏။ မိုင်းဖောက်ခွဲရေးသမား[illegible]အောင်ထူးက ကျောက်နံရံကြီးမှ ပေလေးငါးဆယ်မျှစွန်းထွက်[illegible]နေသည့် ကျောက်တလားကြီးကို ငေးမျှော်ကြည့်နေရင်းမှ ကျော[illegible]တစ်လျှောက် စိမ့်ခနဲဖြစ်သွားကာ ကြက်သီးတဖြန်းဖြန်း ထ[illegible]သွားပါလေ၏။

"ဆရာ ဆရာ . . . ဒီ . . ဒီ ကျောက်တလားကြီးကို [illegible]ကြည့်နေရင်း ကျွန်တော် ကြက်သီးမွေးညင်းတွေတောင် တဖြန်း[illegible]ဖြန်းထသွားပါတယ်၊ နောက်ပြီး ဟို . . . ဟို . . . ကျောက်[illegible]ကြီးပေါ်မှာလည်း လူရိပ်လိုလို၊ဘာလိုလို ဖျတ်ခနဲ တွေ့လိုက်ရ[illegible]လို့ပဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မင်းကလည်း ပေါက်တတ်ကရတွေ ပြေ
ရှော့မယ်၊ ဒီလောက်ပြောင်ချောနေတဲ့ ကျောက်နံရံကြီးက
စွန်းထွက်နေတဲ့ ကျောက်စွယ်ကြီးပေါ်မှာ အန္တရာယ် ကြီးကြ
သနဲ့ ... ဘယ်သူက အလကားနေရင်း တက်နေမှာလဲကွ"

ထိုစဉ် သူတို့အနီးတွင် မိုင်းကြိုးများကိုစစ်ဆေးနေသည့် ဆင်ပေါက်ဆိုသူကပါ စကားဝိုင်းထဲသို့ တိုးတိုးတိတ်တိတ် ဝ ရောက်လာပြန်ပါ၏။

"အောင်ထူးပြောတာ ဟုတ်မယ်ထင်တယ်ဆရာ၊ စောက ကျွန်တော် အဲဒီကျောက်တလားကြီးရဲ့ တစ်ဖက်အောက် ခြေမှာ မိုင်းကြိုးတွေဆင်နေတော့လည်း အဲ ... အဲဒီ ကျောက် ကျောက်တလားကြီးပေါ်ကနေ စကားပြောသံလိုလို ကြားလိုက် တယ် ဆရာ"

နောက်ထပ်မိုင်းသမားတစ်ဦးဖြစ်သော ဆင်ပေါက် စကားကို ထပ်မံ၍ကြားလိုက်ရတော့ မင်းမောင် အတန်ကြာ တွေဝေနေမိသည်။ တစ်ချိန်တည်းမှာပင် လေဟာနယ်ထဲတွ အထောက်အကူမရှိဘဲ တည့်မတ်စွာတည်ရှိနေသည့် ကျော စွန်း (ကျောက်တလားကြီး)ကို ဉာဏမှူးလေးမင်းမောင် စူးစူး ကြည့်ကာ ဝေခွဲမရဖြစ်နေပြန်ပါ၏။ မြင့်မားမတ်စောက်၍ မွတ်ဖြူဖွေးနေသည့် ကျောက်နံရံကြီးတစ်ခုနှင့် ပေလေးငါးဆယ် ခန့်ရှိသော အစွန်းထွက်နေသည့် ကျောက်တလားကြီး ကျောက်စွယ်တန်းကြီးတစ်ခုတို့က ခပ်ပါးပါးစီးမှောနေသည့် မ မိုးမြူငွေ့များကြားတွင် တစ္ဆေကောင်ကြီးများ ငိုက်မျဉ်းနေပြ သကဲ့သို့ ...။



မင်းမောင်တို့ မြိုင်စိန်တူးဖော်ရှာဖွေရေးစခန်းကြီးတစ်ခု တို ကျောက်တလားတောင်ကြီး၏ တောင်ခုလတ်တစ်နေရာတွင် စတင်၍ဆောက်လုပ်ကြစဉ်ကတည်းက ဤကျောက်တလားကြီး နှင့်ပတ်သက်သော ကောလာဟလသတင်းများ၊ ပုံပြင်သဖွယ်၊ ဒဏ္ဍာရီသဖွယ် လူပြောသူပြောများနေသည့် ဖြစ်ရပ်ဆန်းများ က မင်းမောင်နားနှင့်ပင် မဆံ့ပါလေတော့။

ဖြစ်လည်း ဖြစ်နိုင်သည်။ ဖြစ်လည်း မဖြစ်နိုင်ပါ။

သို့သော် ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ သူ၏တာဝန်ဝတ္တရားများအရ သလင်းကျောက် (Quartz) ထွက်ရှိနိုင်သော ပံသုပထဝီမြေသားအရ ဤနေရာတွင် မိုင်းခွဲ၍တူးဖော်ရမည်မဟုတ်ပါလား။

"ဖြစ်နိုင်မယ်ဆိုရင်တော့ ဟောဒီ 'ကျောက်တလားကြီး' တစ်ဝိုက်မှာ မိုင်းတွေမဖောက်ခွဲချင်ဘူး။ ဒီနေရာမှာ ဘယ်လိုပြောရမလဲမသိဘူး .. သေချာတာကတော့ ဟောဒီ 'ကျောက်ခေါင်းတလားကြီး' တစ်ဝိုက်ဟာ နတ်ကြီးတယ်၊ အစောင့်အရှောက်ကြီးတယ်၊ နောက်ပြီး အမှားအယွင်း အတိမ်းအစောင်းလည်း မခံဘူး ဉာဏမှူးလေး"

လုပ်ငန်းခွင်နှင့် နယ်မြေရှာဖွေရေးအတွက် ယာယီငှားရမ်းထားသော မုဆိုးကြီးဦးခွန်ယော်က ဉာဏမှူးလေးမင်းမောင် အနီးသို့ လျှောက်လာရင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ရှေးလူကြီးသူမတွေရဲ့ ပြောစကားအရဆိုရင် ဘုရင်မြို့နောင်မှာ အစ်ကိုတော်ဖြစ်တဲ့ ဘိဘိသေနရဲ့ မိဖုရားခေါင်ကြီးရဲ့ ခေါင်းတလားကြီးထဲမှာ အင်မတန်အဖိုးအနဂ္ဃထိုက်တန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွှေငွေရတနာပစ္စည်းတွေ ပါရှိထားတယ်ဆိုတာ စွဲမှတ်ယုံကြည်
ထားကြတယ်လေ၊ နောက်ပြီး ဒီရတနာပစ္စည်းတွေကို သစ္စာ
ကျိန်စာဆိုထားခဲ့တာရယ်, ကျောက်တလားတောင်ပိုင်ကြီ
ကိုယ်တိုင် စောင့်ရှောက်နေတယ်ဆိုတာရယ်ကို ယုံကြည်နေကြ
လို့ပဲ ဥာနမှူးလေး ...၊

အင်း ...ရှင်းရှင်းပြောရရင် ကျောက်တလားကြီး
ပတ်သက်ဆက်နွယ်ခဲ့တဲ့သူတွေတိုင်း, စော်ကားဖို့ ကြံစည်စိ
ကူးခဲ့တဲ့သူတွေတိုင်း ဘယ်လိုဖြစ်ကြတယ် မသိဘူး ...တ
နည်းမဟုတ်တစ်နည်း နည်းအမျိုးမျိုးနဲ့ အန္တရာယ်တွေ့ကြ
တတ်တယ်လို့လည်း ယုံကြည်ထားကြတယ်၊ ကုန်ကုန်ပြောရရ
ကျုပ်တို့လို မုဆိုးရင့်မကြီးတွေတောင် ကျောက်တလားကြီးဘ
မှာ အမဲမရှာကြ, မပစ်ကြဘူး၊ သူနဲ့လွတ်ကင်းတဲ့ နယ်မြေ
တောတောင်ထဲမှာပဲ အမဲပစ်လေ့ရှိကြတယ် ဥာနမှူးလေးရေ

မုဆိုးကြီးဦးခွန်ယော်က ကျောက်တလားကြီးနှင့် ပ
သက်ဆက်နွယ်နေသည့် သတင်းအချက်အလက်အချို့နှင့် ဒေ
လူကြီးသူမများ၏ ထုံးတမ်းစဉ်လာများကို ဥာနမှူးလေးမင်းမော
နှင့် မိုင်းလုပ်သမားအချို့ကို ရှင်းလင်းပြောဆိုပြနေပါ၏။ ထို
ကျောက်တလားကြီးအောက်ဘက်ခြမ်းတွင် မိုင်းကြိုးများထ
ဆင်နေသည့် အလုပ်သမားတစ်ဦးထံမှ မူးရူးဝါးဝါးအော်ဟစ်သံ
ကြီးတစ်ခု ထွက်ပေါ်လာပါသည်။

"အား ...မြွေ ..မြွေ ..ငါ့ကို ကောင်ရှည်ကိုက်
သွားပြီဟေ့"

ရုတ်တရက် လက်ခွကြားတွင်ကိုက်ခဲထားသည့် မြ



တန်းလန်းနှင့်မိုင်းလုပ်သားမှာ တောင်စောင်းအတိုင်း ထိတ်လန့်
ချောက်ချားစွာအော်ဟစ်ရင်း လိမ့်ဆင်းကျလာခဲ့သည်။

'ဝေါ ဖရော ..ဝေါ ဖျော'

"အ ..အား"

"ဟာ ...စိုးပိုင် စိုးပိုင် ...ကျ ..ကျ ..ကျလာပြီ"

"ဟာ ...လုပ် ..လုပ်ကြပါဦးဟ"

မိုင်းလုပ်သားများမှာ စိုးပိုင်အား ပြေး၍ပွေ့ထူကြသည်။
ချက်ချင်းပင် ရှေးဦးသူနာပြုစုနည်းဖြင့် မြွေဆိပ်မပြန့်စေရန်
ပိုင်းဝန်းပြုစုကြသည်။ သို့သော် မြွေကိုက်ခံရသည့်ဒဏ်ရာနှင့်
တောင်ပေါ်မှလိမ့်ကျခဲ့သောဒဏ်ရာများကြောင့် စိုးပိုင်မှာမူ သတိ
လစ်မေ့မြောနေပါလေ၏။

"ဟော ...မြွေ ..မြွေ ..ဟိုမြွေ ဘယ်ရောက်သွား
ပြီလဲ ...ရှာ ..ရှာကြစမ်းဟေ့"

"ဟုတ်တယ်ဟေ့ ...စိုးပိုင်တစ်ကိုယ်လုံး ညိုမည်း
နေတာပဲ၊ တော်တော်အဆိပ်ပြင်းပုံရတယ်၊ အဲဒီကောင်ရှည်ကို
တွေ့မှဖြစ်မယ် ...သေသေချာချာ ရှာကြစမ်း"

သို့သော် စိုးပိုင် တောင်ပေါ်မှလိမ့်ဆင်းကျလာခဲ့စဉ်က
လက်တွင်ကိုက်ခဲလျက် တန်းလန်းကြီးပါလာခဲ့သော မြွေကြီးမှာ
ပုန်းခိုစရာမရှိသော ကျောက်သားပြင်ထက်ဝယ် မည်သို့မျှ ရှာဖွေ
မတွေ့ပါလေတော့။ ချုံနွယ်များရှင်းလင်းပြောင်ချောနေသည့်
ကျောက်သားပြင်ညီထက်တွင် ထိုကောင်ရှည်(မြွေ) သည် ထူး
ဆန်းစွာပင် ပျောက်ဆုံးသွားခဲ့ပါချေပြီကော။

"မဟုတ်သေးပါဘူး ...မြွေရဲ့သွားဒဏ်နဲ့သာဆိုရင်

www.burmeseclassic.com



ဒီကျောက်သားပြင်ပေါ်ကြီးကနေ ဘယ်ကိုမှ ရောက်သေးမှာ မဟုတ်ဘူး''

မင်းမောင်ကိုယ်တိုင် မယုံကြည်နိုင်ဖွယ်ဖြစ်ရပ်ကြောင့် မကျေမနပ်ဖြင့် မြွေကြီးကို သဲသဲမဲမဲရှာဖွေနေမိသည်။

''ဟုတ်တယ်ဆရာ ...ကျင်းပေါက်လည်း မရှိ၊ ချုံနွယ်ပိတ်ပေါင်းတွေလည်း မရှိဘဲနဲ့ ကျွန်တော်တို့မျက်စိအောက်မှာတင် စိုးပိုင်ရဲ့လက်ကို တန်းလန်းကြီး ခဲပြီးပါလာခဲ့တဲ့မြွေကြီးဟာ ဘယ်ကဘယ်လိုပျောက်သွားတယ်ဆိုတာ တွေးလို့ကိုမရနိုင်တော့ဘူး ဆရာလေးရေ ...ဟူး''

ထိုအချိန်တွင် ဝါးခုတ်သမားတချို့နှင့် အသက်ခြောက်ဆယ်ကျော်ခန့်လူကြီးတစ်ဦးတို့ သူတို့လူစုရှိရာသို့ ရောက်ရှိလာကြသည်။ ခရီးရောက်မဆိုက်ပင် အသားညိုညို လွယ်အိတ်ကြီးတစ်လုံးလွယ်ထားသည့် ထိုလူကြီးက မြွေကိုက်ခံထားရသည့် စိုးပိုင်၏လက်မှဒဏ်ရာကို စမ်းသပ်ကြည့်လိုက်သည်။ ထို့နောက် ကျောက်တလားကြီးရှိရာသို့ မျှော်ကြည့်လိုက်ရင်း မျက်စိကိုမှိတ်ကာ တတွတ်တွတ်နှင့် အတန်ကြာမျှရွတ်ဆိုနေပါလေ၏။

''အဲ ...အဲဒါ တောင်ခြေက ကျောက်ချောရွာမှာနေတဲ့ ဗိန္ဒောဆရာကြီးဦးကျောက်အိုးဆိုတာပဲ ဌာနမှူးလေးအင်း ...သူ အချိန်မီရောက်လာတာ ကံကောင်းတယ်''

မုဆိုးကြီးဦးခွန်ယော်က မင်းမောင်အနီးသို့ တိုးကပ်ကာ ပြောလိုက်သည့်တိုင် အခြေအနေဆိုးဝါးနေရှာသည့် သူ၏လူနာကိုမူ ဤဗိန္ဒောဆရာကြီး မည်သို့မျှ ကယ်တင်နိုင်မည်မထင်တော့ပါ။ ထို့ကြောင့် စခန်းသို့သယ်ဆောင်ကုသရန် မင်းမောင်စိတ်ကူးနေစဉ်မှာပင် ...

''ခွန်ယော်ရေ ...နင့်လူနာကို ရွာကိုခေါ်သွားချင်တယ်၊ ငါတို့မှာ ဝါးခုတ်တဲ့နွားလှည်းတွေလည်း ပါတယ်၊ နောက်ပြီး နင်တို့ထဲမှာ အကြီးအကဲဘယ်သူလဲ ...ငါ သူနဲ့တွေ့ချင်တယ်''

အသံအောရှရှနှင့်ပြတ်သားစွာထွက်လာသည့် စကားသံကြောင့် ဌာနမှူးလေးမင်းမောင်ပင် အံ့အားသင့်သွားပါလေ၏။ မြွေဆိပ်များနှင့် သေငယ်မျောနေသူအား ရွာသို့ပင်ခေါ်ယူ၍ဆေးကုသပေးမည်ဟုပြောနေသဖြင့် မယုံကြည်နိုင်အောင်ပင်ဖြစ်သွားပါ၏။

''ကျွန်တော်ပါ ဦးကြီး ...မင်းမောင်လို့ခေါ်ပါ တယ်၊ ယောဒီ မြို့ငစိန်တူးဖော်ရှာဖွေရေးလုပ်ငန်းမှာ ဒုတိယအကြီးအကဲ ဌာနမှူးတစ်ယောက်ပါ''

''အေး ...အရေးကြီးတယ် ...ဟောဒီနေရာကနေ အမြန်ဆုံးထွက်သွားကြပါ၊ နောက်ပြီး ဟောဒီလူနာဟာ နတ်မြွေလို့ခေါ်တဲ့ မြွေဟောက်ပြာအကိုက်ခံလိုက်ရတာ၊ နင်တို့ရဲ့ဆေးနဲ့ တိုးမှာမဟုတ်ဘူး၊ အဲဒါကြောင့် ကျောက်တလားတောင်ခြေက ကျောက်ချောရွာကို ငါခေါ်သွားပြီး ကုမှရမယ်၊ အဲဒါ အမြန်ဆုံးစီစဉ်ကြ''

ထူးဆန်းသော ဗိန္ဒောဆရာကြီး၏ ခပ်ပြတ်ပြတ်စကားကြောင့် မင်းမောင် ဆုံးဖြတ်ချက်ချကာ သူ၏မြွေကိုက်လူနာအား လှည်းပေါ်သို့တင်ဆောင်၍ ထိုနေရာမှ အမြန်ဆုံးထွက်ခွာစေခဲ့သည်။

တိုက်ဆိုင်မှုဟူ၍ ဆိုရလေမည်လား မပြောတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လူစု ကျောက်တလားကြီး၏အောက်ခြေမှ ထွက်လာခဲ့ချိန်မှာပင် တဝေါဝေါတဝုန်းဝုန်းနှင့် ပြုတ်ကျလွင့်စဉ်လာကြသည့် ကျောက်တုံးကြီးငယ်များက ကျောက်တလားကြီးထက်မှ လိမ့်ဆင်းဝဲပျံကျလာကြသည်ကို သွေးပျက်ချောက်ချားဖွယ် တွေ့မြင်လိုက်ကြရပါတော့သည်။

'ဝေါ ဝေါ ..ဝုန်း ..ဖျော ဖရော ..ဝေါ ..ဝုန်း'

''ဟာ ... ကျောက်တလားကြီးပေါ်ကနေ ကျောက်တုံးကြီးတွေ လိမ့်ဆင်းကျလာကြပါလား။ ဘုရား ဘုရား ... တော်ပါသေးရဲ့ ... ငါတို့ထွက်လာကြတာ မြန်ပေလို့သာပေါ့ ... နို့မို့သာဆိုရင်''

မင်းမောင်မှာ မမျှော်လင့်ဘဲ ဆက်တိုက်ဆိုသလို ကြုံတွေ့လာခဲ့ရသည့် မြင်ကွင်းဆန်း။ ဖြစ်ရပ်ဆန်းများကြောင့် မည်သို့မျှ တွေးတောမရနိုင်ပါလေတော့။ ကံကောင်းသည်မှာ ဗိန္ဒောဆရာကြီးက အမြန်ဆုံးထွက်ခွာခဲ့စေသဖြင့်သာ မည်သူမျှ အန္တရာယ်မရှိခဲ့ကြခြင်း ဖြစ်ပါ၏။ ယခုလည်း ထိုဗိန္ဒောဆရာကြီးကပင် မြွေကိုက်ခံရကာ အဆိပ်တက်နေသည့်စိုးပိုင်အား တောင်ခြေရွာရှိ သူ၏နေအိမ်သို့ ခေါ်ဆောင်သွားလျက်ရှိပါချေပြီ။

ဌာနမှူးမင်းမောင်မှာ စခန်းရှိ မစ္စတာစတီဗင်ထံသို့ တပည့်ဖြစ်သူတစ်ယောက်အား စေလွှတ်ကာ အကြောင်းစုံပြောပြစေပြီး သူကိုယ်တိုင်ကမူ မြွေကိုက်လူနာအား သယ်ဆောင်၍ ဗိန္ဒောဆရာကြီးဦးကျောက်အိုးနှင့်အတူ တောင်ခြေရွာကလေးသို့ လိုက်ပါခဲ့ပါတော့သည်။

❀ ❀ ❀



အခန်း (၈)

ထူးဆန်းထွေလာ မြွေဆိပ်ချပညာ

ဗိန္ဒောဆရာကြီး ဦးကျောက်အိုးနေထိုင်ရာအိမ်သို့ ရောက်တော့ စိုးပိုင်မှာ ဇက်ကျိုးကာပျော့ခွေလျက်ရှိပါပြီ။ တစ်ကိုယ်လုံးလည်း မြွေဆိပ်များကြောင့် ညိုမည်းလျက်ရှိပါချေ၏။

မင်းမောင်တို့လူစုကမူ စိုးပိုင်၏အခြေအနေကိုကြည့်ကာ သိမသာ ခေါင်းယမ်းလိုက်ကြသည်။

ဟုတ်သည် ...။ မြွေဆိပ်များနှင့် မည်းညစ်နေပြီဖြစ်သည့် စိုးပိုင်မှာ မျှော်လင့်ချက်မရှိသလောက် အခြေအနေဆိုးနှင့် ဆိုင်နေရပြီမဟုတ်ပါလား။

သည်ကြားထဲ စိုးပိုင်းအား အိမ်တွင်းသို့မသယ်ဆောင်မီ မေအို၏ထဘီတစ်ထည်ကို ယူစေပြီးမှ စိုးပိုင်၏ဦးခေါင်းကို ချကာ ခြေထောက်မှ ပြန်၍ချွတ်စေသည်။ ထိုကဲ့သို့ သုံးကြိမ်ခါမျှ လုပ်ကိုင်ပြီးမှ စိုးပိုင်အား အိမ်ပေါ်သို့ပွေ့ချီတင်ကာ ကြားစင်နှင့်မနီးမဝေးတွင် ချထားလိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဌာနမှူးမင်းမောင်မှာ ဗိန္ဒောဆရာကြီးအား လွန်စွာ အား
နာလွန်းသဖြင့်လည်းကောင်း၊ မြွေကိုက်လူနာမှာ အသက်ရှင်ရန်
လမ်းစ မမြင်နိုင်တော့၍လည်းကောင်း မည်သို့မျှမှတ်ချက်မပြုဘဲ
န်သေးမှသာ အခြေအနေကိုအကဲခတ်ရင်း စောင့်ကြည့်နေပါ
သည်။

ဗိန္ဒောဆရာကြီးမှာ ခရီးရောက်မဆိုက်ပင် ဘုရားစင်ရှေ့
တွင်ထိုင်လျက် အနန္တောအနန္တငါးပါးအား ကန်တော့သည်။ ပြီး
လျှင် အုန်းသီးစိမ်းသုံးလေးလုံးခူးယူစေကာ မြွေကိုက်လူနာအား
အုန်းစိမ်းရည်တိုက်စေသည်။ ထန်းလျက်ခဲကိုပါ ဝင်သလောက်
စားသောက်စေပါ၏။

ထို့နောက် ပန်းကန်တစ်လုံးတွင် နနွင်းမှုန့်နှင့်ထုံးများ
ကို ရောချေဖျော်ကာ ဆောင့်ကြောင့်ထိုင်လျက် ပါးစပ်မှတတွတ်
တွတ်နှင့် မန်းမှုတ်နေပြန်ပါ၏။ ပြီးလျှင် ထိုထုံးနနွင်းများကို
စိုးပိုင်၏လက်မောင်းရင်းတွင် စည်းသုံးတန်တားသကဲ့သို့ အရစ်
သုံးရစ် တားလိုက်သည်။ လက်ဖျားဘက်ဆီသို့လည်း လက်နှစ်
ဖက်ဖြင့် သပ်ချနေပါသည်။

စင်စစ် ထိုကဲ့သို့ အဘိုးပြုလုပ်နေခြင်းမှာ မြွေဆိပ်များ
အထက်ဘက်သို့ ပျံ့နှံ့၍မတက်စေရန်ဖြစ်သည်။ စောစောပိုင်းက
အုန်းစိမ်းရည်နှင့်ထန်းလျက်ခဲ သို့မဟုတ် အုန်းသီးစိတ်နှင့် ထန်း
လျက်ခဲကျွေးသည်ဆိုခြင်းမှာလည်း မြွေဆိပ်များ သွေးအတွင်းနှင့်
နှလုံးသို့ မပျံ့နှံ့သွားစေရန်အတွက် ဖြစ်သည်။

ထိုအချိန်တွင် အမှောင်ရိပ်တို့ ယှက်သန်းလာကြပြီဖြစ်
သဖြင့် ဆရာကြီး၏အိမ်ဦးခန်းတွင် မီးလင်းဖိုကြီးအား ချက်ချင်း



စေလိုက်ပြီး ဘုရားစင်တွင်လည်း ဖယောင်းတိုင်မီးများ ထွန်း
ညှိပူဇော်စေကာ မှန်မီးအိမ်ကြီးနှစ်လုံးကိုလည်း ထွန်းညှိလိုက်ပါ
၏။

ထိုအချိန်တွင် ဖက်ကျိုးကာကျနေပြီဖြစ်သည့် စိုးပိုင်မှာ
ခေါင်းများပင် ပြန်ထောင်စပြုလာသည်မို့ ဌာနမှူးလေး မင်း
မောင်ကိုယ်တိုင်ပင် တအံ့တသြဖြစ်သွားရသည်။

"ဘုရား ဘုရား ... ဒီဆရာရဲ့ ပညာစွမ်းကလည်း
သားပါလား ... ကျိုးကျနေတဲ့ဖက်ကိုတောင် ပြန်ပြီး ခေါင်း
ထောင်စေလာနိုင်တာပဲ"

မင်းမောင် စိတ်ထဲမှဘုရားတနေစဉ်မှာပင် ဆရာကြီး၏
သို့ မှုထိုးကြီးဦးခွန်ရော်ကိုယ်တိုင် ပွက်ပွက်ဆူနေသည့် ရေနွေး
ကြီးကို နောက်ဖေးမှယူလာကာ ချပေးလိုက်သည်။

ဤတွင် ဆရာကြီးက သူ၏လွယ်အိတ်ညိုကြီးထဲမှ ဝါး
စ်ကလေးများကို ထုတ်ယူလိုက်ပြီး ရေနွေးထဲသို့ထည့်ကာ
ပ်ထားလိုက်သည်။ (လက်မသာသာခန့် ဝါးပင်မှ ဝါးကိုင်းလေး
ကို လက်မခန့် ဝါးဆစ်ကလေးများဖြတ်ယူကာ အပေါ်အခွံ
ခွာ၍ ဖြတ်ထားသည့် ဝါးဆစ်ကလေးများဖြစ်သည်။)

မင်းမောင် တအံ့တသြကြည့်နေသည့်တိုင် ဆရာကြီးက
လုပ်ငန်းကို သမားရိုးကျလုပ်ကိုင်နေသကဲ့သို့ ဖယ်ဆက်သလို
်ကိုင်နေပါလေ၏။ ထိုရေနွေးပူတချို့ကို ဇလုံတစ်လုံးထဲသို့
ည့်ကာ ပုလင်းတစ်လုံးကိုပါ ချွမ်းခနဲ ရိုက်ခွဲ၍ထည့်လိုက်သည်။
ထိုပုလင်းကွဲများထဲမှ ပုလင်းကွဲအကြီးတစ်ခုကိုယူကာ
တိုက်ခံထားရသည့် စိုးပိုင်၏လက်ဝဲဘက်လက်ကို အသာ

www.burmeseclassic.com

www.burmeseclassic.com



အယာစမ်း၍ ဆွဲယူလိုက်ပါ၏။ မြွေသည် စိုးပိုင်၏ဝဲဘက်လက်ဖျံကို ကိုက်ခဲသွားခြင်းဖြစ်သည်။

ဆရာကြီးက ဓားသေးသေးတစ်ချောင်းကိုပါ ထုတ်ယူလိုက်ပြီး မြွေကိုက်ခံထားရသည့်နေရာတစ်ဝိုက်တွင် ထိုဓားသေးသေးဖြင့်ကပ်ကာ လူနာအားမေးမြန်းနေပါ၏။

"ဒီမှာ မောင်ဟဝ့ါ ... ဟောဒီဓားသေးသေးလေးနဲ့ ကပ်လိုက်လို့ အဲဒီနေရာမှာ ပူရင်ပူတယ်လို့ပြော၊ အေးရင်လည်း အေးတယ်လို့ပြောနော်၊ ကဲ ... ကပ်လိုက်ပြီ ... ပူသလား"

"မပူဘူး ဆရာကြီး"

"ကဲကွယ် ... ဒီနေရာမှာရော"

ဆရာကြီးက မြွေကိုက်ဒဏ်ရာနှင့် အနီးဆုံးနေရာ တစ်ဝိုက်တွင် သံဓားသေးသေးနှင့် လိုက်လံကပ်ရင်း ပူသလား အေးသလားဟု လူနာအားမေးမြန်းနေခြင်းဖြစ်သည်။

သံဓားဖြင့် အသားကိုထိကပ်လိုက်လျှင် သာမန်အချိန်တွင် အေး၍နေသော်လည်း မြွေကိုက်ခံထားရသည့်နေရာတစ်ဝိုက်သို့ ကပ်လိုက်လျှင် မြွေဆိပ်များရှိနေပါက ပူ၍နေပေသည်။

"အား ... ပူ ... ပူတယ် ဆရာကြီး၊ အဲဒီနေရာက မီးစနဲ့ထိုးထားသလိုပူ ... ပူတယ် ... အင်း"

ရုတ်တရက် စိုးပိုင်က ညည်းညူဟစ်အော်ရင်းပြောကြားလိုက်သည့်နေရာသို့ စောစောကခွဲထားသည့် ပုလင်းကွဲနှင့်တစ်လက်မခန့် ခွဲချလိုက်သည်။ ပြီးလျှင် ဇာဂနာဖြင့် ရေနွေးအိုးမှ ပြုတ်ထားသော တစ်ဖက်ပိတ် တစ်ဖက်ပွင့်ဝါးဆစ်ကလေးများဖြင့် (တစ်ဖက်ပွင့်ဘက်မှ) ကပ်၍ပေးလိုက်သည်။



အံ့ဩဖွယ်ရာပင် ထိုဝါးဆစ်ကလေးများက မျှော့များ တွယ်သကဲ့သို့ အသားတွင် တွယ်ကပ်၍နေကြသည်။

မှတ်ချက်။ ။ (ဝါးဆစ်ကလေးများသည် ရေနွေးငွေ့အပူရှိန်ကြောင့် အသားတွင်တွယ်ကပ်နေပြီး အတွင်းမှသွေးများကို စုပ်ထုတ်ယူသည်။ ထိုသွေးများနှင့်အတူ မြွေဆိပ်များ ပါလာကြပါ၏။ ထို့အပြင် မြွေကိုက်သူ၏အသားကို ပုလင်းကွဲနှင့် ခွဲခြင်းမှာ ပိုးမွှားရောဂါကင်းရှင်းပြီး သံဆိပ်မတက်ရန်လည်း ဖြစ်သည်။)

ထိုကဲ့သို့ ဓားသေးသေးနှင့်ကပ်၍ ပူသောနေရာတချို့တွင် ပုလင်းကွဲနှင့်ခွဲကာ ဝါးဆစ်ကလေးများကိုကပ်လိုက်နှင့် အချိန်အတန်ကြာမျှ ပြုလုပ်နေ၏။ မြွေဆိပ်များကိုထုတ်ယူသော ဝါးဆစ်ကလေးများမှာ စိုးပိုင်၏လက်ဖျံတစ်လျှောက်တွင် မျှော့တွယ်ကပ်ထားသကဲ့သို့ အစီအရီတွယ်ကပ်လျက် ရှိကြပါတော့သည်။

မင်းမောင်တို့လူစုသည် တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော ကုသနည်းဖြစ်သဖြင့် စကားပင်မပြောနိုင်ကြဘဲ ဆေးဆရာကြီးဦးကျောက်အိုးကိုယ်တိုင် စိတ်ရှည်ရှည်နှင့် လုပ်ကိုင်နေသမျှကို တအံ့တဩနှင့်သာ ငေးစိုက်ကြည့်နေကြပါ၏။ မင်းမောင်နှင့်အတူ လိုက်ပါလာသော မုဆိုးဦးခွန်ရော်က လိုက်ပါသမျှတို့ကို ကူညီလုပ်ကိုင်ပေးရင်း လူနာ၏အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။

www.burmeseclassic.com



ဤသို့ဖြင့် ညဆယ်နာရီခန့်သို့ ရောက်ရှိလာခဲ့ပါ
စိုးပိုင်၏လက်ဖျံတွင် တွယ်ကပ်နေကြသော တစ်ဖက်ပိတ်ဝါးဆ
ကလေးများမှာ အပူရှိန်ကုန်သွားသောအခါ အလိုအလျောက်
ကွာကျသွားကြသည်။

နံ့ဘေးမှကြည့်နေကြသည့် ဥာနမှူးမင်းမောင်တို့မှာ ဝါ
ဆစ်ကလေးများထဲမှ ထွက်ကျလာသောအရာများကို ကြည့်က
ဟာခနဲပင် ဖြစ်သွားကြပါလေ၏။

''ဟာ''

''အိုး ...သွေးတွေက မည်းပုပ်နေပါလား''

ဟုတ်သည် ...။ ပြုတ်ကွာကျလာသော ဝါးဆစ်က
လေးများထဲမှ ထွက်ကျလာကြသောသွေးများမှာ ညိုမှော
မည်းနက်နေကြသည်ကို အံ့ဩစွာမြင်တွေ့လိုက်ရပါသည်။

''အဲ့ဒါ မြွေဆိပ်တွေနဲ့ လူသွေး ရောနှောနေကြတာကွဲ
အဲ့ဒါ လူတစ်ယောက်ရဲ့ သာမန်မူလသွေးနီရောင်အတိုင်း မထွ
မချင်း ဝါးဆစ်ကလေးတွေနဲ့ မြန်မြန်ပြီးကပ်ပေးရတယ်၊ စိ
သာချ ...မင်းတို့ရဲ့လူနာ ရိုက်သတ်လို့တောင် မသေတော့
သူ့ကို ဦးကြီးပိုင်သွားပြီကွဲ့၊ အေး ... ဒီ တစ်ညလုံးနီးပါးဆေ
ဆေးတိုက်ပြီး ဂရုတစိုက် စောင့်ကြည့်ရဦးမယ်''

''ကျေး ...ကျေးဇူးသိပ်ပြီးတင်ပါတယ် ဦးကြီး။ ကျ
တော် မှန်တဲ့အတိုင်းဝန်ခံရမယ်ဆိုရင် ကျွန်တော့်ရဲ့လူနာ
သေလူအဖြစ် သတ်မှတ်ထားပြီးသားပါ၊ ဒါပေမဲ့ ဦးကြီးရဲ့ မ
ကြည့်နိုင်စရာ ပညာစွမ်းကြောင့် ကျွန်တော်တို့ရဲ့လူနာဟာ ပြန်
ရှင်သန်ခွင့်ရခဲ့တာပါခင်ဗျာ၊ ဒီလို မြွေဆိပ်ကုသနည်းကို ထ



လည်း မတွေ့ဖူး၊ မကြုံဖူးတော့ အစက ဟုတ်မှဟုတ်ပါ့
သားလို့တောင် သံသယတွေဝင်မိတာကို တောင်းပန်ပါတယ်
ကြီးရယ်''

ဥာနမှူးလေးမင်းမောင်မှာ သူ၏စိတ်ထဲတွင် ဖြစ်ပေါ်
ခမိသည့်အတိုင်း ပွင့်ပွင့်လင်းလင်းဖွင့်ဟဝန်ခံ၍ ဗိန္ဒောဆရာ
ကြီးအား တောင်းပန်စကားပြောကြားလိုက်ပါ၏။

ထိုစဉ်မှာပင် အငွေ့တထောင်းထောင်းနှင့် ကောက်ညှင်း
ပေါင်းဖလုံကြီးကို ကိုင်ကာ ရေနွေးကြမ်းလင်ပန်းများနှင့် နောက်
ဖေးဖိုဆောင်ဘက်မှ မိန်းမပျိုလေးနှစ်ယောက် ထွက်လာကြ
သည်။ ပူပူနွေးနွေးကောက်ညှင်းပေါင်းနံ့သင်းသင်းကြောင့် မင်း
မောင်တို့လူစုမှာ ဆာလောင်နေပြီဖြစ်ကြောင်း သတိရလိုက်မိကြ
၏။

''ကိုင်း ...ဥာနမှူးလေးတို့ တစ်ညနေလုံး ဘာမှ
စားကြရသေးတာမဟုတ်တော့ ဗိုက်ဆာနေကြမှာပဲ၊ ကောက်
ညှင်းပေါင်းပူပူလေး စားလိုက်ကြပါဦး''

''ဟို ...ဟို ...အားနာစရာတွေတော့ ဖြစ်ကုန်ပြီ
ပေါ့တယ်၊ မြွေကိုက်လူနာကိုလည်း ဆေးကုသပေးသေးတယ်၊
ကောက်ညှင်းပေါင်းစားစရာတွေနဲ့လည်း ကျွေးမွေးသေးတယ်
ဆိုတော့ အဟင်း ...ဘယ်လိုပြောရမှန်းတောင် မသိတော့ပါ
ဘူးခင်ဗျာ''

''ရတယ် ...ငါက ဗိဇ္ဇာဒါနအသက်တစ်ချောင်းကို
ကယ်တင်ခွင့်ရခဲ့တာကိုပဲ ကျေနပ်ပီတိဖြစ်နေရတာပါ၊ ငါ့ရဲ့
အကြောင်းကို နင်တို့မသိကြသေးလို့ အံ့ဩအားနာနေကြတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ဟင်း ဟင်း . . . ငါက မြွေကိုက်ခံရတဲ့လူနာတွေကို ကိုယ်တတ်
ပညာနဲ့ ကုသပေးရင်း ဝင့်ကြွေးတွေ ပေးဆပ်နေရတာပါကွယ်

ဆရာကြီးက စကားလည်းပြောရင်း ဝါးဆစ်ကလေးမျ
ကိုလည်း ဓာဂနာနှင့်ညှပ်ယူ၍ ပုလင်းကွဲနှင့်ခွဲထားသည့် လ
ဖျံပေါ်မှ ဒဏ်ရာများပေါ်သို့ လက်ဖြင့်စမ်းကာ ကပ်နေသဖြ
မင်းမောင်မှာ သက်မကောင်းဖြစ်လာပြီး ဗိန္ဒောဆရာကြီး၏မျက်
အား အနီးကပ်၍ မသိမသာကြည့်လိုက်မိသည်တွင် . . .

''ဟာ''

''ဟုတ်ပါတယ် ဌာနမှူးလေး . . . ဆရာကြီးဦးကျော
အိုးက မျက်စိမမြင်ဘူးလေ၊ အဲဒါကြောင့် တချို့ကိစ္စလေးတွေ
ကျုပ်က ကူညီပြီးလုပ်ကိုင်ပေးရင်ပေး၊ မဟုတ်ရင် သူ့ရဲ့မြေ
လေး စောနန္ဒာက လုပ်ကိုင်ပေးလေ့ရှိတယ်၊ အခု စောနန္ဒာ
တခြားရွာဘက်မှာ မြွေကိုက်လူနာ သွားပြီးကုနေလို့ အိမ်မှာ
မနေတာပါ''

ဦးခွန်ရော်၏ပြောစကားကြောင့် ဗိန္ဒောဆရာကြီးအ
မင်းမောင် အံ့သြလေးစားစွာ ကြည့်လိုက်ပါ၏။ အမြင်အာ
ချို့ယွင်းလျက်ရှိသည့်တိုင် သူ၏ ထူးခြားရှားပါးလှသော မြွေ
ရုပညာရပ်နှင့် ကျွမ်းကျင်စွာကယ်တင်ကုသပေးနေသည့် ဆ
ကြီးအား ထပ်မံ၍ ကျေးဇူးတင်စကားများပြောကြားရင်း မ
မောင် တောင်းပန်စကားပြောလိုက်သည်။

''တကယ့်ကို ကျွန်တော်မသိခဲ့တာပါ ဦးကြီးရယ် . .
ကျွန်တော့်ရဲ့ အလုပ်သမားတစ်ဦးရဲ့အသက်ကို ကယ်တင်ပေ
တာရော, အစစအရာရာ ကျွန်တော်တို့ ပြောမှားဆိုမှားရှိခဲ့



ညီး တောင်းပန်ပါတယ်ခင်ဗျာ၊ တတ်ကျွမ်းတဲ့ပညာရပ်နဲ့
ာ်မမြင်တစ်ယောက်ဖြစ်နေတာကိုတော့ နားမလည်နိုင်ဖြစ်နေမိ
ာယ်''

မီးရောင်အောက်တွင် တွေ့မြင်နေရသည့် ဆရာကြီး၏
ာ်မှာထက်မှ ဖရာ၏အရေးအကြောင်းများနှင့် အလင်းရောင်
ျာက်ဆုံးနေသည့် မျက်လုံးအစုံက ဆရာကြီး ဖြတ်သန်းလာ
ာသည့် ကန္တာရဘဝခရီးကြမ်းကြီးကို ညွှန်ပြနေလေသည်သို့။

''ဟင်း ဟင်း . . . ဒီလိုပဲပေါ့ကွယ် . . . ငါတို့ရဲ့ ဗုဒ္ဓ
ျားရှင်တောင်မှ ဝင့်ကြွေးရှိရင် ပေးဆပ်ရသေးတာပဲ၊ ငါတို့လို
ာမန်လူသားတစ်ယောက်အနေနဲ့ဆိုရင် ပိုပြီးတော့ ဆိုးတာပေါ့
ား ကိုင်း . . . ခွန်ရော်ရေ ဝါးဆစ်ကထွက်လာတဲ့ သွေး
ခြေအနေတွေကိုလည်း ကြည့်ပါဦး''

ဆရာကြီးက စကားစကိုဖြတ်ကာ မြွေကိုက်လူနာ၏
ခြေအနေကို ဦးခွန်ရော်အား မေးမြန်းကြည့်နေပါ၏။

''နဂိုမူလသွေးနီရောင်ကိုတော့ လိုက်လာပြီ ဆရာကြီး၊
ာရဲ့ကိုယ်ပေါ်က အညှိအမည်းတွေလည်း လျော့ကျသွားပြီ၊
သားအရေလည်း မှန်လာပါပြီ''

''ကိုင်း . . . ဘယ်လိုလဲ မောင်အတာ . . . သက်သာရဲ့
ား . . . ဘယ်လိုနေသေးလဲကွဲ့''

ဆရာကြီးက စိုးပိုင်၏လက်ဖျံပေါ်မှ ပြုတ်ကျလာသည့်
ဆစ်ကလေးများကို ရေနွေးဇလုံထဲသို့ပြန်ထည့်နေရာမှ လူနာ
ား မေးမြန်းလိုက်သည်။

''ဟုတ် . . . ဟုတ်ကဲ့ . . . သက်သာ ပါပြီ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ ဟို ...ဟို ...ကိုယ်လက်တွေနာပြီး ခေါင်းနည်းနည်... အုံ့ခဲနေတာပဲ ကျန်ပါတော့တယ်''

''အိမ်း ...အဲဒါတွေကတော့ တောင်စောင်းပေါ်က... လိမ့်ကျလာခဲ့တဲ့ ဒဏ်တွေပါကွယ်၊ ခေါင်းမူးနေသေးတာ... လည်း လိမ့်ဆင်းကျလာတဲ့ အရှိန်ကြောင့်ပါ၊ တော်ပါသေး... ...ခေါင်းတွေ,ဘာတွေ ပေါက်ပြဲမသွားလို့၊ ကိုင်း ...ဆေး... ရအောင်''

ထို့နောက်မှာတော့ လူနာ၏လက်ဖျံမှ ပုလင်းကွဲနှင့်... ထားသည့်ဒဏ်ရာများကို စောစောကဖျော်စပ်ထားသည့် ဆ... နနွင်းတို့ဖြင့် လိမ်း၍ပေးပြန်သည်။

ယခုအချိန်တွင် မြွေကိုက်ခံထားရသည့်စိုးပိုင်မှာ ... ထောင်ထောင်ဖြစ်လျက်ရှိနေသည့်အပြင် အုန်းသီးစိတ်နှင့်ထ... လျက်တို့ကိုပင် တကျွတ်ကျွတ်နှင့် စားသောက်နေပါချေပြီကော...

''ဘယ်လိုလဲ စိုးပိုင် ...သေရွာပြန်ကြီး ...စား... သောက်လို့ ကောင်းရဲ့လားကွ''

''အင်း ...မင်း သိပ်ကောင်းတယ်၊ ဟောဒီဆ... ကြီး အချိန်မီရောက်လာလို့သာပေါ့၊ နို့မို့ဆိုရင် ငါတို့ မင်း... ပစ်လိုက်ရပြီ စိုးပိုင်''

ဌာနမှူးမင်းမောင်၊ အောင်ထူးနှင့် ဆင်ပေါက်တို့... သေတွင်းမှ လက်မတင်ကလေး လွတ်မြောက်လာပြီဖြစ်သ... စိုးပိုင်ကို ဝမ်းသာအားရဖြင့်မေးမြန်းပြောဆိုနေကြသည်။

''ဒါနဲ့ ဒီလို မြွေဆိပ်ဖြေတဲ့နည်းကို ဘယ်လိုပညာ... လို့ ခေါ်ဆိုပါသလဲ''



''အင်း ...ပြောရရင်တော့ တိမ်မြုပ်ပျောက်ကွယ်စ ...ပြုနေပြီဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာ မြွေဆိပ်ကုသနည်း ...ပညာရပ်ထဲက 'မြွေဆိပ်ချတဲ့ တွင်ခုတ်ကုသနည်း' ပညာရပ် ...တစ်ခုပဲပေါ့ကွယ်၊ ဝါးဆစ်ကလေးတွေနဲ့ မြွေကိုက်တဲ့ဒဏ်ရာ ...တစ်ဝိုက်မှာ ပုလင်းကွဲနဲ့ခွဲပြီးကပ်တဲ့ မြွေဆိပ်ချအဆိပ်ဖြေတဲ့ ...ပညာရပ်ပါပဲ ...၊

အချိန်မီရင်မီသလို မြွေကိုက်လူနာရဲ့အသက်ကို ကယ် ...ဆင်နိုင်ပါတယ်၊ အင်း ...သိပ်အချိန်နောက်ကျသွားခဲ့မယ်, ...ကြိုတင်ပြီး ရှေးဦးသူနာပြုကိစ္စတွေ လုပ်မထားနိုင်ဘူးဆို ...ရင်တော့ လူ့အသက်တစ်ချောင်းဟာ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရ ...တာပေါ့ကွယ်''

ဆရာကြီးမှာ ထိုကဲ့သို့ရှင်းလင်းပြောဆိုနေရာမှ ဦးခွန် ...ချော်အား ဘုရားစင်ထက်မှ ရေမန်းပုလင်းကိုယူစေပြီး ခွက်တစ် ...တွင်ထည့်ကာ တဗွတ်ဗွတ်နှင့် ရွတ်ဖတ်နေပြန်ပါ၏။

တစ်ညလုံး ဆရာကြီး၏ မြွေဆိပ်ကုသသည့်ပညာရပ်ကို ...ဝင်တစားဖြင့် မေးမြန်းစူးစမ်းနေကြသောကြောင့် အချိန်ကုန် ...၍ ကုန်သွားမှန်းပင် မသိကြ၊ အရှေ့ဆီမှ အရုဏ်ဦးရောင် ...သန်းလာသည်ကိုပင် သတိမမူနိုင်မိကြပါ။

''ဒါနဲ့ နေပါဦး ဆရာကြီးရယ် ...စိုးပိုင်ကို အိမ်တဲ ...သွင်းခင် ဟို ...ဟို ...ဟို ...ထ ...ထဘီတစ်ထည်နဲ့ ...လိုက်,ချွတ်လိုက်လုပ်တာကရော ခင်ဗျာ''

ဆင်ပေါက်က သူ့အောင့်အည်းထားသည့် မေးခွန်းတစ် ...တို့ မေးဖြစ်အောင်မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်မှ ဆရာကြီး၏မျက်နှာထက်တွင် ရှားရှား ပါးပါးအပြုံးတစ်ချက် လင်းလက်သွားပါ၏။

"အင်း . . . ဒါကတော့ ကျေးလက်တောရွာ တော်တော် များများရဲ့ အရိုးစွဲနေတဲ့ မလေ့တစ်ခုပါ၊ တောရွာတွေမှာ မြွေ ကိုက်တာကို ကောင်ရှည်ကိုက်တယ်, ပိုးထိတယ်လို့ ဆိုကြတယ် မြွေကိုက်တာကို မြွေကိုက်တယ်လို့ပြောဆိုမိခဲ့ရင် အပမှီတာတို့ မကောင်းဆိုးဝါးကပ်တာတို့ ဖြစ်တတ်လေတော့ ကြိုတင်ပြီး နာ နိမ်လိုက်တာပေါ့ . . .၊

အဲဒီလို ပိုးထိခံထားရတဲ့ လူတစ်ဦးကို အိမ်ထဲကိုမသွင် ခင် သက်ကြီးရွယ်အို ဒါမှမဟုတ် အမေ ဒါမှမဟုတ် ဒေါ်လေး ဒေါ်ကြီးတစ်ယောက်ယောက်ရဲ့ ထဘီကို ခေါင်းကနေစွပ်ပြီး ခြေ ထောက်ကနေ ပြန်ချွတ်ရတယ်၊ အဲဒီလို သုံးကြိမ်သုံးခါ ပြုလုပ် ပေးပြီးမှ အိမ်ထဲကိုသွင်းကြရတယ်၊ ဒီလိုပြုလုပ်ပေးမှ မြွေကိုက် ရတဲ့လူနာကို ပရလောကသားတွေ, မကောင်းဆိုးဝါးတွေ မနှောင့်ယှက်နိုင်ကြဘူးလို့ ကျေးလက်တောရွာကလူတွေက ယုံကြည်ကြတယ်ကွဲ့"

ဗဟုသုတဖြစ်ဖွယ် ပြောဆိုရှင်းပြနေသည့် ဆရာကြီး၏ စကားများကို မင်းမောင်တို့လူစုမှာ စိတ်ဝင်တစားနှင့် နားထော နေကြပါ၏။

အောင်ထူးက ရေနွေးကြမ်းပူပူတစ်ခွက်ကို ဆရာကြီး၏ လက်ထဲသို့ တရိုတသေနှင့်ပေးလိုက်သဖြင့် စကားကို ခေတ္တဖြတ် ကာ ရေနွေးကြမ်းပူပူကို မှုတ်၍သောက်နေပါ၏။

အတန်ကြာမှ . . .



"နောက်ပြီး ငါတို့ရဲ့ ထေရဝါဒဗုဒ္ဓဘာသာမှာ အင် တန်ထင်ရှားကျော်ကြားတဲ့ ကျမ်းမြတ်တစ်ဆူရှိတယ်ကွဲ့၊ အဲဒါ ကတော့ မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသိန်တို့ရဲ့ အမေးအဖြေဖြစ် တဲ့ မိလိန္ဒပဉှာကကောက်နုတ်ချက်တစ်ခုကို လူကလေးတို့ကို ဗဟုသုတအဖြစ် ပြောပြမယ်"

မှတ်ချက်။ ။ မိလိန္ဒပဉှာသည် ဗုဒ္ဓဝါဒ အမေးအဖြေနှင့် ရှင်းတမ်းဖြစ်ပြီး သမိုင်းကြောင်း၏ခေတ်အဆက်ဆက်တွင် ထင်ရှားကျော်ကြားလှသိများသော ကျမ်းမြတ်တစ်ဆူဖြစ် ကြောင်း တင်ပြအပ်ပါသည်။) (စာရေးသူ)

"မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို အခုလို မေးလျှောက် တယ် . . . အရှင်ဘုရား ဆေးသောက်ခြင်း, ဆေးလိမ်းခြင်းတို့ ကြောင့် အနာရောဂါတို့သည် လျော့ကျပျောက်ကင်းသွားပါ၏။ ပရိတ်ရွတ်ဖတ်ခြင်း (ဂါထာမန္တန်ရွတ်ခြင်း) တို့သည် အဘယ် အကျိုးရှိပါသနည်းလို့ မေးမြန်းလျှောက်ထားလိုက်တဲ့အခါမှာ ရှင် နာဂသိန်က အခုလို ပြန်ပြီးဖြေကြားလိုက်တယ် . . .၊

အို မင်းကြီး . . . ပရိတ်ရွတ်ဖတ်ခြင်းသည် (ဂါထာ မန္တန်ရွတ်ဖတ်ခြင်း) ရှိသော်လည်း အလုံးစုံသော ရောဂါတို့သည် ငြိမ်းကုန်၏။ အလုံးစုံသောဘေးရန်တို့သည် ဖယ်ရှောင်ကုန်၏။ အို မင်းကြီး . . . မြွေကိုက်ခံရသူအား မန္တန်ကိုမန်းမှုတ်သဖြင့် အဆိပ်များလျော့ကျသွားသည်ကို မြင်ဖူးပါသလော"လို့ ဖြေကြား ပြီး မိလိန္ဒမင်းကြီးကို ပြန်လှန်မေးခွန်းထုတ်လိုက်တဲ့အခါမှာတော့

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက ...

အရှင်ဘုရား မြင်တွေ့ဖူးပါ၏။ လောက၌ ယခုအချိန်အထိပင် ထိုအဆိပ်ချခြင်းတို့သည် အမှန်တကယ်ပင်ရှိပါသေး၏ ရယ်လို့ ပြန်ပြီးဖြေကြားခဲ့တယ်လို့ 'မိလိန္ဒပဉှာ' မှာ အတိအလင်း ဖော်ပြထားခဲ့တာကလား။ အင်း ...အမှန်ကတော့ ဘယ်အမှုကိစ္စတွေမဆို သစ္စာကတိတည်ခြင်း, ကတိသစ္စာတစ်ခုကို အသက်နဲ့လဲပြီး ထိန်းသိမ်းခြင်းဆိုတာ ကောင်းမြတ်တဲ့ကျင့်စဉ်တစ်ခုပါကွယ်၊ လူကလေးတို့ ကြားဖူးကြမှာပေါ့ ...'ကတိသစ္စာတည်သောခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြွက်သစ်ပင် ဆေးဖက်ဝင်၏' လို့ ဆိုထားတဲ့ ကဗျာလင်္ကာလေးတောင် ရှိသေးတယ်မဟုတ်လား ...၊

အေး ...တစ်ခုတော့ရှိတယ်၊ ကတိသစ္စာမတည်လို့ကတော့ ဘယ်လောက်ပဲ ဆေးစွမ်းစွမ်း, ဂါထာမန္တန်တွေ ထက်ထက် ...ဆေးမတိုးဘူးလို့ အဆိုရှိတယ်၊ ငါကတော့ ဗုဒ္ဓဘုရားရှင်ရဲ့ ခန္တီသုတ်ကို အမြဲမပြတ်ထုံမွမ်းပြီး မြွေကိုက်လူနာကို ကုသခဲ့တာ နှစ်ပေါင်းသုံးဆယ်ကျော်ခဲ့ပါပြီကွယ်''

ဤသို့ဖြင့် တစ်ညလုံးလိုလို မြွေကိုက်လူနာအား ဆေးကုသပေးလိုက်၊ ဌာနမှူးမင်းမောင်တို့လူစု မေးမြန်းစပ်စုသမျှတို့ကို စိတ်ရှည်ရှည်နှင့်ဖြေကြားလိုက်နှင့် သူတို့လူစုမှာ မိုးစင်စင်လင်းခဲ့ကြပါတော့သည်။

❁ ❁ ❁



## အခန်း (၉)

### ကျောက်တလားတောင်မှ မာယာတောကစားခြင်း

အရုဏ်အလွန် နံနက်ခင်းတစ်ခုက ကျောက်တလားတောင်ခြေရှိ ကျောက်ချောရွာကြီးအတွင်းသို့ မြူနှင်းများကြားမှ ထိုးဖောက်ကာ မဝံ့မရဲနှင့် ယှက်ဖြာကျဆင်းလျက်ရှိသည်။ ဗိန္ဓောဆရာကြီးဦးကျောက်အိုး၏ ကုသမှုဖြင့် မြွေကိုက်ဒဏ်ရာမှ ပျောက်ကင်းသက်သာလာပြီဖြစ်သည့် စိုးပိုင်အား နောက်ဆုံးရေမန်းတစ်ခွက်ကို တိုက်ကျွေးနေစဉ် ခြံဝင်းထဲသို့ မိုင်းလုပ်သားသုံးဦးတို့ အရေးတကြီးဝင်ရောက်လာကြသည်။

''ဆရာ ...ဆရာမင်းမောင် ...စိုးပိုင်တစ်ယောက် သေသွားပြီဆို''

မိုင်းလုပ်သားသုံးဦးမှာ မေးလည်းမေး၊ အိမ်ပေါ်သို့လည်း တက်လာကြသဖြင့် အိမ်ဦးခန်းတွင်ထိုင်နေကြသည့် ဌာနမှူးမင်းမောင်နှင့် ထူထူထောင်ထောင်ဖြစ်နေသည့် စိုးပိုင်ကိုကြည့်ကာ မျက်လုံးအပြူးသားနှင့် အံ့ဩသင့်သွားကြပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . မင်း . . . မင်း . . . စိုး . . . စိုးပိုင် မ . . . မသေဘူးပေါ့နော်"

"ဟား . . . ငါမသေလို့ မင်းတို့နဲ့ တွေ့ရတာပေါ့ကွ၊ ဟင်း ဟင်း . . . ဟောဒီက ငါ့ရဲ့အသက်သခင် ကျေးဇူးရှင် ဆရာကြီး ကုသပေးလို့ပျောက်ကင်းသွားပြီလေ"

ကာယကံရှင် စိုးပိုင်ကိုယ်တိုင် ရယ်ရယ်မောမောနှင့် ပြောဆိုနေသဖြင့် မိုင်းအလုပ်သမားများမှာ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

သည်မှာပင် အရိပ်အခြည်နှင့် စကားအသွားအလာကို စောင့်၍နားထောင်နေသည့် ဆရာကြီးက ဝင်ရောက်လာသည့် မြိုင်စိန်တူးဖော်ရေးစခန်းမှ အလုပ်သမားများအား မေးမြန်းစူးစမ်းလိုက်ပါ၏။

"နေကြပါဦးကွဲ့ . . . မြွေကိုက်လူနာသေဆုံးသွားပြီလို့ ဘယ်သူက လာပြီးပြောတာလဲကွဲ့"

"အင်း . . . အရဏ်မတက်ခင်လောက်က ထင်တယ်၊ ဟုတ်တယ် . . . မိုးမိုးမှောင်မှောင်ပဲရှိသေးတယ် . . . ကျုပ်တို့စခန်း အပေါက်ဝရှေ့ကနေ အော်ပြီးပြောသွားကြတာ၊ အဲဒါနဲ့ စတီဗင် က ရွာထဲကိုလိုက်သွားကြဦးဆိုပြီး လွှတ်လိုက်လို့ ကျုပ်တို့ လာခဲ့ကြတာပါ"

"ဟင်း ဟင်း ဟင်း . . . အဲဒါ မင်းတို့ကို တောချောက်တာကွဲ့၊ ဒီအပြင်ရော မင်းတို့စခန်းမှာ ဘာထူးခြားသေးလဲ"

တော၏မာယာ တော၏အကြောင်း၊ အထူးသဖြင့် ကျောက်တလားတောင်နှင့်ပတ်သက်၍ မည်မျှဖဟုသုတ များ



ပြောင်ခဲ့လေသည် မသိ . . . မည်သည့်အကြောင်းချင်းရာဖြစ်စေ ဒက်ခနဲ ဒက်ခနဲ ပြောဆိုလိုက်နိုင်ခြင်းက ဗိန္ဒောဆရာကြီး၏ ထူးခြားသောအရည်အချင်းတစ်ခုပင်လေလော။

ဆရာကြီး၏စကားကြောင့် မိုင်းအလုပ်သမားများ မျက်စိ မျက်နှာပျက်သွား ကြပါ၏။ တစ်ချိန်တည်းမှာပင် သူတို့၏ဌာနမှူး မင်းမောင်၏မျက်နှာကိုလည်း လှမ်း၍ကြည့်လိုက်သည်။

"ပြောလိုက်ကြလေကွာ . . . စခန်းမှာ ညက ဘာတွေ ထူးထူးခြားခြားဖြစ်ကြသေးလဲ၊ ဘယ်သူတွေထိခိုက်မှုရှိကြသေး သလဲကွ . . . ဟင် အောင်မောင်း"

"အို . . . ထူးခြားတာတွေကတော့ ပြောမပြတတ် အောင်ပဲ ဆရာရေ ဘယ်သူမှတော့ ထိခိုက်ဒဏ်ရာတွေ မရ ကြပါဘူး . . . ဒါ . . . ဒါပေမဲ့ ပြန် . . . ပြန်ပြီးပြောပြရမှာတောင် ခပ်လန့်လန့်ပဲ ဆရာ"

"ကိုင်း . . . ပြောစရာရှိတာတွေကို ရဲရဲတင်းတင်းသာ ပြောကြကွဲ့၊ ငါ့ရဲ့ခြံနယ်မြေနိမိတ်အထဲကို ဘယ်လိုအမှောင့် ပယောဂတွေမှ ဝင်ပြီးမနှောင့်ယှက်နိုင်ကြဘူး၊ မင်းတို့ သူငယ် ချင်းလည်း သေဘေးကလွတ်ခဲ့ပြီပဲဟာ"

နောက်ထပ်ရောက်ရှိလာကြသော အလုပ်သမားသုံးဦး မှာ ရေနွေးကြမ်းဝိုင်းတွင် ဝင်၍ထိုင်ကြရင်း အောင်မောင်းဆိုသူ က ရေငတ်လာသည်ထင့် . . . ရေနွေးကြမ်းနှစ်ခွက်ကို ဆင့်၍ သောက်လိုက်သည်။ ပြီးမှ . . .

"ဆရာက သတင်းပို့နိုင်းလို့ ဟို မျက်နှာဖြူစတီဗင်ကို အလုပ်သမားတစ်ဦး မြွေကိုက်ခံရလို့ ကျောက်တလားတောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com



က ရွာထဲကို သွားပြီးဆေးကုသနေတဲ့အကြောင်း သတင်းပို့ပြီးတာနဲ့ ကျွန်တော်လည်း ညနေစာအတွက် ချက်ပြုတ်နေတော့တယ်၊ အဲဒီနောက် ပင်ပန်းတာနဲ့ ခဏတစ်ဖြုတ်လှဲနေရင်း ဘယ်လိုလုပ်ပြီး အိပ်ပျော်သွားသလဲမသိဘူး ... တဝုန်းဝုန်း တဝေါဝေါနဲ့ ဆူဆူညံညံအသံတွေကြောင့် လန့်ပြီးနိုးလာတော့တယ်၊ စခန်းကြီးတစ်ခုလုံးလည်း မှောင်မည်းနေတာကို တွေ့လိုက်ရတယ် ...၊

ကျွန်တော်လည်း ကြောက်ကြောက်လန့်လန့်နဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ကြီးကြပ်ရေးမှူးဦးညိမ်းမောင်တို့လူစု ရောက်လာကြတယ် ...၊

''အောင်မောင်းရေ အောင်မောင်း ... စခန်းအပြင်မှာ တဝုန်းဝုန်းနဲ့ အသံတွေမကြားဘူးလား၊ စခန်းရှေ့ကရော အနောက်ဘက်မှာရော အော်ဟစ်ဆူညံနေကြတာ ကျွက်ကျွက် ကိုညံနေတာပဲ ... ဘာဖြစ်တာလဲ မသိဘူး''

''ဟုတ်တယ် ... ကျွန်တော်လည်း အဲဒီအော်သံဟစ်သံတွေကြောင့် လန့်နိုးလာခဲ့တာဗျ ဟို ... ဟို ... မစ္စတာစတီဗင်ရော ဘယ်မှာလဲ''

ထိုစဉ်မှာပင် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းနှင့် အလုပ်သမားခေါင်း ဦးစောဖိုးဝါး အပြေးအလွှားနှင့် ရောက်ရှိလာခဲ့ပြန်သည်။

''ဆရာညိမ်း၊ ဆရာညိမ်း ... လုပ် .. လုပ်ပါဦး ... ဟို ... ဟိုမှာ မစ္စတာစတီဗင် သေနတ်ကြီးတကားကားနဲ့ ပစ်မယ်ခတ်မယ်လုပ်နေတယ်၊ ဟို အရက်လည်း တော်တော်မူးနေ



ပုံရတယ်ဗျ''

''ဟာ ... ဒီ မျက်နှာဖြူကောင်ကြီးက တစ်မှောင့်ကွာ၊ ကိုင်း ... လာ လာ ... တော်ကြာ ဟိုရွာက ဆရာမင်းမောင်တို့ ကြားသွားရင် အလကားစိတ်ပူနေကြဦးမယ်၊ ဒြော် ... အောင်မောင်း ... မင်းတို့ လူစုနှစ်ဖွဲ့ခွဲပြီး ရှေ့နောက်လုံခြုံရေး ကင်းစင်တွေပေါ်တက်ပြီး နေရာယူထားကြ၊ သေနတ်တော့ လုံးဝ မသုံးမိပါစေနဲ့ သိပ်ဆူဆူညံညံဖြစ်လာရင် လေးခွနဲ့သာပစ်ကြ၊ ငါ ဟို စတီဗင်ကို သွားပြီးထိန်းထားလိုက်မယ်''

ဆရာဦးညိမ်းမောင်နှင့် စောဖိုးဝါးတို့ ထွက်ခွာသွားကြသည်နှင့် ထုံးစံအတိုင်း စခန်းပတ်ဝန်းကျင်တွင် လူအုပ်ကြီးများ ဝိုင်းရံလာကြသကဲ့သို့ အုတ်အုတ်ကျွက်ကျွက်နှင့် အသံများကို ဆူညံစွာကြားလာရပြန်ပါ၏။

'ဟေး .. ဟီး ဟီး .. ဟေး ဟေး .. ဟိုး .. ဟီးဟီး'

စခန်းအရှေ့နှင့်အနောက်ဘက်ရှိ လုံခြုံရေးကင်းစင်နှစ်ခုထက်တွင် လူခွဲ၍ရောက်ရှိကြသည့် အောင်မောင်းတို့လူစုသည် မည်းမည်းမြင်ရာဘက်သို့ လေးခွများနှင့် တရစပ်ပစ်ခတ်ကြပါတော့သည်။

'ခွမ်း .. ဒိုး ဒိုး .. ခွမ်း .. ဖွမ်း .. ဒိုး ဒိုး'

မြင်တွေ့နေရသည့်မြင်ကွင်းက အမှန်ပင် အံ့သြဖွယ်ရာ ပင်။ လေမတိုက်ပါဘဲနှင့် စခန်းပတ်ဝန်းကျင်ရှိ သစ်ပင်ဝါးပင်ကြီးများမှာ တဝေါဝေါနှင့် ယိမ်းထိုးလှုပ်ယမ်းနေကြသည်၊ နောက် တဝေါဝေါ တဝုန်းဝုန်းနှင့်ပြေးဝင်လာကြသည့် လူအုပ်ကြီး၏ အော်သံဟစ်သံများကို ကြားလိုက်ရသည့်တိုင် စခန်းအနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့် တိခနဲရပ်သွားကာ ငြိမ်သက်တိတ်ဆိတ်သွားပြန်ပါ၏။

မကြာမီ တဝေါဝေါအော်ဟစ်သံကြီးများနှင့်အတူ သစ်ပင်ဝါးပင်များ တဝုန်းဝုန်းနှင့် ယိမ်းထိုးလှုပ်ယမ်းလာခဲ့ပြန်ပါသည်။

'ဝေါ ဝေါ ဝေါ . . ဝုန်း ဝုန်း ဝုန်း . . ဖရော ဖျော'

'ဝှီး ဝှီး . . ခွမ်း ခွမ်း . . ဖွမ်း . . ဒေါင် . . ဝှီး'

ထုံးစံအတိုင်း လုံခြုံရေးကင်းစင်များထက်မှ အောင်မောင်းတို့လူစုကလည်း လေးခွလက်စွမ်းဖြင့် တရကြမ်းတိုက်စစ်ဆင်ကြသောအခါ အော်ဟစ်ဆူညံသံများ၊ သစ်ပင်ဝါးပင်လှုပ်ယမ်းမှုများက ပြန်လည်၍ ငြိမ်သက်သွားကြပြန်ပါလေ၏။

ဤသို့ဖြင့် တဝေါဝေါနှင့် ဆူညံစွာဟစ်အော်ပြေးလွှားလာလိုက်၊ အောင်မောင်းတို့လူစုက လေးခွများနှင့်ပစ်ခတ်လိုက်ကြ၊ ပြန်လည်၍ငြိမ်သက်သွားလိုက်ကြနှင့် တစ်ညလုံး အမည်မသိ၊ အကောင်အထည်မသိ မည်းမည်းအရိပ်သဏ္ဍာန်များနှင့် လုံးချာလည်ချာနှင့် သံသရာလည်ရင်း မိုးစင်စင်လင်းခဲ့ရပါလေတော့သည်။

အောင်မောင်းတို့လူစုပြောသမျှအား ဆရာကြီးက ကွမ်းတမြုံ့မြုံ့ဝါးရင်း စိတ်ဝင်တစားဖြင့် နားထောင်နေပါ၏။ အောင်မောင်း၏စကားဆုံးသွားမှပင် အနီးရှိထွေးခံသို့ ကွမ်းတံထွေးအချို့ကို ပစ်ခနဲထွေးထုတ်လိုက်ရင်း . . .

''အင်း . . . အဲဒါ မင်းတို့တစ်တွေ တောခြောက်ခံကြရတာကွဲ့၊ ညနေစောင်းမှာ မြွေကိုက်ခံလိုက်တဲ့သူဟာ မင်းတို့ရဲ့ စခန်းမှာ ရှိတယ်ထင်ပြီး မမြင်နိုင်တဲ့ပရလောကသားတွေ လာ



ပြီးခြောက်လှန့်ကြတာပဲ၊ မင်းတို့တစ်တွေက စိတ်တိုတိုနဲ့ လေးခွနဲ့ လက်စွမ်းပြလိုက်တော့ သူတို့လက်လျှော့သွားကြတာ၊ နောက်တော့မှ လူနာဟာ ကျောက်ချောရွာကြီးထဲမှာ ဆေးကုသနေရာက သက်သာသွားပြီဆိုတာသိသွားကြလို့ မင်းတို့ဆီကို မာယာနဲ့လှည့်ဖြားပြီး မြွေကိုက်လူနာသေသွားပြီလို့ လာပြောသွားကြတာ နေမှာကွဲ့''

ဆရာကြီးက စခန်းမှရောက်လာကြသည့် အောင်မောင်းနှင့်အလုပ်သမားများအား သေချာစွာ ရှင်းပြပြောဆိုလိုက်ပါ၏။

''မြွေကိုက်ခံရတဲ့စိုးပိုင်ကို ဆရာကြီးကိုယ်တိုင် ဆေးကုသပေးနေတာ မဟုတ်လား၊ အဲဒါ ဘာဖြစ်လို့ ကျွန်တော်တို့စခန်းကို လာပြီးခြောက်လှန့်ရတာလဲ''

''အင်း . . . မင်းတို့တစ်တွေက ခေတ်လူငယ်တွေဆိုတော့လည်း၊ တောအကြောင်း၊ တောင်အကြောင်းတွေ နားမလည်နိုင်ကြဘဲကိုးကွဲ့၊ တောရဲ့မာယာ၊ တောရဲ့ပရိယာယ်တွေကို မသိနားမလည်ကြဘဲ တောတောင်ထဲကို ကွင်းဆင်းလာကြတော့အခုလို ဒုက္ခမျိုးစုံတွေ့ကြတာပေါ့ . . .၊

မှတ်ထားကြကွဲ့ . . . တောလမိုင်၊ တောင်လမိုင်၊ ဆိုတာ ရွာထဲ၊အိမ်ထဲတွေကိုဝင်လို့မရဘူး။ ရွာကိုစောင့်တဲ့ ရွာစောင့်နတ်တွေက မကောင်းဆိုးဝါး၊မိစ္ဆာတွေကို ရွာထဲကို ဝင်ခွင့်မပြုကြဘူးလေ၊ အဲဒီလိုပဲ အိမ်စောင့်နတ်တွေ၊ မြို့စောင့်နတ်တွေကလည်း ဝင်ခွင့်မပေးကြဘူး။ အဲဒါကြောင့် တောထဲမှာရှိတဲ့ မင်းတို့စခန်းကို လာပြီး တစ်ညလုံး နှောင့်ယှက်ကြ၊ သောင်းကျန်းကြတာပေါ့ကွယ် . . .၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ကျောက်တလားတောင်ကို သွားပြီး မထိခဲ့ မြှင်မလုပ်ကြပါနဲ့၊ နောက်ပြီး ဟို ... ကျောက်တလားကြီးရဲ့ ရာဇဝင်ကလည်း မသေးလေတော့ နောက်ကို ဘာပဲလုပ်ကြ လုပ်ကြ သတိဝီရိယထားပြီး လုပ်ကြကိုင်ကြပေါ့ကွယ်''

ဆရာကြီးက 'မြိုင်စိန်' ရှာဖွေရေးအလုပ်သမားများအား အသေးစိတ် ရှင်းလင်းပြောပြနေပါလေ၏။

ထိုနေ့နံနက်ပိုင်းမှာပင် မြေကိုက်ဒဏ်ရာမှ ပျောက်ကင်းချမ်းသာသွားပြီဖြစ်သည့် စိုးပိုင်ကို စခန်းသို့ပြန်လည်၍ ခေါ်ဆောင်လာခဲ့ကြပါတော့သည်။

အပြန်ခရီးတစ်လျှောက်လုံး ဒွာနမှူးလေးမင်းမောင်၏ ရင်ထဲတွင် ထူးဆန်းသော ကျောက်တလားတောင်နှင့် ကျောက်တလားကြီး၏ ပဟေဠိပုံရိပ်များက လွှမ်းထိုးယှက်လိမ်လျက် ချည်ခင်ထွေးကြီးသဖွယ် ဖွဲ့နှောင်ပါလာခဲ့ပါတော့သည်။

ထိုကိစ္စက ထိုမျှနှင့်ပြီးဆုံးမသွားသေးပါ ...။ စခန်းသို့ ပြန်ရောက်ရှိလာတော့ မင်းမောင်မှာ သူ၏အထက်အရာရှိ မ... တာစတီဗင်နှင့် စကားအချေအတင်ပြောရပါသေးသည်။

ခက်သည်က အုပ်ချုပ်သူက လူမျိုးခြားအရာရှိလည်း ဖြစ်ပြန်၊ အယုံအကြည် အယူအစွဲမရှိသူလည်း ဖြစ်နေသည့်... မင်းမောင်မှာ စကားအပြောအဆိုဆင်ခြင်ကာ အထူးသတိထား... ပြောဆိုနေရသည် မဟုတ်ပါလား။

''မဟုတ်သေးဘူး စတီဗင် ... ငါကိုယ်တိုင် ကိုယ်တွေ့ ကြုံခဲ့ရတာမို့ ကျောက်တလားကြီးဘက်က လုပ်ကွက်ကို အ... အနေအရ ယာယီအနိုက်အတန့် နားထားလိုက်ပြီး အန္တရာယ်... တဲ့ အနောက်ဘက်ခြမ်းက လုပ်ကွက်တွေကို မနက်ဖြန်ကစပြီး လုပ်ငန်းခွင်ဝင်ကြမယ်၊ ဘာပဲဖြစ်ဖြစ် ... ငါတို့ရဲ့ မြိုင်စိန်တူးဖော်ရေးလုပ်ငန်းခွင်ကိုတော့ မထိခိုက်ဘူးမဟုတ်လား စတီဗင်''

''အိုး ... နိုး နိုး ... ကျောက်တလားတောင်က လုပ်ကွက်အားလုံးကို တူးဖော်ရမယ်လေ၊ ငါတို့ရဲ့ လုပ်ငန်းပါမစ်က (၂) နှစ်သက်တမ်းပဲ ရတာ၊ ဟိုစောင့်ဒီစောင့်နဲ့ ငါ မစောင့်နိုင်ဘူး ခင်းမောင်''

မစ္စတာစတီဗင်၏ ခပ်ပြတ်ပြတ်စကားကြောင့် ဒွာနမှူးလေးမင်းမောင်၏ ငုပ်လျှိုးနေသော အမျိုးသားရေးစိတ်ဓာတ်တို့ဘာ နှိုးခနဲအုံကြွလာပါလေ၏။

''ဒါဆိုရင်လည်း ရတယ်လေ၊ တစ်ခုတော့ရှိတယ် စတီဗင် ... ငါ့ရဲ့အလုပ်သမားတွေ ထိခိုက်ဒဏ်ရာနဲ့ အသက်အန္တရာယ် တစ်စုံတစ်ရာဖြစ်လာခဲ့မယ်ဆိုရင်တော့ စတီဗင်ကိုယ်တိုင် တာဝန်ယူပြီး ဖြေရှင်းပေးရမယ်''

လုပ်ငန်းခွင်ဆွေးနွေးညှိနှိုင်းပွဲက မပျော်လင့်ဘဲ အရာရှိနှစ်ဦး၏ ထိပ်တိုက်တွေ့ဆုံပွဲသို့ ကူးပြောင်းသွားခဲ့ပါချေပြီ။ ကြီးကြပ်ရေးမှူးဦးညိမ်းမောင်သာ အချိန်မီ ကြားဝင်၍ မထိန်းသိမ်းခဲ့လျှင် အင်ဂျင်နီယာချုပ်မစ္စတာစတီဗင်နှင့် ဒွာနမှူးလေးမင်းမောင်တို့၏ ဒေါသအစိုင်အခဲများက ပေါက်ကွဲမှုသို့တိုင် ရောက်ရှိသွားနိုင်ပါ၏။

ဦးညိမ်းမောင်က လူကြီးပီပီ မစ္စတာစတီဗင်ကို နားဝင်အောင်ညှိနှိုင်းပြောဆိုနိုင်ခဲ့သဖြင့် ပဋိပက္ခတိုက်ပွဲတစ်ခုက လိမ္မာပါးနပ်စွာ ရှောင်ကွင်းသွားနိုင်ခဲ့သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး မစ္စတာစတီဗင်က ကျောက်တလားတောင်ကြီးနှင့်ပတ်သက်သော ပဟေဠိပုစ္ဆာများ၊ ဒွိဟသံသယများအား ဌာနမှူးလေးမင်းမောင်ကိုယ်တိုင် ဖြေရှင်းပေးရန် နှစ်လတိတိ အချိန်ပေးလိုက်သည်။

ထိုအချိန်ကာလ နှစ်လအတွင်း မစ္စတာစတီဗင် လက်ခံနိုင်လောက်သည့် ယုတ္တိယုတ္တာရှိသော အချက်အလက်များကို တင်ပြရမည်ဟု နှစ်ဦးနှစ်ဖက် နားလည်မှုယူကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ပါ၏။

နှင်းဖွေးမြူမှုန်များကြားတွင် ရွှင့်ရွှင့်မားမားရပ်တည်နေသည့် ကျောက်တလားတောင်ကြီးနှင့် အမှီအတွယ်မရှိ လေဟာနယ်ထဲတွင် ဝေါထွက်နေသည့် ကျောက်တလားခွယ်ကြီးကမူ သူနှင့်ပတ်သက်၍ အငြင်းအခုန်ဖြစ်နေကြသော လူသားနှစ်ဦးတို့၏ ပဋိပက္ခကို သတိမထားနိုင်ရှာပြီထင့် ...။

ညနေဆည်းဆာ၏ တမွဲမွဲကျဆင်းနေသည့် နှင်းမြူမိုင့များအောက်တွင် ဝိဘိ ဣန္ဒြေကြီးရင့်စွာဖြင့် တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိပါချေပြီတည်း။



အခန်း (၁၀)

ပြန်မပြောချင်တဲ့ ဇာတ်လမ်းတစ်ပုဒ်

အချိန်က မိုးအကုန်ဆောင်းအကူး။

တဟူးဟူးတိုက်ခတ်နေသည့် လေပြင်းထဲတွင် မြူနှင်းငွေရည်တို့က စီးမျောမျော်ဝင်နေကြသည်သို့ ...။ ငှက်ခါးတစ်ကောင် ကျီခနဲ၊ ဂျစ်ခနဲ အော်မြည်လျက် ထွက်ပြူစနေရောင်အောက်တွင် တစ်နေ့စာ ဝမ်းတစ်ထွာအတွက် ပြင်ဆင်နေပါလေ၏။

ကွဲလက်စ နှင်းမြူတို့ သွဲ့ပျော်စပြုနေပြီ။ သက်ကယ်မိုးစွန်းအောက်မှ တစက်စက် တပေါက်ပေါက်နှင့် ယိုးလေးခိုကာ မြေသို့ခနေကြသည့် နှင်းရည်ဥကလေးများက နရီစည်းဝါးကျကြွေဆင်းနေကြပါ၏။ နှင်းမြူဇာပဝါတို့ မသဲမကွဲခင် ဝေဝေဝါးမြင်တွေ့နေရသည့် ကျောက်တလားတောင်ကြီးရှိရာသို့ ရွာသူကြီးဦးသက္က ငေးမျှော်ကြည့်နေရင်းမှ ...

"အင်း ...ကောင်းပါလေ့ ဌာနမှူးလေးရယ် ...

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဝတ္တရားအရ မလွှဲမရှောင်သာ ဆောင်ရွက်လုပ်ကိုင်နေရတာဆိုပေမယ့် အခုလို ဒွာနမှူးလေးကိုယ်တိုင် ကျောက်တလားတောင်ခြေက ရွာခံလူကြီးတွေ, ရှေ့မီနောက်မီလူကြီးတွေနဲ့ တွေ့ဆုံပြီး တိုင်ပင်ညှိနှိုင်းကြတော့ ကျုပ်တို့ဘက်က ပြောရဆိုရတာ ပိုပြီးကောင်းတာပေါ့''

ကျောက်ချောရွာသူကြီး ဦးသက္ကအိမ်ကြီးရှိနိုင်ပေါ်တွင် ယနေ့နံနက်စောစော ရွာခံလူကြီးသူမအချို့နှင့် ဒွာနမှူးလေးမင်းမောင်တို့အဖွဲ့ ကျောက်တလားတောင်ထက်မှ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ကျောက်ခေါင်းတလားကြီး သို့မဟုတ် ကျောက်တလားကြီးနှင့်ပတ်သက်သော ဖြစ်ရပ်များနှင့် ထူးခြားသောသတင်းများကို ပြောဆိုနေကြခြင်းဖြစ်ပါ၏။

စကားဝိုင်းတွင် 'မြိုင်စိန်'လုပ်ငန်းခွင်စခန်းမှ ဒွာနမှူးလေးမင်းမောင်နှင့် ကြီးကြပ်ရေးမှူးဦးညိမ်းမောင်တို့လူစု ပါဝင်ပြီး ကျောက်ချော၊ ကျောက်တလားရွာ၊ ဇရစ်ခဲရွာကြီးများမှ လူကြီးအချို့နှင့် ရွာသူကြီးဦးသက္က၊ ဗိန္ဓောဆရာကြီးဦးကျောက်အိုးနှင့် အသက် (၁၉)နှစ်ခန့်ရှိ မြေးမလေးစောနန္ဒာတို့ပါဝင်ကြသည်။ ချောမောလှပသည့် အပျိုစင်ရိုင်းမလေးစောနန္ဒာ၏ ဖြူဝင်းစွတ်စိုသောအသားအရေ၊ အချိုးအဆက်ကျနသော ရုပ်ဆင်းအင်္ဂါတို့ကြောင့် မင်းမောင်မှာ မကြာခဏဆိုသလိုပင် အကြည့်ရောက်ရှိသွားပါလေ၏။

''ဪ ... ဟောဒါက ဗိန္ဓောဆရာကြီးဦးကျောက်အိုးရဲ့မြေး ... စောနန္ဒာတဲ့ ဒွာနမှူးလေးရေ၊ ဟိုတစ်နေ့ညက မြွေဆေးကုသရင်း ခရီးလွန်နေတာမို့ ဒွာနမှူးလေးတို့နဲ့ လွဲသွားရတာပါ၊ မိစောရေ ... ဒါကတော့ ကျောက်တလားတောင်ခြေမှာ စခန်းချနေကြတဲ့ 'မြိုင်စိန်' တူးဖော်ရေးဒွာနက ကိုမင်းမောင်တဲ့''

ကျောက်ချောရွာသူကြီး ဦးသက္ကက အလိုက်တသိဖြင့် မိတ်ဆက်စကားဆိုလိုက်သည်မို့ မင်းမောင်ရော စောနန္ဒာပါ အပြုံးကိုယ်စီဖြင့် ခေါင်းညိတ်ကာ အသိအမှတ်ပြုလိုက်ကြပါ၏။

''အင်း ... အသက်ငယ်ငယ်နဲ့ ရှားပါးတဲ့ မြွေဆေးကုပညာရပ်ကို တတ်ကျွမ်းတာကို ချီးကျူးလေးစားပါတယ် စောနန္ဒာ၊ တစ်နေ့ညက ကိုယ်တိုင်မြင်တွေ့ခွင့်ရလိုက်တဲ့ ဦးကြီးရဲ့ မြွေဆိပ်ချပညာရပ်မျိုးကိုတော့ ကိုယ့်တစ်သက်မှာ တစ်ခါမှ မတွေ့ခဲ့ဖူးတာ အမှန်ပါ စောနန္ဒာ''

''အစောကလည်း အဘိုးဆီက ပညာရပ်တွေကိုတတ်နိုင်သမျှ သင်ယူနေဆဲပါဆရာ၊ လူနာတွေကိုလည်း ဆေးဖိုးဝါးခရယ်လို့ သတ်သတ်မှတ်မှတ်မယူဘဲ တတ်စွမ်းသမျှ ကုသပေးနေပါတယ်ရှင့်''

စကားသံ ဝဲတဲတဲ ရှိတာတနှင့် နားထဲတွင် တစ်မျိုးထူးခြားနေသည်မို့ ဒွာနမှူးလေးမင်းမောင်မှာ စောနန္ဒာကိုစတင်တွေ့ရှိကတည်းကပင် နှစ်သက်သဘောကျသွားခဲ့ပါ၏။ ရဲတင်းသည်ဟု မဆိုသာသော်လည်း ဖော်ရွေပွင့်လင်းမှုကြောင့်လည်း နွေးထွေးစွာခံစားလိုက်ရသည်သို့။

''ဒါနဲ့ နေပါဦး သူကြီးရယ် ... ကျွန်တော် ဒီဒေသကိုရောက်ခင်ကတည်းက 'ဟောဒီ 'ကျောက်တလားတောင်' ဆိုတဲ့ နာမည်ကို ကြားဖူးနေခဲ့တာပါ၊ နာမည်ကြားကတည်းက ကျော

www.burmeseclassic.com



ချမ်းစရာ, စိတ်ဝင်စားစရာကြီးပဲလို့ ထင်မြင်နေခဲ့မိတာ၊ အဲ အင်း . . . ဘယ်လိုကြောင့်များ အခုလို 'ကျောက်တလားတောင်' ကြီးလို့ ခေါ်တွင်ခဲ့တာလဲ မသိဘူးနော် သူကြီး''

မှတ်သည် . . . ။ မင်းမောင်တစ်ယောက် တာဝန်ကျရာ နယ်မြေ၏ မြေပုံညွှန်းတွင် တွေ့မြင်ခဲ့ရသော 'ကျောက်တလား တောင်' ဟူသော ထိတ်လန့်ချောက်ချားဖွယ် နာမဝိသေသနတစ် ခုနှင့် စတင်၍ ထိတွေ့လိုက်ရစဉ်ကတည်းက စိတ်ထဲတွင် 'ကျောက်တလား' ဟူသောအမည်နာမကို သရိုးသရီဖြစ်ခဲ့ဖူးပါ၏

ယခု လက်တွေ့မျက်တွေ့ ရောက်ရှိလာခဲ့ရပြန်တော့ လည်း မမျှော်လင့်သောဖြစ်ရပ်ဆန်းကြီးများနှင့် ပွဲဦးထွက် ကြုံ တွေ့ခဲ့ရသည်မို့ ကျောက်တလားတောင်နှင့် စပ်လျဉ်းသမျှကို ကြိုတင်သိရှိနိုင်ရန်အတွက် ရွာခံလူကြီးများနှင့် တွေ့ဆုံဆွေးနွေးနေ ရခြင်းပင် မဟုတ်ပါလား။

''အင်း . . . ဌာနမှူးလေးသိချင်တဲ့ ကျောက်တလား တောင်အကြောင်းကို ကျုပ်တို့ပြောတာထက် ဟောဒီဆရာကြီး ဦးကျောက်အိုးပြောပြတာ ပိုပြီးပြည့်စုံလိမ့်မယ်ထင်တယ် . . . ဘာဖြစ်လို့လဲဆိုတော့ ဆရာကြီးက ကျောက်တလားကြီးနဲ့ပတ် သက်လို့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတာတွေလည်း ရှိတယ် ဌာနမှူး လေးရဲ့ . . . ဟင်း ဟင်း''

ရွာသူကြီးဦးသက္က၏ ညွှန်းဆိုမှုကြောင့် မင်းမောင်မှာ ဗိန္ဓောဆရာကြီးဦးကျောက်အိုးထံ အကြည့်လွှဲလိုက်သည်။ အမြဲ အာရုံချို့ယွင်းနေသည့် ဆရာကြီးဦးကျောက်အိုးကမူ သူ၏ ဆေးတံကြီးကို ဆေးတစ်ဆုံဖြည့်ရင်း မီးညှိရှိုက်ဖွာလျက်ရှိသည်



သို့တိုင်အောင် ဆရာကြီး၏ မမြင်နိုင်တော့ပြီဖြစ်သော မျက်လုံး အစုံက မှိုင်းညို့ညို့ ကျောက်တလားတောင်ကြီးရှိရာသို့ ငေးမျှော် ကြည့်နေလေသည်သို့ . . . ။

အတန်ကြာမျှ တိတ်ဆိတ်စွာ ငေးမျှော်ကြည့်နေပြီးမှ ဆေးတံမီးခိုးငွေ့များကိုမှုတ်ထုတ်လိုက်ပြီး သက်ပြင်းတစ်ခုကို သဲ့သဲ့ညင်ညင် ချလိုက်ပါ၏။ ပြီးမှ . . .

''ဟင်း . . . ပြောမယ်ဆိုရင်တော့ ကျောက်တလား တောင်ကြီးရဲ့ ထူးခြားတဲ့ကျောက်ခေါင်းတလားကြီးရဲ့ သတင်း တွေကတော့ တစ်ထောင့်တစ်ညပုံပြင်ဇာတ်လမ်းတွေလို အများ ကြီးပေါ့ မောင်မင်းမောင်ရယ်၊ ငါသိရသလောက်တော့ ဟိုး ဘုရင့်ညီနောင်နှစ်ပါး ထီးနန်းနဲ့တိုင်းပြည်ကို အပြိုင်လုကြရာက ဖြစ်ပေါ်လာခဲ့တဲ့ ကျောက်ခေါင်းတလားကြီးရယ်လို့လည်း ပြောကြ တယ်၊ မိဖုရားခေါင်ကြီးရဲ့ ရုပ်အလောင်းမှာ ရတနာတွေ အပြည့် ထည့်သွင်းထားရာက ညီငယ်ဘိဘိဇဖနဲ့ စစ်သူကြီးတွေရဲ့ လော ဘဖက်မှုကြောင့် လောကပါလနတ်မင်းကြီးတွေက ကျိန်စာတိုက် ခဲ့ရာကနေ တိုင်းပြည်ကြီးတစ်ခုလုံး ရေလှိုင်းကြီးတွေဖုံးလွှမ်းလို့ အားလုံး သေကျေပျက်စီးကြရတယ်ကွဲ့၊ အဲဒီမှာ ဘုရင် ဘိဘိဇဖ ရဲ့ လောဘသက္ကာရကြောင့် နတ်မင်းကြီးတွေက မယ်တော် မိဖုရားခေါင်ကြီးရဲ့ ရတနာအပြည့်နဲ့ ခေါင်းတလားကြီးကို သင်္ဂြိုဟ် ချိုတောင်လို့အမည်ရတဲ့ ဟောဒီ ကျောက်တလားတောင်ကြီး ရဲ့ တောင်ကမ်းပါးယံစောင်းမှာ ပျံတက်ပြီး စိုက်ဝင်နေခဲ့ရာကနေ အခုလို 'ကျောက်တလားတောင်စွယ်' ကြီးဖြစ်လာခဲ့ရတာပဲ မောင်မင်းမောင် . . . !

www.burmeseclassic.com



အဲ ... ထူးခြားတာတစ်ခုကတော့ ကျောက်တလားကြီးရဲ့အောင်ဘက်တောင်ခြေမှာ 'ရွှေနီချောင်း' ဆိုတာရှိတယ်၊ ပြောကြတာကတော့ မိဖုရားခေါင်ကြီးရဲ့ ခေါင်းတလားကြီးထဲက ရတနာတွေဟာ ရွှေမှုန်ရွှေစအဖြစ် ပြောင်းလဲသွားပြီး လပြည့်လကွယ်ညတွေမှာ ရွှေနီချောင်းရေထဲကို တဖွဲဖွဲကျဆင်းတယ်တဲ့လေ၊ အဲဒါကြောင့် ကျောက်တလားကြီးအောက်ဘက်က ရွှေနီချောင်းစပ်မှာ ရွှေကျင်ခဲ့ရင် ရွှေမှုန်ရွှေစတွေလည်း အများကြီးရကြတယ်လို့ ဆိုကြပြန်တယ် ...။

ဒါပေမဲ့ ဘယ်လောက်ကြီးပဲ ရွှေမှုန်ရွှေစတွေ ရရှိခဲ့ပေမယ့် ကိုယ်နဲ့မထိုက်ရင်, ပဋ္ဌာန်းဆက်မရှိရင် လက်ထဲမှာ ရောက်နေပြီဖြစ်တဲ့ ရွှေစတွေဟာ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားလေ့ရှိတယ်တဲ့လေ မောင်မင်းမောင်ရဲ့ ... ဟင်း ဟင်း"

"ဒီလိုဆို ရွှေနီချောင်းမှာ ရွှေကျင်,ရွှေတူးရင် ရနိုင်မယ်လို့ရော ဦးကြီးတင်ပါသလား၊ နောက်ပြီး အဲဒီကျောက်တလားကြီးပေါ်ကို တက်ပြီး ရွှေတွေ, ရတနာတွေ ရှာဖွေခဲ့ရင်ရော တွေ့ရှိနိုင်ပါဦးမလား ဦးကြီး"

သည့်တစ်ကြိမ်တော့ ဆရာကြီးဦးကျောက်အိုးတစ်ယောက် ချက်ချင်း ပြန်လည်ဖြေကြားခြင်းမရှိပါ။ ဝါးဆေးတံကြီးကို ကိုက်ထားလျက်တန်းလန်းမှ ထူးထူးခြားခြား တွေဝေမိန်းမောနေသည်သို့ ...။ အတန်ကြာမှ သက်ပြင်းမောကြီးတစ်ခုကို မှုတ်ထုတ်လိုက်ရင်း ...

"အင်း ... ဘယ်လိုဖြေရမလဲ ... ရွှေမှုန်ရွှေစတွေ တူးဖော်ရင် တွေ့နိုင်ပါ့မလားဆိုတာနဲ့ ကျောက်တလားကြီးပေါ်



တက်ပြီးရှာဖွေရင်ကော ရတနာတွေ တွေ့နိုင်မလားဆိုတာကို အဖြေပေးရမယ်ဆိုရင်တော့ တွေ့လည်း တွေ့နိုင်တယ်၊ ရလည်း ရနိုင်တယ်၊ ဒါပေမဲ့ ခက်တာက လူတွေရဲ့လောဘစိတ်, ဒေါသစိတ်နဲ့ မောဟစိတ်တွေနဲ့ လောကသစ္စာတရားကို မစောင့်ထိန်းနိုင်ရင်တော့ အဖြစ်ဆိုးတဲ့သူတွေ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာမှာ အသေအချာပဲ မောင်မင်းမောင် ...။

ဟောဒီ ကျောက်တလားကြီးနဲ့ပတ်သက်ပြီး အန္တရာယ်နဲ့ကြုံတွေ့ပြီး သေဆုံးသွားခဲ့ကြရတဲ့သူတွေ, ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိသွားခဲ့ကြတဲ့သူတွေ, ရူးသွပ်သွားကြတဲ့သူတွေနဲ့ နောက်ဆုံး ငါပါ အဝိဇ္ဇာအမှောင်ဖုံးပြီး လောကသစ္စာတရားကို ဖောက်ဖျက်ခဲ့တာတွေကြောင့် လောကပါလနတ်မင်းတွေနဲ့ ကျောက်တလားတောင်ပိုင်ကြီးရဲ့ အပြစ်ဒဏ်ချမှတ်ခြင်းကို အခုချိန်ထိ ခံစားနေရတာတွေဟာ ကျောက်တလားစွယ်ကြီးက ပေးလိုက်တဲ့ သင်ခန်းစာတွေပဲပေါ့ မောင်မင်းမောင်ရယ်"

"အခုလို ကျောက်တလားတောင်နဲ့ပတ်သက်ပြီး ဦးကြီး ရှင်းလင်းပြောပြတာကို ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့မှာလည်း ဟောဒီကျောက်တလားကြီးနဲ့ပတ်သက်ပြီး တကယ့်ကို မယုံချင်စရာကောင်းလောက်အောင် ကြုံတွေ့ခဲ့ရလေတော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ အထက်အရာရှိ မျက်နှာဖြူကောင်ကြီး စတီဗင်နဲ့လည်း စကားအချေအတင်ပြောနေကြရပါတယ် ...။

ခက်တာက သူတို့က တိုင်းတစ်ပါးသား လူမျိုးခြားတွေဆိုတော့ ဒီလို ပရလောကကကိစ္စရပ်မျိုးတွေကို အယုံအကြည်

www.burmeseclassic.com

www.burmeseclassic.com



မရှိကြဘူး ဦးကြီးရဲ့၊ ကျောက်တလားကြီးကိုလည်း မိုင်းခွဲမယ် တကဲကဲလုပ်နေလို့ ဟောဒီက ကြီးကြပ်ရေးမှူး ဦးညိမ်းမောင်က ကြားကနေ ခဏ ခဏ ဖျန်ဖြေဖျောင်းဖျပေးနေရတယ်ခင်ဗျ''

ဌာနမှူးလေးမင်းမောင်က ကျောက်တလားကြီးနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း သဘောထားတင်းမာမှုများနှင့် အခက်အခဲများကို ဗိန္ဓောဆရာကြီးဦးကျောက်အိုးနှင့် ရွာလူကြီးများ နားလည်သဘောပေါက်စေရန် သေချာစွာရှင်းလင်းပြောပြနေပါ၏။

''ရပါတယ်မောင်မင်းမောင် .. အမှန်ကတော့ ကျောက်တလားကြီးဟာ ပရလောကနဲ့ ရေးတုန်းက ဂမ္ဘီရအစီအရင်တွေနဲ့ သက်ဝင်လှုပ်ရှားနေတဲ့ ထူးခြားတဲ့ ကျောက်ခေါင်းတလားကြီးတစ်ခုပဲကွဲ့၊ ဒါပေမဲ့ အသက်သုံးဆယ်ကျော် ငယ်စိတ်တွေနဲ့ မာန်ဝင့်နေတဲ့အချိန်ဆိုတော့ မှားတာတွေ, မှန်တာတွေ နောက်ထားပြီး, ဆန္ဒကိုရှေ့တန်းတင်ပြီး ဖွတ်တရွတ်လုပ်ကိုင်ခဲ့ကြတာပေါ့၊ လောကသစ္စာတရားတွေကို ဖောက်ဖျက်ကျူးလွန်မိခဲ့လို့ ဘဝတစ်သက်စာမက ကျိန်စာသင့်ဒဏ်ခတ်ခံရတာတွေ, ထိန်းသိမ်းသင့်တဲ့ကတိတစ်လုံးကို ဖောက်ဖျက်မိခဲ့လို့ မျက်စိနှစ်ကွင်းပါ အလင်းမမြင်တဲ့ဘဝကို ရောက်သွားခဲ့ရတာတွေကို နောင်လာနောင်သားတွေ သတိသံဝေဂယူနိုင်ကြစေဖို့ ငါကိုယ်တိုင် ပြောပြရမှာပေါ့ ဌာနမှူးလေးရယ်''

သည်စကားလုံးများက ဆရာကြီးဦးကျောက်အိုး၏ နှလုံးသည်းမွှတ်ကို ထိရှကွဲကြေပြီးမှ ထွက်ကျလာသည်သို့ ...။ နာကြည်းခါးသီးဖွယ် ဖြစ်ရပ်တချို့ကို မြေမြှုပ်ဖုံးကွယ်ထားခဲ့



သည့် အတိတ်မြို့ဟောင်းတစ်နေရာဆီမှ ဒဏ်ရာဒဏ်ချက်ဟောင်းများကို မြင်တွေ့နေရသလိုလို ...။

ထို့နောက်မှာတော့ ဗိန္ဓောဆရာကြီး ဦးကျောက်အိုးအသက်သုံးဆယ်ကျော်ခန့်က ကျောက်တလားကြီးနှင့် ပတ်သက်ဆက်နွယ်ခဲ့မှုသည့် မယုံကြည်နိုင်ဖွယ်ရာ အထူးဆန်းတစ်ခုက နံနက်လေပြည်တွင် စီးမျောသက်ဝင်လှုပ်ရှားလာခဲ့ပါသည်ဟု ဆိုလျှင် ...။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

### မုဆိုးရိုင်းတစ်ယောက်၏ အတ္ထုပ္ပတ္တိ

သူ့နာမည်က  ကျောက်အိုး။

အပြည့်အစုံခေါ်မည်ဆိုလျှင်  မုဆိုးကြီးကျောက်အိုး။ အသက်က သုံးဆယ်စွန်းသည်ဆိုရုံမျှ ရှိသေးသည်။ သူ၏လက်စွဲတော်ဒူးလေးကြီးနှင့်လည်းကောင်း၊  ညွတ်ကွင်း၊  သုတ်ကိုင်း၊ ထောင်ချောက်၊  သံညှပ်များဖြင့်လည်းကောင်း  သားကောင်ဟူသမျှ မလွတ်တမ်းပစ်ခတ်ဖမ်းဆီးနေသည့် မုဆိုးရိုင်းတစ်ဦးဖြစ်သည်။

ကျောက်ချော၊ ချေစိမ်း၊ ကျောက်တလားတောင်ခြေရွာများတွင်  မုဆိုးကြီးကျောက်အိုးဆိုလျှင်  မသိသူမရှိသလောက်ပင် ဖြစ်ပါ၏။ ကျောက်တလားတောင်နှင့် ပဲခူးရိုးမတောင်ကျောဝယ်  နေ့စဉ်လိုလို  တောလည်အမဲပစ်ထွက်နေသူမို့  သူ၏ဘဝသက်တမ်း တစ်ဝက်ကျော်ကျော်သည် ထိုကျောက်တလားတောင်နှင့် ပဲခူးရိုးမတောင်တန်းကြီးထက်ဝယ် မြှုပ်နှံထားသကဲ့သို့ ဖြစ်



နေပါချေ၏။

တောကောင်အရှာအဖွေ ကောင်းခြင်း၊  ဒူးလေးအချိန်အဆနှင့် ပစ်မှတ်ကို မလွတ်စတမ်းပစ်ခတ်နိုင်ခြင်း၊ ညွတ်ကွင်း၊ ထောင်ချောက်များကျွမ်းကျင်ခြင်းစသော  မုဆိုးအဌာရသပညာရပ်များကြောင့်  ဤနယ်မြေတစ်ဝိုက်တွင်  မုဆိုးကြီးကျောက်အိုး၏သတင်းက  ပျံ့နှံ့ကျော်စောလျက်ရှိသည်။

ကျောက်အိုးဖမ်းဆီးပစ်ခတ်၍ ရရှိလာခဲ့သော အမဲသားကောင်များကို  ဇနီးဖြစ်သူမယ်ဖော့က  ရွာစဉ်အနှံ့  လှည့်လည်ရောင်းချခြင်းဖြင့်  လင်မယားနှစ်ယောက်၏ပါးစပ်နှစ်ပေါက်ကို ရှာဖွေကျွေးမွေးနေသူ ဖြစ်ပါ၏။ ကျောက်အိုး ငယ်ဘဝကို ပြန်လည်၍ဆန်းစစ်ကြည့်မည်ဆိုလျှင် ဆယ်နှစ်သားအရွယ်လောက်ကတည်းကပင်  အဘိုးဖြစ်သူ  မုဆိုးကြီးဦးစက္ကူနှင့်အတူ  ဤကျောက်တလားတောနှင့် ရိုးမတောင်တစ်ကြောဝယ် တောလည်၊ အမဲပစ်၊ ချိုးထောင်၊ ယုန်လိုက် ...စသည့် မုဆိုးဝေလ့စရိုက်များကို ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့်လည်း  သူတစ်ပါးအသက်ကို  သတ်ဖြတ်သည့်  ပါဏာတိပါတကံနှင့်  အဆွေခင်ပွန်းဖြစ်ခဲ့ပါချေပြီကော။

ဝင်စစ် ကျောက်အိုးအဖြစ်က ပုံပြင်ထဲမှ ကျေးညီနောင်နှင့်  ပတ်သက်ဆက်နွယ်နေသကဲ့သို့  ...။  အကြောင်းမှာ ကျောက်ချောရွာဦးကျောင်းဆရာတော် ဦးသုမနသည် သူ၏အဘိုး (ဘိုးလေး) တော်စပ်သူဖြစ်ပါ၏။ မုဆိုးကြီးဦးစက္ကူ၏ ညီအရင်းဖြစ်သည်။ တစ်အူတုံ့ဆင်း ညီအစ်ကိုအရင်း၊ သွေးသားအရင်းဖြစ်ကြသည့်တိုင် တစ်ဦးက သာသနာ့အာဇာနည်တစ်ပါးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါများကို တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးကယ်တင်နေချိန်တွင် ကျွန် (အစ်ကိုကြီး) ဖြစ်သူမှာ သားသတ်မုဆိုးဘဝဖြင့် အပြစ်မဲ့သတ္တဝါများ၏ အသက်ပေါင်းများစွာကို နည်းမျိုးစုံဖြင့် သတ်ဖြတ်ကာ သွေးစွန်းဘဝကြီးနှင့် ငရဲသို့ ဖြတ်လမ်းမှ သွားနေပါချေပြီကော။

"ဟဲ့ ကျောက်အိုး ... လာမယ့်ဥပုသ်နေ့မှာ ငါ့ကျောင်းကို လာခဲ့စမ်း၊ ဟဲ့ မယ်ဖော့ ... နင့်ယောကျ်ား သားသတ်သမားကို ငါ့ကျောင်းကို လွှတ်ဖြစ်အောင်လွှတ်လိုက်စမ်း ... ကြားလား"

"တင် .. တင် .. တင်ပါ့ဘုရား"

အစ်ကိုရင်းဖြစ်သူ ဦးစက္ကကို သားသတ်မုဆိုးဘဝမှ မချွတ်နိုင်ခဲ့သည့် ဆရာတော်ဦးသုမနမှာ မြေးဖြစ်သူ ကျောက်အိုးကိုမူ မကျွတ်,ကျွတ်အောင်ချွတ်ယူမည်ဟု စိတ်တွင်တေးမှတ်ကာ ကျောင်းသို့ အကြိမ်ကြိမ်ခေါ်ယူခဲ့သည်။ သို့သော် ဘိုးစက္ကမြေးက တိုးစက္ကလိုပင် ခေါင်းမာသည်။ ဘိုးလေးတော်သူ ဆရာတော်ဦးသုမန မည်မျှပင်ခေါ်ခေါ် ကျောင်းဘက်သို့ ယောင်၍မျှပင် ခြေဦးမလှည့်ခဲ့ပါ။ မမျှော်လင့်ဘဲ ရွာလယ်လမ်းတွင်တွေ့ဆုံခဲ့လျှင်လည်း ဆရာတော်မမြင်အောင် ဖျတ်ခနဲ ရှောင်တိမ်းပျောက်ကွယ်သွားတတ်ပါ၏။ ကြာတော့ ဆရာတော်ဦးသုမန လက်လျှော့သွားလေပြီထင့် ...။ ကျောက်အိုးအကြောင်း စကားပင် မဟပါလေတော့။

ဟုတ်သည် ...။ ဘိုးစက္ကလက်ထက်တုန်းကလည်း အိမ်ရာထဲတွင် မနာမကျန်းဖြစ်၍ လဲနေသည့်တိုင် ညီဖြစ်သူဆရာ



တော်ဦးသုမန၏တရားဓမ္မကို မနာယူ၊ မြေးဖြစ်သူ ကျောက်အိုးကိုသာ အနီးတွင်ခေါ်ယူလျက် ဘယ်တောဘယ်တောင်တွင် သည်အချိန်ဆိုလျှင် ဘယ်ကဲ့သို့တောကောင်များ ရှိနေတတ်သည်၊ သည်ရာသီဆိုလျှင် ဘယ်တောကိုသွား၊ ဘယ်ညွှတ်ကွင်းနှင့်ထောင် ... စသည်ဖြင့် ပါးစပ်မှ တတွတ်တွတ်ပြောဆိုညွှန်ကြားရင်း အသက်ဝိညာဉ် ချုပ်ငြိမ်းသွားခဲ့ရသည် မဟုတ်ပါလား။

ယခု မြေးဖြစ်သူ ကျောက်အိုးသည်လည်း ကျောက်တလားတောင်နှင့် ရိုးမတောင်တစ်ကြောတွင် တောဘုရင်ဟုတင်စားခေါ်ဝေါ်ရမည့် နာမည်ကျော်မုဆိုးကြီးတစ်ဦး ဖြစ်လာခဲ့ပါချေ၏။ တစ်နည်းဆိုရပါမူ အဘိုးဖြစ်သူ မုဆိုးကြီး ဘိုးစက္က၏ခြေရာကို တစ်ထပ်တည်းနင်းနိုင်သည့် မုဆိုးကျော်တစ်ဦး ဖြစ်လာခဲ့ပါချေပြီတည်း။

"အင်း ... သူတို့မြေးအဘိုးနှစ်ယောက်ကတော့ ဘုရားဆုရဆုချွတ်တော်မှ ကျွတ်တမ်းဝင်ကြမယ့် သတ္တဝါတွေ မဟုတ်ဘူးဟေ့"

နောက်ဆုံး လက်မြှောက်အလျှော့ပေးသွားသည့် ဆရာတော်ဦးသုမန၏ မှတ်မှတ်သားသားပြောဆိုသွားခဲ့သည့် စကားတစ်ခွန်းပင်ဖြစ်ပါချေတော့သည်။

သို့သော် ဆရာတော်ကြီးပင် အတွက်မှားလေသည်သော။ မုဆိုးကျော်ကျောက်အိုးပင် ကျွတ်ချိန်တန်ခဲ့၍လား မသိ။ အစ်ခုသောပွင့်လင်းရာသီ တောလည်ချိန်သို့ ရောက်ရှိလာသည့်အချိန်မှာတော့ ကျောက်တလားတောင်မှ တောလယ် အစပ်ရာ ပြန်လည်ရောက်ရှိလာခဲ့သော မုဆိုးကြီးကျောက်အိုးတစ်

www.burmeseclassic.com



ယောက် သူ၏လက်စွဲတော် ဒူးလေးကြီးနှင့် သုတ်ကိုင်း၊ ထောင်ချောက်၊ သံညှပ်များနှင့် ညွှတ်ကွင်းများကို ရိုက်ချိုးဖျက်ဆီးကာ စိပ်ပုတီးကိုလည်းမှာဆွဲလျက် ကျောက်တလားတောင်စွယ်အောက်ရှိ ဘုရားဌာပနာတိုတစ်ဆူရှေ့တွင် တရားရှုမှတ်ခြင်း၊ စိပ်ပုတီးကိုသာ အချိန်ပြည့်စိပ်ခြင်း စသည့် သာသာနာလုပ်ငန်းများကို ထူးခြားစွာ ပြောင်းလဲလုပ်ကိုင်နေပါသည်ဟု ဆိုပါလျှင် ...။

မဖြူတဖြူ မပွင့်တပွင့် နေရောင်ခြည်တန်းများ ကျောက်တလားတောင်ထက်ရှိ ဝေ့ဝဲအုံ့ဆိုင်းနေသည့် မြူနှင်း ကိုဖြိုခွင်းကာ အောင်ပွဲခံမည့်အသွင်ဖြင့် ...။ ငှက်ခါးတ ကောင်သည်လာ သရက်ရိပ်၌နိုက်ကာ ပျင်းရိစွာဖြင့် တဂီဂီအော မြည်နေပါ၏။ သရက်တောလျှိုကြီးတစ်ဖက်ရှိ ကျောက်တလား တောင်စွယ်အား ကွေ့ဝိုက်စီးဆင်းနေသည့် ချောင်းငယ်၏ ရေစီး သံသဲ့သဲ့က ဝန်းကျင်တစ်ဝိုက်တွင် စီးမျောလွင့်ပျံ့လျက်။

ကျောက်အိုး၏လက်ထဲတွင် ဆုပ်ကိုင်ထားသည့် ဂူပေ ကြီးမှာ နှင်းရည်စက်များနှင့် ထိတွေ့မှုကြောင့် စေးထန်ထေ ချွဲကျိုကျိုနှင့် အဆုပ်ရ၊ အကိုင်ရ ခက်နေသယောင်ရှိပါ၏။

နံနက်စောစော ကျောက်တလားတောင်ကြီးပေါ် ရောက်ရှိနေခြင်းမှာ ယမန်နေ့ညနေခင်းက ထောင်ထားခဲ့သေ ညွှတ်ကွင်းသုတ်ကိုင်းများနှင့် သံညှပ်ထောင်ချောက်များတွင် 



ကောင်များမိနေခြင်း ရှိ မရှိ လာရောက်ကြည့်ရှုခြင်း ဖြစ်သည်။ အချိန်က နံနက်ဆယ်နာရီခန့် ရှိနေပါပြီ။ ညွှတ်ကွင်းထောင်ချောက်ဆယ်ခုခန့် စစ်ဆေးပြီးချိန်မှာတော့ ကျောက်အိုး၏လက်ထဲတွင် တောကြောင်ကြီးနှစ်ကောင်နှင့် ကြက်သုံးကောင်ခန့် ရရှိနေခဲ့ပါပြီ။

ယခုကဲ့သို့ ကျောက်အိုးတစ်ယောက် ဝီရိယကြီးကာ ကြိုးစား၍ သားကောင်ရှာဖွေနေရခြင်းမှာ သူ၏ဇနီးဖြစ်သူ မယ်ဖော့၏မီးဖွားစရိတ် ရရှိစေရန်ဖြစ်သည်။ ဟုတ်သည် ...။ ကျောက်အိုး၊ ဇနီးဖြစ်သူ မယ်ဖော့တွင် ဒုတိယမြောက်ရင်သွေး ငယ်လေးကို နေ့စေ့လစေ့ကြီး လွယ်ပိုးထားရသည်မဟုတ်ပါလား။ ထို့ကြောင့်လည်း ကျောက်အိုးတစ်ယောက် ဝီရိယထား လျက် သားကောင်များပိုမိုရရှိစေရန် သဲကြီးမဲကြီး ကြိုးစားနေခြင်း ပင်ဖြစ်ပါ၏။ ညွှတ်ကွင်း၊ သုတ်ကိုင်း၊ ထောင်ချောက်များကိုလည်း သူတကာမသွားရောက်သည့် ကျောက်တလားကြီးဘက် သို့ပင် နယ်ကျော်၍ သွားရောက်ချထားခဲ့သည်။ သူ၏အာရုံထဲမှာတော့ မယ်ဖော့၏မီးဖွားစရိတ်နှင့် လိုအပ်နေသော မီးဖိုချောင်စရိတ်များကသာ ကြီးစိုးခြောက်လှန့်လျက်ရှိနေပါ၏။

ထိုအခိုက် ...

'ဂစ်'

ဂစ်ခနဲအော်မြည်ကာ ကြောက်လန့်တကြား ပျံထွက် သွားသည့် လင်းမြီးဆွဲငှက်တစ်ကောင်၏ အော်သံကြောင့် ကျောက်အိုး၊ ချက်ချင်းအာရုံပြောင်းကာ လက်ထဲမှဂူပေကြီးနှင့် လင်းမြီးဆွဲထပျံရာဘက်သို့ ဖျတ်ခနဲ ထိုးချိန်လိုက်သည်။

www.burmeseclassic.com



လေမတိုက်ဘဲ လှုပ်ယမ်းယိမ်းထိုးသွားသည့် ချုံထဲမှ လှုပ်ရှားတိုးဝှေ့လာသော အရိပ်သဏ္ဌာန်တစ်ခုနှင့် သူ ညွှတ်ကွင်း ထောင်ချောက်များချထားသည့် ကျောက်တလားကြီးဘက်ဆီမှ အရိပ်မည်းသဏ္ဌာန်တစ်ခုကိုပါ တစ်ပြိုင်တည်း တွေ့မြင်လိုက်ရ သဖြင့် ကျောက်အိုး ဒူးလေးကြီးတန်းလန်းနှင့် ဒိတ်ခနဲ ရင်ခုန် သွားသည်။

''ဟာ ...ဘာကောင်လဲဟေ့ ...မြွက်ရိုင်းပင်တွေ တော့ လှုပ်ယမ်းသွားတာပဲ''

ထိုစဉ် သူ၏ရှေ့တည့်တည့် ကျောက်တလားကြီးနှင့် ဓားလွယ်ခုတ်ချုံစပ်ထဲမှ ဂျီ (ချေ) တစ်ကောင်ထွက်လာသည်ကို တွေ့မြင်လိုက်ရသဖြင့် ကျောက်အိုး ဝမ်းသာတုန်လှုပ်သွားသည်။ အသက်ကို တစ်ချက်မျှအောင့်လိုက်ပြီး ဒူးလေးကြီးကို ဂျီ (ချေ) ကောင်ရှိရာသို့ တည့်မတ်စွာ ချိန်ရွယ်လိုက်သည်။ ဒူးလေးခလုတ် ပေါ်သို့တင်ထားသည့် လက်ညှိုးကို မျှဉ်းမျှဉ်းလေးဆွဲဖြုတ်လိုက် စဉ် ...

''ဟေ့ ...မပစ်နဲ့ မပစ်နဲ့''

'ဝှစ် ..ဒုတ်'

ကျောက်တလားကြီးနောက်မှ တားမြစ်ဟန့်တားသံ တစ်ခု ထွက်လာသော်လည်း မမီတော့ပါ။ ဝှစ်ခနဲ မြားပြေးသံ နှင့်အတူ ဂျီ (ချေ) ကောင်လေးမှာ မြားထိမှန်ကာ မြေပေါ်သို့ အရှစ်ကြိုးပြတ် လဲကျသွားပါချေတော့သည်။ ထိုအခါမှ ကျောက် အိုးမှာ အသံထွက်ပေါ်လာရာ ကျောက်တလားကြီးရှိရာသို့ လှည့် ကြည့်လိုက်ပါ၏။



တွေ့ပါပြီ ...။ သျှောင်ထုံးထားသည့် ကရင်အဘိုးကြီး တစ်ယောက်က ကျောက်အိုးအား မီးပွင့်လုမတတ်မျက်လုံးကြီး များနှင့် စူးစူးရဲရဲစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ကရင် အဘိုးကြီးမှာ ထွားထွားကျိုင်းကျိုင်းနှင့် ပလိုင်းတစ်လုံးကိုပါ လွယ်သိုင်းထားသည်။

ကျောက်အိုးမှာ တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ဖူးခြင်းမရှိ သော ကရင်အဘိုးကြီး၏ မကျေမနပ်အကြည့်စိမ်းစိမ်းများ ကြောင့် သူ့အား ရန်ပြုမည်ထင်ကာ ခါးမှဓားမဲလိုက်ဓားမြှောင် ပေါ်သို့ လက်ကိုတင်ထားလိုက်ပြီး ...

''ခင်ဗျားက ဘယ်သူလဲ ...ဟောဒီ ကျောက်တလား တောင်မှာ တစ်ခါမှမတွေ့ဖူးပါဘူး၊ မုဆိုးက သားကောင်ပစ်တာ ကို ဘာဖြစ်လို့တားဆီးချင်ရတာလဲ၊ ဘာလဲ ...ဒီ ဂျေ (ချေ) ကောင်ကို ခင်ဗျားပိုင်လို့လား ...ဟင်''

''အင်း ...နင်ဟာ ဘယ်လိုမုဆိုးလဲဆိုတာတော့ ငါ မသိဘူး၊ မုဆိုးက သားကောင်ကိုပစ်တာလည်း ဘာမှ ပြဿနာ မရှိဘူး၊ ဒါပေမဲ့ မုဆိုးစည်းကမ်းကိုတော့ လိုက်နာရမှာပေါ့၊ အခု မင်းပစ်လိုက်တဲ့ ဂျေ (ချေ) ကောင်ဟာ ဗိုက်ကြီးနဲ့ကွ ...သိရဲ့ လား မုဆိုးမိုက် ...ဟင်း ဟင်း ...ဒီအပြစ်ကြွေးအတွက် နင် တစ်ခုခုကို ပြန်ပြီးပေးဆပ်ရလိမ့်မယ်နော့''

ကရင်အဘိုးကြီး၏စကားကြောင့် ကျောက်အိုးမှာ ကယို ကယားပင် လဲကျသေဆုံးနေပြီဖြစ်သည့် ဂျီ (ချေ)ကောင်ရှိရာသို့ အပြေးအလွှားသွား၍ ကြည့်လိုက်သည်။ ဟုတ်သည် ...။ သူ ခဆင်မခြင်ပစ်ခတ်လိုက်သော ဂျီ (ချေ)သည် ဗိုက်နှင့်သော (ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်) မိခင်လောင်းတစ်ကောင်ဖြစ်နေသည်ကို ထိတ်လန့်တကြား သိရှိလိုက်ရပါ၏။ ထို့ကြောင့် သူ၏အမှားကို ကရင်အဘိုးကြီးအား တောင်းပန်စကားပြောရန်လှည့်ကြည့်လိုက်သည်တွင် ...

"ဟာ ... ဘယ် .. ဘယ် .. ဘယ်ရောက်သွားပြီလဲဟ"

စောစောကမှ သူ့အား အပြစ်တင်စကားများပြောဆိုနေသည့် ထွားထွားကျိုင်းကျိုင်းကရင်အဘိုးကြီးမှာ မြေလျှိုး၍မိုးပျံသွားလေသည်လားမသိ။ သူရပ်နေသည့်နေရာတွင် မရှိတော့ပါ။ သူ၏နောက်ဘက်မှ ကျောက်တလားကြီးကသာ တိတ်ဆိတ်ချောက်ချားစွာ ကျောက်အိုးအား ကြည့်နေလေသည်သို့ ...။

"ဘယ်လိုဖြစ်တာလဲ ... အခုလေးတင် ငါ့ရှေ့မှာ ရပ်နေတာ ... ချက်ချင်း ခြေသံမကြား, ဘာမကြားနဲ့ ပျောက်သွားတာ ဘာသဘောလဲ ... ဒီကရင်အဘိုးကြီးက ဘာလဲ"

ကျောက်အိုးတစ်ယောက် အပြစ်တစ်ခုကို ကျူးလွန်မိထားသူတစ်ယောက်နှယ် တုန်ယင်ချောက်ချားနေပါ၏။ ထို့အပြင် ထူးဆန်းစွာပျောက်ဆုံးသွားသည့် ကရင်အဘိုးကြီးကလည်း ကျောက်အိုးအား အဖြေမရှိသော ပဟေဠိပုစ္ဆာများကို ပေးသွားလေသည်လား။ နောက်ဆုံးတော့ သူပစ်ခတ်ပြီးသားဖြစ်သည့် ဂျီ (ချေ)ကောင်အသေကို ဖမ်းမိပြီးသား တောကြောင်များနှင့်အတူ ထမ်းရင်း ကျောက်တလားကြီးအား ကျောခိုင်းထွက်ခွာလာခဲ့သည်။ သူ၏နားထဲတွင်မူ ကရင်အဘိုးကြီးပြောဆိုခဲ့သည့် နောက်ဆုံးစကားသံများကို ပြန်လည်ကြားယောင်နေမိသည်။



"အခု မင်းပစ်ခတ်လိုက်တဲ့ ဂျီ (ချေ) ကောင်ဟာ ဗိုက်ကြီးနဲ့ကွ ... သိရဲ့လား မုဆိုးမိုက် ... ဟင်း ဟင်း ... ဒီအပြစ်ကြွေးအတွက် နင် တစ်ခုခုကို ပြန်ပြီးပေးဆပ်ရလိမ့်မယ်နော့"

ကျောက်အိုးတစ်ယောက် နားထဲတွင် ပဲ့တင်ထပ်မျှကြားနေရသော ကရင်အဘိုးကြီး၏စကားသံများကြောင့် ခေါင်းကို တွင်တွင်ခါယမ်းပစ်လိုက်သည်။ တကယ်တော့ ကျောက်အိုးခမျာ စိတ်နှင့်ကိုယ် မကာပ်တော့။ လွင့်ပျံနေသောစိတ်အစဉ်က ရုတ်တရက် တွေ့မြင်ခဲ့ရသည့် ကရင်အဘိုးကြီးကို လိုက်လံ၍ ရှာဖွေနေမိသည်။ အန္တရာယ်များလှသော ကျောက်တလားတောင်ဆက်တွင် စိတ်နှင့်လူ ကပ်ငြိမနေခြင်းသည် လွန်စွာမှားယွင်းသော ဖြစ်ရပ်တစ်ခုဖြစ်သည်။

ထို့ကြောင့်လည်း သူသွားရာလမ်းကြောင်းတွင် ကိုင်းကျနေသည့် သစ်ကိုင်းခြောက်မွဲမွဲထက်မှာ ရစ်ပတ်နေသည့် 'မြွေဟောက်ပြာ' ခေါ် 'နတ်မြွေ' တစ်ကောင်ကို ကျောက်အိုးတစ်ယောက် သတိမထားလိုက်နိုင်မိခြင်းက သူ၏ဘဝတစ်ဆစ်ချိုးကို ကြီးစွာပြောင်းလဲမှု ဖြစ်သွားစေခဲ့ပါသည်ဟုဆိုလျှင် ...။

'ရှီး .. ဖျောင်း'

"ဟာ ... အား"

မြန်လိုက်သည်ဖြစ်ခြင်း ...။ ကျောက်အိုးတစ်ယောက် သူ၏ရှေ့တွင် ကိုင်းကျနေသည့်သစ်ကိုင်းခြောက်ကို ညာလက်နှင့်ကိုင်စွဲထားသည့် ဒူးလေးကြီးနှင့် အမှတ်မထင်တွန်းဖယ်လိုက်သည်နှင့် သစ်ကိုင်းခြောက်ဘက်ရှိ 'မြွေဟောက်ပြာ'က သူ၏ အမြီးနှင့် ကျောက်အိုး၏မျက်နှာအား ဖျောင်းခနဲ ပင့်ရိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်ချိန်တည်းမှာပင် ဝဲခနဲတက်လာသည့် ကျောက်အိုး၏ ဒူးလေးကိုင်ထားသည့် ညာလက်ဖျံအား 'မြွေဟောက်ပြာ' ကြီးက ဆတ်ခနဲကိုက်လိုက်ပါတော့သည်။

'အား ... အီး'

'ဝုန်း .. ဘုန်း'

ချက်ချင်းပင် ကျောက်အိုးတစ်ယောက် နာကျင် စူးနစ် ဝေဒနာခံစားလိုက်ရပြီး ဝုန်းခနဲ မြေပြင်ထက်သို့ ပစ်လဲကျကာ မြွေဆိပ်များမည်းမှောင်တက်လာပြီး သတိလစ်မေ့မြောသွားပါ လေတော့သည်။

❁ ❁ ❁



အခန်း (၁၂)

ကျောက်တလားမှ ထူးဆန်းသောရသေ့ကြီး

ကျောက်အိုးတစ်ယောက် မြွေဆိပ်များတက်ကာ မည်မျှကြာကြာ သတိလစ်မေ့မြောနေလေသည် မသိ။ သူ သတိရလာတော့ ခပ်မှောင်မှောင်ရှိသော ကျောက်လိုဏ်ဂူတစ်ခုအတွင်းရှိ ကွပ်ပျစ်တစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိသည်ကို သတိထားလိုက်မိသည်။

''အီး ... ကျွတ် ကျွတ် .. ဟင်း''

''သတိရလာပြီလားကွဲ့ မောင်ရင်လေး ... မင်းရဲ့ မျက်လုံးကို သိပ်ပြီးအာရုံမစိုက်လိုက်နဲ့ဦးနော် ... မြွေဟောက်ပြာရဲ့အမြီးရိုက်ချက် ထိထားတယ်''

''ဗျာ''

မြွေဟောက်ပြာ ဟူသောစကားသံကြောင့် ကျောက်အိုး ထိတ်လန့်တကြားဖြစ်သွားပါ၏။ ထို့အတူ သူ၏ကာယ်တင်ရှင်အား သိလိုစိတ်ဖြင့် အသံကြားရာသို့ မျက်လုံးကိုစွေ၍ ကြည့်

www.burmeseclassic.com

www.burmeseclassic.com



သိုက်မိသည်။

"အ . . အား . . ပူ . . ပူတယ် . . အား"

"အဲဒါကြောင့် ပြောတာပေါ့ . . . မျက်လုံးတွေကို အား ိုက်ပြီးမကြည့်နဲ့လို့၊ မြွေဟောက်ပြာရဲ့ အဆိပ်ရိုက်ချက် မိသွား ခဲ့ရင် မျက်စိကန်းသွားနိုင်တယ် မောင်ရင်လေး၊ ကျုပ်နဲ့တွေ့တာ မောင်ရင်လေး သိပ်ကံကောင်းတယ်၊ နည်းနည်းလေးသာနောက် ကျသွားခဲ့ရင် မင်းရဲ့အသက်ကို ကယ်တင်နိုင်မှာ မဟုတ်တော့ဘူး မြွေဟောက်ပြာဟာ အင်မတန်အဆိပ်ပြင်းတဲ့ သတ္တဝါကွဲ့"

ကျောက်အိုး၏ မှုန်ဝါးဝါးအမြင်အာရုံတွင် ရသေ့အိုကြီး တစ်ပါးကို ဝေဝေဝါးဝါး တွေ့မြင်လိုက်ရပါ၏။ ဤရသေ့ကြီးသည် သူ၏အသက်ကို လက်မတင်လေးကယ်တင်ခဲ့သည့် ကျေးဇူးရှင် တစ်ယောက်ပင် ဖြစ်မည်။ ထို့ကြောင့် ကျောက်အိုးမှာ လက်နှစ် က်ကို ရင်ခွင်ထက်ပူးယှက်ကာ လဲလျောင်းနေရာမှပင် ရှိသေ စွာ ကန်တော့လိုက်ပါချေ၏။ တစ်ဆက်တည်းပင် ဒဏ်ရာရ မျက်လုံးအိမ်ထဲမှ မျက်ရည်စတချို့ စီးကျလာကြပြီး . . .

"ကျွန်တော်ဟာ သားကောင်တွေကို သတ်ဖြတ်တဲ့ ုဆိုးမိုက်တစ်ယောက်ပါ၊ အခုလို ကျွန်တော့်ရဲ့အသက်ကို ကယ် တင်ခဲ့တဲ့ ဘရသေ့ကို ကျေး . . . ကျေးဇူးတင်ပါတယ် . . . အား . . . ကျွတ် ကျွတ်"

"သိပ်စကားမပြောနဲ့ဦး မောင်ရင်လေး၊ မြွေဆိပ်တွေ ကိုထုတ်ယူပြီးခဲ့ပေမယ့် ပြင်းထန်လှတဲ့ မြွေဆိပ်ဒဏ်ကိုတော့ စားရဦးမှာပဲ၊ အင်း . . . တစ်ခု စိတ်မကောင်းဖြစ်မိတာကတော့ င်းရဲ့အသက်ကို အချိန်မီကယ်တင်လိုက်နိုင်ခဲ့ပေမယ့် မြွေ



ဟောက်ပြာရဲ့ အမြီးရိုက်မိတဲ့ဒဏ်ကို ခံလိုက်ရတဲ့ မင်းရဲ့မျက်စိ နှစ်ကွင်းကတော့ မကြာခင် အမြင်အာရုံတွေ လက်လွှတ်ဆုံးရှုံး ရတော့မယ်ဆိုတာကိုပဲလေ"

"ဗျာ . . . ဒီ . . ဒီ . . ဒီလိုဆို ကျွန်တော့်ရဲ့ မျက် . . မျက်စိတွေက ဟို . . ဟို . ."

"ဟုတ်တယ် မောင်ရင်လေး . . . မင်းရဲ့မျက်စိအစုံဟာ မကြာခင် လုံးဝမြင်ခွင့်ရတော့မှာ မဟုတ်ဘူးကွဲ့၊ အင်း . . . ဘာကြောင့်များ အန္တရာယ်များလှတဲ့ ကျောက်တလားနယ်မြေ ကြီးထဲကို ဝင်လာခဲ့ရတာလဲကွယ်"

ဘရသေ့ကြီးက ကျောက်အိုး၏အဖြစ်ကို စာနာစိတ် ဖြင့်ပြောဆိုရင်း ကျောက်တလားနယ်မြေအတွင်းသို့ နယ်ကျော် ရှာရောက်လာခြင်းကို မေးမြန်းနေပါ၏။ ထို့ကြောင့် ကျောက်အိုး ကလည်း သူ၏မုဆိုးဘဝပုံရိပ်နှင့် ကျောက်တလားနယ်မြေအ တွင်း ၏ရှိသော ဂူ (ချေ) တစ်ကောင်ကို မှားယွင်းစွာပစ်ခတ်မိ ခဲ့ရာမှအစ ထူးခြားသောကရင်အဘိုးအိုကြီးအကြောင်းကိုပါ ခရေ စေ့တွင်းကျ ပြောဆိုလိုက်ပါတော့သည်။

"ဪ . . . . . . ဒါကြောင့် မောင်ရင်လေးဟာ အ ခုလို အန္တရာယ်တွေနဲ့ကြုံတွေ့ခဲ့ရတာကိုး၊ အင်း . . . အဲဒီကရင် အဘိုးကြီးက မပစ်နဲ့လို့တားလိုက်ကတည်းက မောင်ရင်လေး သာ သတိထားပြီး ဆင်ခြင်လိုက်နိုင်မယ်ဆိုရင် အခုလိုအဖြစ်မျိုး တွေ ကြုံတွေ့ရမှာ မဟုတ်ဘူး"

"ခင်ဗျာ . . . ဘာ . . . ဘာဆိုင်လို့လဲ ဘရသေ့ရယ် . . . သူက ဘာမို့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်အိုး ရှတ်တရက် ဘရသေ့ကြီးအား ပြန်လည်မေးလိုက်စဉ်မှာပင် ဂျီ (ချေ)ကောင်လေးကို ပစ်ခတ်မည်လုပ်စဉ်က ဟန့်တားခဲ့သော ကရင်အဘိုးကြီး၏မျက်နှာကို ပြန်လည်၍မြင်ယောင်မိလာပါ၏။ ထူးခြားသည်မှာ ဂျီ (ချေ) ငယ်တွင် ဖိုးရှိနေမှန်း ကရင်အဘိုးကြီးက အဘယ်ကြောင့် ကြိုတင်၍သိရှိနေပါသနည်း။

"ဟင် ဘရသေ့ . . . အဲဒီကရင်အဘိုးကြီးက ဘာမို့လို့လဲ၊ ဒီကျောက်တလားနယ်မြေထဲက သားကောင်တွေကို သူပိုင်လို့လား"

"အင်း . . . ဟောဒီ ကျောက်တလားနယ်မြေကြီးထဲမှာရှိတဲ့ သတ္တဝါတွေအားလုံးကို သူပိုင်တယ်၊ သူပေးမှ ရတယ်၊ ဒါကြောင့် မောင်ရင်လေးကို ကယ်တင်လာခဲ့စဉ်တုန်းက မောင်ရင်လေးရဲ့နံဘေးမှာ တောကြောင်အသေနှစ်ကောင်နဲ့ တောကြက်အသေနှစ်ကောင်ကလွဲပြီး ဘယ်လိုဖိုးရှိတဲ့ ဂျီ (ချေ) အသေကောင်ကိုမှ မတွေ့ခဲ့ရဘူးလေ"

"ဗျာ"

ဤတစ်ကြိမ်မှာတော့ ကျောက်အိုးတစ်ယောက် အာမေဋိတ်သံတစ်ချက်နှင့်အတူ ပါးစပ်အဟောင်းသား ဖြစ်သွားပါလေတော့သည်။ သူကိုယ်တိုင်ပစ်ခတ်ခဲ့သော ဂျီ (ချေ) အသေကောင်က အဘယ်ကြောင့် ထူးခြားစွာပျောက်ဆုံးသွားခဲ့ရပါသနည်း။ ဤသို့ဆိုလျှင် . . . .

"ဒါ . . ဒါ . . ဒါဆိုရင် ဒီ . . ဒီ . . က . . ကရင်အဘိုးကြီးက . . ."



"ဟုတ်တယ် မောင်ရင်လေး . . . အဲဒီ ကရင်အဘိုးကြီးက ဟောဒီကျောက်တလားနယ်မြေကြီးနဲ့ ကျောက်တလားတောင်ကိုအပိုင်စားရတဲ့ 'ကျောက်တလားဘိုးဘိုးကြီး' ပဲပေါ့၊ ငါတောင် ဒီတောင်မှာ အမိဌာန်စခန်းဝင်ရင် သူ့ဆီမှာ ခွင့်တောင်းရတယ်လေ"

ကျောက်အိုးတစ်ယောက် ယခုမှ လိပ်ပတ်လည်လာပါတော့သည်။ ထို့ကြောင့် သူ၏စိတ်တွင် ဤကရင်အဘိုးအိုကြီးမှာ ထူးဆန်းနေသည်ဟု ထင်မြင်နေမိခဲ့ပါ၏။ သူ၏ တောလည်အမဲပစ်ခဲ့သည့် သက်တမ်းတစ်လျှောက် ကျောက်တလားတောင်ပိုင်ဘိုးဘိုးကြီး ခေါ် ကရင်အဘိုးအိုကြီးအား ဤတစ်ကြိမ်ပင်မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ထို့အတူ ကျောက်တလားတောင်ပိုင်ဘိုးဘိုးကြီး၏ နိမိတ်စကားများနှင့် သူ၏မျက်စိနှစ်ကွင်း ကွယ်လုလုအနေအထားကိုတွေးတောမိရင်း ကျောက်အိုးတစ်ယောက် အကြီးအကျယ်နောင်တတရားများ ရနေပါတော့သတည်း။

❀

ကျောက်လှိုဏ်ဂူထဲတွင် မီးဖိုမီးမှ အလင်းရောင်ကြောင့်နွေးထွေးခြင်းနှင့်အတူ အလင်းတောက်ပြောင်ပါရရှိနေပါ၏။ ကျောက်လိုဏ်ဂူနံရံရှိ သုံးပေခန့်မြင့်သော ကျောက်သားစင်မြင့်ထက်ရှိရုပ်ပွားတော်ရှေ့တွင် ကျောက်ခွက်ကလေးအတွင်း၌ မီးတတန်း

www.burmeseclassic.com

www.burmeseclassic.com



လန်းနှင့် ဆီမီးပူဖော်ထားရှိသည်။

ဘရသေ့မှာမူ ဝါးကွပ်ပျစ်ပေါ်တွင် သားရေနွယ်ကိုခင်းကာထိုင်လျက် ကျောက်အိုးအား တရားလက်ဆောင်ချီးမြှင့်နေပါ၏။ ဒဏ်ရာမှသက်သာပျောက်ကင်းခဲ့ပြီဖြစ်သဖြင့် ကျောက်အိုးမှာ မှန်ရှိဝေဝါးစပြုနေပြီဖြစ်သည့် မျက်လုံးအစုံဖြင့် ကျေးဇူးရှင်ဘရသေ့ကို ကြည်ညိုစွာကြည့်ရင်း မီးဖိုအနီးတွင်ထိုင်ကာ ဘရသေ့၏ဆုံးမစကားများကိုနာယူလျက်ရှိသည်။

"ဒီမှာ ခမောင်ရင်လေး ... တို့တစ်တွေဟာ ပဋ္ဌာန်းဆက်ပါခဲ့လို့ တွေ့ဆုံခိုက်မှာ အကျိုးရှိစေမယ့်တရားကိုသာပြောဆိုချင်တယ်၊ အတုမရှိတဲ့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါဟူသမျှကို ရင်ဝယ်သားကဲ့သို့ သဘောထားတော်မူတယ်၊ အမြဲတမ်းလည်း မေတ္တာဓာတ်အပြည့်နဲ့ ခွင့်လွှတ်တော်မူပါတယ်၊ ဒါပေမဲ့ သတ္တဝါတိုင်းမှာ ရှိနှင့်ပြီးသားဖြစ်တဲ့ ကုသိုလ်,အကုသိုလ်တွေကြောင့် ကိုယ့်ရဲ့ကံကြမ္မာအတိုင်းသာ ကိုယ်ဆုံးဖြတ်လေ ရှိကြတယ်ကွဲ့ ...၊

ကုသိုလ်ကံအလှည့်သင့်လို့ လူ့ဘဝကိုရရှိလာခဲ့တာ ဘယ်မှာအချိန်ကုန်ခံဖို့ ကောင်းပါ့မလဲ၊ ရသမျှကုသိုလ်ဒါနတွေနဲ့ ပြည့်စုံတဲ့တရားမြတ်တွေကို အရလုပ်ကြဖို့, အရယူကြဖို့ အရေးကြီးတယ်လေ၊ ကုသိုလ်ကံလေးရှိလို့ လူဖြစ်လာတဲ့အခိုက်အတန့်မှာ လူ့ရင်းစားလေး, လူ့မျိုးစေ့, ကုသိုလ်မျိုးစေ့လေးကို တစ်ခါတည်းမျိုးဖြုတ်ရအောင် ပြုတ်မစားကြတဲ့ တိုးပွားထွန်းကားဖို့ အနည်းဆုံး လူ့ကျင့်ဝတ်ဖြစ်တဲ့ ငါးပါးသီလမြဲကြဖို့တော့ အရေးကြီးတယ်၊ မောင်ရင်လေး တတ်နိုင်ရင် ရှစ်ပါး, ကိုးပါး ထိန်းသိမ်းကြဖို့လိုတယ်၊ ဒါမှသာ လောကီကုသိုလ်ကနေ မဂ်ကုသိုလ်,ဖိုလ်ကုသိုလ်ဖြစ်တဲ့ လောကုတ္တရာကုသိုလ်ကို လှမ်းနိုင်, ဆွတ်နိုင်ကြမှာကိုးကွဲ့၊ အဲဒါမှ လူ့ဘဝမှာ လူဖြစ်ရကျိုးနပ်ပြီပေါ့လို့ ကြွေးကြော်နိုင်မှာပေါ့ကွယ်"



ဘရသေ့မှာ ကုသိုလ်၊ အကုသိုလ်စိတ်အကြောင်း မနုသတ္တလူ့ဘဝ၏ မွန်မြတ်ပုံအကြောင်း၊ သူ့အသက်သတ်ဖြတ်ခြင်းဟူသော မကောင်းသည့်ပါဏာတိပါတကံအကြောင်းများကို စိတ်ရှည်ရှည်နှင့် ကျောက်အိုးအား ပြောဆိုဆုံးမလျက်ရှိသည်။

ထို့နောက် ကျောက်အိုးစားရန်အတွက် ငှက်ပျောသီးတစ်ဖီးနှင့် သောက်ရေဝါးကျည်တောက်ခွက်တစ်ခွက်ကို ဘရသေ့က ပေးလာခဲ့ပါ၏။ ကျောက်အိုးမှာ ငှက်ပျောသီးကိုမြင်လိုက်ရမှ ဝမ်းဟာလာသည်ကို သတိရကာ သုံးလေးလုံးခန့် ဖြုတ်ချွေ၍စားလိုက်ပြီး ဝါးကျည်တောက်ခွက်ထဲမှရေကို မော့သောက်လိုက်သည်။

တစ်ဆက်တည်းမှာပင် ဘရသေ့ကိုကြည့်ကာ ငြိမ်းအေးမှုကို ပထမဦးဆုံးအကြိမ် သူ၏နှလုံးသားက တောင်းဆိုလာခဲ့သည်။ သူ၏ဘဝသည် ပူလောင်လွန်းလှသလို ခံစားရသည်။ သူတစ်ပါးအသက်ကိုသတ်ဖြတ်နိုင်ရန် အမြဲတစေကြံစည်ရင်း ကိုယ့်အသက်အန္တရာယ်ကိုလည်း သတိမပြတ် ကာကွယ်ထားရခြင်း။ ဇနီးသည်၏ နေ့စေ့လစေ့ကိုယ်ဝန်နှင့် မမြင်ရသေးသည့် ရင်သွေးလေးအတွက် ကြိုတင်၍ပူပန်စိုးရိမ်နေရခြင်း။ မပြေလည်သော ဘဝနင်းကြမ်းတွင် ခါးစည်းရုန်းကန်နေရခြင်း၊ ဝေသည့် သောကအပူမီးများ၊ ကြောင့်ကြစိတ်များနှင့် အမြဲတမ်းလို

www.burmeseclassic.com

www.burmeseclassic.com



လို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်မဟုတ်ပါလား။

"အင်း ... အေးငြိမ်းမှုကိုလိုချင်ရင်တော့ အေးငြိမ်းမှုကို ရှာရမယ်၊ လောကမှာ လူတွေဟာ တစ်ခုခုကိုတော့ မလွဲမသွေ ရှာကြရတာပဲကွဲ့၊ ရှာနည်းမှန်ကန်ခဲ့ရင်တော့ ငွေရှာတဲ့သူက ငွေရကြမှာပဲ၊ ရွှေရှာတဲ့သူက ရွှေရကြမှာပဲ၊ တရားရှာရင်လည်း တရားရကြမှာ အသေအချာပဲကွဲ့၊ ဒါပေမဲ့ လူတော်တော်များများဟာ ရှာနည်းမမှန်ကန်ကြလို့ ခုတ်ရာတခြား၊ ရှရာတခြားဖြစ်ပြီး နောက်ဆုံး ကိုယ် ဘာရှာလို့ရှာဖွေနေမှန်းတောင် မသိကြတော့ဘူးပေါ့၊ အဲဒီတော့လည်း မလိုလားအပ်တဲ့ကိစ္စတွေ ဝင်လာကြပြီး ရှုပ်ထွေးကုန်ကြတော့တာပါပဲ မောင်ရင်ရယ်"

တဖြည်းဖြည်းနှင့် ကျောက်အိုး၏ မသိနားမလည်နိုင်ခြင်း စသော တိမ်မှောင်အမြှုတိုက်ကြီးသည် ဘရသေ့၏စကားများကို နားထောင်ရင်းမှပင် တစ်စတစ်စနှင့် ရှင်းလင်းစပြုလာခဲ့ပါပြီ။ မီးဖိုမှမီးရောင်များကလည်း တဟုန်းဟုန်းတက်လာသည်။ ထို့အတူ လိုဏ်ဂူအတွင်းဝယ် အနွေးဓာတ်ကလည်း တရှိန်ရှိန်တက်လာပါလေ၏။ ကျောက်အိုးမှာလည်း ဘရသေ့၏ တရားအဆုံးအမတွင် နစ်မျောနေပြီး မိမိ၏ လက်ရှိမှဆိုးဘဝကိုပင် မေ့လျော့လျက်ရှိပါချေပြီ။

"ဒီမှာ မောင်ရင်လေးရဲ့ ... မင်း နေ့စဉ်နေ့တိုင်းလိုလို ပစ်ခတ်သတ်ဖြတ်နေတဲ့ အဟိတ်တိရစ္ဆာန်တွေနဲ့ အခု မောင်ရင်တို့၊ ဘရသေ့တို့ဖြစ်နေတဲ့ လူ့ဘဝ ... ဘယ်ဘဝက ကောင်းသလဲ၊ မြတ်သလဲဆိုတာ တစ်ဆိတ်လောက်ပြောပြပါဦး"

ဘရသေ့က သူ့ရှေ့ရှိ ကြေးကရားအိုးလေးထဲမှ ရေတစ်



ခွက်ငှဲ့၍သောက်လိုက်ပြီးမှ ကျောက်အိုးအား မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

"ဟာ ဘရသေ့ကလည်း ... ကျွန်တော်တို့ အခု ဖြစ်နေတဲ့ လူ့ဘဝကမြတ်တာပေါ့ ဘရသေ့ရယ်"

"အိမ်း ... မှန်လိုက်လေ မောင်ရင်ရယ်၊ အဲဒီလို အဟိတ်တိရစ္ဆာန်တွေဟာ မောင်ရင်လေးတို့၊ ဘရသေ့တို့လို လူ့ဘဝမှာကျင်လည်ခဲ့ကြစဉ်တုန်းက ဘုရားမှန်းလည်း မသိကြ၊ တရားမှန်းလည်း မသိကြ၊ ဂရုမစိုက်မိကြဘဲ အချိန်တန်လို့ သေဆုံးကြနောက် ဘဝတစ်ခုမှာ အဟိတ်တိရစ္ဆာန်ဘဝကို ရောက်ကြတော့မှ နောက်ကနောင်တတွေ အလီလီရခဲ့ကြရတာ ပေါ့၊ သူတို့ရဲ့ဘဝကို ကယ်တင်နိုင်မယ့်၊ သူတို့ရဲ့ဝဋ်ကြွေးက လွတ်မြောက်အောင် ကူညီကယ်တင်နိုင်မယ့် အားကိုးအားထားကို ရှာဖွေကြတယ်၊ လက်ရှိ သူတို့ရဲ့ဘဝတွေ မကောင်းမှန်းသိလေ လေ သူတို့ ကူးပြောင်းရောက်ရှိခဲ့ကြတဲ့ လူ့ဘဝကို ပိုပြီးတမ်းတကြလေလေပေါ့ကွယ်၊ အေး ... ဒါပေမဲ့ ဝဋ်ဆိုတာက မလွယ်ဘူးလေ ...၊

ဘရသေ့တို့ရဲ့ ဗုဒ္ဓဘုရားရှင်တောင်မှ ဝဋ်ကြွေးရှိရင် ခံပြီးပေးဆပ်ကြရတာကလား။ အဲဒါကြောင့် မရှိတာထက် မသိအခက် ဆိုတဲ့စကားအတိုင်း၊ မသိတာကမှမသိဆုံးမှာ တရားမသိတာ ပိုပြီးအခက်ဆုံး၊ အခံရဆုံး၊ အဆိုးဝါးဆုံးပဲမောင်ရင်၊ အဲဒါကြောင့် ရခဲလှတဲ့လူ့ဘဝ ရောက်လာချိန်မှာ သတိဝီရိယနဲ့ ဆင်ခြင်ကြ၊ မှတ်သားကြပေတော့"

ကျောက်အိုးမှာ ဘရသေ့၏ ထိရှပြတ်သားသော ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မြေဩဝါဒများကို နာယူမှတ်သားရင်း သူ၏လက်ရှိ ပါဏာတိပါတကံများနှင့်ပြည့်လျှံနေသော ဘဝဆိုးကြီးကို သိမြင်လာခဲ့ရပါပြီ။ ကုသိုလ်နှင့်အကုသိုလ်တို့ကိုလည်း ဆင်ခြင်ပိုင်းဖြတ်နိုင်ခဲ့ပါပြီ။ ထို့ကြောင့် နေရာမှထကာ ဘုရားရှင်၏ရှေ့တွင် ပျပ်ဝပ်ရှိသေစွာဒူးထောက်လျက် ရှိသေဦးချ ကန်တော့လိုက်ပါတော့သည်။

"ဘုရားသခင်ဘုရား ... ကျွန် .. ကျွန်တော့်ရဲ့ဘဝကို ကယ်တင်ပေးပါ။ ဒီအကုသိုလ်သွေးညှီနံ့တွေနဲ့ နစ်မြုပ်ဝဲလှည့်နေတဲ့ ဘဝဆိုးကြီးထဲကနေ လွတ်မြောက်အောင် ကယ်တင်စောင့်ရှောက်ပေးပါဘုရား"

အသိမှန်,အမြင်မှန်အလင်းသည် မြူနေသော ကျောက်အိုး၏စိတ်ကို မီးမောင်းထိုးပြလိုက်သည့်အခါမှာတော့ ကျောက်အိုးခမျာ တရားရှင်ဘုရားသခင်ရှေ့မှောက်တွင် ပြားပြားဝပ်ခဲ့ရသည် မဟုတ်ပါလား။

"ကျွန်တော့်ရဲ့လက်ဟာ သတ္တဝါတွေကို သတ်ဖြတ်ကျူးလွန်ခဲ့ရင်းနဲ့ သွေးညှီနံ့တွေ စွန်းထင်းပေကျံပြီး သွေးထွက်သံယိုဖြစ်အောင် ကာယကံမြောက်လည်း ကြံဆောင်မိခဲ့တဲ့အပြစ်တွေ၊ အကုသိုလ်တွေ ထပ်နေပါပြီဘုရား။ အဲလိုလူကိုတောင်မှ ဘုရားသခင်က အပြစ်မယူဘဲ မြွေဆိပ်ဒဏ်ရာကနေ ပျောက်ကင်းအောင်ကုသပေးခဲ့ပြီး လမ်းမှန်ပေါ်ရောက်အောင် လမ်းပြဆုံးမပေးခဲ့သေးတယ်နော်၊ ကျွန်တော့်ရဲ့အပေါ်မှာ ဘုရားသခင်ရဲ့ကျေးဇူးတွေက ထပ်နေပါပြီ၊ လောလောဆယ် ကျွန်တော့်မှာလည်း ဘုရားသခင်အတွက် လှူစရာဘာတစ်ခုမှမရှိလို့ စိတ်မကောင်းဖြစ်မိပါတယ်ဘုရား"



"ဟင်း ဟင်း ... မောင်ရင့်မှာ လှူစရာ ပါလည်းပါလာတယ်၊ ရှိလည်းရှိပါတယ်ကွဲ့"

ဘုရားသခင်က သူ့အား ပြုံးပြုံးကြီးနှင့်ကြည့်ကာ ပြောကြားလိုက်ပါ၏။

"ဟင် ... ကျွန်တော့်မှာ ဘာတွေပါလို့လဲဘုရား၊ ဘုရားသခင်ပြောပါ ... လှူလို့ရတာ အားလုံးလှူပါ့မယ်"

"ကိုင်း ... ဒီလိုဆိုရင်လည်းပြောမယ် မောင်ရင်လေးရေ ... ဘုရားသခင်အလှူခံချင်တာကတော့ မောင်ရင်လေးရဲ့ ပါဏာတိပါတကံတွေ ကျူးလွန်နေတဲ့ ဒူးလေးကြီးကိုပါပဲကွယ်၊ ဒူးလေးကြီးလို့ဆိုလိုက်လို့ အဲဒီဒူးလေးကြီးကို လှူရမယ်လို့ ဆိုလိုတာမဟုတ်ဘူးနော်၊ ကိုယ်ချင်းစာစိတ်, မေတ္တာစိတ်ကလေးထားပြီး သတ္တဝါတွေအပေါ်မှာ သနားငဲ့ညှာပါ၊ အသက်ရှင်နေသမျှကာလပတ်လုံး အမဲလိုက်ပြီး သတ္တဝါတွေရဲ့အသက်ကို မသတ်ဖြတ်တော့ပါဘူးဆိုတဲ့ 'ကတိသစ္စာ' တစ်လုံးကိုပဲ အလှူအဖြစ်သတ်မှတ်ပြီး လှူလိုက်ပေါ့ကွယ်"

ဘုရားသခင်၏စကားကို ကျောက်အိုးမှာ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရင်းမှ သဘောပေါက်နားလည်သွားသည်ထင့် ...။ ဝမ်းသာအားရစွာပင် မဆိုင်းမတွ ကတိပေးကာ လျှောက်ထားလိုက်ပါလေ၏။

"စိတ်ချပါ ဘုရားသခင် ... ဒီတစ်သက် အမဲလိုက် သတ်ဖြတ်ခြင်းဆိုတဲ့ သူတစ်ပါးရဲ့အသက်တွေကို သတ်ဖြတ်တဲ့အမှုကိစ္စတွေကို မပြုလုပ်တော့ပါဘူးဆိုတဲ့ 'ကတိသစ္စာ' မြဲမြဲ အဲဒီကတိတစ်လုံးကို အလှူအဖြစ် သတ်မှတ်လက်ခံတော်မူပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သာဓု သာဓု သာဓုပါကွယ် ...ကိုင်း ...ဒါဆိုရင်လည်း မောင်ရင်လေးအတွက် တစ်သက်စာလက်ဆောင်တစ်ခု ပေးလိုက်မယ်၊ လာ ...လိုက်ခဲ့ပါကွဲ့"

ဘရဒေ့က ကျောက်အိုးအားခေါ်၍ ကျောက်လိုဏ်ဂူအပြင်ဘက်သို့ထွက်လာခဲ့သည်။ လိုဏ်ဂူအပြင်ဘက်သို့ရောက်သည်နှင့် အေးစိမ့်သော နှင်းခဲနှင်းစများက ဘရဒေ့နှင့် ကျောက်အိုးတို့အား ဆီးကြိုပွေ့ဖက်လိုက်ကြသည်သို့ ...။ ညဥ့်ကောင်းကင်မှာတော့ လပြည့်ည၏ငွေလဝန်းကြီးက တွယ်ငင်ချိတ်ဆွဲထားလေသည့်နှယ် ကောင်းကင်ပြာကြီးထက်ဝယ် ရွှန်းမြဝင်းပနေပါ၏။

"ဟိုမှာကြည့်လိုက်စမ်း မောင်ရင်လေး"

ရသေ့ကြီးညွှန်ပြရာ ကောင်းကင်သို့ ကျောက်အိုး မော့ကြည့်လိုက်သည်။ မှုန်ရီဝေဝါးစပြုနေပြီဖြစ်သည့် အမြင်အာရုံတွင် ကောင်းကင်ပြာမည်းမည်းကြီးကိုသာ မြင်တွေ့ရသည်။ အခြား ဘာကိုမျှမတွေ့ရ။

"ဟင် ... ဘာမှလည်းမတွေ့ရပါလား ဘရဒေ့ရယ်"

"သေသေချာချာ ကြိုးစားပြီးကြည့်ကွဲ့"

ထိုစဥ်မှာပင် ရသေ့ကြီးက သူ၏လက်ညှိုးကို လေထဲတွင်ဝှေ့ယမ်းကာ ပါးစပ်မှလည်း တတွတ်တွတ်နှင့်ရွတ်ဆိုနေပါ၏။ စင်စစ် ရသေ့ကြီးသည် လေထဲတွင် တစ်ဆက်တည်းတစ်စုံတစ်ရာကို ရေးခြစ်ရင်း နှုတ်မှရွတ်ဆိုနေသည်မှာ စာလုံးလည်း ရေးအပြီး ရွတ်ဆိုမှုလည်းပြီးဆုံးသွားကာ လက်ယာရစ်ဝိုက်တက်သွားပါတော့သည်။



ကျောက်အိုးမှာ ရသေ့ကြီးပြုမူနေသည်ကို သေသေချာချာစူးစူးနစ်နစ် မှတ်သားကြည့်ရှုနေပါ၏။ လက်ယာရစ်မှစ၍ တက်သွားရင်း (အရဟံ) ဟု နှုတ်မှရွတ်၊ တစ်ဖန်ပြန်၍ဝိုက်ချသည်နှင့် (အ,ရဟံ)ဟုထပ်မံရွတ်ဆိုကာ နောက်ဆုံး (အရ,ဟံ) ဟုရွတ်ဆိုပြီးစီးသွားချိန်မှာတော့ လက်ယာရစ်ဝိုက်၍တက်သွားပြီး ဝလုံးသဏ္ဌာန်ဖြင့် အဆုံးသတ်လိုက်သည်ကို ထူးထူးခြားခြား တွေ့လိုက်ရပါတော့သည်။ ပို၍ထူးခြားသည်မှာ ရသေ့ကြီးရွတ်ဖတ်သရဇ္ဈာယ်၍ လက်ညှိုးဖြင့် ရစ်ကာ ဝိုက်ကာ ရေးဆွဲလိုက်သည့်စာလုံးသည် ညဥ့်ကောင်းကင်ပြာပြာကြီးထက်တွင် မှုန်ဝါးဝါးမြင်တွေ့လိုက်ရခြင်းပင်တည်း။

အရဟံဟူသော ဂုဏ်တော်စာလုံးသုံးလုံးကို ဝလုံးသဏ္ဌာန်ဖြင့် ရေးဆွဲပြီးစီးသွားသည်နှင့် 'အရဟံလာဘ်သိဒ္ဓိ လိုရာပြည့်' ဂါထာကိုရွတ်ဆိုပြီး ကောင်းကင်ထက်မှ အက္ခရာများလည်း ပျောက်ကွယ်သွားပါလေ၏။

ထိုအရာအားလုံးသည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အချိန်ကိုက်ပြီးစီးသွားခြင်းကြောင့် ကျောက်အိုး အံ့အားသင့်ကာ မျက်လုံးအပြူးသားနှင့် ဖြစ်သွားရပါလေတော့သည်။

"ဘယ့်နှယ်လဲ မောင်ရင်လေး ...အားလုံး သေသေချာချာ မှတ်သားမိလိုက်ရဲ့မဟုတ်လား"

"အားလုံးကို အစအဆုံး တွေ့မြင်မှတ်သားမိပါတယ် ဘရဒေ့"

"အေး ...အဲဒါ နဝင်းကိုက် တြွင်းကိုက် နက္ခတ်ကိုက် စီရင်နည်းပဲ မောင်ရင်လေး။ ဒီအဆောင်ပစ္စည်းလေးကို အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ပြုမှတ်သားထားပြီးရင် ခန္ဓသုတ်ပရိတ်တော်ကြီးကို အမိဌာန်တင် ရွတ်ဆိုလို့ ရေစင်ရေမန်းတောင်းလိုက်ပါ၊ ပိုပြီးသေချာစေချင်တယ်ဆိုရင်တော့ 'အရဟံလာဘံသိဒ္ဓိ' ဂါထာကို နဝင်းကိုက် ရွတ်ဆိုပွားများပြီး ကိုယ်နဲ့ပဌာန်းဆက်ပါတဲ့ ဝေဒနာသည်အားလုံးကို ကူညီကယ်တင်ပေးပေတော့ မောင်ရင်''

ဤသို့ဖြင့် ဘရသေ့သည် ကျောက်အိုးအား ခန္ဓသုတ်ပရိတ်တော်ကို သံနေသံထား၊ သံဖြတ်ပိုဒ်ဖြတ်တို့ဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးနေသည်မှာ သန်းခေါင်ယံပင်ကျော်လွန်ခဲ့ပါပြီ။ ကျောက်အိုးမှာ ဘရသေ့ကြီးသင်ကြားပေးသလောက် ဉာဏ်မီအောင် လိုက်လံရွတ်ဆိုကျက်မှတ်ပါတော့သည်။

''သဗ္ဗာသီဝိသဇာတိနံ–အလုံးစုံသော အဆိပ်လျှင်သော မြွေမျိုးလေးပါးတို့၏၊ ယောရံ–ပြင်းစွာ၊ ဝိသံ–အဆိပ်တို့ကို၊ ဒိဗ္ဗမန္တာဂဒံဝိယံ–နတ်၌ဖြစ်သော မန္တရားဆေးဝါးကဲ့သို့၊ ယံ–အပြင်ခန္ဓပရိတ်သည်၊ ဝိနာသတိ–ဖျောက်တတ်၏။

ကျောက်ခွက်ဆီမီးအလင်းနှင့် မီးပို့အလင်းရောင်အောက်တွင် ကျောက်အိုးတစ်ယောက် ရသေ့ကြီးနှုတ်တိုက်သင်ကြားပေးနေသည့် ခန္ဓသုတ်ပရိတ်တော်မြတ်ကြီးအား သံနေသံထားမှန်ကန်စွာဖြင့် လိုက်လံရွတ်ဆိုနေပါ၏။

''ဝိရူပက္ခေဟိ–ဝိရူပက္ခနဂါးမင်းတို့နှင့်၊ သိဒ္ဓံ ထတွ–ဝိရူပက္ခနဂါးမင်းမျိုးမှ ဖြစ်ကုန်သော မြွေတို့အား၊ မေ–ငါ၏ မေတ္တာချစ်ခြင်းသည်၊ ဟောတု–ဖြစ်ပါစေကုန်သတည်း''

အရှေ့ဆီမှ အရုဏ်သည် နှင်းလွှာထုဆိုင်းထားသည့် အမှောင်ထုကို တိုးဖွေ၍ ကျောက်တလားတောင်ထက်ဆီသို့ ဖြန့်



ကြက်ခင်းကျင်းရန် အားယူလျက်ရှိပါပြီ။ အမှောင်နှင့် အလင်းတို့ နယ်လုစစ်ခင်းနေကြရာမှ တစ်စ တစ်စနှင့် နွေသစ်တစ်ခု၏ နံနက်ခင်းနှင်းမြူတို့က ကျောက်တလားတောင်ဝန်းကျင်တွင် တဖွဲဖွဲကျဆင်းစ ပြုလာပါတော့သည်။

ကျောက်အိုးမှာ ခန္ဓသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပွားများရင်း မည်သည့်အချိန်က အိပ်မောကျသွားခဲ့သည် မသိပါလေတော့ ရသေ့ကြီးလာရောက်၍နှိုးမှသာ အိပ်ရာမှနိုးလာခဲ့ပါလေ၏။

''ကိုင်း မောင်ရင်လေး ... မိုးလင်းပြီ .. ထ .. ထ .. ထတော့ကွဲ၊ တော်ကြာ ရွာပြန်ဖို့ အချိန်လင့်နေလိမ့်မယ်''

သည်တစ်ကြိမ် ရသေ့ကြီးနှိုး၍ထလာတော့ ကျောက်အိုး၏မျက်စိမှာ အခြေအနေဆိုးဆိုးဝါးဝါး ဖြစ်နေပါချေပြီ။ ကျေးဇူးရှင်ရသေ့ကြီး၏ပုံရိပ်ကို မည်းမည်းရိပ်ရိပ်မျှသာ မြင်ရတော့သည်။

''ဘုရား ဘုရား ... ကယ်တော်မူပါဘရသေ့ ... ကျွန်တော့်ရဲ့မျက်လုံးတွေ ပြာဝေလာပြီး ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ဘူး''

တစ်သက်နှင့်တစ်ကိုယ် တစ်ကြိမ်တစ်ခါမှ ဘုရားမတခဲ့ဖူးသော မုဆိုးကြီးကျောက်အိုးတစ်ယောက် အန္တရာယ်တွေ့ကာ ခလုတ်ထိမှ ဘုရားကိုတခဲ့လေပြီလား။ တစ်စ တစ်စ ပို၍ ပို၍ အခြေအနေဆိုးဝါးလာသည့် မျက်စိအမြင်အာရုံကြောင့် သူ၏ရှေ့ အနာဂတ်ဘဝခရီးကိုတွေးကာ သွေးပျက်ချောက်ချားစပြုနေပါပြီကော။

''သည်းခံ မောင်ရင်လေး ... သည်းခံ ... ဘယ်သူမပြု မိမိမှု ဆိုတဲ့စကားအတိုင်း ကိုယ်ပြုမှုခဲ့တဲ့ ကံတရားဟာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထံပြန်လာတာဟာ လောကရဲ့စစ်မှန်တဲ့ သစ္စာတရားပဲ မောင်ရင်လေး။ ခုချိန်ထိ အသက်နဲ့ခန္ဓာမြဲနေတာကိုပဲ ကြံဖန်ပြီးကျေးဇူးတင်ပေတော့၊ ရှေ့ဆက်လျှောက်လှမ်းရမယ့် အနာဂတ်ခရီးမှာ ကြုံတွေ့လာရမယ့် သုခ,ဒုက္ခ အဆိုး,အကောင်းတွေကို သတိတရားလက်ကိုင်ထားပြီးတော့သာ ကြံ့ကြံ့ခံပေရော့ကွယ်''

ရသေ့ကြီး၏သတိပေးစကားနှင့် အသိပေးတရားများကြောင့် ထိတ်လန့်ချောက်ချားနေသည့် ကျောက်အိုးတစ်ယောက် သတိပြန်လည်၍ ဝင်ရောက်လာခဲ့သည်။ တစ်ဆက်တည်းမှာပင် မကြာသေးမီအချိန်ပိုင်းလောက်ကမှ ရသေ့ကြီး၏ ကုသိုလ်၊ အကုသိုလ်တရားများအကြောင်းကိုလည်း ဆင်ခြင်သုံးသပ်မိကာ လှုပ်ရှားနေသည့် စိတ်ကလေးကို တဖြည်းဖြည်းနှင့် အနည်ထိုင်စပြုလာခဲ့သည်။

''ရွာကိုပြန်ရောက်ခဲ့ရင်လည်း မင်းရဲ့ 'ကတိသစ္စာ' အတိုင်း တည်အောင်ကြိုးစားပြီး ငါသင်ကြားပေးလိုက်တဲ့ ပညာရပ်တွေနဲ့ တရားဘာဝနာပိုင်းတွေဆက်စပ်ပြီး သတ္တဝါတွေရဲ့ အသက်ကိုတတ်နိုင်သမျှကယ်တင်ပေးပေတော့၊ အချိန်ကာလဆိုတဲ့အရာဟာ ဘဝအတွက် အကောင်းဆုံးသမားတော်ကြီးပါ။ အချိန်တန်လို့ ကျောက်တလားဘိုးဘိုးကြီးရဲ့ ဒဏ်ခတ်ဆုံးမတာတွေ ပြီးဆုံးသွားခဲ့ရင် မောင်ရင်လေးရဲ့ မျက်စိနှစ်ကွင်းဟာ သူ့အလိုလို ပြန်မြင်လာပါလိမ့်မယ်ကွဲ့၊ ကိုင်း ... ရော့ ... မနက်ခင်းအဆာပြေလေး စားသွားလိုက်ဦးကွဲ့''

ရသေ့ကြီးပေးသော ဖီးကြမ်းငှက်ပျောသီးနှစ်လုံးနှင့်



သောက်ရေတစ်ခွက်ကို ကျောက်အိုး စားသောက်လိုက်သည်။ ထူးထူးခြားခြားပင် စားသောက်ပြီးစီးသည်နှင့် သူ၏ခန္ဓာကိုယ်တစ်ခုလုံး လန်းဆန်းပေါ့ပါးသွားလေသည်သို့ ...။ ခဏတာမျှတွေ့လိုက်ရသော အချိန်ပိုင်းလေးအတွင်းမှာပင် သူ၏ဘဝကိုကြီးစွာသောပြောင်းလဲမှုအသိတရားများ ဖြစ်သွားစေသည့် ကျေးဇူးရှင်ဘရသေ့၏မျက်နှာကို ဝေဝါးသောမျက်လုံးအစုံနှင့် ကြေကွဲစွာကြည့်ရင်း ကျောက်အိုး ရှိသေစွာဦးချကန်တော့လိုက်ပါတော့သည်။

''သာဓု သာဓု သာဓု ... ခုချိန်ကစပြီး အပူတရားပျောက်လို့ အအေးတရားရောက်ကြပါစေ၊ ဒုက္ခတရားပျောက်ပြီး သုခတရားရောက်ပါစေ၊ အမိုက်တရားပျောက်ပြီး အလင်းတရားတွေရောက်ကြပါစေ၊ တောင့်တခြင်း, ကြောင့်ကြခြင်း, စိုးရိမ်ခြင်းကင်းရှင်းကြပါစေ၊ ကိုင်း ... ကိုင်း ... သွားပေဦးတော့၊ ကိုယ်ပေးခဲ့တဲ့ 'ကတိသစ္စာ' တစ်လုံးကို သေတစ်ပန်သက်တစ်ဆုံး ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေကွယ်''

ရသေ့ကြီး၏ ဆုပေးသံက ကျောက်တလားတောင်၏ နံနက်ခင်းလေပြည်ထဲတွင် စီးမျောလွင့်ပျံ့သွားသည်။ ထို့နောက်မှာတော့ ရသေ့ကြီးကိုယ်တိုင်ဦးဆောင်၍ လှိုဏ်တစ်ခု၊ ချောင်းတစ်ကွေ့တို့ကို ဖြတ်ကျော်လျက် တောင်ခြေတောစပ်ထိတိုင် လိုက်ပို့ဆောင်ပေးခဲ့ပြီး ကျန်ခရီးကိုမူ လမ်းညွှန်ပြကာ ကျောက်တလားတောင်ကြီးပေါ်သို့ ပြန်လည်၍တက်ရောက်သွားပါတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

## ပါဏာတိပါတန္တအိုင်မှ ရှန်းထွက်လွတ်မြောက်ခြင်း

သင်ပြုသည့်ကံ ပဲ့တင်သံ သင့်ထံပြန်လာမည် . . .

ဟူသော လက်ာဆောင်ပုဒ်လေးသည် မုဆိုးကြီးကျောက်အိုးအတွက်များ သီးသန့်ရည်ညွှန်း စပ်ဆိုထားသည်ထင့် . . .။ ကျောက်တလားတောင်မှ နောင်တ တစ်ပွေ့တစ်ပိုက်နှင့် ပြန်လည်ရောက်ရှိလာသည့် ကျောက်အိုးအား မီးမဖွားနိုင်ဘဲ မီးတွင်းထဲမှာပင် ကလေးရောမိခင်ပါ သေဆုံးသွားခဲ့ရသည့် ဇနီးသည် မယ်ဖော့၏ရုပ်အလောင်းက ဆီးကြိုလျက်ရှိပါချေပြီကော။

"တောက် . . . ဖြစ်မှဖြစ်ရလေ မယ်ဖော့ရယ်၊ ဒါတွေအားလုံးဟာ ပောဒီက လူမိုက်မုဆိုးကောင် ကျောက်အိုးကြောင့်ဖြစ်ရတာတွေချည်းပါပဲ မယ်ဖော့ရယ် . . . ဟီး ဟီး"

ကျောက်အိုးခမျာ သူ၏ဒဏ်ရာရထားသည့် မျက်စိနှစ်လုံးကိုပင် မေ့လျော့ကာ ဇနီးသည်၏ရုပ်အလောင်းကို ပွေ့ဖက်ရင်း သည်းထန်စွာငိုကြွေးနေပါတော့သည်။ သူငယ်ချင်းများက



ဝိုင်းဝန်းဆွဲထူဖျောင်းဖျမှသာ အလောင်းကိုပြန်၍ချကာ အသံမထွက်တဲ့ ကျိတ်၍ငိုကြွေးနေပြန်ပါ၏။ သူ၏အကြားအာရုံမှာတော့ ကျောက်တလားနယ်မြေထဲမှ ကျောက်တလားဘိုးဘိုးကြီး (ကရင်အဘိုးကြီး)၏ စူးစူးဝါးဝါးအကြည့်နှင့် စကားသံတချို့ကိုသာ ပဲ့တင်ထပ်မျှ ကြားယောင်နေမိသည်။

"အင်း . . . နင်ဟာ ဘယ်လိုမုဆိုးလဲဆိုတာ ငါမသိဘူး။ မုဆိုးက သားကောင်ကိုပစ်တာလည်း ဘာမှပြဿနာမရှိဘူး၊ ဒါပေမဲ့ မုဆိုးစည်းကမ်းကိုတော့ လိုက်နာရမှာပေါ့၊ အခု မင်းပစ်လိုက်တဲ့ဂျီ (ချေ) ကောင်ဟာ ဗိုက်ကြီးနဲ့ကွ . . . သိရဲ့လား မုဆိုးမိုက် . . . ဟင်း ဟင်း . . . ဒီအကုသိုလ်အပြစ်ကြွေးတွေအတွက်နင် တစ်ခုခုကို ပြန်ပြီးပေးဆပ်ရလိမ့်မယ်"

"ဒီအကုသိုလ် အပြစ်ကြွေးအတွက် နင် တစ်ခုခုကို ပြန်ပြီးပေးဆပ်ရလိမ့်မယ်"

ဟုတ်သည် . . .။ ကရင်အဘိုးကြီး၏စကားအတိုင်း ယခုဆိုလျှင် နေ့စေ့လစေ့မီးမဖွားနိုင်ဘဲ မီးတွင်းထဲမှာပင် သေဆုံးသွားခဲ့ရရှာသည့် သူ၏ချစ်လှစွာသော ဇနီးသည်နှင့် မမြင်ရသေးသည့် ရင်သွေးငယ်လေး၊ ထို့ပြင် မကြာမီအချိန်ပိုင်း၊ ရက်ပိုင်းအတွင်း မျက်မမြင်ဘဝသို့ ကူးပြောင်းရောက်ရှိသွားရတော့မည့် သူ၏ မလှပသောအနာဂတ်ဘဝခရီး . . . စသည့် စသည့် အနိဋ္ဌာရုံအဖြစ်ဆိုးကြီးများက ပဲ့တင်သံ သို့မဟုတ် ဝဋ်ကြွေးအဖြစ်ရောက်ရှိလာကြလေသည်လား . . .။

တော်သေးသည် . . .။ ဤကဲ့သို့သော နိမိတ်ဆိုးဖြစ်ရပ်များကို ကြိုတင်၍သိရှိနေသည်လား မသိသော ဘရသေ့၏

www.burmeseclassic.com

www.burmeseclassic.com



တရားအွှာဆုံးအမများကို နာယူမှတ်သားထားခဲ့ပြီမို့ ကွေးသော လက် မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ဖြစ်ခြင်း၊ ပျက်ခြင်း၊ တည်မြဲခြင်း အနိစ္စတရားများကို ခါးသီးကြမ်းရှစွာ တွေ့ဆုံကြုံကြိုက်ခဲ့ရပါသော်လည်း ကျေးဇူးရှင်ဘရားသခင်၏ ဆုံးမစကားများကြောင့် သတိကပ်၍ဆင်ခြင်နိုင်ခဲ့ပါလေ၏။

ယခုအချိန်မှာတော့ မည်သူချွတ်၍မှ မကျွတ်နိုင်သည့် မုဆိုးကြမ်းကြီးကျောက်အိုးမှာ ဖနီးသည်မယ်ဖော့၏ရုပ်အလောင်း မြေချခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရက်လည်ဆွမ်းသွပ်အမျှဝေခြင်းများ ပြီးစီးသွားချိန်မှာတော့ သူ၏ဘဝကို အများသူငါ အံ့သြဘနန်း ဖြစ်သွားအောင် ယတိပြတ်လုပ်ကိုင်သွားခဲ့ပါတော့သည်။

"ကျောက်အိုးတစ်ယောက် တောင်ပေါ်ကနေ မြွေပေါက်ခံရပြီး မသေဘဲပြန်လာကတည်းက ဘာဖြစ်လာမှန်းမသိဘူးဟေ့ . . . သူ့ရဲ့ဒူးလေးနဲ့ မြှားတံတွေ၊ ထောင်ချောက်၊ သုတ်ကိုင်းတွေကို ရိုက်ချိုးဖျက်ဆီးပစ်လိုက်ပြီတဲ့၊ နောက်ပြီး ယုန်ထောင်တဲ့ပိုက်တွေ၊ စာပိုက်တွေကိုလည်း ဓားနဲ့ခုတ်ပြီး နုပ်နုပ်စဉ်းပစ်လိုက်ပြီတဲ့"

"ဟုတ်တယ်ဟေ့ . . . သူ့ရဲ့ အမဲလိုက်ခွေးကြီးနှစ်ကောင်နဲ့ တည်ချိုးတွေ၊ တည်ကြက်တွေကိုလည်း ဘိုးလေးတော်တဲ့ ဘုန်းကြီးကျောင်းကို သွားပြီးလှူပစ်လိုက်ပြီတဲ့လေ၊ ဘုရားဘုရား . . . ဒီကောင် ဘာတွေဖြစ်ကုန်ပြီလဲ မသိဘူး"

"ဟုတ်တယ် ကိုဆေးရိုးရဲ့၊ တန်တော့ ဒီကောင် မိန်းမသေလို့များ ရူးကြောင်ကြောင်ဖြစ်သွားတာလား မသိဘူးနော်"

ထိုကဲ့သို့သော မယုံကြည်နိုင်စရာ သတင်းစကားများ



ကြောင့် ကျောက်ချောရွာတစ်ရွာလုံး အုတ်အော်သောင်းတင်းနှင့် အံ့သြဘနန်းဖြစ်နေကြချိန်မှာပင် ထို့ထက် ပို၍ ပို၍ မယုံကြည်နိုင်ဖွယ်သတင်းများကလည်း ချက်ချင်းကိုပင် တောမီးလောင်သကဲ့သို့ပျံ့နှံ့သွားချိန်မှာတော့ တစ်ရွာလုံး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ကုန်ကြပါလေ၏။

"ဘုရား ဘုရား . . . တကယ့်ကိုမယုံကြည်နိုင်စရာပဲဟေ့ . . . ငါ့မျက်စိနဲ့ တစ်အိပ်ကြီးမြင်လိုက်ရလို့သာ ယုံလိုက်ရတာ၊ ဟို မုဆိုးကောင်ကျောက်အိုးရဲ့လည်ပင်းမှာ စိပ်ပုတီးကြီးဆွဲလို့ . . . သူ့ရဲ့ဘိုးလေးဘုန်းကြီးကျောင်းမှာ ဥပုသ်စောင့်နေလေရဲ့၊ အင်း . . . ကြည့်ရတာ ဒီကောင် စိတ်မှကောင်းသေးရဲ့လား မသိဘူး"

"အင်း . . . မဟုတ်မှလွဲရော ကျောက်တလားကြီးဘက်ကိုဝင်သွားတယ်ဆိုတော့ ဟင်း . . . ကျောက်တလားဘိုးဘိုးကြီးကများ ဖမ်းစားလိုက်ပြီလားမသိဘူး၊ ဘယ့်နှယ်တော် . . . သူ့ရဲ့အဘိုးလေး ဘုန်းကြီးချွတ်တာတောင်မှ မကျွတ်တဲ့မုဆိုးအရိုင်းကောင်က အခုမှထပြီး စိပ်ပုတီးကိုင်၊ ဥပုသ်စောင့်နေတယ်ဆိုတော့ယုံနိုင်စရာမရှိဘူးတော်ရေ . . . ကဲ"

ဟုတ်သည် . . .။ ဆက်တိုက်ဆိုသလို ကြားနေရသော ကျောက်အိုးနှင့်ပတ်သက်သော သတင်းထူး၊ သတင်းဆန်းများက ယုံကြည်လက်ခံနိုင်စရာအကြောင်း လုံးဝမရှိ။ သူ၏အဘိုးဖြစ်သူ မုဆိုးကြီးဦးစက္ကလက်ထက် ဆယ်နှစ်သားအရွယ်ကတည်းက တောပျော်မုဆိုးဘဝနှင့်ကျင်လည်လာခဲ့သည့် မုဆိုးကျောက်အိုးတစ်ယောက် ယခုကဲ့သို့ နေ့ချင်းညချင်း အပြောင်းအလဲကြီး

www.burmeseclassic.com



ပြောင်းလဲသွားသည်ဆိုခြင်းကို မည်သူမျှ မယုံကြည်ချင်ကြ။ လက်မခံချင်ကြပါ။

သို့သော် အဖြစ်အပျက်အမှန်ကမူ တကယ့်ကို ပြောင်းလဲသွားသည့် သစ်ဆန်းသောမြင်ကွင်းဖြစ်သဖြင့် ကျောက်ချော တစ်ရွာလုံး အထူးအဆန်းပဟေဠိကြီးတစ်ခုနှယ် ဖြစ်နေခြင်းပင်တည်း။ ဤသို့ဖြင့် ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်လာခဲ့ချိန်မှာတော့ ကျောက်အိုး၏ဘိုးလေးတော်စပ်သူ ရွာဦးကျောင်းဆရာတော် ဦးသုမနကိုယ်တိုင် ရွာသူကြီးဦးသက္ကနှင့် ရွာလူကြီးများကို ခေါ်ယူကာ ကျောက်အိုးနှင့်ပတ်သက်သည့် ပဟေဠိသတင်းများကို အတည်ပြုပြောကြားလိုက်ပါတော့သည်။

"အဖြစ်အပျက်ကတော့ တကယ့်ကို အံ့သြစရာ, မယုံကြည်နိုင်စရာပဲ ဒကာကြီးတို့၊ ကျောက်အိုးတစ်ယောက်တော့ ကျုပ်နောင်တော်ကြီးစက္ကလို ပစ်ရပြီလို့ အောက်မေ့နေတာ၊ ဘယ်လိုဖြစ်လာသလဲ မသိဘူး . . . ပြီးခဲ့တဲ့ရက်တစ်ပတ်လောက်ကမှ ဘုန်းကြီးဆီကို ရောက်လာတယ်၊ သူ ပါဏာတိပါတက် ထိုက်တဲ့ သတ္တဝါတွေရဲ့အသက်ကို လုံးဝမသတ်တော့ပါဘူးတဲ့၊ နောက် ပြီး 'နဝင်္ဂသီလ' ဆောက်တည်ပါရစေလို့ ဆိုလာတယ်၊ အဲဒါနဲ့ ဘုန်းကြီးလည်း 'နဝင်္ဂသီလ' ပေးတော့ သူကိုယ်တိုင် ကျောင်းမှာပဲ ကိုးရက်အဓိဋ္ဌာန်ပြည့်အောင် ဆောက်တည်ချင် တယ်ဆိုတာနဲ့ ကျုပ်က ခွင့်ပေးလိုက်တယ်၊ သူ့ကိုကြည့်ရတာ တကယ့်ကို တရားရသွားတဲ့သူလိုပဲ . . . သူ့ရဲ့ဒူးလေးတွေ, ယုန်ထောင်ပိုက်တွေကိုပါ ချိုးဖဲ့ဖျက်ဆီးပြီး သူတစ်ပါးအသက်ကို သတ်ဖြတ်ရတဲ့ မုဆိုးအလုပ်ကိုလည်း ကျုပ်ဆီမှာရေစက်ချပြီး



အပြီးအပိုင် လှူလိုက်ပြီကွဲ၊ ကိုင်း . . . ဒကာကြီးတို့လည်း ဝမ်းသာအားရ သာဓုခေါ်ကြပေတော့"

ဆရာတော်ဦးသုမနက ဝမ်းသာအားရနှင့် မိန့်ကြားလိုက်သည့်တိုင် ရွာလူကြီးဦးသက္ကက မျက်မှောင်ကြီးကုတ်လျက် တစ်စုံတစ်ရာကို စဉ်းစားနေသည့်သို့ . . .။ အတန်ကြာမျှ ငြိမ်သက်စွာ စဉ်းစားနေပြီးမှ . . .

"အင်း . . . ကြည့်ရတာ ဒီကောင်ကျောက်အိုး စိတ်ဖောက်ပြန်နေပြီထင်တယ် ဆရာတော်၊ ဆေးလေးဝါးလေး ရှာဖွေပြီး အချိန်မီကုသဦးမှ ထင်တယ် ဘုရား"

"တင်ပါ့ဘုရား . . . ခါတိုင်း အမဲမပစ်ရ, ယုန်မထောင်ရရင် ထမင်းစားတောင် မဖြောင့်တဲ့ကောင်၊ အမဲသားငါးဟင်း မပါရင်တောင် ထမင်းဝိုင်းကိုသွန်မှောက်ပစ်တဲ့ကောင်က ထူးထူးဆန်းဆန်း 'နဝင်္ဂသီလ' တွေ့ဘာတွေတောင် စောင့်နေတယ်ဆိုတော့ သေချာပါတယ်ဆရာတော် . . . ဒီကောင် ကျောက်တလားကအစောင့်တွေ ဖမ်းစားထားလို့ရယ် ဒါမှမဟုတ် မြွေကိုက်ခံရတာကနေ တောမှောက်ပြီး အပမှီလာပုံရတယ် ဘုရား။ ကြည့်ပါလား၊ . . . သူ့ရဲ့မျက်စိတောင်မှ မြွေမှုတ်ခံရတာလား, မြွေဆိပ်ကြောင့်လားမသိဘူး . . . တဖြည်းဖြည်းနဲ့ ကန်းတော့မယ်လေ"

ထိုကဲ့သို့ ကျောက်အိုးနှင့်ထူးခြားသောဖြစ်စဉ်များကို သတင်းထူးကြီးတစ်ခုနှယ် ယုံထင်ကြောင်ထင်ပြောဆိုနေကြ စဉ်မှာပင် ရွာတောင်ဖျားမှ ဝါးခုတ်ရင်းပိုးထိလာသည့် ငနိုးအား အမှတ်မထင်ဆေးကုသပေးလိုက်သည့် ကျောက်အိုး၏ထူးချွန်

www.burmeseclassic.com



ကြောင့် တစ်ရွာလုံး ပါးစပ်အဟောင်းသားနှင့်ဖြစ်သွားကြပါလေ တော့သည်။

"ဟယ် ... မြွေဆိပ်တွေနဲ့ မည်းမှောင်နေတဲ့ ဖိုးနီကို ရေလေးတစ်ခွက်နဲ့ ကျောက်အိုးက ကုပေးလိုက်တာ ချက်ချင်း တောင် ထထိုင်နိုင်တယ်ဆိုပဲ၊ ဒီကောင် ဘယ်တုန်းကများ မြွေ နှိုင်ဆေးပညာတွေ ရထားတာပါလိမ့်"

"ဟုတ်တယ်ဟေ့ ... မြွေဆိပ်တွေကို ရေတစ်ခွက် တည်းနဲ့ သပ်ချ,တောက်ချနဲ့ လုပ်လိုက်တာ တစ်ခါတည်း မြွေ ကိုက်တဲ့နေရာက သွေးမည်းမည်းတွေ ထွက်ကျလာတော့တာပဲ၊ ကံကောင်းတယ်ဟေ့ ... ငါတို့ရွာမှာ 'မြွေနှိုင်ဆရာ' တစ်ယောက် ပေါ်လာပြီ"

စင်စစ် ဤကဲ့သို့ သတ္တဝါတွေအသက်ကို တတ်နိုင် သမျှကယ်တင်နိုင်ရန်အတွက် ထူးခြားသော မြွေဆိပ်ချ၊ မြွေဆိပ် ဖြေပညာရပ်များကို ဘရသေ့က ကျောက်အိုးအား သင်ကြားပေး ခဲ့သည် မဟုတ်ပါလား။ ညဉ့်ကောင်းကင်ထက်ဝယ် ဘရသေ့ ကိုယ်တိုင် လက်ညှိုးဖြင့်ရေးဆွဲပြခဲ့သော (အရဟံ) လက်ယာ ရစ် ဝလုံးကွင်းဆက်ဂုဏ်တော်နှင့် ခန္ဓသုတ်ပရိတ်တော်တန်ခိုးတို့ ကြောင့် 'ကတိသစ္စာ' တည်ကြည်ခဲ့သည့် ကျောက်အိုး၏ လက်ထဲမှ 'ရေတစ်ခွက်' သည် ဣန္ဒြာသယလိုတရနတ်ဆေး အဖြစ်သို့ ပြောင်းလဲသွားရသည်ကိုမူ မည်သူမျှမသိလိုက်နိုင်ကြ ပါချေ။

"တကယ်တော့ ဘရသေ့ဟာ လွန်ခဲ့တဲ့ အနှစ်သုံးလေး ဆယ်ကျော်လောက်က လူ့ဝတ်ကြောင်ဘဝနဲ့ သာသနာပြုရင်း



သတ္တဝါတွေကိုလည်း တတ်နိုင်သမျှကယ်တင်ခဲ့တယ်၊ မြန်မာ ပြည် အစွန်အဖျား, တောင်စဉ်တောင်တန်းတွေအနှံ့ အချိန်အ တော်ကြာ လှည့်လည်သာသနာပြုခဲ့တယ်လေ၊ အင်း ... ရှေ့မီ နောက်မီလူကြီးတွေဆိုရင် ဘရသေ့ရဲ့အကြောင်းကို သိကြတယ်၊ ရောဂါဝေဒနာရှင်တွေကို ထူးထူးထွေထွေဆေးဝါးတွေ ဖော်စပ် ပြီးကုသပေးတာ မဟုတ်ဘူး၊ ရေတစ်ခွက်ကို ဆေးအဖြစ်ပေး လိုက်တာပါပဲ၊ အဲဒီလို 'ရေ' ကိုဆေးဝါးအဖြစ်နဲ့ ကုသပေးခဲ့လို့ ပျောက်ကင်းသွားခဲ့တာကြောင့် လူ့ဝတ်ကြောင်ဘဝတုန်းက ဘရ သေ့ဟာ 'ဆေးဝါးမကိုင် ဆရာကြိုင်' ဆိုပြီး နာမည်ကြီးခဲ့ တာပေါ့ကွယ် ...၊

မှတ်ထားကွဲ့ ... 'ရေ' ဟာ အကျင့်သီလစရဏနဲ့ ကတိသစ္စာမြဲမြံတဲ့သူတွေအတွက် အဖိုးအနဂ္ဂကြီးမြတ်လှတဲ့ နတ် ဆေးတစ်ပါးပဲကွဲ့၊ ရေလည်းအစာ အစာလည်းရေ, ရေလည်း ဆေးဝါး ဆေးဝါးလည်းရေ ... ဆိုသလို တကယ်တမ်း သုံးစွဲ တတ်မယ်ဆိုရင် ရေဟာ ဣန္ဒြာသယ လိုတရနတ်ဆေးတစ်ပါးပဲ မောင်ရင်လေးရေ"

ကျောက်အိုးအား မြွေဟောက်ပြာအကိုက်ခံရစဉ်က ရေတစ်ခွက်နှင့် အဆိပ်ပြင်းလှသော မြွေဟောက်ပြာ၏ အဆိပ် များကိုလျှော့ကျပျောက်ကင်းစေသည်အထိ ပြုစုကုသပေးခဲ့သည့် ဘရသေ့၏စကားများကို ကျောက်အိုးပြန်လည်၍မြင်ယောင်ကြား ယောင်လာမိခြင်းပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက် - ဤနေရာတွင် အလျဥ်းသင့်၍ (ဝလုံးကွင်းဆက် လက်ယာရစ် အရပ်) ဂုဏ်တော်ပုံစံကို ရေးသားဖော်ပြလိုက် ပါသည်။ ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ်ပွားများ၍ (မိမိအိမ်ရှိ ဘုရားစင်တွင်လည်းချိတ်ဆွဲ၍) ပူဇော်နိုင်ပါသည်။ (စာရေးသူ)

# အရပ်

အရပ် - လာဘ် - သိဒ္ဓိ - လိုရာပြည့်

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့ကြသည်။ သစ်ရွက်တွေခြွေချသော တပေါင်းနွေလကို ဖယ်ထုတ်ကာ ပုရစ်ဖူးတို့ စီစီဝေပွင့်ဖူးလာတတ်သည့် မိုးရန့်တို့က အစားထိုးနေရာယူလာခဲ့ကြသည်။ ထိုမှတစ်ဆင့် သင်းပျံ့ပျံ့မိုးရန့်တို့နေရာတွင် ဖြူလွလွ ဆောင်းနှင်းပွင့်တို့က ဖွဲဖွဲလွှပ်မျှ ဝေ့ဝဲရစ်သိုင်းလျက် ကျရောက်လာခဲ့ပြန်ပါလေ၏။ ဤသို့ဖြင့် ရာသီဥတုတို့က အခါခါ အလီလီ လှည့်ပတ်ပြောင်းလဲလာခဲ့ချိန်မှာတော့ ...

ကျောက်တလားနယ်မြေ ကျေးရွာရှင်ဘုရသေ့ပေးလိုက်သည့် တစ်သက်တာလက်ဆောင်ဟု တင်စားခေါ်ဝေါ်သည့် (လက်ယာရစ် ဝလုံးကွင်းဆက် အရပ်ဂုဏ်တော်) နှင့် ဆေးစွမ်းထက်မြက်လှသော မျက်မမြင်တိုင်းရင်းဆေးရာကြီး ဦးကျောက်အိုး၏



နာမည်ဂုဏ်သတင်းက တောင်ခြေရွာများသာမက ပျဉ်းမနား တောင်ငူမြို့ကြီးပြကြီးများထိတိုင် သတင်းကြီး ကျော်ကြားလာခဲ့ သည်။

ပထမသမီးကြီးဖြစ်သူ လင်မယားပင် သစ်ကားတိမ်း မှောက်ကာ ဆုံးပါးသွားခဲ့ကြသဖြင့် ယခုအချိန်တွင် အသက်နှစ် ဆယ်ခန့်ရှိ အပျိုအရွယ် 'စောနန္ဒာ' ဟူသော မြေးမလေးတစ် ယောက်နှင့်အတူ ကျောက်ချောရွာတွင်ပင် အခြေချနေထိုင်ခဲ့ သည်။ မြေးမလေးစောနန္ဒာကိုလည်း မြွေနိုင်ဆေးပညာရပ် များနှင့် တိုင်းရင်းဆေးပညာများကို လက်ဆင့်ကမ်းအမွေအဖြစ် သင်ကြားပေးရင်း လူနာများကို အခကြေးငွေမယူဘဲ စေတနာ သဒ္ဓါသက်သက်ဖြင့် အခမဲ့ကုသပေးလျက်ရှိပါ၏။

လူနာရှင်များကလည်း ဆရာကြီး၏စေတနာကို တုံ့ပြန် သောအားဖြင့် ဆန်စပါး ဆီ၊ အစားအသောက်များနှင့် လိုအပ် သည့်အသုံးအဆောင်ပစ္စည်းများကို လာရောက်ကန်တော့ကြ သဖြင့် ဦးကျောက်အိုးတို့မြေးအဘိုးနှစ်ယောက်အတွက် အစစအ ရာရာ အဆင်ပြေလျက်ရှိပါလေ၏။

ဤသို့ဖြင့် မျက်မမြင်တိုင်းရင်းဆေးဆရာကြီး ဦး ကျောက်အိုး၏ ရှေ့အနာဂတ်ခရီးသည် ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

## ကျောက်တလားတောင်မှ မကောင်းဆိုးဝါးလူမည်းကြီး

ယခုရက်ပိုင်းအတွင်းဝယ် 'မြိုင်စိန်ရှာဖွေတူးဖော်ရေးစခန်း' မှ ဌာနမှူးလေးမင်းမောင်နှင့်အဖွဲ့မှာ ကျောက်တလားတောင်မှ ထူးဆန်းသောကျောက်တလားကြီးနှင့်ပတ်သက်သောကိစ္စရပ်များကို ရှာသူကြီးဦးသက္ကနှင့် မျက်မမြင်ဗိန္ဓောဆရာကြီးဦးကျောက်အိုးတို့မြေးအဘိုးတို့ဖြင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံမေးမြန်းခြင်း၊ ကျောက်တလားကြီးနှင့် မနီးမဝေးသို့တိုင် သွားရောက်စစ်ဆေးခြင်း စသည်ဖြင့် အလုပ်များနေကြချိန် ...။

ထိုအချိန်တွင် မြိုင်စိန်တူးဖော်ရေးအင်ဂျင်နီယာချုပ် မစ္စတာစတီဗင်မှာ သူ၏လက်ထောက် မျက်နှာဖြူနှစ်ယောက်၊ စခန်းတာဝန်ခံ ကျော်မြတို့ညီအစ်ကိုနှင့် ရှာခံမုဆိုးပေါက်စ မဲခေါင်တို့နှင့်အတူ ကျောက်တလားတောင်ပေါ်သို့ တက်ခဲ့ကြပါ၏။ ရည်ရွယ်ချက်မှာ လုပ်ကွက်နယ်မြေဒေသများအား ကွင်းဆင်းလေ့လာခြင်း၊ သတ္တုကြောရှာဖွေစူးစမ်းခြင်း စသည့်ကိစ္စရပ်များဖြင့်



တောလည်ထွက်လာခဲ့ကြခြင်းဖြစ်သည်။

ကျောက်တလားတောင်ခြေရှိ သင်းကွဲလျှိုထိပ် ကညင်ပင်ကြီးအောက်တွင် လမ်းပြရှာခံမုဆိုးမဲခေါင်က ထုံးစံအတိုင်း တောသို့အဝင်၌ လမိုင်းတင်ရန် ပြင်ဆင်နေပါ၏။ ငှက်ပျောသီး၊ ကြက်ဥ၊ ကွမ်းယာတို့အား ကညင်ပင်ခွကြားရှိ လမိုင်းစင်ထက်တွင်တင်၍ နှုတ်မှ တတွတ်တွတ်ရွတ်ဆိုလျက်ရှိသည်။

ထိုအခြင်းအရာကို မစ္စတာစတီဗင်က စခန်းတာဝန်ခံ ကျော်မြအား မေးမြန်းလိုက်သဖြင့် ကျော်မြကလည်း တောလည်အမဲပစ်လျှင် သို့မဟုတ် တောဝင်တော့မည်ဆိုလျှင် တောင်ပိုင်တောပိုင် နယ်ပိုင်များထံ ခွင့်တောင်းခံခြင်းဖြစ်ကြောင်း နားလည်တတ်ကျွမ်းသလောက် ရှင်းပြပြောဆိုလိုက်သည်။ သို့တိုင်အောင် မစ္စတာစတီဗင်က ခေါင်းကိုဘယ်ညာယမ်းခါရင်း သဘောမကျသကဲ့သို့အမူအရာနှင့် ပြနေပါ၏။

"နိုး နိုး ... ဒမ်ဘလယ်ဒီဖူးလ် ... အရူးတွေ ... အလကား အချိန်ကုန်တယ်၊ ကိုင်း ... ပြီးရင် သွားကြရအောင် ကျော်မြရေ၊ ဟို ... ဟို မုဆိုးကို ရှေ့ထွက်ခိုင်းတော့"

မစ္စတာစတီဗင်က သူ၏အမဲပစ်သေနတ် ဒသမ (၄၇၀) နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ကိုင်ရင်း စိတ်မရှည်ဟန်ဖြစ်နေသည့်မို့ မဲခေါင်ကို တိုးတိုးတိတ်တိတ်ပြောကာ ခရီးဆက်လာခဲ့ကြသည်။ သို့သော် မုဆိုးမဲခေါင်ကမူ မျက်နှာဖြူအရာရှိစတီဗင်ကို မကျေနပ်ဖြစ်နေသည့်မို့ ကျော်မြကို တတွတ်တွတ်ပြောဆိုနေပါ၏။

"ခင်ဗျားတို့လည်း သိသားပဲဗျာ ... ဒီ ကျောက်တလားနယ်မြေတစ်ကြောမှာ ဘယ်မုဆိုးမှ အမဲသားကောင်မလိုက်ရဲ

www.burmeseclassic.com



ကြဘူး၊ တောကြမ်းတယ်, နတ်ကြီးတယ်ဆိုပြီး ကျုပ်တို့လို ရွာခံမုဆိုးတွေတောင် ရှောင်ကြတယ်၊ ဟောဟို ကျောက်တလားတောင်ကြီးရဲ့အနောက်ဘက်ခြမ်းက သိပ်မကြမ်းလှပေမယ့် ဟိုကျောက်တလားကြီးဘက်က အစောင့်အရှောက်တွေနဲ့ တောင်ပိုင်ဘိုးဘိုးကြီးက သားကောင်တွေကိုသတ်ဖြတ်ကြတာ မကြိုက်ကြဘူးလေ၊ မတ်တတ်ကျင်ငယ်မစွန့်ရဘူး၊ စကားကျယ်ကျယ် မပြောရဘူး၊ ညစ်ညမ်းတဲ့စကားတွေ မပြောရဘူး၊ ကျောက်တလားတောင်ဆိုပေမယ့် အရှေ့ဘက်တစ်ကြောက ကျောက်တလားနယ်မြေကတော့ လုံးဝအမှားမခံတဲ့ နယ်မြေကြီးပဲဗျ၊ အဲဒါတော့ ခင်ဗျားတို့မျက်နှာဖြူကြီးကို ပြောပြထားဦး ကိုကျော်မြ''

ရွာခံမုဆိုးမဲ့ခေါင်ပြောသည့်အတိုင်း ကျော်မြက မစ္စတာစတီဗင်အား ရှင်းလင်းပြောဆိုပြနေပါ၏၊ မဲခေါင်နားမလည်သည့်ဘိုစကားများနှင့်ပြောပြနေသည်ကို မျက်နှာဖြူကြီးက မကျေမနပ်ဖြင့် ခေါင်းညိတ်နေသည်ကြောင့် မဲခေါင် ဘာမှမပြောတော့ဘဲ ကျောက်တလားတောင်ပေါ်သို့ တောတိုး၍တက်လာခဲ့ပါ၏။

တဖြည်းဖြည်းမြင့်တက်လာသော ကျောက်တလားလျှိုမှဖြတ်အတက်တွင် လမ်းမရှိတော့သဖြင့် ကျော်လှက ဓါးရှည်တစ်ချောင်းဖြင့် တောရှင်း၍ လမ်းထွင်ချီတက်ခဲ့ကြသည်။ လက်နက်များကမူ ကိုယ်စီပါကြသဖြင့် အင်အားတောင့်တင်းသည်ဟုဆိုရမည်။ မစ္စတာစတီဗင်နှင့် သူ့လူနှစ်ယောက်ကလည်း အမဲပစ်သေနတ်ကိုယ်စီ၊ ကျော်မြကလည်း ဒသမ (၃၇၅) မဂ္ဂနမ်ရိုင်ဖယ်နှင့် ရွာခံမုဆိုးမဲခေါင်ကလည်း သူ၏လက်စွဲတော် (၃၀၃) ရိုင်ဖယ်ကို သော့ဖွင့်ထားပြီး အဆင်သင့်။



တောတောင်ထဲတွင် အန္တရာယ်ဆိုသည်က ပြော၍မရပါ။ အထူးသဖြင့် အန္တရာယ်များလှသည့် ကျောက်တလားနယ်မြေဘက်တွင် ပို၍တောကြမ်းသည်မို့ ရွာခံမုဆိုးမဲခေါင်မှာ မျက်စိကိုဖွင့် နားကိုစွင့်လျက် ရံဖန်ရံခါ နှာခေါင်းကို ရှုံ့မှုရှုံ့မှုလုပ်ရင်း ကြိုကြိုဖန်ဖန်ပင် အနံ့ခံလျက်ရှိပါ၏။ ချွတ်ခနဲ သစ်ကိုင်းခြောက်ကလေးတစ်ခု မြေပေါ်သို့ပြုတ်ကျသံ၊ ရှဲခနဲ သတ္တဝါတစ်ကောင်ကောင် တစ်ချုံမှတစ်ချုံသို့ တိုးလွှားပြေးသံ၊ ဖွေ့ခနဲ တောငှက်တစ်ကောင်၏ အလန့်တကြားအော်မြည်ပျံသန်းသံ၊ တစီစီအော်မြည်နေသည့် ပုစဉ်းရင်ကွဲခေါ်သည့် တောပုရစ်ကောင်ကြီးများ ဆူညံစွာအော်မြည်နေရာမှ ဖြုန်းခနဲ ရုတ်တရက်ထိုးရပ်သွားသည့်အခါမျိုးများ၌ လှမ်းလက်စခြေလှမ်းကို ရပ်တန့်ကာ ဝတ်ဝန်းကျင်ကို လျှင်မြန်စွာအကဲခတ်ရင်း ရင်ဆိုင်ရန်အသင့်ပြင်ထားလေ့ရှိပါ၏။

မြင့်မားသော ကညင်ပင်ဖျားထက်ဆီမှ ရှဲရှဲတောင်ပံသံကြီးများပေးလျက် သူတို့ဦးခေါင်းများပေါ်မှ ပျံသန်းသွားကြသည့် အောင်လောင်ငှက်ကြီးများကြောင့် တောတောင်တစ်ခုလုံး တောင်ပံရိုက်ခတ်သံတဖျန်းဖျန်းနှင့် ဆူညံသွားပါလေ၏။

'ဖြန်း ဖြန်း . . ရှဲ ရှဲ . . ဝေါ ဖရော'

အနက်နှင့်အဝါရောင် ရောနှောစပ်ထားသည့် ရှဉ့်ငပေါ်ကြီးများကလည်း တကြုပ်ကြုပ်ဖြင့်အော်မြည်ရင်း တစ်ပင်မှတစ်ပင်သို့ ခုန်ပျံကူးလွှားကာ တောသံပေးလျက်ရှိသည်။ မဲခေါင်မှာ ခရီးအတန်ပေါက်လာခဲ့ပြီမို့ ကျောက်တလားအရှေ့မြောက်ခြမ်းဖြစ်သည့် မြင့်မားမတ်စောက်လှသော ကျောက်နံရံကြီးအာ

www.burmeseclassic.com

www.burmeseclassic.com



နီးတွင် ခေတ္တခဏအပန်းဖြေနားနေစေပါ၏။

ကျော်မြနှင့်ကျော်လှ ညီအစ်ကိုနှစ်ဦးက နံနက်ခင်းက ထည့်လာသည့် ရေဘူးထဲမှအခါးရည်ကို သောက်နေကြသကဲ့သို့ မစ္စတာစတီဗင်တို့ မျက်နှာဖြူအုပ်စုကလည်း စခန်းမှယူလာသည့် ဆတ်သားခြောက်ကျော်နှင့် ဘရန်ဒီပုလင်းပြားများကို ဖွင့်ကာ ပျော်ပွဲစားသကဲ့သို့ ရယ်မောစားသောက်နေကြသည်။

ဤသည်ကို သဘောမကျလှသော ရွာခံမှဆိုးမဲခေါင်က တစ်စုံတစ်ရာပြောဆိုမည်ပြုလိုက်စဉ် ...

'ဝုန်း ..ဝေါ ..ဖရော ဖရော'

"ဟင် ..ဟာ"

"အို"

ကျောက်နံရံကြီးအထက်ဆီမှ တဝေါဝေါ တဝုန်းဝုန်းနှင့် တစ်စုံတစ်ရာကြီး လိမ့်ဆင်းလာသကဲ့သို့ မည်းမည်းရိပ်သဏ္ဍာန်ကြီးကို အားလုံးမြင်တွေ့လိုက်ကြရသဖြင့် ...

"ဟာ ...မြန်မြန် မြန်မြန်ပစ် ...ကိုကျော်မြ ပစ်ပစ်"

'ဒိုင်း ..ဒိုင်း ..ဒိုင်း ဒိုင်း'

'အား ..ဟီး ဟီး ..ဟီး ဟင်း'

ရုတ်တရက်မြင်တွေ့လိုက်ရသည့် မည်းမည်းရိပ်သဏ္ဍာန်ကြီးမှာ ကျောက်နံရံကြီး၏ ပြောင်ချောနေသော ကျောက်သားရေစီးလမ်းကြောင်းအတိုင်း လျှင်မြန်စွာ ဖင်ထိုင်၍လျှောတိုက်ကာ ဆင်းချလာနေသည်ကို ထိတ်လန့်ချောက်ချားစွာဖြင့် တွေ့မြင်လိုက်ရပါတော့သည်။



"ဟာ ...လူ ..လူမည်းကြီး ..လူမည်းကြီး"

'ဒိန်း ..ဒိန်း ..ဒိန်း ဒိန်း'

ဟုတ်သည် ...။ တဖြော်ဖြော တဝေါဝေါနှင့် ရေစီးကြောင်းကျောက်ပြားချိုင့်ကြီးအတိုင်း လျှောတိုက်ဆင်းလာသည့် ကြီးမားလှသောလူမည်းကြီးမှာ အောက်သို့ရောက်လာသည်နှင့် တဒိန်းဒိန်းပစ်ခတ်နေသည့် ကျည်ဆန်များကြားမှ မစ္စတာစတီဗင်တို့လူစုထံ ဒေါသတကြီးနှင့် အပြေးတက်လာခဲ့သည်။

'အီး ..ဟီး ..ဟီး ..ဟီး'

ရုတ်တရက်ဖြစ်ပေါ်လာသော အခြေအနေကြောင့် အားလုံးကြောင်စီစီနှင့် မှင်တက်ငေးမောနေစဉ် မဲခေါင်၏အော်ဟစ်သတိပေးသံကြောင့် မစ္စတာစတီဗင်နှင့်ကျော်မြတို့မှာ သတိဝင်လာကြပြီး အပြေးဝင်လာသည့် လူမည်းကြီးအား နှစ်လုံးပြူးရိုင်ဖယ်နှင့် ထိုးချိန်လိုက်သည်။

ရှေ့ချိန်သီး၊ နောက်မှန်ချိန်အလယ်ဗဟို၊ ညာမျက်စိ၊ ပစ်မှတ်နှင့် တစ်ထပ်တည်းကျသည်နှင့် ကျော်မြမှာ ရိုင်ဖယ်ဒင်ကို ညာပခုံးဆီသို့ တင်းတင်းဆွဲ၊ ဘယ်လက်က ရိုင်ဖယ်ပြောင်းနှစ်လုံးအောက်မှ မေးကို ငြိမ်ငြိမ်တင်းတင်းကိုင်လိုက်ပြီး ညာလက်ညှိုးက မောင်းကွင်းကို အသာညှစ်၍ကွေးချလိုက်သည်။

'ဒိန်း'

ကော်ဒိုက်ယမ်းအချိန် (၅၀၀) ရှိပြီး ကျည်ဆန်က တစ်စက္ကန့်လျှင် (၂၁၂၅) ပေနှုန်းအမြန်နှင့် ဒေါသတကြီး ပြေးတက်လာသည့် လူမည်းကြီး၏ရင်ညွန့်ဆီသို့ ချိန်ရွယ်၍ ပစ်ခတ်လိုက်သည်။ သို့သော် လူမည်းကြီးက ကျောက်တုံးကြီးတစ်ခုကို ခုန်၍

www.burmeseclassic.com



အကျော်နှင့် တိုက်ဆိုင်သွားသည်ကြောင့် ကျည်ဆန်က လိုရာ မထိပါလေတော့

'ဝုန်း ..ဖုန်း'

သို့သော် လူမည်းကြီးမှာ နီးကပ်စွာထိမှန်ခံလိုက်ရသဖြင့် ဝုန်းခနဲ ပြိုလဲကျသွားပါ၏။ ချက်ချင်းပင် ဝုန်းခနဲ လဲကျရာမှ ကုန်းရုန်း၍ထကာ သူလျှောထိုး၍ဆင်းလာခဲ့သည့် ကျောက်ထရံကြီးအား ပြေး၍တွယ်တက်သွားသည်ကို အံ့သြစွာမြင်တွေ့လိုက်ကြရပါတော့သည်။

"ဟော ...ဟိုမှာ ပြေးပြီ"

"ဟာ ...ကျောက်ထရံကြီးပေါ်ကို တက်ပြေးသွားပြီဟေ့ ...ပစ် ...ပစ်ကြ"

'ဒိန်း ..ဒိန်း ..ဒိန်း'

မစ္စတာစတီဗင်၊ မဲခေါင်နှင့် ကျော်မြတို့ သေနတ်သုံးလက်ဆိုင်၍ ပစ်ခတ်လိုက်ကြသည့်တိုင် လူမည်းသတ္တဝါကြီးမှာ ကျောက်ထရံကြီး၏ ရေစီးကြောင်းချိုင့်ကြီးထဲမှ လျင်မြန်စွာ ပြေးလွှားတက်ရောက်၍ ပျောက်ကွယ်သွားပါလေတော့သည်။

ကျော်မြက ပစ်ပြီးသားနှစ်လုံးပြူးရိုင်ဖယ်၏ခါးကို ချိုးလိုက်သည်။ တစ်ဆက်တည်းမှာပင် ဖြောင်းခနဲ၊ ထောင်ခနဲ ပစ်ပြီးသားကျည်ခွံနှစ်တောင့် လွင့်စဉ်ထွက်လာသည်။ ပြီးလျှင် ညာဘက်လက်ချောင်းများကြားတွင် အရံသင့်ညှပ်ထားသည့် ဒသမ (၄၇၀)ကျည်သစ်နှစ်တောင့်ကို ပြောင်းဝနှစ်ပေါက်အတွင်း ဖျတ်ခနဲထည့်၊ ခါးကို ချောက်ခနဲပြန်ပိတ်လိုက်ကာ ပစ်မှတ်သစ်ကို ကပျာကယာရှာဖွေလိုက်သည်။



သို့သော် ကျောက်ထရံကြီးတွင် သွေးစသွေးနအချို့နှင့် ပစ်ကွင်းက ရှင်းလင်းလျက် ...။

ထိုအချိန်တွင် လေရူးက တစ်ချက်မျှ သိမ့်ခနဲတိုက်ခတ်သွားသည်။ တဝေါဝေါနှင့်လေတိုးသံများကြားမှ ကျောက်ထရံကြီး၏ထိပ်ပိုင်းဘက်ဆီမှ တဟီးဟီးနှင့် ရယ်မောသံသဲ့သဲ့ကို ကြားလိုက်ရသည်မို့ မဲခေါင်တို့ ထိတ်ခနဲဖြစ်သွားကြသည်။

'ဟီး ဟီး ဟီး ..အီး အီး ..ဟီး ဟီး'

"ဘယ်လိုဖြစ်တာလဲ မဲခေါင် ...ဘာ ..ဘာကောင်ကြီးလဲ၊ မြန်လိုက်တာ ...ချက်ချင်းကို မြင်ကွင်းထဲက ပျောက်သွားတော့တာပဲဟေ့ ...ဘုရား ဘုရား"

"ဟုတ်တယ် ...ထိတော့ထိသွားပုံရတယ် ...ဟိုမှာ သွေးကွက်တွေ မြင်လား၊ သတိထားဟေ့ ...ကြည့်ရတာတော့ ကျောက်တလားကြီးပေါ်က မကောင်းဆိုးဝါးကောင်ကြီးတွေများလား မသိဘူး"

မဲခေါင်၏စကားကြောင့် မျက်နှာဖြူကြီးမစ္စတာစတီဗင်မှာ မျက်စိမျက်နှာပျက်လျက် ဒေါသတကြီးပြောဆိုနေပါ၏။

"ရှပ်တ်အပ် မကောင်းဆိုးဝါး ...ဘာမကောင်းဆိုးဝါးကောင်လဲ ...ဒီကျောက်တလားတောင်ကြီးကို နှစ်ချုပ်နဲ့ အပြတ်ဝယ်ထားတာကွ၊ လာခဲ့ကြစမ်း ...ဒီတစ်ခါ ဘာကောင်ကြီးပဲလာလာ ...ဟောဒီနှစ်လုံးပြူးသေနတ်နဲ့ အသေဆော်ပစ်မယ်"

ရှာခံမှုဆိုးမဲခေါင်မှာ အရက်မူးမူး၊ ဒေါသမူးမူးနှင့် တစ်အော်သောင်းကျန်းနေသည့် မစ္စတာစတီဗင်ကိုကြည့်ကာ စိတ်ပျက်လက်ပျက်ဖြစ်သွားပါ၏။ သူ့ အတန်တန်သတိပေးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



[illegible]မှ မျက်နှာဖြူကောင်ကြီး စည်းဖောက်ခဲ့ပြီမဟုတ်ပါလား

"အခြေအနေသိပ်မကောင်းဘူး ကိုကျော်မြ ... ကျုပ်ညီ့ ဒီနေရာက အမြန်ဆုံးခွာမှဖြစ်မယ်၊ သတိထား ... ကျောက်တလားကြီးအောက်ခြေက ကျောက်ထရံကြီးကို သတိမလစ်စေနဲ့"

'ဒိန်း .. ဒိန်း .. ဒိန်း'

ထိုစဉ်မှာပင် မစ္စတာစတီဗင်တို့ မျက်နှာဖြူတစ်သိုက်မှာ ကျောက်ထရံကြီးဆီသို့ သေနတ်များဖြင့် အရမ်းကာရောပစ်ခတ်နေကြသည်မို့ ရှာခံမှုဆိုးမဲခေါင်မှာ ဒေါသတကြီး အော်ဟစ်တားဆီးလိုက်သည်။

"ဟာ ... ဟေ့ ... ဟေ့လူတွေ အရမ်းကာရော လျှောက်ပစ်မနေကြနဲ့ဗျ ... အားလုံးတော့ သေကုန်တော့မှာပဲ"

ထိုအချိန်မှာပင် ကျောက်နံရံကြီးအထက်ဆီမှ နောက်ထပ်လူမည်းကြီးတစ်ယောက် ဖျတ်ခနဲပေါ်လာပြီး ခက်ထန်ကြမ်းတမ်းသောမျက်နှာ၊ နီရဲသောမျက်လုံးကြီးအစုံဖြင့် ခါးကြီးထောက်ကာ မစ္စတာစတီဗင်တို့လူစုကို စူးစူးရဲရဲကြည့်နေသည်ကို အံ့ဩစွာတွေ့မြင်လိုက်ကြရသည်။

"ဟာ ... ဟို ... ဟိုမှာ လူ ... လူမည်းကြီး"

"ပစ် ပစ် ... ပစ်ကြ ... အဲဒါ လူ .. လူမဟုတ်ဘူး ... ပစ် ပစ်"

'ဒိန်း .. ဒိန်း .. ဒိန်း'

'အား ဂါး .. ဝူး .. ဝူး .. ဝေါ'

မုဆိုးမဲခေါင်က ကျောက်နံရံထိပ်မှ လူမည်းကြီးအား ဒသမ (၁၀၃) ရိုင်ဖယ်နှင့် လက်တန်းထိုးပစ်ချလိုက်သည်။ တစ်



ချိန်တည်းမှာပင် ကျော်မြနှင့် မစ္စတာစတီဗင်တို့ကလည်း လက်မနေ။ ကျောက်နံရံကြီးတစ်ဝိုက်မှာတော့ တဟီးဟီးအော်မြည်သံ၊ မြိုင်မြိုင်ဆိုင်ဆိုင်ဆူညံစွာထွက်ပေါ်လာသော သေနတ်သံ၊ ပေါက်ကွဲသံများဖြင့် ဆူညံပွက်လျက်ရှိပါသည်။

သေနတ်သံများ တိတ်ဆိတ်သွားတော့ ကျောက်နံရံကြီးပေါ်တွင် လူမည်းကြီး မရှိပါလေတော့။ သို့သော် ကျောက်နံရံ၏ ဖြူဖွေးနေသည့် ရေစီးကြောင်းကျောက်ချပ်ချိုင့်ဝှမ်းကြီးတစ်လျှောက်မှာတော့ သွေးကွက်ကြီးများနှင့် သွေးစီးကြောင်းများက စွန်းထင်းလျက်ကျန်ရစ်ခဲ့ပါချေပြီကော။

"ဟာ ဘုရား ဘုရား ... ဘယ်လိုဖြစ်ကုန်ကြပြီလဲ"

ကျော်မြတစ်ယောက် မျက်စိမျက်နှာပျက်လျက် ဘုရားတလိုက်မိသည်။ မတတ်နိုင်။ ရိုင်ဖယ်သုံးလက်ဖြင့် အနီးကပ်ရော အဝေးပစ်ကွင်းပါမကျန် ပစ်ခတ်ခြင်းခံလိုက်ရသည့်တိုင် သွေးအလိမ်းလိမ်းနှင့် ဒဏ်ရာများရရှိသွားသောလူမည်းကြီးများ ထိုးဆန်းစွာပျောက်ကွယ်သွားကြသည်မှာ အဘယ်ကြောင့်ပါနည်း။

သို့လိုပင် မျက်နှာဖြူလူရမ်းကားတစ်စုမှာလည်း သေနတ်ကြီးများတကားကားနှင့် ထိတ်လန့်ကြောက်ရွံ့လျက်ရှိ နေပါပြီ။ ထိုစဉ်မှာပင် ...

'ဝေါ .. ဝေါ ဝေါ .. ဝေါ ဝေါ'

တဝေါဝေါနှင့် လေပြင်းတိုက်ခတ်သံ၊ မိုးခြိမ်းသံကြီးနှင့် မုန်တိုင်းကြီးတစ်ခု ပြင်းပြင်းထန်ထန် တိုက်ခတ်လာကြသည့်အလား ကြောက်မက်ဖွယ်မြည်ဟည်းသံကြီးများဖြင့် ကျောက်တလားတောင်ပေါ်မှ ရှသူအမျှောက်အမြား အော်ဟစ်ပြေးဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည့်နှယ် အော်သံကြီးများက ချောက်ချားဖွယ် ထွက်ပေါ်လာကြသည်။

'ဝုန်း ... ဂျုန်း ... ဖရော ဝေါ်'

'ဟီး ဟီး .. ဟေး ဟေး .. ဟေး .. ဟီး'

'ဂျိမ်း ... ဒရိမ်း ဒိန်း'

သို့သော် တဝေါဝေါ တဝုန်းဝုန်းနှင့် သစ်ပင်ကြီးများ ပြိုလဲကျသံ၊ မိုးပြိုသံ၊ လေမုန်တိုင်းတိုက်ခတ်သံ၊ အော်သံဟစ်သံကြီးများကို ကျယ်လောင်စွာကြားနေရသည့်တိုင် သူတို့အနီးဝန်းကျင်ရှိ သစ်တောသစ်ပင်ကြီးများမှာမူ လှုပ်ရှားမှုဟူ၍ နတ္ထိ။

"ဝုတ် ဝုတ် ... လူကလေး ကျော်မြ ... ဘာ ... ဘာတွေဖြစ်နေတာလဲ"

မစ္စတာစတီဗင် အသည်းအသန်မေးမြန်းနေသော မေးခွန်းကို ကျော်မြမဖြေနိုင်ပါ။ သူကိုယ်တိုင်လည်း ဘာဖြစ်မှန်းမသိ ဖြစ်နေသည်မဟုတ်ပါလား။

ထိုစဉ် မဲခေါင်က ဘာမပြောညာမပြောနှင့် အော်သံ၊ မြည်ဟည်းသံ၊ မိုးပြိုသံ ... စသော အသံနက်ကြီးများထွက်ပေါ်ရာ ကျောက်နံရံကြီးအပေါ်ဆီသို့ ဒသမ (၃၀၃) ရိုင်ဖယ်နှင့် ဒိန်းခနဲ တစ်ချက် ပစ်ထည့်လိုက်သည်။

'ဒိန်း'

ဒိန်းခနဲ ကျယ်လောင်စွာပေါက်ကွဲမြည်ဟည်းထွက်ပေါ်လာသည့် သေနတ်သံကြီး၏နောက်မှာတော့ အော်မြည်သံကြီးများအားလုံးမှာ မီးကိုရေနှင့်ငြှိမ်းသတ်သကဲ့သို့ တိခနဲ ငြိမ်သက်တိတ်ဆိတ်သွားကြပါတော့သည်။



"ကိုင်း ... အစကတည်းက ကျုပ် ကြိုပြီးပြောထားလျက်နဲ့များ၊ အရှေ့ဘက်ခြမ်း ကျောက်တလားတောင်ကြောဘက်က တောအားကြီးကြမ်းတယ်ဆိုတာ ယုံပြီလား။ အခုဟာ တောခြောက်ပြီး တောမှောက်ခံရတာပဲ ကိုကျော်မြရေ အင်း ... တရားခံကတော့ ခင်ဗျားတို့ရဲ့ မျက်နှာဖြူအရာရှိ စတီဗင်တို့လူစုကြောင့်ပဲဗျို့"

အားလုံးငြိမ်သက်အေးဆေးသွားမှ ရှာခံမုဆိုးမဲခေါင်က ဤထူးဆန်းသောအဖြစ်အပျက်ကို ရှင်းပြပြောဆိုရင်း မစ္စတာစတီဗင်၏အမှားကို ထောက်ပြပြောဆိုလိုက်ပါ၏။

"ဟုတ်တယ် ကိုကျော်မြ ... မစ္စတာစတီဗင်က ဆတ်သားကြော်နဲ့ အရက်ကို လမိုင်းမတင်ဘဲ သူ့ဘာသာသူ သောက်တာရယ်, အရက်မူးမူးနဲ့ အော်ဟစ်ကြိမ်းမောင်းဆဲဆိုနေတာရယ်, မထီလေးစားစော်ကားခဲ့တာကြောင့် တောစည်းပေါက်သွားခဲ့ရတာပေါ့၊ အင်း ... ဒီလောက်ကြမ်းပါတယ်ဆိုတဲ့ ကျောက်တလားနယ်မြေထဲမှာ မဆင်မခြင်နဲ့ လျှောက်ပြီးလုပ်တာ ... ကံကောင်းပြီး လူစုမကွဲလို့သာပေါ့၊ နို့မို့ဆိုရင်တော့လား ကျောက်တလားတောင်ပေါ်မှာ တစ်ယောက်ယောက်တော့ အစောင့်အဖြစ် ကျန်ရစ်ပြီ"

အပြန်ခရီးလမ်းတစ်လျှောက်လုံး ရမ်းကားလှသော မစ္စတာစတီဗင်ကို မျက်စောင်းကြီးတခဲခဲနှင့် ပြောဆိုနေသည့် မုဆိုးမဲခေါင်၏စကားသံအောက်ဝယ် တစ်ဖွဲ့လုံး ငြိမ်ဆိတ်စွာဖြင့် ပြန်လာခဲ့ကြပါတော့သတည်း။

❋ ❋ ❋

www.burmeseclassic.com



## အခန်း (၁၅)

## ပဟေဠိဝင်္ကပါထဲတွင်ခဲလည်နေကြသူများ

'မြိုင်စိန်တူးဖော်ရေးစခန်း'

ကျောက်တလားတောင်ခြေနှင့် မနီးမဝေးတွင် မြေကေတစ်ကေကျော်ကျော်ခန့်ကျယ်ဝန်းသည့် မြေနေရာတွင် လေးထောင့်အကွက်ကျကျ ပုံဖော်၍ သံကြိုးဆူးလိမ်များနှင့် သစ်လုံးတိုင်များကို စနစ်တကျ ကာရံထားခဲ့သည်။ ထို့အပြင် စခန်း၏ထောင့်လေးထောင့်တွင် ဆယ့်ရှစ်ပေကျော်ခန့်မြင့်သည့် သစ်လုံးတိုင်နှင့် လုံခြုံရေးစခန်းငယ် မျှော်စင်လေးခု၊ လက်နက်ကိုင်အစောင့်လုံခြုံရေးကင်းသမားများနှင့် စခန်းအဝင်အထွက်ကို နိုင်ခန့်သောသစ်လုံးတံခါးကြီးတစ်ခုသာ ထားရှိသည်။

မြိုင်စိန်တူးဖော်ရေးစခန်းဝင်းကြီးထဲတွင် လျှပ်စစ်မီးစက်များ၊ ရေသန့်စင်စက်များ၊ သတ္တုအမျိုးမျိုးကို စစ်ဆေးအဖြေထုတ်စက်များ၊ တူးဖော်ဖောက်ခွဲရေးစက်ကိရိယာများ၊ ယမ်းပျော့စသည့် ခဲယမ်းမီးကျောက်များ၊ စတိုခန်း၊ ဓာတ်ခွဲသန့်စင်ခန်း၊



ရုံးခန်း၊ အနားယူခန်းများနှင့် စည်းစနစ်ကျ ဆောက်လုပ်ထားသည့် တောကြီးမျက်မည်းအတွင်းမှ စခန်းကြီးတစ်ခုဖြစ်ပါသည်။

အချိန်ကာလက မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်နယ်ချဲ့မျက်နှာဖြူများအုပ်ချုပ်နေသည့် အချိန်ကာလဖြစ်ပါ၏။ ဤကဲ့သို့သောအချိန်ကာလတွင် သယံဇာတပေါကြွယ်လှသည့် မြန်မာ့မြေပေါ်တွင် အင်္ဂလိပ်ကုန်သည်ကြီးများ၊ တရုတ်ကုန်သည်သူဌေး၊ ကုလားသူဌေးများ မင်းမူချယ်လှယ်နေကြချိန်လည်း ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများမှန်သမျှ နိုင်ငံခြားသားများ၏လက်ထဲတွင်သာ ရောက်ရှိနေကြပါ၏။ မျက်နှာဖြူ စီးပွားရေးသမားများ၊ နိုင်ငံခြားသားကုန်သည်ကြီးများ ခြေချင်းလိမ်ကာ ထင်သလိုကြိုးကိုင်၍ ချယ်လှယ်နေကြသည် မဟုတ်ပါလား။

ထိုအထဲတွင် မျက်နှာဖြူအရာရှိကြီးများ ကြီးစိုးသည့် ကုမ္ပဏီကြီးတစ်ခုက ပဲခူးရိုးမတောင်တန်းကြီးများ၏ တောင်စွယ်တစ်ခုဖြစ်သော ကျောက်တလားတောင်တစ်ဝိုက်တွင် မြိုင်စိန်တူးဖော်ရေးလုပ်ငန်းအတွက် နှစ်ရှည်စာချုပ်များချုပ်ဆိုကာ စခန်းချလုပ်ကိုင်ခဲ့ကြခြင်းပင် ဖြစ်ပါ၏။ မြိုင်စိန်တူးဖော်ရေးစခန်းကြီးကို မျက်နှာဖြူအရာရှိ မစ္စတာစတီဗင်ဆိုသူကဦးစီး၍ အလုပ်သမားဝန်ထမ်း (၁၅၀) ခန့်နှင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထိုအဖွဲ့ထဲတွင် ဘူမိဗေဒအရာရှိ ဗွာနမှုးမင်းမောင်ကဒုတိယအုပ်ချုပ်သူအဖြစ် မစ္စတာစတီဗင်နှင့်တွဲဖက်၍ လုပ်ကိုင်နေရပါ၏။ ယခု ကျောက်တလားကြီးနှင့်ပတ်သက်သောကိစ္စတွင် မြိုင်စိန်တူးဖော်ရေးကိစ္စများအတွက် ရှာဖွေနယ်သနယ်သား

www.burmeseclassic.com

www.burmeseclassic.com



ရာရှင်း သွားရောက်တွေ့ဆုံဆွေးနွေးနေချိန်ဝယ် စခန်းတွင်ကျန်ရစ်ခဲ့သည့် မစ္စတာစတီဗင်သည် ရှာခ်မှဆိုးပေါက်စတစ်ဦးကို အခကြေးငွေပေးကာ ငှားရမ်း၍ သတ္တုကြောရှာဖွေသည်ကို အဆောင်ပြုကာ စခန်းမှလုံခြုံရေးတပ်ဖွဲ့နှင့်အတူ အမဲပစ်ထွက်သွားခဲ့ခြင်းပင်တည်း။ ညနေ မှောင်ရီသန်းသည့်အချိန်ထိတိုင် မစ္စတာစတီဗင်တို့အဖွဲ့ စခန်းသို့ ပြန်လည်၍ရောက်ရှိမလာသေးသဖြင့် ဗြာနမှူးမင်းမောင်တစ်ယောက် စိုးရိမ်ပူပန်နေခြင်းဖြစ်သည်။

''နေပါဦး ဆရာညိမ်း ... စတီဗင်နဲ့ ဘယ်သူတွေပါသွားကြသေးသလဲ၊ နောက်ပြီး ဘယ်အချိန်လောက်က ထွက်သွားကြတာလဲဗျ ... ဟင်''

''အင်း ... မစ္စတာစတီဗင်ရယ်၊ သူ့ရဲ့ပါတနာတွေဖြစ်တဲ့ ဟို မန်နေဂျာစမစ်နဲ့ ဝီလျံဆိုတဲ့မျက်နှာဖြူကောင်တွေရယ်၊ ဟို မြောက်ဘက်မျှော်စင်မှာတာဝန်ကျတဲ့ ကျော်မြတို့ညီအစ်ကိုနဲ့ မဆိုးတစ်ယောက် ပါသွားတယ်၊ သူတို့ပြောသွားတာကတော့ တောင်ခြေတစ်ဝိုက်လောက်တင် တောပစ်ကြမယ်လို့ ပြောသွားတာပဲ၊ ဒါပေမဲ့ မစ္စတာစတီဗင်တို့သုံးယောက်ကတော့ ကျောက်နံရံကြီးဘက်က ကျောက်တလားကြီးအကြောင်းကို ပြောဆိုနေသံကြားရတယ် မောင်မင်းမောင်''

စခန်းတွင်ကျန်ရစ်ခဲ့သူ ကြီးကြပ်ရေးမှူး ဦးညိမ်းမောင်က သူကြားသိထားခဲ့သမျှတို့ကို မင်းမောင်အား ရှင်းလင်းပြောပြနေပါ၏။ မစ္စတာစတီဗင်မှာ စခန်းကြီးတစ်ခုလုံးအတွက် တာဝန်အရှိဆုံး အုပ်ချုပ်ရေးဒါရိုက်တာတစ်ဦးဖြစ်သည့်တိုင် ဆင်ခြင်



တုံတရားနည်းပါးခြင်း၊ တစ်ဖွတ်ထိုးနိုင်တတ်ခြင်း၊ မြန်မာလူမျိုးများအပေါ်တွင် အထင်အမြင်သေးလေ့ရှိခြင်း စသည့်အားနည်းချက် ရှိသူဖြစ်သည်။ ယခုပင် သူတစ်ဦးတစ်ယောက် စိတ်အပန်းဖြေပျော်ရွှင်နိုင်ရေးအတွက် စခန်းမှတာဝန်ရှိသူများအားလုံး ပူပင်သောကရောက်ကြရပြီ မဟုတ်ပါလား။

''ဟာ ... ဒီမျက်နှာဖြူကောင်နဲ့တော့ တော်တော်ခက်နေပြီ၊ ဒီလောက် ရှာခ်လူကြီးတွေကရော အားလုံးကပါ တောကြမ်း၊ မြေကြမ်းလွန်းလို့ သတိပေးထားတဲ့ကြားက ဖွတ်တရွတ်ထွက်သွားရတယ်လို့၊ ပြန်ချိန်က တော်တော်လင့်နေပြီ ဆရာညိမ်း၊ ရှေ့တံခါးပေါက်ဂိတ်က အစောင့်တွေကို စခန်းဝကမီးပုံကို ဖိုခိုင်းထားလိုက်တော့''

ဟုတ်သည် ...။ ပဲခူးရိုးမ၏နေဝင်ချိန်က စောလွန်းသည်။ နေဝင်သည်နှင့် တစ်ပြိုင်နက်တည်း အမှောင်ရိပ်တို့က လျင်မြန်စွာကြီးစိုးလာကြသည်။ တောင်နိုးတောင်ငွေ့၊ မိုးငွေ့မြူမှုန်များက ပဲခူးရိုးမတောင်စဉ်တန်းကြီးတစ်လျှောက် ဖွေးဖွေးလွှမ်းခြုံထားကြသဖြင့် စောစီးစွာ အမှောင်ရိပ်တို့ ဆင်ရောက်မင်းမူကြခြင်းသာဖြစ်ပါ၏။

ကျောက်တလားတောင်ခြေတစ်ခုလုံးနှင့် စခန်းဝန်းကျင်တစ်ဝိုက်တွင် အမှောင်ထုက ဝါးမျိုစပြုလာပါပြီ။ ကြီးကြပ်ရေးဦးညိမ်းမောင်က ထောင့်လေးထောင့်ရှိ လုံခြုံရေးမျှော်စင်လေးအား အသေးစားဆက်သွယ်ရေးကိရိယာဖြစ်သော ဝေါ်ကီတော်ကီနှင့်ဆက်သွယ်၍ ခိုင်းစေနေပါ၏။

မစ္စတာစတီဗင်တို့လူစု မရောက်လာသေး၍ သတိထား

www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်ကြရန်နှင့် မီးစက်များထွန်းညှိကြရန်၊ စခန်းအဝင် အထွက်တံခါးမကြီးနှင့် ကိုက်သုံးလေးဆယ်အကွာတွင် အမြဲ တမ်းအဆင်သင့်ရှိနေသည့် လက်ခုပ်တစ်ဖောင်ခန့်ရှိသော ထင်း ပုံကြီးအား မီးရှို့စေလိုက်သည်။

မကြာမီ စခန်းတွင်းရော၊ စခန်းပြင်ပဝန်းကျင်ပါ မီးများ ထိန်ထိန်လင်းသွားပါတော့သည်။ ညစဉ် ဤမီးပုံကြီးကို အစဉ် မပျက် ဖိုထားရသည်။ မီးအရှိန်ကောင်းလာခဲ့လျှင် ဝါးဆစ်ပိတ် များထည့်ထားခြင်းဖြင့် တဒိုင်းဒိုင်း၊ တဖောင်းဖောင်းနှင့် ဆူညံ စွာပေါက်ကွဲတော့သည်။ ဝါးဆစ်များပေါက်ကွဲသံ၊ ရောမ မီးပုံ ကြီး၏ အလင်းရောင်တို့ကြောင့် တောကောင်ကြီးများနှင့် အမည် မသိအန္တရာယ်ဆိုးများ စခန်းအနီးသို့ မကပ်လာနိုင်စေရန် ကြို တင်၍စီစဉ်ထားခြင်း ဖြစ်ပါလေ၏။

ထိုအချိန်တွင် စခန်းအဝင်ဝတံခါးပေါက်ဘက်ဆီမှ ဆူ ဆူညံညံအသံများကို မင်းမောင်ကြားလိုက်ရသည်။ လူသံသူသံ များထွက်ပေါ်လာသည့် တံခါးမကြီးဆီသို့ ဦးညိမ်းမောင်က လှမ်းမျှော်ကြည့်လိုက်ရင်းမှ . . .

"အင်း . . . လူသံတွေနဲ့ တံခါးဖွင့်သံတွေ ကြားရတယ်၊ မစ္စတာစတီဗင်တို့ရောက်လာကြပြီထင်တယ်၊ သိပ်လည်းအချေ အတင်မဖြစ်ပါစေနဲ့တော့ မောင်မင်းမောင်၊ သူတို့ရဲ့ အခြေအနေကို စောင့်ကြည့်လိုက်ပါဦး၊"

ဦးညိမ်းမောင်က လူကြီးပီပီ စခန်းအုပ်ချုပ်သူနှစ်ဦး ထိပ်တိုက်အချေအတင်မဖြစ်စေရန် မင်းမောင်အား ကြိုတင်၍ သတိပေးလိုက်သည်။



"ဒီအတိုင်းလွှတ်ထားလို့တော့ ဘယ်ဖြစ်မလဲ ဆရာ ညိမ်းရယ် . . . စည်းလေးကမ်းလေးတော့ ထိန်းဦးမှပေါ့၊ စခန်း မှာ ငါ အုပ်ချုပ်သူလူကြီး, ငါထင်တာငါလုပ်မယ်ဆိုရင်တော့ ကျွန်တော်နဲ့ ဖြစ်မယ်မထင်ဘူး ဆရာညိမ်း"

"အေးပါ မောင်မင်းမောင်ရယ် . . . နောက်နေ့ မနက် ကျမှ မစ္စတာစတီဗင်ကို ကျုပ်ပြောပြထားပါ့မယ်"

နှစ်ယောက်သား အချီအချစကားပြောနေကြစဉ်မှာပင် မစ္စတာစတီဗင်တို့လူစု မျက်စိမျက်နှာပျက်ဖြင့် သူတို့အနီးမှ ဖြတ်လျှောက်သွားကြပြီး သီးသန့်အိပ်ဆောင်များရှိရာသို့ တန်း တန်းမတ်မတ် ဝင်ရောက်သွားကြပါတော့သည်။ သူတို့လူစု နောက်မှ ကျော်မြတို့ညီအစ်ကို သေနတ်ကိုယ်စီထမ်း၍ တိတ် ဆိတ်စွာ လိုက်လာကြသည်။

"အင်း . . . အခြေအနေကြည့်ရတာ ဒီကောင်တွေ တစ် ခုခုဖြစ်လာပုံရတယ်၊ ဟိုမှာ ကျော်မြတို့ညီအစ်ကို လာပြီ၊ဟေ့၊ ဟေ့ကောင် ကျော်မြ . . . ဘယ်လိုဖြစ်တာလဲကွ . . . မင်းတို့အဖွဲ့ တောပစ်သွားကြတာကလည်း မိုးကို စုန်းစုန်းချုပ်ပါရောလား။ နောက်ပြီး ဘာသားကောင်မှလည်း ရလာတာ မတွေ့ရပါလား"

သူတို့အနီးသို့ရောက်လာသည့် ကျော်မြတို့ညီအစ်ကိုမှာ ပခုံးထက်တွင်ထမ်းလာကြသည့် သေနတ်ကြီးများကို ရုံးခန်း ထောင့်တွင် ထောင်ထားလိုက်ပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက် ပါလေ၏။ ပြီးမှ သက်ပြင်းမောကြီးကို မသက်မသာချကာ . . .

"ဟူး . . . မပြောပါနဲ့တော့ ဆရာငြိမ်းရယ် . . . ကျွန် တော်တို့ အသက်နဲ့ခန္ဓာကိုယ်တွဲပြီး စခန်းကိုပြန်ရောက်လာတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ ကံကောင်းလှပါပြီ''

ကျော်မြက ထိုကဲ့သို့ စကားနိဒါန်းချည်ကာ ကျောက်တလားတောင်မှ ထိတ်လန့်ချောက်ချားဖွယ် ကြုံတွေ့ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်ဆန်းကြီးကို တုန်တုန်ယင်ယင်နှင့် မင်းမောင်နှင့် ဦးညိမ်းမောင်တို့အား ပြောပြလိုက်ပါလေတော့သည်။

❁

ကွဲလက်စ နှင်းမြူတွေးများ သွဲ့ပျော်ဆင်းစပြုနေပါပြီ။ သက်ကယ်မိုးတဲစက်မြိတ်စွန်းမှ တစက်စက် တပေါက်ပေါက် ဟီးလေးခို၍ မြေသို့ခနေသော နှင်းရည်ဥတို့ကျသံက တဖျောက်ဖျောက်နှင့် နရီစည်းချက်ညီညီဖြင့် ရှိပါချေ၏။ သစ်ပင်သစ်ခက်၊ သစ်ရွက်သစ်ကိုင်းများကြားမှ တိုးဝင်ဖောက်ထွင်းစပြုနေသည့် နေရောင်အပူငွေ့လှုံနေသည့် ကျေးငှက်လေးများက တောင်ပံတဖျတ်ဖျတ်ခတ်လျက် ...။ တဲအိမ်ခြံနောက်ရှိ ယာခင်းများဆီမှ နွားခလောက်သံအဲ့သဲ့ကို မင်းမောင်ကြားနေရသည်။

သူ၏ရှေ့မှာတော့ ဦးကျောက်အိုးတို့ မြေးအဘိုးနှစ်ယောက်က သူ့မသိသော ဆေးမြစ်ဆေးဥများကို တစ်မျိုးနှင့်တစ်မျိုး ခွဲခြမ်းစိတ်ဖြာနေကြ၏။ ဌာနမှူးလေးမင်းမောင် ပြောကြားနေသည့်စကားများ ပြီးဆုံးသွားမှပင် သက်ပြင်းတစ်ခုကို ဦးကျောက်အိုး အသာအယာချလိုက်ရင်း ...

''ဟင်း ... ဒီမျက်နှာဖြူတွေ ကျောက်ထရံကြီးဘက်



ကို အကုသိုလ်တွေ သယ်သွားကြတာကိုး၊ ဘယ့်နှယ်ကွယ် ... တားမြစ်တဲ့နယ်မြေထဲကိုမှ သွားပြီးတောလည်ချင်ရတယ်လို့၊ အင်း ...မသေကောင်း မပျောက်ကောင်း။ အင်း ...ငါတို့ငယ်ငယ်က ကျောက်တလားတောင်မှာ တောလည်အမဲပစ်ကြတာလို့ ဆိုပေမယ့် တောင်ကြီးရဲ့အနောက်ဘက်ခြမ်းဘက်မှာသာ ပစ်လေ့ရှိကြတယ်ကွဲ့၊ ကျောက်တလားကြီးရှိတဲ့ အရှေ့ဘက်ခြမ်း ကျောက်ထရံကြီးဘက်ကို မသွားကြဘူး၊ အင်း ...ရှေးလူကြီးသူမတွေ ပြောကြတာကတော့ ကျောက်ထရံကြီးနဲ့ ကျောက်တလားကြီးဆက်စပ်နေတဲ့နေရာမှာ မိဖုရားခေါင်ကြီး ကိုးကွယ်ခဲ့တဲ့ 'ပဥ္စလောဟိတ ဗုဒ္ဓရုပ်ပွားတော်ကြီး' ရှိတယ်လို့ ပြောကြဆိုကြတယ်၊ ကျောက်တလားကြီးကို စောင့်ရှောက်ကြတဲ့ အစောင့်တွေကလည်း ကျောက်ထရံကြီးတစ်ဝိုက်မှာ အမဲတောကောင်ရှာဖွေတာ မကြိုက်ကြဘူးနဲ့တူရဲ့ ...အဲဒီဘက်ကို တောလည်သွားကြတဲ့သူတွေမှန်သမျှ တစ်နည်းမဟုတ်တစ်နည်း ဒုက္ခရောက်ကြတာများတယ် မောင်မင်းမောင်၊ ကံမကောင်းရင် အသက်ပါ ဆုံးရှုံးခဲ့ကြရတာတွေလည်း ရှိကြတယ်ကွဲ့''

ဤသို့ဆိုလျှင် မစ္စတာစတီဗင်တို့လူစုမှာ ကျောက်တလားကြီးရှိရာ ကျောက်ထရံကြီးဘက်သို့ နယ်ကျူးကာ သွားရောက်ခဲ့ကြခြင်းဖြစ်ပေမည်။ ထို့အပြင် ကျော်မြတို့ညီအစ်ကို ပြောပုံအရဆိုလျှင် ရွာခံမုဆိုးလေး လမိုင်းတင်ခြင်းကိစ္စကိုပင် မချေမငံဖြင့် ပြောဆိုခဲ့ခြင်းနှင့် အရက်သေစာများကိုသောက်စားရင်း မဆင်မခြင်စကားများ ပြောဆိုခဲ့သည်ဟု တိုင်ကြားခဲ့သည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အစ်ကိုမှာလည်း လုပ်ငန်းတာဝန်တွေက တစ်ဖက်၊ လူမျိုးခြား တိုင်းတစ်ပါးမျက်နှာဖြူအုပ်ချုပ်သူက တစ်ဖက်နဲ့ အတော်အလုပ်များနေတာပါပဲလား။ အစောအထင် ပြောရရင် အဲဒီမျက်နှာဖြူကြီးကို အစ်ကို အတော်ထိန်းရမယ်ထင်တယ်၊ သူ့ရဲ့မဆင်မခြင်လုပ်ရပ်တွေက အားလုံးကိုဒုက္ခပေးလိမ့်မယ်"

"ဟုတ်တယ် မောင်မင်းမောင် ... လူမျိုးခြားလည်း ဖြစ်ပြန်၊ တစ်ဖွတ်ထိုး တဇောက်ကန်းနဲ့ ထင်ရာလည်းစိုင်းပြန်ဆိုရင်တော့ မောင်မင်းမောင်တို့ အကျိုးစီးပွားပျက်စီးပြီး အန္တရာယ်တောင် ရှိလာနိုင်တယ် ... သတိထားကြကွဲ့၊ စစ်အတွင်းတုန်းကလည်း ဒီမျက်နှာဖြူကောင်တွေပဲ ဘုရားဌာပနာတွေ ဖောက်ထွင်းယူကြ၊ ခေါင်းလောင်းကြီးတွေ အရည်ကျိုပစ်ကြနဲ့ ဘာဘာတရားကိုတောင် စော်ကားမော်ကားပြုခဲ့ကြသေးတာ"

ဦးကျောက်အိုးနှင့် စောနန္ဒာတို့က ဌာနမှူးလေး မင်းမောင်အား မစ္စတာစတီဗင်နှင့်ပတ်သက်၍ သတိပေးပြောစကားများကို ပြောကြားလိုက်ပါ၏။

"စိတ်ချပါ ဦးကြီးနဲ့ အစော ... အခုလို ကြိုတင်သတိပေးတာကို ကျေးဇူးတင်ပါတယ်၊ စခန်းကိုရောက်ရင်တော့ မစ္စတာစတီဗင်ကို ပြင်းပြင်းထန်ထန်သတိပေးမှ ဖြစ်တော့မယ်၊ အခုအတိုင်းသာဆိုရင် ကျောက်တလားကြီးနဲ့ ပတ်သက်မှုတွေဟာ ပိုပြီးရှုပ်ထွေးလာပြီ၊ ဒါနဲ့ ကျွန်တော် ဦးကြီးကို တစ်ခုလောက်မေးပါရစေ ... အဲဒီ ကျောက်ထရံကြီးပေါ်က လူမည်းကြီးတွေဟာ တကယ့်ကို ကျောက်တလားကြီးကိုစောင့်ရှောက်နေကြရတဲ့ ပရလောကသားတွေလားဟင် ဦးကြီး"



သည့်တစ်ကြိမ်တော့ မင်းမောင်၏အမေးစကားကို ဦးကျောက်အိုးတစ်ယောက် ချက်ချင်းမဖြေနိုင်သေး။ စောနန္ဒာ အသင့်ငှဲ့ထားသည့် အခါးရည်တစ်ခွက်ကို အသာအယာမှုတ်၍ သောက်နေပါ၏။ စောနန္ဒာကမူ ဆေးမြစ်ဆေးဥများကို တစ်မျိုးစီခွဲ၍ ပုလင်းကြီးများထဲသို့ သိမ်းဆည်းလျက်ရှိသည်။

"အင်း ... ဘယ်လိုပြောရမလဲမသိဘူး ... ကျောက်တလားတောင်စွယ်ကြီးကတော့ ဟိုးအရင် မူလကနဦးကတည်းက ပရနယ်မြေကြီးတစ်ခုပဲကွဲ့၊ မြင်အပ်၊မမြင်အပ်တဲ့ ပုဂ္ဂိုလ်ထူးတွေ, အစောင့်အရှောက်တွေ နေထိုင်ကြတဲ့ သာသနာ့နယ်မြေကြီးပဲလေ၊ နောက်ပြီး ကျောက်ထရံကြီးပေါ်က လူမည်းကြီးတွေဟာ ဘာတွေဖြစ်နိုင်မလဲဆိုတာကတော့ ကိုယ်တိုင်လက်တွေ့မြင်ကြရမှပဲ သိတော့မှာပဲ မောင်မင်းမောင်"

"ဒီလိုဆိုရင် အစောလည်း ပရဆေးမြစ်ဆေးပင်တွေ ရှာဖို့ ကျောက်တလားတောင်ကို တက်စရာရှိတယ်၊ အဲဒါ အစ်ကို ကျောက်ထရံကြီးနဲ့ ကျောက်တလားတောင်စွယ်ကို အကဲခတ်ရင်း လိုက်ခဲ့ပါလား။ ဒါမှ ကျောက်တလားကြီးနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို သိတန်သလောက် လက်တွေ့သိရတာပေါ့"

"ဟုတ်တယ် မောင်မင်းမောင် ... ဒီရက်ထဲမှာ မြေးမလေးတို့လည်း ကျောက်ထရံကြီးဘက်ကို ရောက်ကြလိမ့်မယ်၊ လိုချင်တဲ့ဆေးမြစ်ဆေးပင်တွေက အဲဒီကျောက်တလားတောင်စွယ်ဘက်မှာ ရှိကြတယ်လေ၊ အဲဒါ မောင်မင်းမောင် လိုက်ခဲ့ရင်တော့ ကောင်းတာပေါ့ကွယ်"

ရိုးသားဖြူစင်သလောက် တည်ငြိမ်အေးဆေးသော မြေး

www.burmeseclassic.com

www.burmeseclassic.com



အဘိုးနှစ်ယောက်စလုံးမှာ ဟန်ဆောင်မှုမပါ ပွင့်လင်းဖော်ရွေစွာ ပင် ခေါ်ငင်နေသည်မို့ မင်းမောင်တစ်ယောက် ရေဇတ်တုန်း ရေတွင်းထဲသို့ ဒိုင်ဗင်ထိုးဆင်းရန်သာ ကျန်ရှိတော့သည် မဟုတ် ပါလား။

''ဟုတ်ကဲ့ပါဦးကြီး ... အစောတို့ ဆေးမြစ်ရှာကြမယ့် နေ့ကိုသာ ကြိုတင်ပြီးပြောထားပါ၊ ကျွန်တော်တပည့်နှစ်ယောက် နဲ့အတူ လိုက်ခဲ့ပါ့မယ်''

''ကောင်းပါလေ့ကွယ် ... ရောက်တုန်းရောက်ခိုက် နာ မည်ကျော် ကျောက်တလားကြီးကို လေ့လာရှုစမ်းကြည့်ပေါ့ ကွယ်၊ ငါ မှဆိုးဘဝနဲ့သွားလာစဉ်ကာလတုန်းကတော့ အဲဒီ ကျောက်တလားဘက်မှာ ဟို မကောင်းဆိုးဝါး ဘီလူးကောင်တွေ ကို မတွေ့ခဲ့ရပါဘူး၊ ဒီ မျက်နှာဖြူကောင်တွေကျမှ သွားပြီးတွေ့ ရတယ်ဆိုတော့ ထူးတော့ထူးဆန်းနေသလိုပဲကွဲ့၊ အင်း ... ဒါပေမဲ့ ကျောက်တလားနယ်မြေကြီးဟာ ပရလောကသားတွေ ကြီးစိုးနေတဲ့နေရာဆိုတော့လည်း ပြောရခက်သားကွဲ့''

ဤသို့ဖြင့် ဥာနမှူးလေးမင်းမောင်မှာ စောနန္ဒာတို့နှင့် ကျောက်တလားတောင်သို့တက်ရောက်ကြမည့်နေ့ကို ချိန်းဆိုလျက် စခန်းသို့ပြန်လာခဲ့ပါတော့သည်။ ရင်ထဲမှာတော့ ပွင့်လင်းဖော်ရွေ သလောက် ရိုးစင်းသော စောနန္ဒာ၏ ငြိမ်းချမ်းအေးမြသော အလှသစ္စာတရားက မင်းမောင်၏ရင်ကို လှုပ်ခါစေခဲ့ပြီလား။

❀ ❀ ❀



အခန်း (၁၆)

ကျောက်တလားဝက်ပါမှ ပဟေဠိရှာပုံတော်

မဖြူ့တဖြူ မပွင့်တပွင့်နေရောင်ခြည် အလင်းတန်း တချို့က ဝေ့ဝဲအုံ့ဆိုင်းကာကျနေသည့် နှင်းမြူလွှာထုကြီးကို မရဲတရဲနှင့် ဖြိုခွင်းစပြုနေပါပြီ။ အချို့နှင်းလွှာထုလေးများက လေအသွဲ့တွင် ဖွေးဖွေးလှုပ်မျှ လွင့်ပျံကျေပျက်သွားကြသည်။

သရက်ရိုပ်မှ ငှက်ခါးမောင်နှံပင် သူတို့၏ကိုယ်တွင် ကပ် ငြိတင်ကျန်နေကြသည့် နှင်းစက်နှင်းဖတ်ကလေးများကို တောင်ပံ တဖျန်းဖျန်းနှင့် ယမ်းခါထုတ်လျက် အစာရှာထွက်ကြရန် တကီး ကီးနှင့်နိုးဆော်နေကြသည်သို့ ...။ ကျောက်တလားတောင်ခါး ပန်းရှိ စမ်းချောင်းများမှတစ်ဆင့် ကွေ့ကာဝိုက်ကာ စီးဆင်းလာ သည့် ရေစီးကြောင်းငယ်လေးများမှာ ကျောက်ချပ်ကျောက်ပွ များအောက်တွင် ငုံ့လျှိုးကာ တောင်ခြေသို့ စမ်းပေါက်အဖြစ် တပေါက်ပေါက်ကျဆင်းလျက်ရှိပါ၏။ ထို့ကြောင့် ကျောက်တ လားတောင်ခြေနှင့် မနီးမဝေးရှိ သင်းကွဲလျှိုကြီးအနီးတွင် အတန်

www.burmeseclassic.com

www.burmeseclassic.com



ငယ်ကျယ်ဝန်းသော ကျောက်ရေအိုင်တစ်ခုထဲသို့ ပေါင်းဆုံကျကာ ရေလျှောင်ကန်သဖွယ် တည်ရှိနေပါသည်။

"ဒီကျောက်ရေကန်ကို 'မအူရေထွက်' လို့လည်း ခေါ်ကြတယ် အစ်ကို၊ အခုချိန်မှာ ရေနည်းပေမယ့် မိုးတွင်းကာလဆိုရင် ကျောက်တလားတောင်က စီးကျလာတဲ့ မိုးရေတွေကြောင့် ရေကန်ကြီးတစ်ခုလို ဖြစ်သွားတယ်လေ"

စောနန္ဒာက ပလိုင်းတစ်လုံးကိုလွယ်လျက် မင်းမောင်နှင့်အတူယှဉ်တွဲ၍လျှောက်ကာ ကျောက်ရေကန် (မအူရေထွက်) စခန်းကို ရှင်းပြနေပါ၏။ မင်းမောင်မှာ စောနန္ဒာတို့ ပရဆေးပင်များရှာဖွေသည့်နေ့တွင် ချိန်းဆိုလျက် ကျောက်တလားတောင်မှ နာမည်ကျော်ကျောက်တလားကြီးနှင့် ကျောက်ထရံကြီးတစ်ပိုက်လေ့လာအကဲခတ်ကြရန်အလို့ငှာ လိုက်ပါလာခဲ့ကြခြင်းဖြစ်သည်။ စောနန္ဒာမှာ သူမ၏ဦးကြီးဖြစ်သူ အသက်ငါးဆယ်ခန့်ရှိသည့် ဦးပေါလှျံနှင့်အတူ ကျောက်တလားတောင်တွင် မကြာခဏဆိုသလို ဆေးမြစ်ဆေးပင်များကို ရှာဖွေတူးဖော်လေ့ရှိသည်။ ယခုတစ်ခေါက်တွင်မူ ဌာနမှူးလေးမင်းမောင်တို့ ဆရာတပည့် သုံးယောက်တို့ လိုက်ပါကြမည်ဖြစ်သဖြင့်လည်းကောင်း၊ အတန်ငယ်နေထိုင်မကောင်းသောကြောင့်လည်းကောင်း လိုက်ပါလာခဲ့ခြင်းမရှိပါ။

မင်းမောင်နှင့်အတူလိုက်ပါလာကြသည့် အောင်ထူးနှင့် ဆင်ပေါက်တို့မှာလည်း သေနတ်ကိုယ်စီကိုင်လျက် တောင်ခါးပန်းမှပတ်၍ တောင်ထိပ်သို့ တက်ရောက်နေကြပါ၏။ မင်းမောင်ကမူ သူကိုင်နေကျ ဒသမ (၄၇၀) နှစ်လုံးပြူးရိုင်ဖယ်ကို ကိုင်



လျက် စောနန္ဒာနှင့်ယှဉ်တွဲကာ မျက်စိလျှင်လျှင်ဖြင့် ကျောက်တလားတောင်သို့ တိုးဝင်တက်ရောက်လျက်ရှိသည်။

တောင်ထွတ် တောင်ခါးပန်းတွင် ရေကန်ကြီးတစ်ခုသဖွယ် တည်ရှိနေသည့် မအူရေထွက်နှင့် သင်းကွဲလျှိုကြီးကို ကျော်ဖြတ်လာခဲ့ကြသည်။ တစ်နေရာတွင် စောနန္ဒာ အပွင့်ဝါဝါနှင့် အပင်ငယ်တချို့ကို အမြစ်မှနုတ်ယူနေသဖြင့် မင်းမောင်တို့ ခဏတစ်ဖြုတ် နားလိုက်ကြသည်။

"အဲဒါ ဘာအပင်တွေလဲ အစော ...အရွက်သေးသေး၊ အပွင့်ဝါဝါလေးတွေနဲ့ ဘာအတွက်အသုံးဝင်တဲ့ အပင်တွေလဲဟင်"

မင်းမောင်က ရိုင်ဖယ်သေနတ်ကို လက်ပြောင်း၍ကိုင်လိုက်ပြီး အပင်ငယ်တစ်ပင်ကို နုတ်ယူလိုက်ကာ စောနန္ဒာအား မေးမြန်းစပ်စုနေပါ၏။ တပည့်ကျော်နှစ်ဦးဖြစ်သော ဆင်ပေါက်နှင့်အောင်ထူးကမူ ခပ်လှမ်းလှမ်းတွင် သေနတ်များကို အဆင်သင့်ကိုင်လျက် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေကြသည်။

"အင်း ...ပိစပ်ပွင့်လို့ခေါ်ကြတယ်အစ်ကို၊ ဒါပေမဲ့ ပိစပ်ပင်မျိုးတွေကလည်း များတယ်၊ ဟောဒီလို အပွင့်ဝါဝါလေးတွေနဲ့ပွင့်တတ်တဲ့ ပိစပ်ယည်၊ ဝါဝါအပွင့်ကြီးတွေပွင့်တတ်တဲ့ ပိစပ်ရိုင်း (တောပိစပ်) ဆိုတာရှိ ဟင်းရန်အဖြစ် စားရတဲ့ အပွင့်ဝါဝါမှုန်မှုန်လေးတွေသာ ပွင့်တတ်တဲ့ (အရွက်သေးပိစပ်) ဆိုပြီး အမျိုးကွဲတွေရှိကြတယ်လေ၊ ပရဆေးတော့လိုအရေတော့ ရင်ကျပ်ရောဂါကို နိုင်တယ်လို့ဆိုထားတယ် အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ပရဆေးသမားတစ်ယောက်ကဲ့သို့ အသေးစိတ်ရှင်းပြ
ရှင်း အပင်လေးများကိုနုတ်ယူနေသည့် စောနန္ဒာကို မင်းမောင်
စိတ်ထဲမှ ကျိတ်၍ချီးကျူးမိလိုက်သည်။

"နောက်ပြီး ရှိသေးတယ်၊ ကန့်ချူပ်နီ၊ ကန့်ချူပ်ဖြူ၊
ကန့်ချူပ်ခပေါင်း စတဲ့ဆေးပင်တွေကလည်း အုပ်စုချင်းတူလို့
အမြင်မှားနိုင်သေးတယ်အစ်ကိုရေ၊ ရင်ကျပ်ပန်းနာကို ပျောက်
ဘယ်ဆိုတဲ့ ဆေးပုလဲမြစ်ဆိုတာကလည်း ပန်းညိုပင်ရဲ့အမြစ်နဲ့
ဘူလို့ သေသေချာချာစစ်ဆေးပြီးမှ ဆေးဖော်စပ်ကြတယ်အစ်ကို"

"အင်း ... အစောက ဆေးပင်ဆေးမြစ်တွေနဲ့ တော်
တော့်ကို ရင်းနှီးကျွမ်းဝင်နေသလိုပဲနော်၊ ကြည့်ရတာ ဦးကြီးက
သက်ကုန်‚ပညာကုန် သင်ပေးထားပုံရတယ်"

"ဒီလောက်လည်း မဟုတ်သေးပါဘူး အစ်ကိုရယ်၊
မျက်စိမမြင်နိုင်တော့တဲ့ အဘိုးကို ကူညီလုပ်ကိုင်ပေးနေရတာ
ယ်၊ ငယ်ငယ်ကတည်းက အဘိုးရဲ့လက်ပေါ်မှာ ကြီးပြင်းလာခဲ့
တာတွေရယ်ကြောင့် နားလည်ကျွမ်းဝင်နေခဲ့ရတာပေါ့"

ထိုအခိုက် ဂစ်ခနဲ အော်မြည်ကာ ကြောက်လန့်တ
ကြားဖြင့် ကောင်းကင်ပေါ်သို့ ထိုးကာပျံတက်သွားသည့် မြေဝပ်
က်တစ်ကောင်၏အသံကြောင့် ဆင်ပေါက်နှင့်အောင်ထူးတို့က
ာက်ထဲမှ ဒသမ (၃၀၃) ရိုင်ဖယ်များကို ဖျတ်ခနဲမ‚ကာ ထို
ာင်းမြီးဆွဲငှက်ထပျံပြေးရာဘက်သို့ ပြောင်းဝလှည့်လိုက်ကြ
ာည်။

"အစော ... သတိထား"

မင်းမောင်ကိုယ်တိုင်မှာလည်း ချက်ချင်းသတိဝင်လာ



ကာ စောနန္ဒာအား သတိပေးလိုက်ရင်း အသံကြားရာသို့ သူ၏
ဒသမ (၄၅၀) နှစ်လုံးပြူးရိုင်ဖယ်နှင့် သွက်လက်စွာထိုးချိန်လိုက်
ပါ၏။ ကျောက်ထရံမြင့်မြင့်ကြီးအား လှမ်း၍မြင်နေရပြီဖြစ်သဖြင့်
မစ္စတာစတီဗင်တို့ကြုံတွေ့ခဲ့ကြရသော 'လူမည်းကောင်ကြီး' များ
ပက်ပင်းတွေ့ကြရတော့မည်လေလားဟူသော ထိတ်လန့်သောအ
တွေးကိုယ်စီနှင့် ...။

အားလုံးမှာ အသက်ပြင်းပြင်းမရှူစတမ်း၊ နားရွက်များ
ကို ပေနေအောင်စွင့်ကာ ရုတ်တရက်ဖြစ်ပေါ်လာမည့် အခြေ
အနေကို အသင့်ရင်ဆိုင်နိုင်ရန်အတွက် အကဲခတ်နေကြသည်။
မင်းမောင်မှာ သူနှင့်နီးကပ်စွာရှိနေသည့် စောနန္ဒာ၏အသက်ရှူ
သံသဲ့သဲ့ကိုပင် ကြားနေရသည်သို့ ...။ ထို့အတူ မင်းမောင်တို့
ဆရာတပည့်သုံးယောက်၏ ဉာဏ်လက်ညှိုးများကလည်း ရိုင်ဖယ်
မောင်းကွင်းပေါ်၌ ဖိကပ်လျက် လတ်တလောပစ်ခတ်ရေးအတွက်
နေရာချထားလိုက်ကြသည်။

ထိုစဉ်မှာပင် သူတို့အားလုံး ပြိုင်တူချိန်ရွယ်ထားကြ
သည့် လူတစ်ရပ်ကျော်ကျော်ခန့်မြင့်သော ကျောက်ထရံကိုင်း
တောစပ်မှ ကိုင်းပင်ရှည်တချို့ လေမတိုက်ဘဲ ယိမ်းနွဲ့လှုပ်ယမ်း
သွားကြသည်။ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ကိုင်းချုံထဲမှ တရွေ့
ရွေ့လှုပ်ရှားတိုးဝှေ့လာသော သတ္တဝါတစ်ကောင်ကောင်၏ မသဲ
ကွဲသောသဏ္ဌာန်ကို စတင်၍တွေ့လိုက်ရပါ၏။ သည်တစ်ချီတော့
မစ္စတာစတီဗင်တို့အား ဒေါသတကြီးနှင့် တိုက်ခိုက်ရန်ကြိုးစား
သည့် လူမည်းကြီးနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ကြုံရတော့မည်မို့
အားလုံးပင် ရင်တထိတ်ထိတ်ခုန်နေပါချေပြီကော။

www.burmeseclassic.com

www.burmeseclassic.com



'ဝေါ ..ဖရော'

တစ်ခဏအတွင်းမှာပင် ကိုင်းပင်ရှည်ချုံကြီးကြားမှာ ဝေါခနဲတိုးထွက်လာသော ပစ်ကွင်းကြောင့် သေနတ်ကိုင်ထားကြသည့်လက်များ အပေါ်သို့ ဖျတ်ခနဲမြောက်တက်သွားကြပြီး ပစ်ခတ်ရန် အသင့်ချိန်ရွယ်ပြီးဖြစ်သွားကြသည်နှင့် ...

''ဟင်''

''ဟာ''

''အိုး''

သုံးယောက်သား မတိုင်ပင်ကြပါဘဲနှင့် အလိုအလျောက် နှုတ်ဖျားမှ ဟာခနဲ ဟင်ခနဲ အာမေဋိတ်သံတွေ မတိုးမကျယ် ထွက်သွားကြသည်။

''ဟာ ...ဒီကောင့်နှယ် သေချင်ပြီထင်တယ် ... အရေးထဲမှကွာ''

မင်းမောင်မှာ ရုတ်တရက်မြင်တွေ့လိုက်ရသည့် အခြေအနေကြောင့် ကြိတ်မနိုင်ခဲမရဖြင့် ဒေါသရောနော၍ ပြစ်တင်လိုက်သည်။ ဟုတ်သည် ...။ မြင်ကွင်းက ဒေါသဖြစ်မည့်ဆိုပါကလည်း ဖြစ်စရာပင်။ ဆင်ပေါက်မှာ ဒေါသကို မချုပ်တည်းနိုင်သဖြင့် ကိုင်းချုံထဲမှထွက်ပေါ်လာသော သတ္တဝါကောင်ကြီးကို သေနတ်ခလုတ်ဖြုတ်ချရန် ချိန်ရွယ်လိုက်သဖြင့် ...

''မလုပ်နဲ့ ဆင်ပေါက် ...မလိုအပ်ဘဲနဲ့ သေနတ်သံ မထွက်ချင်ဘူး''

မင်းမောင်က တားဆီးလိုက်သဖြင့် ဆင်ပေါက်မှာ ဒေါသကိုလျှော့လိုက်ပြီး ရိုင်ဖယ်မောင်းကိုပြန်ချရန် 'ဆေ့' (Safe)



ခလုတ်ကို အသာ နောက်ပိုင်းဆီသို့ လက်မနှင့်ကုတ်၍ချလိုက်သည်။ ကိုင်းချုံကြီးထဲမှထွက်လာသော သတ္တဝါကောင်ကြီးသည် သူတို့ ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေသော 'လူမည်းကြီး' မဟုတ်ဘဲ တောထဲ၌လှည့်လည်ကာ အစာရှာဖွေရင်း ပိုးကောင်မွှားကောင်နှင့် ခြအုံတောင်ပို့ထဲ၌ စိုးပိုင်မင်းမူနေသော 'သင်းခွေချပ်' အမည်ခံ ပုရွက်ဆိတ်စားကောင်ကြီးဖြစ်နေပါတော့သည်။

''တောက် ... ကွာ ... ငါလုပ်လိုက်ရ သေတော့မယ်''

ဆင်ပေါက်၏ဒေါသတကြီးနှင့် ခြေဆောင့်သံ၊ စကားပြောသံတို့ကြောင့်ထင် ... သင်းခွေချပ်ကောင်ကြီးမှာ ကြောက်အားလန့်အားဖြင့် သူတို့၏ထုံးစံအတိုင်း ရုတ်တရက် ခန္ဓာကိုယ်ကြီးကို ဘောလုံးတစ်လုံးကဲ့သို့ ခွေလုံးလိုက်ကာ ရုပ်သွင်ဖျက်လိုက်ပါလေ၏။ ထိုအခါမှ ဆင်ပေါက်၏မျက်နှာမှာ ပြုံးယောင်သန်းလာပြီး

''အမလေးကွာ ...အရေးထဲမှာ ငါတို့ကိုများ မျက်လှည့်ပြနေသေးတယ်၊ သွားစမ်းကွာ ...တော်တော်ရှုပ်တဲ့ သတ္တဝါ''

'ဘုတ်'

'ဖရော ..ဝေါ'

ဆင်ပေါက်မှာ ဘောလုံးတစ်လုံးသဏ္ဌာန်လုံးကာ ကိုယ်ယောင်ဖျောက်ကွယ်ထားသည့် သင်းခွေချပ်ကောင်ကြီးအား ဘောလုံးအမှတ်ဖြင့် ခပ်ဆတ်ဆတ်ပစ်ကန်လိုက်ရာ တောင်ဆင်းသစ်အတိုင်း ဖရောခနဲ လိမ့်ဆင်းသွားပါလေသည်။

ထို့နောက်မှာတော့ ...တွေ့မြင်နေကြပြီဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထရံကြီးဆီသို့ မင်းမောင်တို့လူစု တိုးဝင်ချီတက်လာကြပါတော့သည်။

❋

ထိုအချိန်တွင် ...

ကျောက်တလားတောင်ခြေရှိ 'မြိုင်စိန်တူးဖော်ရေးစခန်း'တွင် မိုင်းခွဲလုပ်သားခေါင်းအောင်မောင်းနှင့် ပေါလုတို့က အုပ်ချုပ်ရေးမှူး မစ္စတာစတီဗင်တို့လူစုနှင့် ရုံးခန်းထဲတွင် တိတ်တဆိတ် တိုင်ပင်ဆွေးနွေးနေကြပါ၏။ မစ္စတာစတီဗင်မှာ အောင်မောင်း၏ စကားများကို စိတ်ဝင်တစားနားထောင်ရင်း နီစပ်စပ်မျက်နှာကြီးမှာ မကြာခဏ အရောင်များပြောင်းလဲနေပါလေ၏။

"ဒီမှာ လူကလေး အောင်မောင်း ...အခု ပြောနေတဲ့စကားတွေဟာ အားလုံးအမှန်တွေကြီးပဲနော် ... သေချာရဲ့လား"

"အဟား ...သိပ်ကိုသေချာတာပေါ့ သခင်ကြီးရယ် ...ဟို ကျောက်ချောရွာက မျက်မမြင်ဆေးဆရာကြီးကိုယ်တိုင် သေသေချာချာပြောပြတာတဲ့၊ နောက်ပြီး အဲဒီဆေးဆရာကြီး ကိုယ်တိုင် ကျောက်တလားနယ်မြေကြီးထဲကို ရောက်ခဲ့ဖူးလို့ ကိုယ်တွေ့ကြုံခဲ့ရတာလို့လည်း ပြောတယ်သခင်ကြီး။ အဲဒီ ကျောက်တလားကြီးရဲ့ထိပ်များမှာ ရွှေသိုက်လို့ခေါ်တဲ့ ရွှေမှုန်ရွှေစတွေရှိတယ်၊ အဲဒီ ရွှေမှုန်ရွှေစတွေဟာ လေတိုက်,မိုးရွာ



နဲ့ ရာသီဥတုဒဏ်ကြောင့် အောက်မှရှိတဲ့ ရွှေနီချောင်းထဲကို လွင့်စဥ်ကျတယ်၊ ဒါကြောင့် ရွှေနီချောင်းဖျားဘက်မှာ ရွှေထွက်တယ်၊ ရွှေမှုန်ရွှေစတွေ ရတယ်ဆိုတဲ့သတင်း သဲ့သဲ့ကြားရတာပေါ့။ ဒါပေမဲ့ အဲဒီရွှေနီချောင်းဖျားနဲ့ ကျောက်တလားကြီးဘက်ကိုတို မကောင်းဆိုးဝါးလူမည်းကြီးတွေ, လူ့ဘီလူးကြီးတွေရှိလို့ ဘယ်သူမှ မသွားရဲ, မလာရဲကြပါဘူး သခင်ကြီး"

"OH GOD ...ရွှေ ..ရွှေသိုက် ..ရွှေသိုက် .. ဟုတ်လား လူကလေး"

ရွှေသိုက်ဆိုသောစကားကြောင့် မစ္စတာစတီဗင်၏မျက်လုံးကြီးများက လောဘရောင်ကြောင့် တဝင်းဝင်းတလက်လက်နှင့် ...။ သူ၏နောက်လိုက် မျက်နှာဖြူနှစ်ယောက်တို့၏ မျက်နှာများတွင်လည်း လောဘရမ္မက်ခိုးများ ဝေလျှံဖိတ်စဥ်လျက် ...။

"ဟုတ်ပါတယ် သခင်ကြီး ...ဟိုး လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ရတနာရွှေငွေအပြည့်နဲ့ မိဖုရားခေါင်ကြီးတစ်ပါးရဲ့ ရုပ်အလောင်းထည့်ထားတဲ့ ခေါင်းတလားကြီးဟာ ကျောက်တလားတောင်နံရံမှာ ထိုးစိုက်နေတဲ့ ကျောက်တလားကြီးလို့လည်း ပြောကြတယ်၊ နှစ်ကြာလာတော့ အဲဒီရွှေငွေရတနာတွေဟာ ရွှေမှုန်ရွှေစတွေနဲ့ ရောနှောကုန်ပြီး အဖိုးတန်တဲ့ ရွှေသိုက်ခေါင်းတလားကြီး ဖြစ်လာတယ်သခင်ကြီး။ ကံကောင်းရင် အဲဒီကျောက်တလားကြီးက ရွှေသိုက်နဲ့ဆက်နွယ်နေတဲ့ ရွှေကြောကြီးကိုလည်း တွေ့ရနိုင်တယ်လို့ ဆိုကြတယ် ...၊

အဲဒါတွေကြောင့် ဟို မင်းမောင်ဆိုတဲ့သူက သခင်ကြီးတို့ထက် လက်ဦးအောင် ကျောက်တလားကြီးဆီကို သွားကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီလေ၊ ဟို ဆေးဆရာကြီးရဲ့သမီးလား, မြေးလား ...သူက လမ်းပြပြီးခေါ်သွားတာပါ သခင်ကြီး''

သခင်ကြီးချင်း မိုးမွန်အောင်ပြောဆိုတိုင်တန်းနေသည့် အောင်မောင်း၏စကားကြောင့် မစ္စတာစတီဗင်မှာ အကြီးအကျယ် ဒေါသူပုန်ထသွားပါ၏။ သူကဲ့သို့သော အထက်အရာရှိ အင်္ဂလိပ်လူမျိုးတစ်ယောက်အား သူ၏လက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့်သူတစ်ယောက်က မထီမဲ့မြင်ပြုကာ စည်းကျော်၍လုပ်ဆောင်သွားမှုကြောင့် မျက်နှာကြီးနီမြန်းလျက် ဒေါသထွက်လျက်ရှိသည်။

ထို့ကြောင့် အချိန်မဆိုင်းတော့ဘဲ မစ္စတာစတီဗင်တို့လူစု လက်နက်အပြည့်အစုံဖြင့် ကျောက်တလားတောင်ကြီးဘက်သို့ ထွက်လာခဲ့ကြပါ၏။ သခင်အားရကျွန်ပါးဝဆိုသကဲ့သို့ ရသာလျှင် ဘနဖူးကိုပင် သိုက်တူးမည့်အောင်မောင်းကဲ့သို့ သစ္စာဖောက်ပုဆိန်ရိုးများကြောင့် မြန်မာပြည်သည် အင်္ဂလိပ်နယ်ချဲ့တို့လက်အောက်တွင် ဤမျှ ကျွန်သက်ရှည်နေရခြင်းဖြစ်ပေမည်။ သည်တစ်ကြိမ်တော့ ကျောက်တလားမှ လူမည်းကြီးတို့၏ အန္တရာယ်ကြောင့် ဖောက်ခွဲရေးမိုင်းများပါ သယ်ဆောင်လျက် မစ္စတာစတီဗင်တို့ မျက်နှာဖြူသုံးယောက်၊ လမ်းပြအဖြစ် အောင်မောင်းနှင့် ပေါလုတို့အပြင် စခန်းမှ အလုပ်သမားနှစ်ဦးပါ ပစ္စည်းများ သယ်ယူစေပြီး ကျောက်တလားတောင်ပေါ်သို့ တက်လာခဲ့ကြပါတော့သည်။

❁ ❁ ❁

## အခန်း (၁၇)

### ထူးဆန်းသောရသေ့ကြီးနှင့် တွေ့ဆုံခြင်း

အချိန်မှာ နေ့ခင်းနှစ်နာရီခန့်သာ ရှိသေးသော်လည်း မိုးလုံးပြည့်မှိုင်းမှောင်အုံ့ဆိုင်းလာသော မိုးရိပ်မိုးသားများကြောင့် နေလုံးကိုပင် မမြင်ရပါလေတော့။ သည်ကြားထဲ မိုးသက်လေက တဟူးဟူးတိုက်ခတ်လာသည်မို့ မင်းမောင်တို့လူစုမှာ ချမ်းစိမ့်စိမ့်ပင် ဖြစ်လာပါလေ၏။ ဟုတ်သည် ...။ ရာသီဥတုက စိမ့်နေအောင်အေးရသည့်အထဲ မကြာမီ မိုးသက်လေနှင့်အတူ ရောနှောပါလာသည့် ကြီးမားသောမိုးပေါက်ကြီးများက ခပ်တဲ့ကျဲ ကျလာသည်။

''ဟား ...ရာသီဥတုကလည်း ဘယ်လိုဖြစ်သွားတာပါလိမ့်၊ စောစောပိုင်းကပဲ ကြည်ကြည်လင်လင် ရှိနေသေးတာ ဟော ...အခုဆို တစ်မိုးလုံးမည်းမှောင်ပြီး မိုးစွေရွာချလာပြန်ပြီ အစောရေ''

''ဟုတ်တယ် အစ်ကို ...သည်ဘက် ရှမ်းကုန်းပြင်

www.burmeseclassic.com

www.burmeseclassic.com



မြင့်ဘက်တွေက အခုလိုရာသီမျိုးတွေမှာ အပြောင်းအလဲမြန် တတ်တယ်၊ ချက်ချင်းကြီး မိုးတွေမည်းလာပြီး ရွာချလိုက်, တော်ကြာ နေရောင်ခြည်ထွက်လာပြီး လင်းသွားလိုက်နဲ့ အစိုးမရဘူးလေ''

မင်းမောင်က တစ်မိုးလုံးမည်းမှောင်လာသည့် ရာသီဥတုကိုကြည့်ကာ မိုးခိုစရာနေရာတစ်ခုခုကို အမြန်ဆုံးရှာဖွေနေပါ၏။ ဆင်ပေါက်နှင့်အောင်ထူးတို့မှာလည်း ရုတ်တရက် ချက်ချင်းဆိုသလိုပင် ပြောင်းလဲသွားသောရာသီဥတုကြောင့် မျက်စိနှင့်နားကို အထူးပင်ဖွင့်ထားကြရသည်။

''အောင်ထူးရေ ...အနီးအနားမှာ မိုးခိုလို့ရနိုင်မယ့် လိုဏ်ဂူမျိုး, ကျောက်ဂူမျိုး ရှာကြည့်ကြစမ်းဟေ့၊ မိုးရွာမှာကတော့ သေချာနေပြီကွ၊ အခုတောင် ခပ်ကျဲကျဲနဲ့ တစ်ပေါက်နှစ်ပေါက်ကျနေပြီ''

ထိုစဉ်မှာပင် ရှေ့ဆီသို့တိုးဝင်နေသည့် ဆင်ပေါက်၏ ခြေလှမ်းများက ရုတ်တရက် ရပ်တန့်သွားပါ၏။ ရှေ့တွင် သစ်ပင်အုပ်အုပ်နှင့် သက်ကယ်တောကြီးက ကျောက်ထရံကြီးနှင့် သူတို့ကြားဝယ် အတားအဆီးသဖွယ်ရှိနေသည်ထင့် ...။ တစ်ဆက်တည်းမှာပင် မင်းမောင်နှင့် စောနန္ဒာတို့ဆီသို့ ညာလက်နှင့် ရပ်နေရန် အချက်ပြလိုက်သည်။

ဆင်ပေါက် ခြေစုံရပ်နေသောအဓိပ္ပါယ်ကို မင်းမောင် ရိပ်စားမိလိုက်သည်။ သက်ကယ်တောနှင့် သစ်ပင်အုပ်စုသည် ကျောက်ထရံကြီးရှေ့တွင် ညို့မှိုင်းပိတ်ဆီးလျက်ရှိပါ၏။ ထို သက်ကယ်တောကို ဆင်ပေါက် သက်မကောင်းဖြစ်နေပုံရသည်။ ဆင်



ပေါက်နည်းတူ အောင်ထူးမှာလည်း ဟိုဟိုသည်သည် မျက်စိကစားရင်း နားကိုလည်းစွင့်ထားပုံရသည်။ ရံဖန်ရံခါ သူ၏နှာခေါင်းကြီးကိုပင် ရှုံ့ချည်ဖွင့်ချည်နှင့် ကြံကြံဖန်ဖန်အနံ့ခံနေသည့်နှယ် ...။ သက်ကယ်တောကြီးအတွင်းသို့ သာမန်မျက်စိဖြင့် မမြင်နိုင်၊ မတွေ့နိုင်သည်ကြောင့် ရှေ့သို့တိုးဝင်ရန် ဆင်ပေါက် ဝန်လေးနေပုံရသည်။ ထိုစဉ် ...

ရှဲခနဲ သက်ကယ်ပင်များ ကွဲထွက်သွားကြသည်။ ထို့နောက် အကွက်လိုက်အဝါစင်း အနက်စင်းများဖြင့် ကြီးမားလှသော ကျားကြီး၏ဦးခေါင်းကြီး မလင်းတလင်းနေရောင်ခြည်အောက်တွင် ပါးစပ်ကြီးကိုဖြဲကာ မာန်သွင်းဟိန်းဟောက်လိုက်သဖြင့် ဖွေးခနဲ၊ လင်းခနဲပေါ်ထွက်လာသော ဝါကြင့်ကြင့်အစွယ်ကြီးလေးချောင်းတို့ကိုပါ အစဉ်လိုက်မြင်တွေ့လိုက်ကြရပါလေ၏။

''ဝေါင်း ..ဂရား''

''ဟာ ...ကျားကြီးဟေ့ ...သတိထား ဆင်ပေါက်''

မင်းမောင်တို့အားလုံး နှစ်လုံးပြူးသေနတ်ပြောင်းများကို မ,ကာ ဖျတ်ခနဲကျားကြီးကိုချိန်ရွယ်လိုက်ကြစဉ် ...

''ဟဲ့ ဟိုအကောင် ...ဒီမှာ ဘာလာလုပ်နေတာလဲ ...ထွက်သွားစမ်း''

အောရှရှအသံတစ်သံ ရှေ့ကမူစွန်းထက်မှ ရုတ်တရက်ကြားလိုက်ရသည်နှင့် မာန်သွင်းကာ ခုန်အုပ်ရန်ကြံရွယ်နေသည့် ကျားကြီးမှာ ကြောက်ရွံ့ရှိသေရသည့် သခင်၏အသံကို ကြားလိုက်ရသကဲ့သို့ ကိုင်းချုံတောကြီးထဲသို့ တစ်ပတ်ကျွမ်းပစ်ကာ ဆုတ်ခွာပျောက်ကွယ်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်နှင့် သူ့လူများမှာ အံ့အားသင့်ငေးကြောင်နေရာမှ အသံရှင်ဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြသည်။

တွေ့လိုက်ရပါပြီ ...။

ဝါးတောင်ဝှေးတစ်ချောင်းကို မြေပြင်တွင်ထောက်ကာ သူတို့ထံသို့ တည်ငြိမ်အေးချမ်းစွာကြည့်နေသည့် အသက် (၈၀) ခန့်ရှိသော ရသေ့လိုလို ပုဂ္ဂိုလ်တစ်ဦးကို ခပ်မှောင်မှောင်အခြေအနေတွင် တွေ့မြင်လိုက်ရသည်။

"ကိုင်း ... လာကြ လာကြ ... ငါ့နောက်ကို လိုက်ခဲ့ကြ၊ မကြာခင် မိုးက သဲသဲမဲမဲရွာချလာတော့မယ်၊ ဒီနားတစ်ဝိုက်မှာ မိုးခိုစရာဆိုလို့ ငါတရားကျင့်နေထိုင်တဲ့ ကျောက်လိုဏ်ဂူကြီးတစ်ခုပဲ လုံလုံခြုံခြုံရှိတယ်၊ စောစောက ကျားကြီးကိုလည်း ငါကိုယ်တိုင် မေတ္တာရပ်ခံပြီး အဝေးကို လွှတ်လိုက်ပါပြီ ... ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး"

ထို့နောက်မှာတော့ ခပ်မှောင်မှောင် မိုးဖွဲဖွဲအောက်တွင် မင်းမောင်တို့လူစုမှာ ရသေ့ကြီးခေါ်ရာနောက်သို့ သတိနှင့် လိုက်ပါလာခဲ့ကြသည်။ မကြာမီ သစ်ရွက်တချို့ဖုံးအုပ်နေကြသည့် တောင်တက်အုတ်လှေကားအပျက်မှတစ်ဆင့် တောင်နံရံတွင် လူတစ်ယောက်ငုံ့၍ဝင်နိုင်သည့် ဂူပေါက်မည်းမည်းကြီးရှိ ရာသို့ ရောက်ရှိလာခဲ့သည်။

ထိုအခိုက် ...

'ရှူး ... ရွှီး'

ရှူးခနဲ မြွေကြီးတစ်ကောင်၏ နှာမှုတ်သံပြင်းပြင်းရှည်ရှည်ကြီးတစ်ချက် ထွက်ပေါ်လာပြီး ဂူဝတွင် လူတစ်ရပ်မျှ ပါးပျဉ်း



ထောင်မာန်ဖီနေသည့် ငန်းမြွေနက်ကြီးတစ်ကောင်ကို ရုတ်တရက် တွေ့မြင်လိုက်ရသဖြင့် ...

"ဟဲ့ ... တခြားကို ရှောင်ကြစမ်း၊ ငါ့နောက်ကသူတွေက ငါ့ရဲ့ဧည့်သည်တွေပါ ... နင်တို့ရဲ့ရန်သူတွေ မဟုတ်ပါဘူး"

ရသေ့ကြီး၏ အမိန့်ပေးလိုက်သံကြောင့် ပါးပျဉ်းထောင်နေသည့် ငန်းမြွေကြီးမှာ လျှောခနဲ ပါးပျဉ်းကြီးကိုချကာ ဂူပေါက်ဝမှ ရှဲခနဲတောင်စောင်းတစ်ဖက်ဆီသို့ ဆင်းသွားသည်ကို မယုံနိုင်စွာ တွေ့မြင်လိုက်ရသဖြင့် မင်းမောင်တို့လူစုမှာ အံ့သြမှင်တက်သွားကြသည်။

"ကိုင်း ... ဟောဒီလိုဏ်ဂူက ကျုပ် တရားကျင့်ကြံအားထုတ်တဲ့ လိုဏ်ဂူကြီးပဲ၊ ဘာမှစိုးရိမ်ကြောင့်ကြစရာမရှိဘူး။ သတ္တဝါတွေအပေါ်မှာ မေတ္တာစိတ်ဓာတ်အစစ်အမှန်ထားရင် သတ္တဝါတွေကလည်း ကိုယ့်ကို ရန်မပြုကြပါဘူးလေ"

ရသေ့ကြီးက သူတို့ရှိရာဘက်သို့ လှည့်လိုက်ပြီး ...

"အင်း ... အခုချိန်ကစပြီး မင်းတို့ရဲ့လက်ထဲက မီးပေါက်လက်နက်တွေကို အားကိုးတဲ့စိတ်တွေကို ငါနဲ့အတူရှိနိုက်မှာ မေ့ထားလိုက်ကြစမ်းပါ ကောင်လေးတို့"

"ဟုတ်ကဲ့ပါ ရသေ့ကြီး ... ကျွန်တော်တို့ မှားခဲ့ပါတယ်၊ စောစောက ကျားနဲ့တွေ့တုန်းက စပြီး ခုနောက်ဆုံး မြွေကြီးကိုတွေ့တဲ့အထိ အကြောင်းရှိရင် ဒီသေနတ်ကြီးနဲ့ပဲ ပစ်ခတ်ဖြေရှင်းဖို့ ကြိုးစားမိပါတယ်၊ ဒီက ရှေ့ဆိုရင်တော့ ကျွန်တော်တို့အားလုံး ဆင်ခြင်ပါ့မယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းမောင်က ဦးစီးခေါင်းဆောင်ပီပီ ရသေ့ကြီးအား လေးလေးစားစားပင် တောင်းပန်လိုက်ပါလေ၏။ အပြင်မှာတော့ ချိန်ခါမဲ့တောင်ပေါ်မိုးက တဝေါဝေါနှင့် ရွာချလျက်ရှိပါပြီကော။

ရသေ့ကြီးက ဂူအတွင်းရှိမီးပုံကို မီးဆွကာ ထင်းခြောက်များထပ်၍ထည့်လိုက်သည်။ မင်းမောင်ကပါ ထင်းခြောက်များထည့်၍ ဝိုင်းဝန်းကူညီမီးထိုးလိုက်ရာ ခဏအတွင်းမှာပင် မီးအရှိန်ကောင်းလာခဲ့သည်။ မီးအလင်းရောင်အောက်တွင် အတန့်ငယ်ကျယ်ဝန်းသပ်ရပ်သော ကျောက်ဂူအတွင်းဝယ် ဝါးကွပ်ပျစ်တစ်လုံး၊ ကျောက်ရေအိုင်ငယ်တစ်ခုနှင့် ကျောက်ဆင်းတုရုပ်ပွားတော်တစ်ဆူတွင် ဝါးဆစ်ဘူးနှင့်တောပန်းမျိုးစုံထိုးကာ ကပ်လှူထားသည်ကို တွေ့လိုက်ရပါ၏။

မီးအရှိန်ကြောင့် ကျောက်ဂူထဲတွင် အအေးသက်သာမှု ရှိပြီး အပူငွေ့ကြောင့် ခန္ဓာကိုယ်မှ မစိုတစိုအဝတ်အစားများပင် ခြောက်သွေ့စပြုလာခဲ့သည်။ မင်းမောင်မှာ စောနန္ဒာကို လက်တွဲထားပြီး တစ်ဖက်တွင် ကိုင်စွဲထားသည့်နှစ်လုံးပြူးသေနတ်ကြီးကို ဂူနံရံတွင်ထောင်လိုက်စဉ် အကွက်လိုက်ထနေသည့် မြွေပွေးကြီးတစ်ကောင်ကို နှစ်ယောက်သား အမှတ်မထင်တွေ့လိုက်ကြရသည်နှင့် ...

"ဟာ"

"အမလေး"

ရုတ်တရက်မို့ စောနန္ဒာတစ်ယောက်လန့်ဖျပ်သွားကာ မင်းမောင်၏ရင်ခွင်ထဲသို့ အတင်းတိုးဝင်ပြီး ဟစ်အော်လိုက်မိသည်။ မင်းမောင်ကိုယ်တိုင်ပင် ကြီးမားလှသော မြွေပွေးကြီး



ကြောင့် ရုတ်တရက် စောနန္ဒာကိုဖက်တွယ်ကာ နောက်သို့ အနည်းငယ်ဆုတ်လိုက်ပါ၏။

"ဩော် ... သူ့ဘာသာသူ နေကြထိုင်ကြတာပါ၊ ကိစ္စမရှိပါဘူး။ ဒီကျောက်ဂူကြီးထဲမှာက သူတို့အတွက် အသက်အန္တရာယ်လုံခြုံစိတ်ချရကြလို့ လာပြီးခိုအောင်းနေကြတာပါကွယ် ... ဘာမှစိုးရိမ်စရာ မရှိပါဘူး"

မင်းမောင်၊ စောနန္ဒာနှင့် ဆင်ပေါက်တို့မှာ ကျောက်ဂူအလယ်ရှိ မီးဖိုနံဘေးတွင် ဝိုင်း၍ထိုင်လိုက်ကြရင်း ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသော ကျောက်တလားရသေ့ကြီး၏အကြောင်းကိုသာ စဉ်းစားတွေးတောနေပါလေ၏။ မင်းမောင်ကိုယ်တိုင်လည်း ရသေ့ကြီးအား သိလိုသမျှကို မေးသင့်,မမေးသင့် စဉ်းစားလျက်ရှိပါသည်။

"အင်း ... ဒီရသေ့ကြီးဟာ ငါတို့ဆီကို ဘယ်ကဘယ်လို ရောက်လာတာလဲ၊ ဟိုး တစ်ခါတုန်းက ကျောက်တလားကြီးမှာ ဦးကျောက်အိုးတွေ့ခဲ့ဟယ်ဆိုတဲ့ ရသေ့ကြီးလားမသိဘူး"

ထိုစဉ်မှာပင် ရသေ့ကြီးက ငှက်ပျောတစ်ဖီးနှင့် ဝါးကျည်တောက်သောက်ရေဘူးတို့ကို မင်းမောင်အား လှမ်း၍ပေးလိုက်ရင်း ...

"ဘယ်လိုလဲ ကောင်လေး ... ငါ ဘယ်သူဘယ်ဝါဆိုတာကို သိချင်,မေးချင်နေတာလား၊ ဟုတ်တယ် ... မင်းထင်မြင်ထားသလိုပဲ တစ်ခါတုန်းက ဟောဒီကျောက်တလားကြီးနဲ့ ပဋ္ဌာန်းဆက်ရှိခဲ့ဖူးတဲ့ မုဆိုးတစ်ယောက်ကို ကယ်တင်ပေးခဲ့ဖူးတယ်၊ ဒါပေမဲ့ ကျောက်တလားဘေးမဲ့ယံမြေထဲမှာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ဆောင်သတ္တဝါတစ်ကောင်ကို သတ်ဖြတ်ကျူးလွန်မိခဲ့လို့ အဲဒီဝဋ်ကြွေးအတွက် မျက်မမြင်ဘဝနဲ့ သတ္တဝါတွေကို ပြန်ပြီး ကယ်ဆယ်နေရရှာတယ်လေ''

''ဗျာ''

ရုတ်တရက် သူ၏စိတ်ကူးထဲမှ ကြံစည်တွေးတောနေသမှုကို ရသေ့ကြီးက ကြိုတင်သိရှိနေသဖြင့် မင်းမောင်ထိတ်ခနဲပင် ရင်ခုန်သွားပါ၏။

''ဘာလဲ ...မင်းစိတ်ကူးထဲက အကြံအစည်တွေကို ငါသိနေလို့ အံ့သြသွားတာလား။ မအံ့သြပါနဲ့ကွာ ...မင်းနားလည်အောင်ပြောရရင် နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့တဲ့ အကျင့်သီလနဲ့ စရဏအားတွေကြောင့် သိနေ၊မြင်နေရတာလို့ပဲ နားလည်ထားလိုက်ပါ ကောင်လေးရယ်''

''ဟုတ် ...ဟုတ်ကဲ့ပါ ရသေ့ကြီး ...ဒါပေမဲ့ လက်တွေ့မြင်နေရတဲ့ ဖြစ်ရပ်ကြီးတွေက တကယ့်ကိုမယုံကြည်နိုင်စရာတွေနဲ့ အံ့သြချင်စရာတွေချည်း တွေ့နေမြင်နေရလို့ပါ ခင်ဗျာ''

အပြင်ဘက်တွင် လေရောမိုးပါ ပြင်းထန်စွာရွာသွန်းနေဆဲဖြစ်၏။ သည်အတိုင်းသာ ဆက်လက်၍ရွာသွန်းနေမည်ဆိုလျှင် သည်နေ့အဖို့ စခန်းကိုပြန်နိုင်ဖို့ရန် လမ်းစမမြင်နိုင်ပါလေတော့။

စောနန္ဒာကလည်း မင်းမောင်တွေးသကဲ့သို့ တွေးနေမိရှာသည်ထင့် ...။ သူမထံမှ သက်ပြင်းချသံသဲ့သဲ့ကို မင်းမောင်ကြားလိုက်ရသည်။



''ကိုင်း ...အခုချိန်ကစပြီး ဘာမှစိတ်ပူသောကတွေရောက်မနေကြနဲ့တော့၊ ဟောဒီကျောက်ဂူကြီးထဲမှာပဲ စိတ်အေးချမ်းသာစွာနဲ့ နေကြပေတော့၊ ငှက်ပျောသီးလည်း စားကြ၊ ရေလည်း သောက်လိုက်ကြဦး၊ ပြီးမှ မင်းတို့ဆီက အကူအညီတစ်ခုလောက် တောင်းရဦးမယ်''

''ဟို ...ပြော ..ပြောပါ ရသေ့ကြီး ...ရသေ့ကြီးက ကျွန်တော်တို့ရဲ့ အသက်သခင်ကျေးဇူးရှင် ဖြစ်နေပါပြီ၊ ကျားကြီးရဲ့အန္တရာယ်ကလည်း ကယ်တင်ပေးခဲ့တယ်၊ နောက်ပြီး နားခိုစရာနေရာလည်း ပေးတယ်၊ အစာရေစာလည်းကျွေးသေးတယ်''

''ဟုတ်ပါတယ် ရသေ့ကြီး ...အစောတို့အားလုံး ရသေ့ကြီးတောင်းတဲ့အကူအညီကို မဖြစ်၊ဖြစ်အောင် ကူညီဆောင်ရွက်ပေးပါ့မယ်ရှင်''

ဆင်ပေါက်နှင့်အောင်ထူးတို့မှာ ငှက်ပျောသီးများကို စားရင်း နားထောင်နေကြပါ၏။

ရသေ့ကြီးကမူ အသာအယာပြုံးလိုက်ရင်း မင်းမောင်နှင့်စောနန္ဒာတို့အား စေ့စေ့စူးစူးကြည့်ကာ တစ်ခွန်းချင်းပြောကြားလိုက်သည်။

''ဒီလိုရှိတယ် ကောင်လေး ...ဟောဒီ ကျောက်တလားကြီးဟာ သဘာဝသယံဇာတပစ္စည်းတွေနဲ့ တောသတ္တဝါတွေ အစုံအလင် မှီအောင်းကျက်စားကြတဲ့ နယ်မြေကြီးတစ်ခုပဲမဟုတ်လား။ တစ်ခုတော့ရှိတယ် ...ကျောက်တလားတောင်ကြီးရဲ့ အရှေ့ဘက်ကမ်းပါးယံစောင်းမှာ စိုက်ဝင်နေတဲ့ ကျောက်

www.burmeseclassic.com

www.burmeseclassic.com



တလားကြီး ဒါမှမဟုတ် ကျောက်ခေါင်းတလားကြီးရှိနေတဲ့ နယ်မြေကတော့ ထူးခြားတဲ့သာသနာ့နယ်မြေကြီးပဲ ကောင်လေး၊ ဒါပြောချင်တာက ဇကျောက်တလားသာသနာ့နယ်မြေကြီးကို အန္တရာယ်မကျရောက်စေဖို့ မင်းတို့က ကာကွယ်စောင့်ရှောက်ပေးစေချင်တယ်''

မင်းမောင်နှင့် စောနန္ဒာတို့မှာ ရသေ့ကြီး၏ပြောစကားများကို သေချာစွာဂရုတစိုက်နားထောင်နေကြပါ၏။ ကျောက်ဂူကြီးထဲမှာတော့ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

''ဘာဖြစ်လို့ မင်းတို့ကို အကူအညီတောင်းရတာလဲဆိုတော့ မကြာခင်မှာ မိစ္ဆာလူမျိုးတိုင်းတစ်ပါးသားတွေဟာ ကျောက်တလားသာသနာ့နယ်မြေကြီးကို ဖျက်ဆီးကြတော့မယ်၊ ဘာမဟုတ်တဲ့ လောဘသက္ကာရစိတ်တွေနဲ့ ဟောဒီမြန်မာ့မြေပေါ်က တန်ဖိုးမဖြတ်နိုင်တဲ့အရာအားလုံးကို ဖျက်ဆီးယူငင်ကြဖို့ ရောက်လာကြတော့မယ်၊ ဒီအရေးကိစ္စကြီးကို ပြီးမြောက်အောင် ကူညီဆောင်ရွက်ပေးနိုင်တဲ့သူကလည်း တိုက်တိုက်ဆိုင်ဆိုင် မင်းဖြစ်နေတယ် ကောင်လေးရေ၊ နောက်ပြီး ဟောဒီကျောက်တလားတောင်ကို စောင့်ရှောက်နေကြတဲ့ ပုဂ္ဂိုလ်တွေကလည်း ငါ့ကို တစ်ဆင့် နှိုးဆော်ကြားခဲ့တယ်၊ အဲဒါကြောင့် ဒီအရေးကိစ္စကြီးကို မင်းကိုတာဝန်ပေးရတာပဲ၊ ကိုင်း ... ဘယ့်နှယ်လဲ ... မင်း လုပ်နိုင်ပါ့မလား၊ ကောင်လေး''

''လုပ်နိုင်ပါတယ်ရသေ့ကြီး ... ကျွန်တော်ကိုယ်တိုင်လည်း အဲဒီလိုမတရားမှုတွေကို လက်မခံပါဘူး၊ အခုလို



ကျောက်တလားကြီးရဲ့ သာသနာ့နယ်မြေကို ကာကွယ်စောင့်ရှောက်ဖို့အတွက်ဆိုရင် ကျွန်တော့်အသက်နဲ့လဲပြီး ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ် ရသေ့ကြီး''

မင်းမောင်၏ ပြတ်သားသောဆုံးဖြတ်ချက်စကားကြောင့် ရသေ့ကြီး၏ တည်ငြိမ်လေးနက်သောမျက်နှာတွင် ကျေနပ်ပီတိရိပ်တို့ လင်းလက်သွားကြပါ၏။

“သာဓုကွယ် သာဓု သာဓု ... ဒီတာဝန်ကို လုပ်ကိုင်ဆောင်ရွက်ပေးတဲ့အတွက်လည်း မင်းဘက်မှာ အကျိုးမယုတ်စေရပါဘူးကွယ်၊ ထိုက်သင့်တဲ့ အကျိုးတစ်ခုခုတော့ မလွဲမသွေ ခံစားရမှာ ကောင်လေးရယ်''

မင်းမောင်နှင့်စောနန္ဒာတို့မှာ ရသေ့ကြီး၏ ထူးခြားသော နောက်ဆုံးစကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

ထိုကဲ့သို့ ရသေ့ကြီးနှင့် မင်းမောင်တို့လူစု ကျောက်ဂူထဲတွင် ခိုနားရင်း ကျောက်တလားကြီးနှင့်ပတ်သက်သောကိစ္စများကို ပြောဆိုတိုင်ပင်နေကြချိန်တွင် ...

ဗိသမလောဘသားများဖြစ်ကြသော မစ္စတာစတီဗင်တို့လူစုမှာလည်း ကျောက်တလားတောင်၏ကျောက်ထရံကြီးအနီးတွင် ခုက္ခ၊ သောကတို့နှင့် ရင်ဆိုင်လျက်ရှိကြပါချေပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

## အဝိဇ္ဇာအမှောင်တွင်းသို့ ဖွတ်တိုးဝင်ကြသူများ

မိုးသက်လေကတဟူးဟူး တိုက်ခတ်နေသည်။ ထူထပ်သော တောရိပ်တောင်ရိပ်တို့ကြောင့် ပိုမို၍မှိုင်းမှောင်လာပြီး ရာသီဥတုကလည်း မမျှော်လင့်ဘဲ အရိုးကွဲလုမတတ် အေးစိမ့်လာပါလေ၏။ တဟူးဟူးတိုက်ခတ်လျက်ရှိသော မိုးသက်လေကြောင့် သစ်ပင်ကြီး၊ ဝါးပင်ကြီးတို့ အကိုင်းချင်း၊ အပင်ချင်း ပွတ်တိုက်ရိုက်ခတ်သံများကသာ ကျောက်တလားတောင်ဝန်းကျင်တွင် ပဲ့တင်ညံလျက်ရှိကြသည်။

မှိုင်းမှုန်သော မိုးတိမ်မိုးသားများနှင့် ထူထပ်သော သစ်ရိပ်ဝါးရိပ်များကြောင့် ကျောက်တလားတောင်၏ တောင်တက်ခရီးမှာ အလင်းရောင်ကောင်းစွာမရရှိဘဲ နေဝင်ဆည်းဆာအချိန်ကဲ့သို့ ခပ်မှောင်မှောင်ဖြစ်နေပါ၏။ ထိုကဲ့သို့ ဆိုးဝါးလှသော ရာသီဥတုအောက်တွင် မစ္စတာစတီဗင်တို့လူစုမှာ လက်နက်အပြည့်အစုံနှင့် မင်းမောင်တို့သွားရာ ကျောက်တလားကြီးရှိရာ



သို့ တိတ်တဆိတ်လိုက်ပါလာခဲ့ကြသည်။

ရှေ့ဆုံးမှချီတက်လာသည့် အောင်မောင်းနှင့် ပေါ်လုတို့မှာ နှင်းရည်များအဝသောက်စို့ထားသည့် စိမ်းရင့်ရင့်ပြေးနေသော မြေလွှာဆီသို့ငုံ့ကာ စစ်ဆေးရင်း မင်းမောင်တို့၏ခြေရာလက်ရာများကို ရှာဖွေနေကြသည်။

"ရော် ... ကိုမင်းမောင်တို့ ပောဒီကျောက်ထရံကြီးဘက်ကို ရောက်နှင့်နေလောက်ပါပြီ၊ ခက်တာက သူတို့ခြေရာလက်ရာတွေကို ဘာတစ်ခုမှမတွေ့ရဘူးဖြစ်နေတယ် သခင်ကြီး"

ထိုစဉ်အခိုက်မှာပင် မိုးက အချိန်အခါမဟုတ်ဘဲ တောင်ပေါ်ဒေသစရိုက်အတိုင်း တဖျောက်ဖျောက်နှင့် ရွာသွန်းချစပြုလာခဲ့ပါပြီ။ မိုးသာ အားကြီးခဲ့ပါလျှင် မင်းမောင်တို့၏ခြေရာသဲလွန်စများက မိုးရေထဲတွင် ပျောက်ကွယ်သွားကြမည်မို့ အောင်မောင်းဘာဆက်လုပ်ရမည်မသိဖြစ်နေသည်။

"ကိစ္စမရှိဘူး ... လုံးဝရှာမတွေ့ဘူးဆိုရင် ဟို ကျောက်တလားကြီးဆီကိုပဲ သွားကြမယ်၊ ဟို ... ဟို ... လူညည်းကြီးတွေကိုသာ သတိထား ... အားကြီးကြောက်စရာကောင်းတဲ့ အန္တရာယ်ကောင်တွေပဲ"

"စိတ်ချပါ သခင်ကြီး ... ကျွန်တော်တို့မှာ လက်နက်ကောင်းတွေ ပါလာတာပဲ ... ဘာမှကြောက်စရာမရှိပါဘူး၊ ခက်တာက မိုးသိပ်ပြီးသည်းလာခဲ့ရင် သခင်ကြီးတို့ မိုးခိုဖို့နေရာရှာမှဖြစ်မယ်"

အောင်မောင်းက လက်ထဲမှ ဒသမ (၃၀၃) နှစ်လုံးပြူးဒိုင်ယာကို အသင့်ကိုင်လျက် ငှက်ပျောတောထဲမှခုကိုဖြတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုလိုက်ပါ၏။ သို့သော် လောဘသားမျက်နှာဖြူများက ဤမိုးလောက်ကို စာဖွဲ့မနေခြင်းပင်။

''နိုး နိုး ...မိုးကို ဂရုစိုက်မနေနဲ့ ...ကျွန်ုပ်တို့ ခေါင်းပေါ် လိုက်လာတာမဟုတ်ဘူး၊ အရေးကြီးတာက ကျောက်တလားကြီးက ရွှေကြောနဲ့ ရွှေသိုက်တွေကို မင်းမောင်တို့မဦးခင် ကျွန်ုပ်တို့အရင်ဆုံးရယူနိုင်ဖို့က ပိုပြီးအရေးကြီးတယ်မဟုတ်လား''

လောဘဇောတက်နေကြသည့် အရာရှိယေ်စမစ်နှင့် ဝီလျံတို့က ခပ်မှောင်မှောင်နှင့် မိုးဖွဲဖွဲမြင်ကွင်းဝယ် ရေသို့သာ တွင်တွင်သွားနိုင်းနေပါချေ၏။ ထိုအချိန်တွင် ကျောက်တလားကြီး ဘက်ဆီမှ 'တိန် .. တိန်' ဟူ၍ အသံရှည်ဆွဲကာ ဆတ်တစ်သံများကို နီးကပ်စွာကြားလိုက်ရသည်။

''ဟား ...မိုးဖွဲဖွဲအောက်မှာ ဆတ်ပစ်ရရင်တော့ သိပ်ကောင်းမှာပဲဟေ့ ...သေနတ်သံထွက်မှာ စိုးလို့သာပေါ့''

ပေါလုက သေနတ်တပြင်ပြင်နှင့် ကြိတ်မနိုင် ခဲမရ ပြောဆိုရင်၊ သူ့ရေ့ဝါးတောကြီးထဲသို့ တိုးဝင်လာခဲ့သည်။ မိုးမှောင်မှောင် ဖလေမှောင်မှောင်မို့ တောင်ကြီး၏အရှေ့ခြမ်းရှိ ကျောက်တလားကြီးရှိရာသို့ အောင်မောင်းတို့ ခန့်မှန်း၍လာနေကြသည့်တိုင် လမ်းလွဲကာ တောနက်ကြီးထဲသို့ရောက်နေကြသည်ကို သူတို့ စိုးစဉ်းမျှမသိရှိနိုင်ကြပါချေပြီတည်။

ထိုအခိုက် ...

'ဖျောင်း'

'ကျည်'

သူတို့နံဘေးမှ ကပ်၍ဝါးမျိုးလိုက်သည့် အသံကြီးကြောင့်



အောင်မောင်းနှင့်မစ္စတာစတီဗင်တို့ လှမ်း၍ကြည့်လိုက်သည့်တွင် အစွယ်ဖွေးဖွေးကြီးနှင့် တောဆင်ပေါက်ကြီးတစ်ကောင်၏ ရှေ့ပိုင်းကို ကိုက်ငါးဆယ်ခန့်တွင် ပက်ပင်းဆုံတွေ့လိုက်ရသည်။

''ဟာ ...တောဆင်ကြီး သခင်ကြီးရေ ...တောဆင်ကြီးဗျ ...လှန့်ရလို့လိုက် လိုက် ..လိုက်တော့မယ်''

''အိုး ...ဂေါ့''

အောင်မောင်းသတိပေးသံ မဆုံးမီမှာပင် နှာမောင်းကြီး ကိုပင့်မြှောက်ကာ နားရွက်ကြီးတွေဖွေနေသည့် ဆင်ကြီးမှာ သူတို့ရှိရာသို့ ဒေါသတကြီးပြေးဝင်လာသဖြင့် မစ္စတာစတီဗင်က နှစ်လုံးပြူးသေနတ်ကြီးနှင့် လက်တန်းထိုးပင် တောဆင်ကြီး၏ ဦးကင်းဆီသို့ ပစ်ချလိုက်သည်။

'ဒိန်း .. ဖောင်း'

ဖောင်းခနဲ ကျည်ဆန်ထိမှန်သည့်တိုင် တောဆင်ကြီးက လုံးဝမဖြုံဘဲ မစ္စတာစတီဗင်တို့လူစုထဲ အတင်းဖိ၍ပြေးဝင်လာသည်မို့ စမစ်နှင့် ဝီလျံတို့မှာ သွေးပျက်ထိတ်လန့်စွာပင် အောင်မောင်းတို့နောက်သို့ ပြေးလိုက်ကြပါ၏။ ထိုအခါမှ မစ္စတာစတီဗင်လည်း၊ မနေသာတော့ဘဲ စမစ်တို့နောက်မှ ခုန်းပိုင်း၍ ပြေးထွက်ခဲ့ရပါတော့သည်။

'ကျည် ကျည် ကျည်'

'ဝေါ် ဖရော .. ဝုန်း .. ဖျွတ် .. ဝေါ်'

တစ်ခဏအတွင်းမှာပင် ကျောက်တလားတောင်ခြေမှ ဆုံး တောဆင်ကြီးများ၏အော်သံ၊ တစ်ကောင်နှင့်တစ်ကောင် ဆော်ဝေ်သံ၊ သစ်ပင်ကြီးများလဲပြိုသံ၊ တောတိုးသံကြီးများက

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်ဖွယ်ရာ ဆူညံစွာ ထွက်ပေါ်လာခဲ့ပါတော့သည်။

'ကျည် ကျည် .. ကျစ် .. ကျလစ် ကျစ်'

မိုးမှောင်ကြီးကလည်း ကျနေသည်။ ကျောက်တလား တောင်ကြီးတစ်ခုလုံးတွင် တောင်ခိုးမြူငွေ့များကလည်း အရပ်ရှစ်မျက်နှာမှ ဝိုင်းအုံ၍ ရစ်သိုင်းအုပ်မိုးလာကြသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းမှုန်နေသည့် မီးခိုးငွေ့များ ဝေ့ဝဲလွင့်မျောနေကြသည်သို့ ...။

မစ္စတာစတီဗင်တို့လူစု နောက်သို့လှည့်မကြည့်စတမ်း ပြေးလွှားခဲ့ကြရာ ရှေ့သို့ဆက်၍ ပြေးစရာမြေမရှိတော့မှပင် တုန်တုန်ယင်ယင်နှင့်ရပ်လိုက်ကြရသည်။ သူတို့ရှေ့တွင် နက်ရှိုင်းညို့မှောင်နေသည့် ချောက်ကမ်းပါးပြတ်ကြီးက ခံနေသည်မဟုတ်ပါလား။ စမစ်နှင့်ဝီလျံတို့မှာ အသက်ပင်မှန်မှန်မရှူနိုင်ကြတော့ဘဲ ယိုင်လဲလုလုနှင့် သစ်ပင်ကိုမှီကာ အမောဆို့နေကြသည်သို့ ...။

"ဒါ ဘယ်နေရာကိုရောက်နေတာလဲ အောင်မောင်း"

မစ္စတာစတီဗင်က အောင်မောင်းကိုမေးမြန်းရင်း လူစစ်ကြည့်လိုက်တော့ အလုပ်သမားနှစ်ယောက် လျော့နေပါ၏။ စတီဗင်တို့မျက်နှာဖြူသုံးယောက်နှင့် အောင်မောင်း၊ ပေါလုတို့သာ စုစည်းကျန်ရစ်ခဲ့ပါချေပြီကော။ အောင်မောင်းမှာလည်း မောဟိုက်နေသည့်ကြားမှပင် ပတ်ဝန်းကျင်တောတောင်အခြေအနေကိုကြည့်ကာ ခေါင်းကိုခါယမ်းလိုက်သည်။

"အင်း ... မှောင်ကလည်းမှောင်, နောက်ပြီး ခြေဦးတည့်ရာထွက်ပြေးရတာမို့ ဘယ်နေရာရယ်လို့တောင် မပြောတတ်တော့ဘူး သခင်ကြီး"



"ဟုတ်တယ် သခင်ကြီး ... လူတွေလည်း ကွဲကုန်ပြီ၊ လမ်းတွေလည်း မှားကုန်ပြီ၊ ဟို ဟို ... အလုပ်သမားနှစ်ယောက်လည်း မရှိကြတော့ဘူး။ ခုမှပဲ ခက်ပြီထင်ရဲ့ ... ဟင်း"

ပေါလု၏ညည်းတွားသံအဆုံးတွင် ကျားဟိန်းသံကြီးများ ဆက်တိုက်ထွက်ပေါ်လာသဖြင့် မစ္စတာစတီဗင်တို့အားလုံး ကျောချမ်းကပ်ကာ အခြေအနေကို စောင့်ကြည့်နေကြပါ၏။

'ဝေါင်း .. ဂရား .. ဝေါင်း .. ဂရား ဂါး'

အခြေအနေသည် တဖြည်းဖြည်းဆိုးဝါးလာလေပြီထင့် ...။ ဆင်အော်သံ၊ ကျားဟိန်းသံကြီးများနှင့် ဆူညံပွက်နေသဖြင့် လွတ်ကင်းရာနယ်မြေကို အောင်မောင်းတို့ ချက်ချင်းပင်ရှာဖွေလိုက်သည်။ တွေ့ပါပြီ ... သူတို့နှင့်မလှမ်းမကမ်းတွင် တုတ်ခိုင်ကြီးမားလှပြီး သစ်ရွက်သစ်ခက်များ အုံ့ဆိုင်းဝေဆာနေသည့် ကညင်ပင်ကြီးတစ်ပင်ကို အောင်မောင်းတွေ့မြင်လိုက်ရသည်။

"ကိုင်း ... ကျွန်တော်တို့ အရေးတကြီးပုန်းအောင်းနေထိုင်နိုင်ဖို့က လောလောဆယ် ဟောဒီကညင်ပင်ကြီးရဲ့ ခွဆုံပေါ်မှာ တက်ပြီးပုန်းခိုနေမှ စိတ်ချရမယ်သခင်ကြီး"

အောင်မောင်းပြောသကဲ့သို့ ရွေးချယ်စရာလမ်းက မရှိတော့ပြီမို့ မစ္စတာစတီဗင်တို့အားလုံး ကညင်ပင်ခွဆုံကြီးပေါ်သို့သာ တက်ရောက်နေရာယူလျက် မိုးအတိတ်နှင့် ကျားဟိန်းသံ၊ ဆင်အော်သံတို့အခြေအနေကို စောင့်ကြည့်နေကြရပါသည်။

"ဟူး ... ဆရာညိမ်းက အစကတည်းကပြောသား 'ကျောက်တလားတောင် လွတ်အောင်ရှောင်၊ မရှောင်နိုင်ခြား ပျော်ပါးနဲ့၊ ဆင်, ကျား, သစ်, မြွေ ဘေးမဲ့ခြေ လို့တောင်

www.burmeseclassic.com

www.burmeseclassic.com



စာဆိုရှိတယ်တဲ့လေ …ငါကိုယ်က လောဘတက်မိတာကိုး"

ပေါလုက မယုံကြည်နိုင်ဖွယ်အဖြစ်ဆိုးများကြောင့် သူ၏ အမှားကို နောင်တရသကဲ့သို့ ရှိပါချေပြီ။ အောင်မောင်းကမူ လူပေလူ့ကတ်တစ်ဦးပီပီ ရသာလျှင် ဘနဖူးသိုက်တူးမည့် လောဘသားတို့၏ထုံးစံအတိုင်း …

"ဟောကောင် ပေါလု …ကြောင်ရင်လွဲ ရဲရင် မင်းဖြစ်တဲ့၊ တန်ဖိုးကြီးတဲ့ရွှေနှတွေနဲ့ ရွှေကြောကိုတွေ့ရဖို့အတွက် ဒီလောက်တော့ ဒုက္ခခံရမှာပေါ့ကွာ …ဟင်း ဟင်း …ငါကတော့ ငါ့ရဲ့လက်ထဲမှာ သေနတ်သာရှိလို့ကတော့ ဘာကောင်မှ မကြောက်ဘူး။ စောစောက ဆင်ကြီးဟာ နှစ်ချက်ဆင့်ပြီးမှန်ခဲ့လို့ အထိနာပြီး ငါတို့နောက်ကို ဆက်ပြီးမလိုက်နိုင်တော့တာကွ …သိရဲ့လား"

စိတ်ပျက်အားငယ်ချင်ချင်ဖြစ်နေသည့် ပေါလုကို အောင်မောင်းကအားပေးစကားများပြောလိုက်ရင်း သူ၏ ဒသမ (၃၀၃) ရိုင်ဖယ်သေနတ်ကြီးထဲသို့ ကျည်ဆန်အသစ်နှင့်တောင့်ကို ထပ်မံ၍ထည့်လိုက်သည်။ ထိုအခိုက် သူတို့လှူစု တက်ရောက်ခိုအောင်းနေသည့် ကညင်ပင်ကြီးသည် ရုတ်တရက် သိမ့်ခနဲ၊ ညိမ့်ခနဲ လှုပ်ခါယမ်းသွားသဖြင့် ငါးဦးသား အောက်သို့ ကပျာကယာ ငုံ့ကြည့်လိုက်သည်။

"ဟာ …တော ..တောဆင်ရိုင်းကြီးတွေဟ"

"အိုး ဂေါ့ …ဘုရားသခင် ကယ်တော်မူပါ …ဆင်ကြီးတွေ များလှချည်လား"

"ဟာ …လုပ် …လုပ်ပါဦး …က …ကညင်ပင်



ကြီးကို ဝိုင်းပြီးတွန်းလှဲနေကြတာထင်တယ် …ဘုရား ဘုရား"

ဟုတ်သည် …။ မည်းမည်းလှုပ်နေသည့် တောဆင်ကြီးများ၏ကျောပြင်ကြီးများကို တွေ့မြင်လိုက်ရသဖြင့် အားလုံး ထိတ်လန့်ချောက်ချားသွားကြသည်။ အောက်ဘက်မှ တောဆင်ရိုင်းကြီးများမှာ လူနံ့ခံကာ သဲသဲမဲမဲဖိ၍ လိုက်လံချောင်းမြောင်းနေကြခြင်းပင် ဖြစ်ပါ၏။

"အိုး ဂေါ့ …စတီဗင်ရေ …ငါတို့တော့ ဒီနေ့ သစ်ပင်ပေါ်က ဆင်းလို့ရမှာမဟုတ်တော့ဘူးထင်တယ်ဟေ့"

"ဟုတ်တယ် သခင်ကြီးရေ …အောက်မှာ ဆင်တွေရော, ကျားရော မကြဲ့ဖူးအောင် မည်းမည်းလှုပ်နေတာပဲ၊ မိုးကလည်း မစဲသေးဘူး။ မှောင်ကလည်း မှောင်လာပြီဆိုတော့ သစ်ပင်ပေါ်ကနေ ပြုတ်မကျအောင်သာ သတိထားပြီးနေကြပေတော့"

အောင်မောင်းကိုယ်တိုင်ပင် သူ့အားကိုးလှသည့် သေနတ်ကြီးကိုပိုက်ကာ ဘာလုပ်ရမည်မသိ ဖြစ်နေပါချေပြီကော။ မစ္စတာစတီဗင်တို့အုပ်စုမှာလည်း သေနတ်များကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ကညင်ပင်ကြီးခွဆုံချိုင့်ခွက်ထဲတွင် ငြိမ်ကုပ်လျက်သာ ထိုင်နေကြပါလေ၏။ မကြာမီ တစ်တောလုံးတစ်တောင်လုံး ပိန်းပိတ်အောင်နက်မှောင်သွားစေသည့် ညဥ့်နက်လွှာရုံကြီးက ကျောက်တလားကြီးတစ်ခုလုံးအား လွှမ်းခြုံဝါးမျိုသွားပါချေပြီတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

## ကျောက်တလားတောင်မှ စုန်းတောက်စားခြင်း

ကျောက်တလားတောင်ခြေရှိ မြိုင်စိန်တူးဖော်ရေးစခန်းမှာတော့ ကြီးကြပ်ရေးမှူး ဦးညိမ်းမောင်တစ်ယောက် မျက်စိမျက်နှာပျက်လျက် နေမထိထိုင်မရ ဖြစ်နေပါချေ၏။ တစ်စတစ်စ ဝါးမျိုသိမ်းပိုက်လာသော အမှောင်ထုကြီးကိုကြည့်လိုက်၊ လက်ထဲမှ နာရီကိုကြည့်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။ ထို့နောက် အဖြူရောင်များသန်းနေသည့် ဦးခေါင်းထက်မှ ဆံပင်များကို တဗျင်းဗျင်းနှင့်ကုတ်လိုက်သည်။

''အိုး ... အခုမှခက်ပြီ ... မစ္စတာစတီဗင်ရော ကိုမင်းမောင်တို့အဖွဲ့ရော အခုချိန်ထိ ပြန်မရောက်ကြသေးဘူး။ ဘာတွေဖြစ်ကုန်ပြီလဲ မသိတော့ဘူး။ ဘာပဲဖြစ်ဖြစ် စခန်းမှာ အဆင်သင့်ဖြစ်အောင်တော့ စီစဉ်ထားမှဖြစ်မယ်''

ဟုတ်သည် ...။ ပဲခူးရိုးမက နေဝင်စောသည်။ နေဝင်သည်နှင့် အမှောင်ရိပ်တို့က လျှင်မြန်စွာကြီးစိုးမင်းမူလာကြပါ၏။



တောင်ခိုးတောင်ငွေ့၊ မြူခိုးမြူငွေ့တို့က လိပ်ခွေရစ်ပတ်နေသည့် ရိုးမတောင်တန်းကြီးများအား လွှမ်းခြုံထားကြသည်။

ကျောက်တလားတောင်တစ်ခွင်လုံးနှင့် မြိုင်စိန်တူးဖော်ရှာဖွေရေးစခန်းကြီးအား ထိုနှင်းငွေ့မြူငွေ့များနှင့် အမှောင်ထုကြီးက တစ်စ တစ်စ ဝါးမျိုလာလျက်ရှိပါပြီ။ စခန်းအုပ်ချုပ်ရေးမှူးဦးညိမ်းမောင်တစ်ယောက် ခေါင်းခြောက်နေပါ၏။ နောက်ဆုံး အမှတ် (၁) လုံခြုံရေးမျှော်စင်ထက်မှနေ၍ စခန်းထောင့်သုံးခုရှိ ကျန်လုံခြုံရေးမျှော်စင်သုံးခုအား ဝေါကီတော်ကီ (Walkietalkie) ဆက်သွယ်ရေးစကားပြောစက်နှင့် နိုင်းစေညွှန်ကြားရပါတော့သည်။

''အားလုံးနားထောင်ပါ ... ကြီးမှူး ညွှန်ကြားနေပါတယ်၊ မစ္စတာစတီဗင်တို့အဖွဲ့ရော၊ ဒွာနုမှူးလေးတို့အဖွဲ့ရော အခုအချိန်ထိ စခန်းကိုပြန်မရောက်ကြသေးဘူး။ အဲဒါ အားလုံးသတိရှိကြပါ၊ ပေါ့ပေါ့ဆဆမနေကြနဲ့၊ စခန်းမှာရှိတဲ့ မီးစက်အားလုံးထွန်းထားမယ်၊ စခန်းဂိတ်ဝရှေ့တည့်တည့်က မီးပုံကြီးကို မီးရှို့ထားလိုက်တော့၊ ထင်းတွေမပြတ်စေပါနဲ့၊ ဖြစ်နိုင်ရင် ဝါးဆစ်ပိတ်တွေ များများထည့်ပါ ထူးခြားမှုတွေ့ရင် ငါ့ဆီကို ချက်ချင်းသတင်းပို့ပါ''

မကြာမီ မြိုင်စိန်တူးဖော်ရေးစခန်းထဲတွင် မီးများ ထိန်ထိန်လင်းလာခဲ့ပါတော့သည်။ တစ်မြိုင်တည်းလိုလိုပင် စခန်းပင်မတံခါးကြီးနှင့် ကိုက်သုံးဆယ်ခန့်အကွာရှိ လက်ရှိတစ်ဖောင်ခန့်ထင်းပုံကြီးမှာလည်း မီးအရှိန်ကောင်းကောင်းနှင့် တောက်လောင်လာပါတော့သည်။ ဟုတ်သည် ...။ စခန်းအတွင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



သော မီးထိန်ထိန်လင်းနေ၍ မလုံလောက်သေးပါ။ စခန်းအဝင်ဝတွင်လည်း မီးရှိန်မပြတ်အောင် ဂရုတစိုက်လုပ်ဆောင်နေရပါသေးသည်။

'ဖောင်း ..ဒိုင်း ..ဖောင်း ဖောင်း ..ဒိုင်း'

မကြာမီ မီးရှိန်ကောင်းလာသဖြင့် ထည့်ထားသည့် ဝါးဆစ်ဝိတ်များက တဒိုင်းဒိုင်း၊ တဖောင်းဖောင်းနှင့် ဆူညံစွာ ပေါက်ကွဲထွက်ပေါ်လာကြသည်။ ထိုဝါးဆစ်များပေါက်ကွဲသံ၊ ငရာမမီးဖိုကြီးများမှ မီးအလင်းရောင်တို့ကြောင့် မလိုလားအပ်သော အန္တရာယ်ကောင်ကြီးများ စခန်းဝန်းကျင်သို့ မကပ်နိုင်ရန် စီမံထားခြင်းပင်ဖြစ်ပါ၏။ သို့တိုင်အောင် တစ်ခါတစ်ရံ နယ်ကျွံ၍ရောက်လာတတ်ကြသော ရိုးမကျားကြီးများက မီးပုံအနီးတွင် ဆောင့်ကြောင့်ထိုင်၍လည်းကောင်း၊ ဝပ်စင်း၍လည်းကောင်း အစွယ်ကြီးများပေါ်သည်အထိ မာန်ဖီဟိန်းဟောက်ကာ ပမာမခန့် ပြုတတ်ကြပါသေးသည်။ ထိုအခါမျိုးတွင် သေနတ်နှင့်ပစ်ဖောက်ခြောက်လှန့်မှသာ ကျားကြီးများက စောင်းငန်းစောင်းငန်းဖြင့် လှည့်ပြန်သွားလေ့ရှိကြပါ၏။

မြိုင်စိန်တူးဖော်ရှာဖွေရေးစခန်းကြီးတစ်ခုလုံး မီးစက်သံ သဲ့သဲ့မှအပ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ကြီးကြပ်ရေးမှူး ဦးညိမ်းမောင်မှာ လက်မှနာရီကို ကြည့်လိုက်မိသည်။

ည ရှစ်နာရီခွဲတိတိ ...။

ကျောက်တလားတောင်ကဲ့သို့ တောကြမ်းလှသော တောတောင်ထဲဝယ် အန္တရာယ်ဆိုသည်မှာ အချိန်မရွေး၊ နေရာမရွေးမှ ထွက်ပေါ်လာတတ်သည်။ ဤကဲ့သို့သော ညဦးအခါကာလတွင်



မှု ဆိုဖွယ်ရာမရှိပါလေတော့။

"အင်း ... ဘာလိုလိုနဲ့ ရှစ်နာရီတောင်ခွဲသွားပြီ၊ နှစ်ဖွဲ့လုံး ပြန်ရောက်မလာကြတာကတော့ ထူးတယ်၊ ဘာပဲဖြစ်ဖြစ် ဌာနမှူးလေးကတော့ မရောက်ရောက်အောင် စခန်းကိုပြန်လာမှာပဲ၊ ဒါဆိုရင် မစ္စတာစတီဗင်တို့အဖွဲ့ကရော ... ကေန္တတော့ တောင်ပေါ်မှာ ညမှောင်မှောင်နဲ့များ မျက်စိလည်လမ်းမှားနေကြပြီလား မသိဘူး"

ရတတ်သမျှအတွေးစများကို ဖြန့်ကြက်ကာ ကြီးကြပ်ရေးမှူးဦးညိမ်းမောင်မှာ လုံခြုံရေးဝန်ထမ်းအားလုံး (STAND BY) အသင့်ထားရှိလိုက်ပြီး ချက်ချင်းပင် အရေးပေါ်ဥဩများဆွဲကာ အချက်ပေးခြင်း၊ လုံခြုံရေးကင်းမျှော်စင်လေးခုရှိ (SEARCH LIHGT) မီးမောင်းကြီးများဖြင့် အရပ်လေးမျက်နှာနှင့် ကောင်းကင်ယံသို့ထိုးပြခြင်း၊ အချက်ပြမီးကျည်များပစ်ခတ်၍ လမ်းညွှန်ပေးခြင်းစသဖြင့် ညဦးအမှောင်တွင် ဒုက္ခရောက်နေကြမည့် ကျောက်တလားတောင်ပေါ်ရှိ သူတို့၏အဖွဲ့များနှင့်ရနိုင်သမျှ ဆက်သွယ်ကြည့်ပါသည်။

သို့သော် ...

ထူးခြားသောအကျိုးသက်ရောက်မှု ရှိမည်မဟုတ်မှန်းတော့ သိပါ၏။ သို့တိုင်အောင် ရေနစ်သူအတွက်တော့ ကောက်ရိုးတစ်မျှင်ဖြစ်လိုဖြစ်ငြား မှန်းဆ၍ဆက်သွယ်ရန် ကြိုးစားလေသည်။ သန်းခေါင်ယံညဦးသို့ ရောက်ရှိလာခဲ့သည့်အချိန်မှာတော့

"ဟာ ... ဟို .. ဟိုမှာ ကြီးမှူး .. ကြည့် .. ကြည့်စမ်းပါဦး .. ဟို .. ဟို .. ဟိုမှာ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်မှ ကျော်မြ၏ ထိတ်လန့်တကြားအော်ဟစ်သံကြီးနှင့် ညွှန်ပြရာသို့ ဦးညိမ်းမောင် လှည့်၍ကြည့်လိုက်မိသည်။

''ဟာ''

''ဟယ်''

ကျောက်တလားတောင်ဆီမှ သပိတ်လုံးခန့်၊ သောက်ရေအိုးလုံးခန့်ရှိ မီးလုံးကြီးများက တောင်အထက်နှင့် တောင်ခါးပန်းပြတ်ရှိ ကျောက်တလားကြီးဆီမှ လေးငါးလုံးခန့် ပျံဝဲ၍နေကြသည်ကို ထူးဆန်းစွာတွေ့မြင်လိုက်ရပါတော့သည်။

''ဟာ ... ဘာမီးလုံးကြီးတွေလဲဟေ့ ... ကျောက်တလားကြီးပေါ်မှာ ဝဲပျံပြီး အထက်အောက် ဆင်းလိုက်,တက်လိုက်နဲ့ လုပ်နေကြတယ်''

''စုန်း ... စုန်း ... စုန်းတောက်စားတာများလား မသိဘူး ဆရာ''

''ဟာ .. ကျော်မြကလည်း ပေါက်ကရပြောတော့မယ်''

''ဟို ... ဟို ... တကယ်ပြောတာ ကြီးမှူးရေ ... တစ်လောတုန်းက သူရဲရွာက မိန်းမကြီးတွေပြောကြတုန်းက ကျွန်တော်မယုံဘူး ... အခု လက်တွေ့မျက်တွေ့မြင်ရတော့မှ ဒါ ... ဒါ စုန်းတောက်စားတာပါလားဆိုတာ သိရတော့တယ်''

''ဟုတ်တယ် ဆရာ ... တောင်ခြေရွာကြီးက လူတွေကတော့ စုန်းတွေ ပညာပြိုင်ကြတယ်လို့ပြောကြတာပဲ၊ စုန်းတောက်စားတာတို့၊ တိမ်ညွှန့်စားစုန်းတို့, မီးသူရဲတို့ဆိုပြီး အခေါ်အဝေါ်သာ ကွဲပြားသွားကြတာ ... တကယ်တော့ ရွာသူစုန်းတွေ မျိုးကြတာလို့ပြောကြတယ်ဆရာ''



ကျော်မြနှင့် အံ့ကြီးမောင်တို့က ကျောက်တလားထက်တွင် ဆင်းချည်တက်ချည်နှင့် ဝဲပျံလှုပ်ရှားနေကြသည့် မီးလုံးကြီးများကိုကြည့်ရင်း ရွာသားများ၏အဆိုကို ထောက်ခံပြောဆိုနေကြပါ၏။

''ဟော ... ဟော ... ဟိုဘက်က မြေနီတောင်ဆီကပါ မီးလုံးကြီးတွေ ထွက်လာကြပြန်ပြီဆရာရေ''

''အင်း ... ဒီလိုမျိုးဖြစ်ရပ်ဆန်းတွေကြောင့်လည်း ကျောက်တလားတောင်နဲ့ ကျောက်တလားကြီးက နာမည်ကြီးသထက် ကြီးနေကြတာကိုး''

ကြီးကြပ်ရေးမှူးဦးညိမ်းမောင်ကမူ ကျော်မြနှင့်အံ့ကြီးမောင်တို့၏ပြောစကားများကို မကြားရ၊ သူ၏နားထဲမှာတော့ ဌာနမှူးလေးမင်းမောင်နှင့် ဒေါက်တာသာထက်တို့ပြောပြခဲ့သည့် တိမ်ညွှန့်စားစုန်း၊ စုန်းတောက်စားခြင်း၊ သူရဲမီး၊စုန်းစသည်ဖြင့် လွယ်လွယ်ကူကူခေါ်ဝေါ်နေကြသော်လည်း၊ စင်စစ်မူ ထိုအရာများသည် ဘာမျှမဟုတ်ကြ။ ပင်လယ်ပြင်များတွင် တွေ့မြင်ရတတ်သည့် ပင်လယ်စုန်းနယ် (MATTER) တစ်မျိုးသာဖြစ်ကြောင်း ရှင်းလင်းပြဆိုချက်များကိုသာ ကြားယောင်နေမိပါတော့သည်။

တကယ်တော့ တောတောင်ကြီးများ၊ နက်ရှိုင်းလှသော တောနက်ကြီးများထဲတွင် တွေ့ကြုံရသည့် တော၏မာယာ၊ တော၏လျှို့ဝှက်ချက်၊ တော၏ပဥ္စလက်မာယာများက ပင်လယ်ပြင်ကြီးနှယ် မယုံကြည်နိုင်ဖွယ် လျှို့ဝှက်ဆန်းကြွယ်မှုများ အပြည့်ရှိနေကြသည်မှာ ကောန်မလွဲပင်ဖြစ်ပါတော့သည်။

❁ ❁ ❁

www.burmeseclassic.com



အခန်း (၂၀)

## ထူးဆန်းလျှို့ဝှက်သော ကျောက်တလားနယ်မြေ

တစ်ညလုံးရွာသွန်းချထားသော မိုးက နံနက်ခင်း ရောင်နီလာအရုဏ်ကျင်းသည်နှင့် တဖြည်းဖြည်း ကျဲပါးသွားခဲ့ရာမှ နောက်ဆုံး လုံးဝတိတ်သွားပါတော့သည်။ မြူနှင်းငွေ့များထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိသော နံနက်အရုဏ်အောက်ဝယ် တောင်စဉ်အနိမ့်အမြင့်များဖြင့် အလိပ်လိပ်ရစ်ခွေနေသည့် ရိုးမတောင်တန်းကြီးများက တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေလေသည်သို့ ...။

မီးပို၏အနွေးဓာတ်ဖြင့် အိပ်ပျော်နေရာမှ မင်းမောင်နိုးထလာတော့ ရသေ့ကြီးက ဝါးတောင်ဝှေးကိုထောက်ကာ ဂူအတွင်းဝယ် လမ်းလျှောက်ရင်း မေတ္တာဘာဝနာပွားနေသည်ကို တွေ့မြင်လိုက်ရသည်။ တဟုန်းဟုန်းတောက်လောင်နေသော မီးပုံနံဘေးတွင် အတုံးအရုံးအိပ်မောကျနေသည့် စောနန္ဒာနှင့် ဆင်ပေါက်၊ အောင်ထူးတို့ကို အသာအယာနှိုးလိုက်သည်နှင့် ရသေ့



ကြီးကြားသွားသည်ထင့် ...သူတို့အနီးသို့ ဝါးတောင်ဝှေးသံ တဒေါက်ဒေါက်နှင့် လျှောက်လာပြီး ...

"ထကြ ...ထကြကွဲ့ ကောင်လေးတွေ ...မိုးလင်းတော့မယ်"

ရသေ့ကြီး၏အသံကြောင့် စောနန္ဒာ အရင်ဦးဆုံးနိုးလာပြီး ရွှေဆင့်နောက်ဆင့်ဆိုသလို အောင်ထူးတို့ နိုးလာကြသည်။ ရသေ့ကြီးကမူ မည်သည့်အချိန်တွင် အိပ်စက်သည်မသိ။ သူတို့မအိပ်ခင်ကလည်း တင်ပျဉ်ခွေထိုင်လျက် ပုတီးစိပ်နေသည်။ ယခု သူတို့အိပ်ရာမှနိုးထလာကြသောအချိန်တွင်လည်း ကျောက်ဂူဝဘက်သို့မျက်နှာမူကာ မတ်တတ်ရပ်လျက် မေတ္တာဘာဝနာပွားများနေသည်ကို မင်းမောင်တို့ တွေ့မြင်လိုက်ကြရပြန်ပါလေ၏။ ထိုစဉ် ရသေ့ကြီးက ကျောက်ဂူအပြင်သို့ မျှော်ကြည့်နေရာမှ

"အင်း ...လူတွေ လူတွေ သိပ်အဝိဇ္ဇာဖုံးလွှမ်းနေကြတာကလား။ မသိကြလို့ မိုက်ကြ၊ သိသိကြီးနဲ့လည်း မိုက်ကြနဲ့ ဒုက္ခရောက်ကြတော့မှ ရတနာသုံးပါးကို သတိရကြတော့တယ်၊ မင်းတို့နောက်ကိုလိုက်လာကြတဲ့ လူငါးယောက်လည်း ကညင်ပင်ကြီးတစ်ပင်ပေါ်မှာ တစ်ညလုံးတက်ပြီး နေကြရရှာတယ်၊ အခုမှ ကယ်မမဲ့သူကို တနေကြလေရဲ့၊ အင်းလေ ...ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပဲပေါ့၊ သစ်ပင်အောက်မှာက ဆင်ရိုင်းကြီးတွေက မခွာကြသလို ကျားကြီးကလည်း သူတို့ပြန်မယ့်လမ်းက ကြိုပြီးစောင့်နေကြတယ်"

တစ်ယောက်တည်း ပြောသလိုလိုနှင့် အဝေးတစ်နေရာသို့လှမ်းမျှော်ကြည့်လိုက်ရင်း ပါးစပ်မှ တတွတ်တွတ်နှင့်ရွတ်ဆို

www.burmeseclassic.com

www.burmeseclassic.com



နေပါ၏။

''ကိုင်းပါလေ ... ငါ့ရဲ့နယ်မြေထဲမှာဆိုတော့လည်း သတ္တဝါအချင်းချင်း ရန်သတ္တရုမဖြစ်စေချင်ဘူး။ သည်တစ်ကြိမ်တော့ မေတ္တာစိတ်နဲ့ ခွင့်လွှတ်သည်းခံပေးလိုက်ပါ့မယ်၊ ဟဲ့ ကောင်တွေ ... ရှောင်ကြရှားကြစမ်း ... တော်ရာကို ရှောင်ထွက်သွားကြစမ်းကွဲ့၊ အင်း ... သတ္တဝါအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေကွယ်''

ရသေ့ကြီးမေတ္တာပို့လိုက်သည်နှင့် ကျောက်တလား တောင်ဘက်အရှေ့ခြမ်းဆီမှ ဆင်အော်သံကြီးနှင့် ကျားတစ်သံ အချို့ကို ကြားလိုက်ရပြီးနောက် ပြန်လည်၍ငြိမ်သက်တိတ်ဆိတ်သွားပါလေ၏။ မကြာမီ ကျောက်လိုဏ်ဂူအပြင်မှ အလင်းရောင်အချို့ ဂူအတွင်းသို့ထိုးဖောက်ဝင်ရောက်လာကြသည်။

''ကိုင်း ... မင်းတို့တစ်တွေလည်း ပြန်ဖို့ပြင်ဆင်ကြတော့၊ ဟိုကောင်လေး ... မင်းပေးထားတဲ့ ကတိစကားကို မမေ့နဲ့နော်၊ အင်း ... မကြာခင် ပဋ္ဌာန်းဆက်နီးတဲ့ မင်းကို အကြောင်းပြုပြီး ကျောက်တလားမှာ သာသနာပွင့်လင်းလို့ လာတော့မယ်၊ အင်း ... ကျွတ် ကျွတ် ... မင်းမှာ အနှောင့်အယှက် ရန်သူတွေကလည်း များပါ့၊ ဒါပေမဲ့ အန္တရာယ်တော့ မရှိနိုင်ပါဘူးလေ''

သည်တစ်ကြိမ်တော့ ရသေ့ကြီးပြောလိုက်သော စကားများက အဓိပ္ပါယ်များစွာပျော်ဝင်နေသကဲ့သို့ မင်းမောင်ရင်ထဲတွင် တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသေးသော ခံစားမှုတစ်ခုကို စူးစူးနစ်နစ် ခံစားလိုက်ရသည်။ သူတို့၏နောက်သို့ မည်သူတွေလိုက်



လာကြသနည်း။ မစွတာစတီဗင်တို့ လူစုလား။ သို့တည်းမဟုတ် သူ့အားစိတ်မချ၍ ဆရာဦးညိမ်းမောင်တို့လူစုများ လိုက်လာကြလေသလား။ မည်သို့မျှ မတွေးတတ်နိုင်ပါလေတော့။

''ကျေးဇူးကြီးလှပါတယ် ရသေ့ကြီး ... ကျွန်တော့် နာမည်က မင်းမောင်ပါ၊ သူကတော့ ရသေ့ကြီးမှတ်မိသလား မသိဘူး ... အရင်က မုဆိုးဖြစ်ခဲ့ဖူးတဲ့ ဦးကျောက်အိုးရဲ့မြေးစောနန္ဒာတဲ့၊ ဟိုဘက်ကနှစ်ယောက်ကတော့ ကျွန်တော့်စခန်းက အလုပ်သမားနှစ်ယောက်ပါ၊ ဒါထက် ရသေ့ကြီးနဲ့များ နောက်ထပ်တစ်ကြိမ် ဆုံတွေ့ခွင့်များရနိုင်ပါဦးမလားခင်ဗျာ''

ရသေ့ကြီးက မင်းမောင်၏စကားကြောင့် စောနန္ဒာအား သေချာစွာစူးစိုက်ကြည့်လိုက်ပြီး ...

''အင်း ... ပဋ္ဌာန်းဆက်ဟောင်းကြီးရဲ့ မျိုးဆက်သစ်တစ်ယောက်ပေပဲ၊ အေးလေ ... နင့်ရဲ့အဘိုးကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတစ်ခုကို နင့်လက်ထက်မှာ ပြန်ပြီးပေးဆပ်နိုင်မယ်ဆိုရင်တော့ နင့်ရဲ့အဘိုးအပေါ်မှာ တင်ကျန်ရစ်ခဲ့တဲ့ ဝဋ်ကြွေးတွေ ပြေပျောက်သွားလိမ့်မယ်၊ ကိုင်း ကိုင်း ... သွားကြပေဦးတော့၊ ကံဆက်ကြသေးရင်တော့ ငါတို့တစ်တွေ ကျောက်တလားကြီးမှာ ပြန်ဆုံကြဦးမှာပေါ့ကွယ်''

ကျောက်လိုဏ်ဂူကြီးအပြင်မှာတော့ မိုးစင်စင်လင်းလျက်ရှိပါပြီ။ ထို့နောက်မှာတော့ ရသေ့ကြီးကိုယ်တိုင် ရှေ့မှဦးဆောင်၍ မင်းမောင်တို့အား ကျောက်ဂူအပြင်ဘက်သို့ လိုက်လံပို့ဆောင်ပေးလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်း နေခြည်အလင်းတန်းများက မြူနှင်းလွှာထုကိုထွင်းဖောက်ကာ သစ်ရွက်သစ်ခက်များကြားမှ တိုးဝင်ဖြန့်ကြက်ကျလာကြသည်။ ကညင်ပင်ကြီးခြေရင်းတွင် ခြေပစ်လက်ပစ်ထိုင်နေကြသည့် မစ္စတာစတီဗင်နှင့် မျက်နှာဖြူအရာရှိငယ်များဖြစ်သည့် စမစ်နှင့် ဝီလျံ၊ လမ်းပြအောင်မောင်းနှင့် ပေါ်လုတို့အားလုံး အဝတ်အစားများ စုတ်ပြဲပေကျံလျက် ...။ ထို့ပြင် တစ်ညဥ့်လုံး ကညင်ပင်ကြီးထက်တွင် ကြောက်ကြောက်လန့်လန့်နှင့် အိပ်ပျော်ခဲ့သောကြောင့် မျက်လုံးဟောက်ပက်နှင့် မျက်နှာများပင် ချောင်ကျနေကြပါသည်။

မစ္စတာစတီဗင်မှာ ကညင်ခွဆုံထက်ဝယ် အိပ်ပျက်ခဲ့သည့်ညကိုတွေးကာ ကျိတ်မနိုင်ခဲမရဖြစ်နေပါ၏။

"အိုး ... တော်တော်ဆိုးတဲ့ ကျောက်တလားကြီးပဲဟေ့၊ မိုးတွေလေတွေထဲက ဆင်ရိုင်းအုပ်နဲ့တိုးလို့ သစ်ပင်ပေါ်တက်ပြီး ပုန်းနေရပါသေးတယ်၊ နောက်ပြီး တစ်ညလုံး တောဆင်တွေက တစ်မျိုး၊ ကျားတွေကတစ်မျိုးနဲ့ သဲသဲမဲမဲကို ချောင်းနေကြတာ ...ဟွန်း"

"ဟုတ်တယ် စတီဗင်၊ နောက်တစ်ခေါက်မှ ဖောက်ခွဲရေးမိုင်းတွေ အကုန်ဆင်ပြီး တောင်ကြီးတစ်ခုလုံးမိုင်းခွဲပစ်ဦးမယ်"

မျက်နှာဖြူအုပ်စု မကျေမနပ်ဖြင့် တတွတ်တွတ်နှင့်ပြောဆိုကြိမ်းမောင်းနေကြသည့်တိုင် အောင်မောင်းမှာ တစ်စုံတစ်ရာကို သဲသဲမဲမဲစဉ်းစားနေပါ၏။ ဟုတ်သည် ...။ နံနက်အရုဏ်တက်



ဆီလောက်က တစ်စုံတစ်ယောက်က အော်ငေါက်နှင်ထုတ်လိုက်သကဲ့သို့ တရုန်းရုန်းနှင့်ထွက်ပြေးသွားကြသော တောဆင်ရိုင်းကြီးများ၏ ထူးခြားသောအပြုအမူက အောင်မောင်း၏အတွေးအိမ်ကို ရှုပ်ထွေးနောက်ကျိစေပါသည်ကော။ ပေါ်လုကတော့ မျက်စိမျက်နှာများပင် ပျက်လျက် တစ်ယောက်တည်း တတွတ်တွတ်နှင့် ရေရွတ်နေပါလေ၏။ တောကြမ်းမြေကြမ်းသော ကျောက်တလားနယ်မြေကြီးက သူတို့အား ပထမဦးဆုံးအကြိမ် ပြင်းပြင်းထန်ထန် သတိပေးလိုက်လေသည်လား။

ထိုစဉ် မစ္စတာစတီဗင်မှာ အောင်မောင်းဘက်သို့လှည့်ကာ ...

"ကဲ လူကလေး အောင်မောင်း ...မထူးတော့ဘူး၊ ရောက်တဲ့လက်စနဲ့ ကျောက်တလားကြီးဆီကို သွားကြမယ်၊ ဒါလောက် ခက်ခက်ခဲခဲနဲ့ ဒုက္ခရောက်ပြီးမှ လက်လျှော့ပြီးတော့ မပြန်တော့ဘူး။ နောက်ဆုံး ရှေ့သိုက်နဲ့ရွှေကြောမတွေ့ခဲ့ရင်လည်း အဲဒီကျောက်တလားကြီးကို ခွဲပြီးဖြိုချပစ်မယ်ဟေ့ ...ဟွန်း"

မိုက်မိုက်မဲမဲဖြင့် မကြီးအပ်,မစည်အပ်သည်များကို တစ်ရှူးထိုးလုပ်ဆောင်ရန် ကြံစည်လုပ်ကိုင်နေသည့် မစ္စတာစတီဗင်၏မျက်နှာကြီးကို ကြည့်ရင်း ပေါ်လုတစ်ယောက် ထိတ်လန့်ချောက်ချားစ မြူနေပါချေပြီ။ ယခုလောက်ဇာတ်ဝေါ်ကာ သတိဆေးဆုံးမနေသည်ကို စတီဗင်တစ်ယောက် အလေးမမူ ဂရုမစိုက်နိုင်ခတော့ပြီထင့် ...။

အောင်မောင်းကို အော်ဟစ် အမိန့်ပေးလိုက်ပြီ သူ၏ဘဝမ (၄၇၀) နှစ်လုံးပြူးသေနတ်ကြီးကို ခါးချိုးကာ ကျည်ထပ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်တောင့်ထည့်၍ သေနတ်ခါးကို ပြန်၍စေ့လိုက်သည်။

ထိုစဉ်မှာပင် ...

'ဒိန်း'

ရုတ်တရက် မစ္စတာစတီဗင်၏ ဒသမ (၄၇၀) နှစ်လုံးပြူးသေနတ်မှာ ဒိန်းခနဲမြည်ဟည်းကာ ကျည်ဆန်ထွက်သွားပါတော့သည်။ သူ့ရှေ့မလှမ်းမကမ်းတွင် ခရီးထွက်ရန်ပြင်ဆင်နေသည့် ပေါလု၏တောဆောင်းဦးထုပ်ကြီးအား ထိမှန်ကာ အဝေးသို့ လွင့်စဉ်ထွက်သွားပါ၏။

"အား"

"ဟာ ... အမယ်လေး"

"OH GOD"

ကံကောင်းသွားသည် သေနတ်ကျည်ဆန်က အောက်ဘက်သို့သာ တစ်လက်မခန့် စိုက်ဆင်းသွားခဲ့မည်ဆိုလျှင် ပေါလုတစ်ယောက် ယခုအချိန်တွင် ဦးခေါင်းနှင့်ခန္ဓာကိုယ် တခြားစီဖြစ်လျက်ရှိချေပြီတည်း။

"ဟာ ... ဘယ် ... ဘယ်လိုလုပ်လိုက်တာလဲ သ ... သခင်ကြီး"

"အိုး ... ဂေါ့ ... ဆောရီး ဗဲရီးဆောရီး ... ကျွန်ုပ်ကိုယ်တိုင် ဘယ်လိုဖြစ်သွားမှန်း မသိလိုက်ဘူး။ သေသေချာချာခါးချိုးပြီး ပြန်စေ့လိုက်တာပဲ အောင်မောင်း ... ဟို လူကလေး ... ကျွန်ုပ်ကို ခွင့်လွှတ်ပါ"

ကာယကံရှင် ပေါလုမှာ ကညင်ပင်တွင် ဖင်ထိုင်ကျသွားခဲ့ရာမှ မျက်နှာတစ်ခုလုံး သွေးမရှိတော့။ မစ္စတာစတီဗင်၏ တောင်းပန်စကားကိုပင် ကြားရမည်မထင်။ နားစည်တစ်ခုလုံး အူလျက်ရှိပါ၏။ အနီးကပ်ထွက်ပေါ်လာသော သေနတ်သံကြီးနှင့် သွေးပျက်ဖွယ်ရာဖြစ်ရပ်ကြောင့် ပေါလုခမျာ ထိတ်လန့်ချောက်ချားလျက်ရှိပါချေပြီကော။



အကယ်၍သာ ကုသိုလ်ကံမကောင်းခဲ့ပါလျှင် လူသတ်မှုချက်ချင်းဖြစ်သွားနိုင်သော ကိစ္စကြီးတစ်ရပ်ကို ဖန်တီးလိုက်ခြင်းဖြစ်ပါသည်။

"ဘယ်လိုဖြစ်တာလဲ စတီဗင် ... မင်းရဲ့သေနတ်က အကြောင်းမဲ့ကျည်ဆန်ထွက်သွားရတယ်လို့၊ ဘာလဲ ... မောင်းတင်ထားသလား"

"ငါလည်း ဂရုစိုက်တာပဲ စမစ် ... သေနတ်မောင်းကွင်းခလုတ်ကိုက အလိုလို ပြုတ်ထွက်သွားတာ"

မျက်နှာဖြူအရာရှိအချင်းချင်း မျက်လုံးပြူးမျက်ဆန်ပြူးနှင့် ပွစိပွစိပြောဆိုနေကြသည်ကိုကြည့်ကာ လမ်းပြအောင်မောင်းမှာ ပင် မျက်စိမျက်နှာပျက်လျက်ရှိပါပြီ။

"သေသေချာချာ ဂရုစိုက်ကြပါ သခင်ကြီးတို့ရယ်၊ ဒီနယ်မြေဟာ အမှားအယွင်းလုံးဝခံတာမဟုတ်ဘူးလို့ သိထားထယ်၊ ရှေ့ခရီးက ပိုပြီး သတိထားရမယ်"

အောင်မောင်းက မစ္စတာစတီဗင်တို့လူစုကို သတိပေး စကားပြောလိုက်ပြီး သူ၏ဒသမ (၃၀၃) နှစ်လုံးပြူးရိုင်ဖယ်ကို ကျည်စစ်၍ ကျောက်တလားကြီးရှိရာသို့ စတင်ချီတက်ခဲ့ပါတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

## ကျောက်တလားကြီးမှ မိစ္ဆာခေါ်သံ

ကျောက်တလားတောင်ဆီမှ အနောက်ဘက်ဆီသို့ မျှော်ကြည့်လိုက်ပါက မြူမှုန်မြူငွေ့များ ခြုံလွှမ်းရစ်သိုင်းနေသည့် ရိုးမတောင်တန်းကြီးများကို မှုန်ဝါးဝါး မြင်တွေ့နေရသည်။ ကျောက်တလားတောင်ထက်မှာတော့ ရွှန်းစိုနုသစ်သော နေခြည်အလင်းတန်းများက ယှက်ဖြာကျဆင်းနေကြသဖြင့် မြူငွေ့နှင်းမှုန်များက တစ်စ တစ်စ လွင့်ပြယ်စပြုနေပါပြီ။ ကျောက်တလားတောင်၏အရှေ့ဘက်ခြမ်းရှိ ကျောက်ထရံမြင့်မြင့်ကြီးထက်တွင် သီးခြားငေါထွက်နေသည့် နာမည်ကျော်ကျောက်တလားကြီးကမူ တောင်ကမ်းပါးယံတွင် ကျောက်စွယ်ကျောက်တန်းကြီးတစ်ခု မှ စိုက်ဝင်ရောက်နေသကဲ့သို့ လေထဲတွင် တန်းတန်းကြီးနှင့် ထူးခြားစွာ တည်ရှိနေပါသည်။

နှစ်ပရိစ္ဆေဒ ရှည်ကြာလာခဲ့ပြီဖြစ်သဖြင့် ကျောက်တလား ကြီးထက်မှ သစ်ငုတ်နွယ်ပင်များမှာ ကျောက်သားအဖေး မှ



တက်ကာ ကျောက်တလားကြီးပေါ်မှ မုတ်ဆိတ်လက်တံရှည်ကြီးများနှယ် အောက်သို့တွဲရွဲကျဆင်းနေကြသည်မှာ တစ္ဆေတစ်ကောင်၏လက်ချောင်းရှည်ကြီးများသဖွယ် လေထဲတွင် ဟိုသည် ယမ်းခါလျက်ရှိကြသည်။ ယခုအချိန်တွင်မူ ထိုကျောက်တလားကြီးရှိရာသို့ မစ္စတာစတီဗင်၏နိုင်းစေညွှန်ကြားမှုဖြင့် အော^ခနေ မောင်းနှင့် ပေါလုတို့နှစ်ယောက် ရှေ့မှတိုးဝင်နေကြပါချေပြီ။

အောင်မောင်းက သူ၏ဒသမ (၁၀၃) သေနင်ကျောက်တ လွယ်လိုက်ပြီး ပေါလုနှင့်အတူ ရှေ့မှပိတ်ကာဆီးနေသ ုံးဝါးကြီးတစ် များကို ဓားတစ်လက်နှင့် ခုတ်ထွင်ရှင်းလင်းရင်း ၎ါ စမစ်ရေ" ကြီးတစ်ခုကို ခွဲဖယ်လိုက်သည်နှင့် ... ၂မဲ့ ဒီကျောက်တန်း

'ရှီး' ့စောင်းမှာ စိုက်ဝင်နေ

"ဟာ" ့ မှားနိုင်တယ်"

တစ်ချိန်တည်းမှာပင် အေသည့် ကျောက်တလားကြီးကို မှ ပေါလုက ကမန်းကတန်း လှမ်း ာက်ချက်ချဝေဖန်ပြောဆိုနေ သတကြီးပေါက်ချလိုက်သည့်မြွေကြီးနှင့် နောက်ဆုံးတော့ မစ္စတာ သွားခြင်းဖြစ်သည်။ ်ကျော်ကျောက်တလား

"ဟေး အောင်မောင်း ... ဆုတ် ဆုငံရှိရာသို့ ဆိုက်ဆိုက် မြွေကြီးတွေဟ" ား။

ချက်ချင်းလိုပင် အောင်မောင်းခုတ်ဖြတ်ချ စပ်ရာဖဝင်အ ဝါးတန်းချုံနွယ်ကြီးဆီမှ လှုပ်လှုပ်ရွရွဖြစ်လာပြီး ပါးပျဉ်း ယှက် ယမ်းခါနေသည့် ငန်းမြွေကြီးသုံးကောင်ကို သွေးပျက်စွဖွယ် င်ခဲ့ တွေ့လိုက်ရပါချေပြီကော ...။ ်ကာ

'ရှီး .. ရှူး .. ရှီး' ီး

www.burmeseclassic.com



"ဟာ ... မြွေ .. မြွေကြီးတွေ၊ သခင်ကြီး သတိထား"

"အိုး ဂေါ့ ... မြွေကြီးတွေပေါ့ ... စမစ် ... ပစ်ပစ်စမ်း"

ချက်ချင်းပင် မစ္စတာစတီဗင်နှင့် စမစ်တို့၏သေနတ်များထိမှ ကျည်ဆန်များ ပြေးထွက်သွားကြသည်။

'ဒိန်း .. ဒိန်း .. ဒိန်း'

'ဂျိုး .. ရွှီး'

အောင်မောင်းကလည်း လက်ထဲမှဓားကြီးကို ပစ်ချလိုက်

ာမ (၃၀၃) ရိုင်ဖယ်နှင့် အနီးဆုံးရှိ ပါးပျဉ်းထောင်

မြွေကြီး၏ပါးပျဉ်းဆီသို့ နှစ်ချက်ဆင့်၍ ပစ်

ကျောက်တ ,

ကြည့်လိုက်ပါက မြွေမှန်ႈ ရှိုး'

ရှိုးမတောင်တန်းကြီးများ

ငမှာ ချက်ကောင်းများချည်းသာ ထိမှန်

ကျောက်တလားတောင်ဂ

ပက်လက်လန်ကာ ချုံနွယ်များနောက်

အလင်းတန်းများက

ငြင်း ခွေလျက်ကျသွားကြပါတော့သည်။

မှန်များက တစ်စ

.. ကံကောင်းလို့ ပေါလုရာ ... မင်းသာ မဆွဲ

တောင်၏အင

မြွေပေါက်ခံလိုက်ရလို့ သေပြီ"

သီးခြားပေါ်

သတိထား အောင်မောင်းရေ ... ဒီနေ့အဖို့ ငါ့

တောင်

ဘွ လေးနေတယ် သူငယ်ချင်း။ ငါတို့ခရီးထွက်ခါနီး ဟိုစိုက်

ာ်နာဖြူကြီးစတီဗင်ရဲ့ သေနတ်ကျည်ထွက်သွားတာ နိမိတ်မကောင်းဘူး"

အယူသီးသော ပေါလုကိုကြည့်ကာ အောင်မောင်း ...



အတန်ငယ် စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် သူ၏သတိပေးချက်ကို ခေါင်းညိတ်ကာအသိအမှတ်ပြုလိုက်ပြီး တောင်ပတ်လမ်းကြောင်းလေးအတိုင်း ကျောက်တလားကြီးဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့သည်။ ယခုဆိုလျှင် သူတို့အားလုံး မျှော်လင့်တောင့်တနေသည့် ကျောက်တလားကြီးကို ဘေးတိုက်အနေအထားဖြင့် နီးကပ်စွာ တွေ့မြင်နေရပြီဖြစ်ပါ၏။

"အိုး ဂေါ့ ... ဒါ ကျောက်တလား ... ကျောက်တလားကြီး ... အိုး ... တကယ့်ကို မကောင်းဆိုးဝါးကြီးတစ်ကောင်ရဲ့ လက်တံရှည်ကြီးတစ်ခုလိုပါပဲလား စမစ်ရေ"

"အေး ... ဖြစ်နိုင်တယ် ... ဒါပေမဲ့ ဒီကျောက်တန်းရှည်ကြီးဟာ အမှီအတွယ်မရှိ၊ တောင်စောင်းမှာ စိုက်ဝင်နေတာမို့ အချိန်မရွေး ကျိုးပြတ်ကျသွားနိုင်တယ်"

နီးကပ်စွာတွေ့မြင်နေရသည့် ကျောက်တလားကြီးကိုကြည့်ကာ မစ္စတာစတီဗင်တို့ ကောက်ချက်ချဝေဖန်ပြောဆိုနေကြခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးတော့ မစ္စတာစတီဗင်၏ရည်မှန်းချက်ဖြစ်သည့် နာမည်ကျော်ကျောက်တလားကြီးရှိရာ (သို့မဟုတ်) ရွှေသိုက်ရွှေကြောကြီးရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင်ရောက်ရှိလာခဲ့ပြီ မဟုတ်ပါလား။

ရှေးရာဇဝင်သမိုင်းမှတ်တမ်းများနှင့် ပါးစပ်ရာဇဝင်အရခံဆိုလျှင်မူ ဘုရင့်ညီနောင်မှ ညီတော်ဖြစ်သူ ဘိဘိဓဇော် အုတ်မာကောက်ကျစ်မှုကြောင့် သဖန်းချိုတောင်သို့ ဝပ်ပုန်းဝင်ခဲ့သည့် မယ်တော်ဖိုမှရားခေါင်ကြီး၏ ခေါင်းတလားကြီးမှာ နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ခေါင်းတလားထဲမှ ရုပ်အလောင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်ရွှေငွေရတနာပစ္စည်းများမှာ ရွှေသိုက်ကြီးတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်ဟု ဆိုကြသည်။ ထိုရွှေသိုက်မှာ (သဖန်းချိုတောင် (ယခု) ကျောက်တလားတောင်မှ) ရွှေကြောနှင့် ဆက်စပ်မိပြီး ရတနာကျောက်တလားရွှေသိုက်အဖြစ် သတင်းကြီးခဲ့သည်။ ပြယုဂ်သက်သေမှာမူ ကျောက်တလားကြီးထက်မှ လွင့်စဉ်ကျလာသည့် ရွှေမှုန်ရွှေစတို့သည် ရွှေနီချောင်းထဲသို့ သက်ဆင်းကျရောက်မှုကြောင့် ရွှေနီချောင်းသည် ရွှေထွက်သည်ဟု ဆိုစမှတ်ရှိခဲ့သည် မဟုတ်ပါလား။

မစ္စတာစတီဗင်တို့လူစု ရောက်ရှိလာသည့် ကျောက်တလားကြီးထိပ်မှာတော့ လေက ဟူးဟူးရားရားတိုက်ခတ်လျက်ရှိသည်။ ရံဖန်ရံခါ ကျောက်တလားကြီးအောက်ဘက်မှ ညည်းညူသံလိုလို၊ ရင်ဘတ်စည်တီး၍ ငိုညည်းသံလိုလို အသံကြီးများကို ကြားနေကြရပါ၏။

'အီး ဟီး ..ဟင်း ဟင်း ..အီး'

'မြန်း မြန်း ..ဟင်း ဟင်း ဟင်း ..မြန်း'

"အိုး ...လူကလေး အောင်မောင်း ...ဘာသံတွေလဲ၊ ညည်းညည်းညူညူနဲ့ နားထောင်ရတာ ဆိုးလိုက်တာ"

"ငိုညည်းနေတဲ့အသံတွေ, ရင်ဘတ်ကို ထုရိုက်နေတဲ့အသံတွေပါ၊ ဟိုးရှေ့ကထိပ်မှာရှိတဲ့ ကျောက်တလားခေါင်းပေါက်ကြီးထဲမှာ ရွှေသိုက်, ရွှေကြောနဲ့ ရွှေမှုန်ရွှေစတွေ ရှိနေပါတယ်သခင်ကြီး"

အောင်မောင်းက လေထဲတွင် တန်းလန်းကြီးရှိနေသည့် ကျောက်တလားကြီးကိုညွှန်ပြရင်း မစ္စတာစတီဗင်ကို ရှင်းလင်း



ပြောဆိုလျက်ရှိသည်။ ထိုအချိန်တွင် စမစ်၊ ဝီလျံနှင့် ပေါ်လ
တို့က ပါလာသည့်ဖောက်ခွဲရေးပစ္စည်းများကို ထုတ်ယူကာ
ကျောက်တလားကြီးအနီးတွင် စုပုံ၍ချထားကြပါ၏။

"အိုး ...နီး နီး စမစ် ...အခု မိုင်းမခွဲသေးဘူ
ငါနဲ့ အောင်မောင်းတို့ ကျောက်တလားကြီးထိပ်ကို သွားကြည့်
ကြိုးစားကြဦးမယ်၊ လောလောဆယ်တော့ မိုင်းကြိုးတွေကို ကြ
ပြီးဆင်ထားပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကျောက်နံရံထိပ်ပေါ်
မှာ အရင်တစ်ခါလို လူမည်းကြီးတွေရောက်လာခဲ့ရင် မိုင်းခွဲရှင်
ပစ်ရအောင်"

မစ္စတာစတီဗင်က စမစ်တို့အား မှာကြားနေစဉ် အော
မောင်းတစ်ယောက် ကျောက်တလားကြီးပေါ်သို့ ခြေချလိုက်
၏။ လေက တောင်အောက်ဘက်မှလည်းကောင်း၊ ဟိုမှသည
မှ ဝှေ့ယမ်းတိုက်ခတ်နေသဖြင့် အောင်မောင်းခမျာ လွင့်စဉ်ပြုတ
ကျမသွားစေရန် အထူးသတိထား၍လျှောက်နေရသည်။

"သတိထား သခင်ကြီး ...လေက ပြင်းတယ်နေ
...ဖြည်းဖြည်းချင်း စမ်းလျှောက်"

အောင်မောင်းက နောက်မှလိုက်လာသည့် မစ္စတာစ
ဗင်ကိုသတိပေးလိုက်ရင်း လက်ထဲမှနှစ်လုံးပြူးသေနတ်ကြီး
ကျောတွင်လွယ်သိုင်းလိုက်သည်။ သူ၏နောက် မလှမ်းမကမ်း
မစ္စတာစတီဗင်ကလည်း သေနတ်ကိုအသင့်ကိုင်လျက် တစ်လှ
ချင်းလှမ်းကာ လိုက်ပါလာခဲ့သည်။

ကျောက်တလားကြီးအရင်းမှာတော့ စမစ်တို့လူစု
မိုင်းကြိုးများ၊ ယမ်းပျော့များ၊ စနက်တံများနှင့် အလုပ်ရှုပ်လျ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့ကြသည်။

တဝေါဝေါနှင့် ဝှေ့ယမ်းတိုက်ခတ်နေသည့် လေရူးသည် အောင်မောင်း၏ခန္ဓာကိုယ်ကြီးအား ကျောက်တလားကြီးပေါ်မှ လွင့်စဉ်ပြုတ်ကျသွားစေရန် တွန်းတိုက်နေသကဲ့သို့ ...။

ထိုအချိန်တွင် ကျောက်တလားကြီးအောက်မှ ငိုညည်းသံများ၊ တဖြန်းဖြန်းနှင့်ရိုက်ခတ်သံကြီးများကို အောင်မောင်း နှီးကပ်စွာကြားလိုက်ရသဖြင့် ထိတ်ခနဲ ရင်စုန်သွားပါ၏။

"ဘုရား ဘုရား ...ငါ ..ငါ လောဘဇောတိုက်ပြီး ကျောက်တလားကြီးထိပ်ကိုသွားနေတာ ...ပြုတ်ကျသွားရင်တော့ အသေပဲပေါ့ ...ဟူး ...မှား ..မှားသွားပြီထင်တယ်"

ကြောက်စိတ်၊ မယုံမရဲစိတ်များက သွေးကြောအနှံ့ ဝင်ရောက်လာကြသည်နှင့် ဒူးများက တဆတ်ဆတ် တုန်ယင်လာကြသည်။ ရှေ့ဆက်မသွားနိုင်သေးသဖြင့် နေရာတွင်ပင် အောင်မောင်းရပ်နေမိသည်။

"အိုး ...အောင်မောင်း လူကလေး ...ရှေ့ဆက်သွားလေ ...ဘာဖြစ်လို့ ရပ်နေရတာလဲ"

သူ၏နောက်မှ လောဘကောင်ကြီး မစ္စတာစတီဗင်က ဖိအားပေးလာပြန်သဖြင့် အောင်မောင်း ရှေ့သို့ တရွေ့ရွေ့တိုးဝင်လာခဲ့သည်။ ထိုအခိုက် ...

'ဖြန်း ..ဖြန်း ..ဂိုး'

"အား ...ဟာ ...လက် ..လက်မည်းကြီးတွေ ကျောက်တလားကြီးအောက်က လက်မည်းကြီးထွက် ထွက်လာပြီး ငါ့ကို ဆွဲချနေကြတာပါလား"



'ဖြန်း ဖြန်း ..ဂိုး ..ဂစ်'

"အိုး ...မ ..မဟုတ်ဘူးဟ ..လက်မည်းကြီးတွေ မဟုတ်ဘူး ..ငှက် ..ငှက်ကြီးတွေ ..ငှက်ကြီးတွေရဲ့ တောင်ပံကြီးတွေပဲ၊ ဒီကောင်တွေ တစ်ကောင်နဲ့တစ်ကောင် လုယက်ထိုးဆိတ်နေကြတာ ...ကျောက်တလားကြီးအောက်မှာ ဘာတွေရှိလို့ပါလိမ့်"

ဟုတ်သည် ...။ ကြီးမားလှသော ငှက်ကြီးများသည် ကျောက်တလားကြီးအောက်ခြေပိုင်းဘက်တွင် တဝုန်းဝုန်း တဖြန်းဖြန်းနှင့် တစ်စုံတစ်ရာကို ထိုးဆိတ်လုယက်စားသောက်နေကြသည်သို့ ...။

ထိုအခိုက် ရုတ်တရက် ငှက်ကြီးတစ်ကောင်၏တောင်ပံကြီးက သူ၏မျက်နှာအား ဖြန်းခနဲရိုက်လိုက်သည်မို့ ကျောက်တလားကြီးပေါ်သို့ ကမန်းကတန်း မှောက်ချလိုက်ရသည်။

"ဘုရား ဘုရား ...ကံ ..ကံသီလို့ လွတ်သွားတယ်၊ တော်ပြီ တော်ပြီ ...ဝမ်းလျားမှောက်ပြီးတော့ပဲ သွားတော့မယ်၊ နီးလည်းနီးလာ့ဝီပဲ"

နောက်ဘက်မှလိုက်လာသော မစ္စတာစတီဗင်က အောင်မောင်း၏အခြေအနေကို အကဲခတ်ကာ တဖြည်းဖြည်းသာ လိုက်ပါလာခဲ့သည်။

မကြာမီ အောင်မောင်းမှာ ချုံးနွယ်များဖိတ်ဖုံးနေသည့် ကျောက်တလားကြီး၏တစ်ဖက်ထိပ်သို့ အောင်မြင်စွာ ရောက်ရှိလာခဲ့ပါတော့သည်။

ထိုအခိုက် ချုံးနွယ်တချို့ဖိတ်ဖုံးနေသည့် ကျောက်တလား

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပေါက်ထဲမှ ဝင်းလက်နေသည့် ရောင်ပြန်တချို့ နေရောင်တွင် လက်ခနဲ မြင်လိုက်ရသဖြင့် ကျောက်တလားခေါင်းကြီး အတွင်းသို့ အောင်မောင်း ငုံ့၍ကြည့်လိုက်သည်။

"ဟာ"

တွေ့မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အောင်မောင်း ထိတ်ခနဲ ဝမ်းသာသွားပါ၏။

ကျောက်ခေါင်းတလားကြီးထဲတွင် လူသေအရိုးခြောက် ခန္ဓာကိုယ်ကြီးတစ်ခုနှင့် များပြားလှစွာသော အဖိုးတန် ရွှေခဲ၊ ရွှေမှုန်၊ ရွှေစများက နေခြည်တွင် တဝင်းဝင်း တလက်လက်နှင့်။

အောင်မောင်း၏လောဘမျက်လုံးများက ရွှေမှုန်ရွှေစများ ကိုကြည့်ကာ အရောင်တဝင်းဝင်းနှင့် လင်းလက်လျက် ...။

"ဟာ ... ရွှေ ... ရွှေသိုက်ကို တွေ့ ... တွေ့ပြီ ဟေ့၊ ရွှေ ... ရွှေမှုန်တွေ အများကြီး ... အများကြီးပဲဟေ့ ငါတော့ သူဌေးဖြစ်ပြီ ... သူဌေးဖြစ်ပြီဟေ့"

အောင်မောင်းတစ်ယောက် ဝမ်းသာအားရ အော်ဟစ် လိုက်ရင်း၊ အခေါင်းထဲမှရွှေမှုန်ရွှေစများကို လောဘဇောတက် ကာ ဖျတ်ခနဲ ဆုပ်ကိုင်ယူလိုက်သည်။

'ရှူး .. ဖောက်'

"ဟာ ... အ .. အ .. အား"

ရုတ်တရက် အောင်မောင်း၏လက်မှာ မီးစနှင့်အထိုးခံ လိုက်ရသကဲ့သို့ ပူလောင်နာကျင်သွားပြီး ကြောက်လန့်တကြား နှင့် ခေါင်းတလားကြီးထဲမှ လက်ကို ပြန်၍ရုတ်ယူလိုက်စဉ်မှာ ပင် ...



"အား အား .. မြွေ .. မြွေကြီး ငါ့ .. ငါ့လက်ကိုကိုက် .. ကိုက်လိုက် .. အ အား"

"ဟာ .. အာ အား"

"အိုး ဂေါ့ ... အောင်မောင်း ... အောင်မောင်း"

အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည်။

ခေါင်းတလားကြီးထဲမှ ရွှေမှုန်ရွှေစများကို နှိုက်ယူလိုက် သည့် အောင်မောင်း၏လက်တွင် မြွေကြီးတန်းလန်းနှင့် ပါလာ သည်။

ထို့ကြောင့် ကြောက်ရွံ့ထိတ်လန့်ကာ ထခုန်လိုက်သည် တွင် အောင်မောင်းတစ်ယောက် ခြေချော်၍ ကျောက်တလားကြီး ပေါ်မှ လူရောမြွေပါ လွင့်စဉ်ပြုတ်ကျသွားပါလေတော့သည်။

"အား .. အား"

သွေးပျက်ချောက်ချားစွာ ဟစ်အော်လိုက်သော အောင် မောင်း၏ နာကြည်းစွာအော်ဟစ်လိုက်သည့် အသံနက်ကြီးက တောင်ကမ်းပါးစွန်းမှ ကျောက်တလားကြီးဝန်းကျင်တွင် မှဲ့တင် ရိုက်ခတ်သွားပါချေပြီတည်း။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

## လောဘသားများ၏ အပိဋ္ဌာနိဂုံး



တစ်စ တစ်စ မြင့်တက်လာသော နေလုံးအောက်တွင် နှင်းမှုန်နှင်းခဲတို့က သွဲ့ပျော်ကျလျက် . . . ။

မြင့်မားလှသော ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း ပင်ကြီးများထက်မှ မိုးမြူနှင်းစက်တို့သည်လည်း အရည်ပျော်ကာ တဖြောက်ဖြောက်နှင့် ကျဆင်းလျက်ရှိပါ၏။

မင်းမောင်တို့လူစု ရသေ့ကြီးနှင့် လမ်းခွဲခဲ့ပြီး နစ်နာ ရီခန့်အကြာတွင် တောင်အရှေ့ဘက်ခြမ်းဆီမှ သေနတ်သံလိုလို ဝါးဆစ်ဘူးပေါက်သံလိုလို မသဲမကွဲကြားလိုက်ရသေးသည်။

ရသေ့ကြီးပြောခဲ့သော သူ့နောက်သို့လိုက်လာကြသည့် အဖွဲ့ဆီကများလားဟု မင်းမောင် သံသယပွားမိသည်။

ထို့ကြောင့် စခန်းသို့ ဦးတည်၍သွားနေသည့် လမ်းကြောင်းကိုဖျက်ကာ တောကြောအရှေ့ဘက်ခြမ်းရှိ ကျောက်တလားနယ်မြေဘက်သို့ ခြေဦးလှည့်လိုက်ကြသည်။



"ဘယ်လိုလဲ အစ်ကို . . . စခန်းပြန်မယ်ဆိုပြီးမှ ဘယ့်နှယ် ကျောက်တလားကြီးဘက်ကို လမ်းကြောင်းပြောင်းလိုက်ရ တာလဲ"

"ဟုတ်တယ် အစော . . . စောစောကတော့ စခန်း ကို စိတ်မချတာနဲ့ ခပ်သုတ်သုတ်ခရီးနှင်ရင်း ပြန်မယ်လို့စိတ် ကူးခဲ့တာ၊ ဒါပေမဲ့ ရသေ့ကြီးပြောခဲ့တဲ့ အစ်ကိုတို့နောက်ကို လိုက်လာကြတဲ့အဖွဲ့ဆိုတာ သိရသွားခဲ့တာရယ်၊ ခုနင်က ကြား လိုက်ရတဲ့ သေနတ်သံရယ်ကြောင့် ကျောက်တလားကြီးဘက် ကို ခြေဦးလှည့်လိုက်တာပါ အစော"

"ဆင်ပေါက်နဲ့ အောင်ထူး . . . သတိထားပြီးသွားကြ ပေ့ . . . အဲဒီကျောက်ထရံကြီးဘက်က လူမည်းကြီးတွေ ထွက် လာကြတယ်လို့ ပြောတယ်၊ တစ်ခုခုဖြစ်ရင် လက်မနှေးကြနဲ့ နော်"

"စိတ်ချပါ ဒွာနမှူးလေးရာ . . . ကျွန်တော်တို့က ဘာ မှန်းမသိရတဲ့ မကောင်းဆိုးဝါးလူမည်းကြီးတွေကို မကြောက်ဘူး၊ တကယ့်ကိုကြောက်စရာကောင်းတဲ့ ကျားကိုပဲ ကြောက်တာ ဒွာနမှူးလေးရေ . . . ဟင်း ဟင်း"

မင်းမောင်မှာ ရှေ့မှ တက်ညီလက်ညီချီတက်နေကြ သည့် ဆင်ပေါက်နှင့်အောင်ထူးတို့အား သတိပေးရင်း အောက်ခံ မြေစိမ်းစိမ်းတွင် ခြေရာခြေကြောင်းများကို ဂရုတစိုက်ရှာဖွေရင်း စောနန္ဒာနှင့်အတူ နောက်မှလိုက်ပါလာခဲ့သည်။

မကြာမီ လူတစ်စု၏ စည်းကမ်းမရှိသွားလာနေထိုင်ခဲ့ကြ သည့် သဲလွန်စတချို့ကို မင်းမောင်တွေ့ရှိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားများနှင့်ပိုင်းခြားကာ လမ်းရှင်းသွားသည့် လမ်းကြောင်းတစ်ခုက ကျောက်တလားကြီးရှိရာသို့ ဦးတည်ညွှန်ပြနေပါ၏။

"ရော် ... ဒီကောင်တွေ ကျောက်တလားကြီးဘက်ဆီကို ဘာသွားလုပ်ကြတာလဲ၊ အင်း ... ကြည့်ရတာ ဆရာညီမ်းတို့အဖွဲ့တော့ မဖြစ်နိုင်လောက်ဘူး။ တကယ်တမ်းသာ ငါတို့ကိုလိုက်ပြီးရှာတာမှန်ရင် တောထဲမှာ 'ဝူး' ထိုးခေါ်ကြမှာပေါ့၊ နောက်ပြီး အသံဟစ်အော်ပြုတာတို့, ဘာတို့လုပ်ပြီး ဆက်သွယ်ကြမှာပေါ့"

ထိုအခိုက် စောနန္ဒာ၏ လျှင်သောမျက်စိက ကညင်ပင်တစ်ပင်အောက်မှ တောထဲတောင်ထဲတွင်မရှိအပ်သည့် မရှိသင့်သည့်အရာဝတ္ထုတစ်ခုကို တွေ့လိုက်ရသဖြင့် သွားရောက်ကောက်ယူလိုက်သည်။

"အစ်ကို ... ဟောဒီမှာ ပုလင်းပြားလေးတစ်လုံး"

စောနန္ဒာလက်ထဲမှ တံဆိပ်ပြားပတ်ထားသည့် ပုလင်းပြားလေးတစ်လုံးကို မင်းမောင်တွေ့မြင်လိုက်ရသည်နှင့် ပဟေဠိအဖြေကို တန်းခနဲသိရှိသွားပါလေ၏။

"မစ္စတာ စတီဗင်"

ဟုတ်သည် ...။

ဤအရက်ပုလင်းပြားလေးသည် မစ္စတာစတီဗင်သောက်နေကျ ပုလင်းပြားလေးဖြစ်သည်။ ပုလင်းဝကို မင်းမောင်နမ်းကြည့်လိုက်တော့ အနံ့ပင်မပြယ်ချင်သေး။

သေချာပါပြီ ...။



သူ၏ရှေ့မှနေ၍ မကြာသေးခင် နာရီပိုင်းလောက်ကမှ ထွက်သွားကြသည့် မစ္စတာစတီဗင်တို့အဖွဲ့သည် ကျောက်တလားကြီးဆီသို့ အဘယ်ကြောင့် ဦးတည်သွားနေကြပါသနည်း။

မင်းမောင် ဦးနှောက်ခြောက်လုမတတ် စဉ်းစားသည့်တိုင် ပဟေဠိအဖြေက လုံးဝထွက်မလာခဲ့။

ထိုစဉ်မှာပင် ...

ဒုတိယ အကြိမ်ကြားလိုက်ရသော သေနတ်သံများကသူတို့ရှေ့ဘက် ကျောက်တလားကြီးအနီးဆီမှ ကြားလိုက်ရပြန်ပါသည်။

'ဒိန်း .. ဒိန်း .. ဒိန်း'

သေနတ်သံထွက်ပေါ်ရာနေရာကို မင်းမောင် မှန်းဆကြည့်လိုက်သည်။

ထို့နောက် လက်ထဲရှိသေနတ်များကို အဆင်သင့်ပြင်သော သေနတ်သံထွက်ပေါ်ရာအရပ်ဆီသို့ တောတိုး၍ ခပ်သွက်သွက် တိုးဝင်လာခဲ့ကြပါတော့သည်။

❁

ထိုအချိန်တွင် ...

မစ္စတာစတီဗင်မှာ ရုတ်တရက် သူ၏ရှေ့မှာပင် မောင်းတစ်ယောက်လက်တွင်ရှိသော ဓားမြှောင်ဖြင့် ဤကျောက်တလားကြီးပေါ်မှ ပြုတ်ကျသွားခဲ့သဖြင့် ထိတ်လန့်တုန်လှုပ်ချောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပါချေပြီ။

နောက်ဆုံး ကျောက်တလားကြီး၏အလယ်တည့်တည့်တွင် ရှေ့တိုးနောက်ဆုတ်နှင့် တွေဝေနေသည့် မစ္စတာစတီဗင်မှာ စမစ်တို့၏နောက်ကျောတောင်ထိပ်မှ တဝုန်းဝုန်းနှင့်ဆင်းလာနေသော သတ္တဝါကြီးကို မြင်တွေ့လိုက်ရပါတော့သည်။

'ဝေါ ‥ ဝေါ ‥ ဝုန်း ‥ ဖရော'

''ဟာ ‥‥ ဟို ‥ ဟို ‥ ဟိုမှာ လူ ‥ လူမည်းကြီး''

''ဟင် ‥ ဟာ ‥ အိုး''

''အိုး ‥‥ ပစ် ‥ ပစ် ‥ ပစ်ပါဟ စမစ်ရဲ့''

'ဒိန်း ‥ ဒိန်း'

တဝုန်းဝုန်း တဖျောဖျောနှင့် တောင်ထိပ်ဆီမှ တော
တိုးကာဆင်းလာသည့် လူမည်းကြီးဆီသို့ စမစ် ကြောက်အာ
လန့်အားနှင့် ပစ်ချလိုက်သည်။

သို့တိုင်အောင် လူမည်းကြီးမှာ တစ်ချက်ကလေးမျှ တွ
မသွားဘဲ အရှိန်ဖြင့်ပြေးဆင်းလာသည်ဖြစ်ရာ သူ၏ရှေ့တည့်
တည့်တွင် ကုန်းကုန်းကွကွရှိနေသည့် ဝီလျံအား ထိုးတိုက်ကော
ထုတ်သွားပါတော့သည်။

'ဒိန်း ‥ ဒိန်း'

'ဂိ ‥ ဘုန်း'

''ဟာ ‥‥ အား ‥‥ အား''

တဒင်္ဂအတွင်း အားလုံး ကြောင်၍မှင်တက်အံ့ဩနေ
စဉ်မှာပင် ဝီလျံတစ်ယောက် လူမည်းကြီး၏လက်ချက်ဖြင့် ေ
ထဲသို့မြောက်တက်သွားကာ ကျောက်တလားကြီးပေါ်သို့ ဘု



ခနဲပြုတ်ကျလာပြီး ထိုမှတစ်ဆင့် နက်ရှိုင်းလှသော တောင်ကမ်းပါးရုံထဲသို့ ဒုတိယမြောက် လွင့်စဉ်ပြုတ်ကျသွားပါတော့သည်။

ထိုစဉ်မှာပင် မင်းမောင်တို့အဖွဲ့ ကျောက်တလားကြီးထိပ်သို့ အပြေးအလွှားရောက်ရှိလာကြသည်။

တစ်ချိန်တည်းမှာပင် တောင်ကမူထိပ်မှ နောက်ထပ်
ည်းကြီးတစ်ကောင် ပေါ်လာပြီး တောင်ဆင်ခြေလျှောအ
ဒေါသတကြီး အော်ဟစ်ကာ ဖင်ထိုင်၍လျှောတိုက်ဆင်းလာ
ပြီကော။

'ဂူး ‥ ဂူး ‥ ဂဲ'

'ဝေါ ‥ ဖရော ‥ ဝေါ ဝေါ'

နောက်ထပ် လျှောထိုးဆင်းလာသည့်လူမည်းကြီးက
မင်းမောင်တို့လူစုထံ ဒေါသတကြီးနှင့် တိုက်ခိုက်သတ်ပုတ်ရန်
ပြေးဝင်လာပါ၏။

မင်းမောင်မှာ စောနန္ဒာအား လျင်မြန်စွာ နဘူးချုံထဲသို့
တွန်းလွှတ်လိုက်သည်။ ပြီးသည်နှင့် မီးရထားခေါင်းတွဲကြီးတစ်ခု
နယ် သူ့ထံတစ်ရှိန်ထိုးပြေးဝင်လာသည့် လူမည်းကြီးအား ဒသမ
(၃၃၀) နစ်လုံးပြူးရိုင်ဖယ်နှင့် သေချာစွာချိန်ရွယ်လျက် ပစ်ခတ်
လိုက်သည်။

'ဒိန်း'

ကော်ဒိုက်ယမ်းချိန်ဂရမ် (၅၀၀) ရှိသော ကျည်ဆန်က
တစ်စက္ကန့်လျှင် (၂၁၂၅) ပေနှုန်းအမြန်နှင့် ဒေါသတကြီးပြေး
တက်လာသည့် လူမည်းကြီး၏ရင်ညွှန့်အား ဖောက်ထွင်းတာ

www.burmeseclassic.com

www.burmeseclassic.com



ဝှန်းခနဲ လဲပြိုကျသွားသည်။

သို့သော် မင်းမောင်က နောက်ထပ် ပွဲသိမ်းကျည်တစ်တောင့်ကို လူမည်းကြီးအား နီးကပ်စွာချိန် ရွယ်ပစ်ခတ်လိုက်မှသာ ကုန်း၍ထရန်ကြိုးစားနေသည့် လူမည်းကြီးမှာ ငြိမ်သက်သွားပါလေတော့သည်။

'ဒိန်း'

မင်းမောင်မှာ နှစ်လုံးပြူးရိုင်ဖယ်၏ခါးကို ချိုးလိုက်သည်။ ဖျောင်းခနဲ ပစ်ပြီးသားကျည်ဆန်ခွံနှစ်တောင့်သည် ခေါင်းပြန်ထွက်လာပြီး မြက်ခင်းပေါ်သို့ လွင့်စဉ်ကျသွားကြသည်။

တစ်ဆက်တည်းမှာပင် ညာဘက်လက်ချောင်းများကြားတွင် အရံသင့်ညှပ်ထားသော ၄၇၀ ကျည်ဆန်အသစ်နှစ်တောင့်ကို ပြောင်းဝနှစ်ပေါက်ထဲသို့ ဖျတ်ခနဲ ခပ်သွက်သွက်ထည့်ကာ ရိုင်ဖယ်ခါးကို ဂျောက်ခနဲမြည်အောင်ပြန်ပိတ်ကာ မောင်းတင်လိုက်သည်။

ထိုအချိန်တွင် လူမည်းကြီးတစ်ကောင်က ပြေးပေါက်ပိတ်နေသော စမစ်ထံသို့ ကဆုန်စိုင်းဝင်ရောက်သွားပြီး ဘုန်းခနဲ ထိုးကော်၍ပက်လိုက်သည်နှင့် ဆင်ပေါက်နှင့်အောင်ထူးတို့ သေနတ်များဆီမှ ဒိန်းခနဲပေါက်ကွဲသံများက ပြိုင်တူ ထွက်လာကြပါတော့သည်

'ဂူး ..ဂဲ'

'ဘုန်း'

''အ ...အား''

'ဒိန်း ..ဒိန်း ..ဒိန်း'



အဖြစ်အပျက်က တခဏအချိန်အတွင်းမှာပင် လျှင်မြန်စွာ ပြောင်းလဲသွားပါလေ၏။

ထိုစဉ် ကျောက်တလားကြီးထိပ်ဆီမှ နောက်ဘက်ကမ်းပါးဆီသို့ မစ္စတာစတီဗင် ကြောက်ကြောက်လန့်လန့်ဖြင့် မြန်၍ လျှောက်လာချိန် ...

ကျောက်တလားကြီးကို မိုင်းဖောက်ခွဲရန် တပ်ဆင်နေသည့် စမစ်မှာ လူမည်းကြီး၏လက်ချက်ဖြင့် လွင့်စဉ်မြောက်တက်သွားသည့် ခန္ဓာကိုယ်ကြီးက တိုက်တိုက်ဆိုင်ဆိုင် မိုင်းဖောက်ခွဲသည့် ခလုတ်ပေါ်သို့ပြုတ်ကျလာသည်နှင့် အရာအားလုံးသည် တစ်ချိန်တည်း တစ်ပြိုင်တည်း။ တစ်ထပ်တည်းတူညီ တိုက်ဆိုင်သွားကြချိန်မှာတော့ ...

''ဟာ ...ဆင်ပေါက် အောင်ထူး ...ဝင် ဝင် ...မြန်မြန်ဝင်''

'ဝုန်း ..ဂျွန်း ..အုန်း'

'ဘုန်း ..ဝရော ..ဝေါ ..ဝုန်း'

'ဝေါ ..ဖရော ..ဘုန်း'

ဝင်းခနဲ လက်ခနဲ အလင်းတန်းကြီးများ မျက်စိကျိန်းလုမတတ် လွင့်စဉ်ပျံ့ထွက်သွားကြပြီး တဝုန်းဝုန်းနှင့်ဆူညံစွာ ထွက်ပေါ်လာသော ပေါက်ကွဲသံကြီးများနှင့်အတူ နှစ်ကာလရှည်ကြာစွာတည်တံ့ခဲ့သော ကျောက်တလားကြီးမှာ တဝေါဝေါ တဖျောဖျောနှင့် တစ်ပိုင်းစီ တစ်စစီဖြစ်ကာ ပြိုကျပျက်စီးသွားခဲ့ပါတော့သည်။

'ဝေါ ..ဝုန်း ..ဖရော ..ဝရော'

www.burmeseclassic.com

www.burmeseclassic.com



'ဂုန်း . . ဘုန်း . . ဖရော . . ဝေါ'

မယ်တော်မိဖုရားကြီး၏ ခေါင်းတလားကြီးအား သားတော်အငယ် ဘီဘီဇေ ပြစ်မှားမိခဲ့သော မနောကံ၊ ဘယ်အရာမဆို ရယူပိုင်ဆိုင်ခွင့်မှအစ အသာစီး အနိုင်ယူလိုမှုလွန်ကဲသည့် ဘီဘီဇေ၏ ဝိသမလောဘအမိုက်မှောင်နှင့် သစ္စာမဲ့မှုတို့ကြောင့် စံနန်းဆောင်မှ ပျံဝဲထွက်ကာ (သဖန်းချိုတောင်) ကျောက်တလားတောင်ကမ်းပါးစွန်းတွင် ရှူးနစ်စိုက်ဝင်ခဲ့သည်ဟု ပါးစပ်ရာဇဝင်ရှိခဲ့သော နာမည်ကျော်ကျောက်တလားကြီးသည် ဆင်ခြင်တုံတရား ကင်းမဲ့လှသော မျက်နှာဖြူတိုင်းတစ်ပါးသား လူတစ်စု၏ ပယောဂကြောင့် ကျောက်တလားတောင်၏ နက်ရှိုင်းလှသော လျှိုကြီးအတွင်းဝယ် တစ်စစီကျိုးပျက်ကျကာ ပျက်စီးသွားခဲ့ရပါချေပြီကော။

သို့သော် ထိုကျောက်တလားကြီး ကျိုးပေါက်ပျက်စီးသွားခဲ့ပြီး ကြွင်းကျန်ရစ်ခဲ့သော ကျောက်တလားတောင်၏ ကမ်းပါးယံစွန်းတွင်ကား . . .

❁ ❁ ❁



အခန်း (၂၃)

## ကျောက်တလားတောင်မှ ပျောက်ကွယ်တိမ်မြုပ်နေသော ဗုဒ္ဓရုပ်ပွားတော်

စင်စစ်မူ ဤအဖြစ်အပျက်ကြီး၏ အဓိကတရားခံမှာ ဆင်ခြင်တုံတရားကင်းမဲ့ကာ လောဘသဏ္ဍာရကြီးလွန်းလှသော မျက်နှာဖြူအရာရှိ မစ္စတာစတီဗင်ပင် ဖြစ်ပါချေ၏။

သို့သော် အမှန်တကယ် တရားခံအစစ်ကမူ ဝိဇ္ဇာအမှောင်ဖုံးခဲ့သော 'လောဘအတ္တ' ပင်ဖြစ်သည်။

ထိုလောဘအတ္တကြောင့်ပင် မစ္စတာစတီဗင်တို့ လောဘသားကောင်တစ်စု ဇာတ်သိမ်းမလှဖြစ်ကာ သေကျေပျက်စီးခဲ့ကြရသည် မဟုတ်ပါလား။

ကျောက်တလားခေါင်းလောင်းကြီးထဲမှ အမြုတေရွှေမှုန်ရွှေစများဖြစ်သည့် ရွှေသိုက်နှင့်ရွှေကြောကြီးအား မရှော လောဘစိတ်ဖြင့် ကြံစည်လုပ်ကိုင်ခဲ့ကြသူများ၏ ဘဝနိဂုံးချုပ်ကမူ အနိဋ္ဌာရုံများနှင့်သာ အဆုံးသတ်ခဲ့ရပါ၏။

ထို့ပြင် မစ္စတာစတီဗင်တို့လူအား နှစ်ကြိမ်တိုင်တိုင်

www.burmeseclassic.com

www.burmeseclassic.com



သဲသဲမဲမဲတိုက်ခိုက်ရန်ပြုခဲ့သည့် ကျောက်တလားကြီးမှ မကောင်းဆိုးဝါးတစ္ဆေကောင်ကြီးများ၊ ပရလောကမှ အစောင့်အရှောက်များဟု ထင်ယောင်ဝိုးဝါးဖြစ်စေခဲ့သော မကောင်းဆိုးဝါးလူမည်းကြီးများမှာ လွန်စွာကြီးမားတုတ်ခိုင်သည့် ရိုးမတောဝက်ကြီးနှစ်ကောင်ပင် ဖြစ်ပါလေတော့၏။

ထိုရိုးမတောဝက်ကြီးနှစ်ကောင်ကိုလည်း မင်းမောင်တို့လူစုက အချိန်မီ သတ်ဖြတ်နှိမ်နင်းခဲ့သည်။

သို့သော် အဆင်ခြင်ကင်းမဲ့စွာ ကျောက်တလားကြီးအား ဖောက်ခွဲဖျက်ဆီးခဲ့ရာမှ ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲဖြစ်ရပ်များကိုမူ ဂရဲသို့ ဖြတ်လမ်းမှရောက်ရှိသွားကြပြီဖြစ်သော မစ္စတာစတီဗင်တို့လူစုကတော့ သိရှိနိုင်ကြမည်မထင်တော့ပါချေ။

စင်စစ် အဆိုးတရားများကြားမှ မမျှော်လင့်ဘဲ ပေါ်ပေါက်လာခဲ့သည့် အကျိုးတရားများကမူ အံ့ချီးမကုန်နိုင်ဖွယ်ရာပို့တည်း။ ဟုတ်သည် …။

နာမည်ကျော် 'ကျောက်တလားကြီး' ကျိုးပေါက်ပျက်စီးသွားခဲ့သည့်နောက်ပိုင်း ကျောက်တလားတောင်၏ ကမ်းပါးစွန်းတွင်မမျှော်လင့်ဘဲ လိုဏ်ခေါင်းကြီးတစ်ခုကို အံ့ဩဖွယ်တွေ့ရှိလိုက်ကြရသည်။

စင်စစ်မူ ကျောက်တလားကြီး ပြိုကျပျက်စီးခဲ့ပြီးနောက် ထိုကမ်းပါးစွန်းမှ လိုဏ်ခေါင်းအဝကို မင်းမောင်နှင့် စောနန္ဒာတို့ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ထိုစဉ်က ကျောက်တလားတောင်၏လိုဏ်ခေါင်းဝအား ထင်ထင်ရှားရှားမြင်တွေ့ရခြင်း မရှိသေးပါ။ ကျောက်တုံးကျောက်



ခဲ အပျက်အစီးများနှင့် တစ်ပိုင်းတစ်စ ပိတ်ဆို့နေခဲ့ပါ။

ထိုပိတ်ဆို့နေသည့် ကျောက်တုံးကြီးများကြားမှ ထူးဆန်းသောအနီရောင် အလင်းတန်းကြီး ထိုးဖောက်လျှံထွက်နေသည်ကို မြင်တွေ့လိုက်ရသော စောနန္ဒာက …

"ဟာ … အစ်ကို အစ်ကို … ဟို .. ဟို .. ဟိုမှာ ကျောက်တလားကြီးပြိုကျသွားတဲ့နေရာက ကျောက်တုံးတွေကြားထဲက အနီရောင်အလင်းတန်းတွေ ထွက် .. ထွက်နေပါလား … ကြည့်ပါဦး အစ်ကို"

စောနန္ဒာ၏ အလန့်တကြားပြောဆိုညွှန်ပြသဖြင့် မင်းမောင် လှမ်း၍ကြည့်လိုက်မိသည်။ ဟုတ်သည် …။ ပြိုကျပဲ့ထွက်ကာ ပြုတ်ကျသွားခဲ့သည့် ကျောက်တလားကြီး၏ တောင်ကမ်းပါးယံအခြေ အပေါက်ကြီးထဲက အနီရောင်အလင်းတန်းအချို့ ဖြာထွက်နေသည်ကို အံ့ဩစွာမြင်တွေ့လိုက်ရသည်။

"ဟုတ်တယ် အစော … ကြည့်ရတာ အဲဒီ ကျိုးပျက်သွားခဲ့တဲ့နေရာဟာ လိုဏ်ခေါင်းပေါက်တစ်ခုခု ဖြစ်နိုင်တယ်၊ အဲဒါကြောင့် အတွင်းထဲမှာ အနီရောင်ဓာတ်ခံရှိတဲ့ ပစ္စည်းတစ်ခုက အလင်းပျံ့တဲ့သဘောပဲ အစော"

"ဟာ … ဖြစ်နိုင်တယ် ဉာဏ်မှူးလေး … ဒီလိုဆိုရင် ပိတ်ဆို့နေတဲ့ ကျောက်တုံးတွေကိုဖယ်ရှားထုတ်ပစ်လိုက်မယ်၊ ဒါမှ အဖြေတစ်ခုခုထွက်လာမယ်"

ဤသို့ဖြင့် မင်းမောင်တို့လေးဦးသား ကမ်းပါးဒေါ်မှ လိုဏ်ခေါင်းပေါက်အဝကို ခက်ခက်ခဲခဲ ဖော်ထုတ်နေကြပါတော့သည်။ အန္တရာယ်ကြီးလှသည့် တောင်ကမ်းပါးယံတွင် အံ့ဩဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



အနီရောင်အလင်းတန်းကြီးထွက်ပေါ်နေသဖြင့် ပိတ်ဆို့နေသည့် အပျက်အစီးအပိုင်းအစများကို ကြိုးစား၍ဖယ်ရှားထုတ်နေကြပါ၏။

"ဟုတ်တယ် ဆင်ပေါက် ... ဒါဟာ လိုဏ်ခေါင်းဝတစ်ခုပဲ၊ အထဲကနေ ထွက်လျှံကျနေတဲ့ အနီရောင်အလင်းတန်းရဲ့အဖြေကိုသာ တွေ့အောင်ရှာကြစမ်း၊ သတိလည်းထားကြဦးဟေ့ ... တော်ကြာ အန္တရာယ်တွေနဲ့လည်း တိုးနေဦးမယ်"

"သေချာပါတယ် ဗွာနမှူးလေးရယ် ... ဒါပေမဲ့ လိုဏ်ခေါင်းသာမှန်ခဲ့ရင် တချို့နေရာအတွင်းပိုင်းတွေမှာ မှောင်နေတတ်တယ်၊ အောင်ထွန်းရေ ... အိတ်ထဲက လက်နှိပ်ဓာတ်မီးထုတ်လိုက်ပါဟေ့"

ဟုတ်သည် ...။ ပိတ်ဆို့နေသည့် အပျက်အစီးကျောက်တုံးများကို ဖယ်ရှား၍ထုတ်လိုက်သည်နှင့် လူတစ်ယောက် ချောင်ချောင်ချိချိ စင်ထွက်သွားလာနိုင်သည့် ကျောက်လိုဏ်ခေါင်းဝကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရပါတော့သည်။

"တွေ့ပြီ ဗွာနမှူးလေးရေ ... ဒါ .. ဒါဟာ သဘာဝကျောက်လိုဏ်ခေါင်းတစ်ခုကို ပိတ်ဆို့ကာထားတဲ့သဘောပဲ၊ ဟို .. ဟို ကျောက်တလားကြီးနဲ့ ပိတ်ဆို့ထားလို့သာ ကျွန်တော်တို့ မမြင်မတွေ့ကြရတာနေမှာ၊ ဒီမှာကြည့်ပါလား ... လိုဏ်ခေါင်းထဲမှာ အကျယ်ကြီးပဲ ဗွာနမှူးလေး"

ရှေ့ဆုံးမှဝင်ရောက်သွားသည့် ဆင်ပေါက်က ဗွာနမှူးလေးမင်းမောင်အား ရှင်းလင်းပြောဆိုပြရင်း ဓာတ်မီးနှင့်ကျောက်လိုဏ်ခေါင်းကြီးထဲတွင် ဟိုသည်ထိုး၍ကြည့်နေပါ၏။



သို့သော် ယခုအချိန်ထိတိုင် အနီရောင်အလင်းတန်းများ၏ ပဟေဠိအဖြေကို ရှာဖွေ၍မတွေ့ရှိသေးပါ။

"သတိထားဝင်ဟေ့ ဆင်ပေါက် ... ကျောက်လိုဏ်ခေါင်းထဲမှာဆိုတော့ အလွယ်တကူ ရှောင်နိုင်တိမ်းနိုင်မှာ မဟုတ်ဘူးဟေ့နော်"

ရှေ့ဆုံးမှလက်နှိပ်ဓာတ်မီးတစ်လက်နှင့် တိုးဝင်နေသည့် ဆင်ပေါက်ကို သတိပေးရင်း မင်းမောင်နှင့်စောနန္ဒာတို့ လိုဏ်ခေါင်းကြီးထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ နောက်ဆုံးမှ အောင်ထွန်းကမူ သေနတ်ကိုအသင့်ကိုင်လျက် ...။

ထူးဆန်းသော ကျောက်လိုဏ်ခေါင်းကြီးထဲမှာတော့ ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စက်မိုးမျှော်များက ရှုပ်ထွေးနေကြသည်။ လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်တွင် ယခုအချိန်အထိ မည်သည့်အန္တရာယ်မှ မတွေ့ကြရသေး။

မကြာမီ ကျောက်လိုဏ်ခေါင်းနံရံတွင် ဉာဏ်တော် ငါးပေခန့်ရှိသည့် ကျောက်ဆင်းတုရုပ်ပွားတော်ငါးဆူကို လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်တွင် အံ့သြစွာ ဖူးတွေ့လိုက်ကြရပါတော့၏။

"ဟာ ... ဟို .. ဟိုမှာ ကျောက်ဆင်းတုဘုရား ရုပ်ပွားတော်တွေပါလား။ ကြည့်စမ်းပါဦး ဗွာနမှူးလေးရယ် ... ကျောက်နံရံမှာ ထုဆစ်ထားတာများ တကယ့်ကို အံ့သြစရာပဲနော်၊ နောက်ပြီး လက်ရာကလည်း အခုခေတ်မြင်တွေ့နေကျ ပေါက်ရာတွေ မဟုတ်ဘူး ... ရှေး တော်တော်ကျတဲ့ ကျောက်ဆစ်လက်ရာမျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို . . . ကြည့်ရတာ ဟို ဘုရင်ညီနောင်ရဲ့ မယ်တော်မိဖုရားခေါင်ကြီးတို့ခေတ်က ရှေးဟောင်းလက်ရာမျိုးပဲ ဖြစ်မယ်ထင်တယ်၊ ဒါနဲ့ နေ . . . နေပါဦး . . . အနီရောင်အလင်းတန်းတွေက ဒီအနားတစ်ဝိုက်မှာ ပိုပြီး များနေသလိုပဲနော်"

ဟုတ်သည် . . ။ ကောက်ကောက်ကွေ့ကွေ့နှင့် အနည်းငယ်ရှည်လျားလှသော ဉ်လိုဏ်ခေါင်းကြီးသည် အတွင်း၌ အတော်အသင့်ပင် ကျယ်ဝန်းလှပါ၏။ လိုဏ်ဂူအတွင်း တစ်နေရာဆီမှ တပေါက်ပေါက်နှင့် နရီစည်းချက်မှန်မှန် ထွက်ပေါ်နေသည့် ရေပေါက်ကျသံကိုကြားနေရသည့်သို့ . . . ။

ထိုစဉ်မှာပင် လိုဏ်ခေါင်းတစ်နေရာတွင် ထူးခြားသော အနီရောင်အလင်းတန်း၏ ပဟေဠိအဖြေကို လေးယောက်သား အံ့ဩစွာ တွေ့မြင်လိုက်ကြရပါတော့သည်။

"ဟာ"

"ဟင်"

"အိုး"

လေးဦးသား အာမေဋိတ်ႋကိုယ်စီနှင့် ဉာဏ်တော် (၃) တောင်ခန့်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ မကိုဋ်သရဖူဆီမှ ယှက်ဖြာလင်းလက်နေသည့် အနီရောင်အလင်းတန်းများကို အံ့ဩစွာ ဖူးတွေ့လိုက်ကြရပါတော့သတည်း။

❀ ❀ ❀

အခန်း (၂၄)

ကျောက်တလားဖော်သနိဂုံး

ယခုအချိန်မှာတော့ အရာအားလုံးသည် ကောင်းမြတ်သော သုတိမင်္ဂလာအဖြာဖြာနှင့် ပြီးပြည့်စုံလျက်ရှိပါချေပြီ။ ဒွာနိမ္မူးလေးမင်းမောင်နှင့် စောနန္ဒာတို့၏ ပေါင်းစည်းရာဖွေထုတ်ဖော်နိုင်မှုတို့ကြောင့် ကာလရှည်ကြာ တိမ်မြုပ်ပျောက်ကွယ်နေသည့် သို့မဟုတ် ကျောက်တလားကြီးစိုက်ဝင်ပိတ်ပုံးနေသည့် 'ကျောက်တလားသာသနာ' သည် မမျှော်လင့်ဘဲ ပွင့်လင်းထွန်းလင်းလာခဲ့ပြီ မဟုတ်ပါလား။

ကျောက်ချောရွာ၊ ဇရစ်ခဲရွာ၊ လေးအိမ်စု၊ ဝါးပိုးမြောင်ရွာများနှင့် ကျောက်တလားတောင်ခြေတွင် မှီတင်းနေထိုင်ကြသော ရွာသူရွာသားများအတွက် နှစ်ကာလရှည်ကြာစွာ ပျောက်ကွယ်နေသည့် 'ကျောက်တလားသာသနာ' က အလင်းရောင်ကာလပ်ဖြာဖော်ဆောင်ပေးခဲ့သဖြင့် တောင်ခြေဝန်းကျင်ရွာများအားလုံး ဝမ်းသာပျော်ရွှင်နေကြပါ၏။

www.burmeseclassic.com



ထိုအထဲတွင် ထူးခြားဆန်းကြယ်သောဖြစ်ရပ်တစ်ခုမှာ နှစ်ပေါင်းသုံးဆယ်နီးပါး မျက်စိအလင်းကွယ်ပျောက်နေရှာသည့် ဗိန္ဓောဆရာကြီးဦးကျောက်အိုးမှာ တိုက်တိုက်ဆိုင်ဆိုင်ကျောက်တလားကြီးနှင့် ကျောက်တလားသာသနာ ပွင့်လင်းသည့်နေ့မှာပင် ရုတ်တရက် ပြန်လည်၍ မျက်စိနှစ်ကွင်းအလင်းမြင်လာခဲ့ခြင်းမှာလည်း ထူးခြားတိုက်ဆိုင်သော ပဋ္ဌာန်းဆက်ဖြစ်ရပ်တစ်ခုလေလားဟု ...။

သို့သော် မင်းမောင်နှင့်စောနန္ဒာတို့၏ အကြားအာရုံမှာတော့ ကျောက်တလားတောင်မှ ထူးဆန်းသောရသေ့ကြီး၏ စကားတစ်ခွန်းကိုသာ မှတ်မှတ်ထင်ထင် ပြန်လည်၍ ကြားယောင်နေမိပါသည်။

''အင်း ... ပဋ္ဌာန်းဆက်ဟောင်းကြီးရဲ့ မျိုးဆက်သွေးတစ်ယောက်ပေပဲကိုး၊ အေးလေ ... လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်လောက်က နင့်ရဲ့အဘိုးကျူးလွန်ခဲ့တဲ့ အကုသိုလ်ပြစ်မှုကြွေးကို နင့်လက်ထက်မှာ ပြန်ပြီးချေဖျက်နိုင်ခဲ့မယ်ဆိုရင်တော့ နင့်အဘိုးပေါ်မှာ တင်ကျန်နေတဲ့ အကုသိုလ်ဝဋ်ကြွေးတွေ ပြေပျောက်သွားကြပါလိမ့်မယ်ကွယ်''

ဤသို့ဆိုလျှင် ကျောက်တလားနယ်မြေကြီးထဲတွင် အကုသိုလ်ပြစ်မှုကြွေး တင်ကျန်ရစ်ခဲ့သည့် မုဆိုးကျောက်အိုးတစ်ဖြစ်လဲ ဆေးဆရာကြီးဦးကျောက်အိုးအတွက် မြေးဖြစ်သူစောနန္ဒာက တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော ကျောက်တလားလိုဏ်ခေါင်းထဲမှ 'ပဥ္စလောဟိတ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး' ကိုရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် သူမ၏အဘိုး



(ဦးကျောက်အိုး) အပေါ်တွင် တင်ကျန်ရစ်နေခဲ့သည့် အကုသိုလ်ဝဋ်ကြွေးကြီးတစ်ခုများ ပြေပျောက်သွားခြင်းလေလောဟု ယူဆရမလို ဖြစ်ပါချေ၏။

တစ်ဖန် တွေးထင်မိသည်မှာ ဦးကျောက်အိုးကိုယ်တိုင်ကျောက်တလားတောင်မှ ရသေ့ကြီးနှင့် တတွေ့တကြုံရောက်ရှိခဲ့ဖူးသော ရသေ့ကြီး၏ကျောက်လိုဏ်ဂူသည် ယခုတွေ့ရှိခဲ့ရသော ကျောက်တလားတောင်စွယ်မှ 'ပဥ္စလောဟိတ' ရုပ်ပွားတော်တွေ့ရှိရာ ကျောက်သားလိုဏ်ခေါင်းကြီးနှင့် ဆက်စပ်တည်ရှိနေလေသည်လားဆိုသည်ကိုတော့ မည်သူမျှ မသိရှိနိုင်ကြပါချေပြီတည်း။

ထိုမျှသာမက မျက်နှာဖြူအရာရှိ မစ္စတာစတီဗင်၏ လက်ချက်ဖြင့် ကျောက်တလားတောင်ခြေ၏ ချောက်ကမ်းပါးကြီးထဲသို့ အပိုင်းပိုင်းကျိုးပြတ်လွင့်စဉ်ကာ ထိုးကျပျက်စီးသွားသည့် ကျောက်တလားကြီးထဲမှ ရွှေမှုန်ရွှေစများနှင့် ရွှေသိုက်ကြီးသည်လည်း ထူးဆန်းစွာပင် ကွယ်ပျောက်သွားကြပြီ။

ထိုနေရာတွင် လွန်စွာရှားပါးသလောက် တန်ဖိုးကြီးဆေးဖက်ဝင်လှသော နီညိုညိုကျောက်သွေးခြောက်များကို တွေ့ရှိလိုက်ကြရခြင်းပင်ဖြစ်သည်။ ဟုတ်သည် ...။ ကျောက်သွေးခြောက်များမှာ ကျောက်တလားကြီး၏ တွဲရရွဲကျနေသည့် ကျောက်မှတ်ဆိတ်များတွင် တွယ်ငယ်ကပ်ငြိနေကြသည်ကို ထူးဆန်းစွာမြင်တွေ့လိုက်ကြရပါတော့သည်။

''အင်း ... အင်မတန်ရှားပါးသလောက် တန်ဖိုးကြီးလွန်းတဲ့ ဆေးဖက်ဝင်ကျောက်သွေးဖတ်တွေပဲကွ၊ ငါ့အထင်

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ကျောက်တလားကြီးကျိုးပြတ်သွားတဲ့ ကမ်းပါးစွန်းက ကျောက်လိုဏ်ဂူခေါင်းအခြေမှာ ကျောက်သွေးစီးကျလာတဲ့ မြစ်ဖျားခံရာနေရာကို တွေ့ရလိမ့်မယ်ထင်တယ်''

ကျောက်ချောရွာဦးကျောင်းဆရာတော် ဦးသုမနက လျှို ချိုင့်ကြီးထဲထိတိုင် ဆင်း၍ ကျောက်တလားအပျက်အစီးအပိုင်း ကြီးတစ်ခုတွင် ကပ်ညိနေသည့်ကျောက်သွေးတစ်ကျပ်သားခန့်ကို ဖဲ့ယူစစ်ဆေးရင်း ပြောဆိုလိုက်သည်။ ဆရာတော်၏စကားဆုံး သည်နှင့် ရွာလူကြီးဦးသက္ကကိုယ်တိုင် ဦးစီးလျက် ကျောက်တ လားအပိုင်းအစကြီးများမှ ယူနိုင်သမျှကျောက်သွေးဖတ်များအား စနစ်တကျ ခွာယူစေသည်။

ဌာနမှူးလေး မင်းမောင်တို့အဖွဲ့ကမူ ကျောက်တလား တောင်ပေါ်သို့တက်ကာ ယခင် ကျောက်တလားကြီး စူးနစ်စိုက် ခဲ့သည့် ယခု လိုဏ်ခေါင်းဝအခြေတွင် ဆရာတော်ပြောခဲ့သည့် ကျောက်သွေးစီးကြောင်းအား ရှာဖွေကြည့်ကြပါ၏။ အတန်ကြာ မျှရှာဖွေလျက်ရှိကြစဉ် ကျောက်ထရံကြီး၏ အပေါ်ဘက် တစ်နေ ရာမှ စမ်းရေစီးကြောင်းကလေးကဲ့သို့ သေးမျှင်လှသော ကျောက် ကြားလေးထဲမှ သွေးကဲ့သို့နီရဲနေသော အရည်ပျစ်ပျစ်ကလေး များ တစ်ပေါက်ချင်း၊ တစ်စက်ချင်း စီးထွက်ကျနေသည်ကို အံ့သြစွာ တွေ့မြင်လိုက်ရပါတော့သည်။

''ဟာ ... ဆရာတော်ကြီးပြောတာ မှန်တယ်ဟေ့ ... ဟောဒီကျောက်သွေးစီးကြောင်းလေးကတစ်ဆင့် ကျောက်တ လားကြီးအောက်ခြေက ကျောက်ထရံကြီးဆီကို စီးကျသွားတာ ဖြစ်မယ်၊ ဖြည်းဖြည်းချင်းစီးကျနေလို့ မသိကြ၊ မမြင်ကြတာ



နေမှာ၊ အင်း ... ဒါကြောင့် ကျောက်တလားကြီးအောက်ခြေ ဘက်မှ ကျောက်သွေးအမျှင်တန်းခြောက်တွေ တွဲခိုစီးကျနေကြ တာကိုး''

''ဟုတ်တယ် ဌာနမှူးလေး ... ဒီကျောက်သွေးက ဆေး ဖက်ဝင်ပြီး ရှားပါးအဖိုးတန်တဲ့ ပစ္စည်းတစ်ခုပဲလေ၊ ဟော့ကောင် ဆင်ပေါက် ... မင်းရယ်၊ ငါရယ် အဲဒီကျောက်သွေးတွေကို ဝါးဆစ်ဘူးနဲ့ဖြတ်ပြီး ခံထားရအောင်ဟေ့''

ဤသို့ဖြင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကျောက် တလားတောင်စွယ်ချွန်းဆီမှ ကျောက်သွေးစမ်းကလေးအကြောင်း နှင့် ရွှေနီချောင်း လျှိုကြီးထဲမှ ပြုတ်ကျပျက်စီးခဲ့သည့် ကျောက် တလားကြီးမှ ကျောက်သွေးဖတ်များအကြောင်း သတင်းပျံ့သွား ခဲ့ပါတော့သည်။ ထို့ကြောင့် တောင်ခြေရွာငယ်များမှ ရွာသူရွာ သားများပါ ရောက်ရှိလာပြီး ကျောက်ထရံကြီးတွင် ဝါးခြမ်းများ ထောင်၍ဆင်ကာ ကျောက်သွေးများကို သူ့ထက်ငါ အလုအ ယက် ယူငင်ကြသည်။

သို့သော် ဆယ်ရက်ခန့်အကြာမှာတော့ ယင်းကျောက် သွေးစမ်းကလေးမှာ ထူးဆန်းစွာပင် ခန်းခြောက်ပျောက်ကွယ် သွားပါလေ၏။ နောက်ဆုံး မြင်တွေ့နေရသည့် ကျောက်သွေး အခြောက်များကိုပင် ဝါးချွန်များဖြင့် ထိုးကော်ခွာယူသွားကြပါ တော့သည်။

ဆရာတော်ဦးသုမနမှာ ဦးကျောက်အို၊ မင်းမောင်နှင့် စောနန္ဒာတို့ကို ကျောက်သွေးအကြောင်း လက်တွေ့သိရှိနိုင်ရန် အတွက် ဝါးကျည်တောက်တဲမှ ကျောက်သွေးတစ်စက်ခန့်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးတွင်ထည့်ကာ လျှာဖြင့်လျက်ကြည့်စေသည်။

"ကိုင်း ... ဘယ်လိုနေလဲ ဒကာကြီးတို့"

အံ့သြဖွယ်ရာဝင် ကျောက်သွေးစက်အနည်းငယ်မျှကို လျှာနှင့်လျက်ကြည့်ရုံနှင့် ခန္ဓာကိုယ်တစ်ခုလုံး ထူးထူးခြားခြား ပေါ့ပါးလန်းဆန်းသွားသကဲ့သို့ ခံစားလိုက်ရပါလေ၏။

"အား ... တကယ့်ကိုထူးခြားတဲ့ ကျောက်သွေးပါလား ဘုရား ... တစ်ကိုယ်လုံး နာကျင်ကိုက်ခဲတာတွေ ပျောက်သွားပြီး ပေါ့ပါးလန်းဆန်းသွားတာပဲ ဘုန်းဘုန်းရေ"

"ဟုတ်တယ်ဒကာကြီး ... ကျောက်သွေးဟာ ကျန်းမာရေးအတွက် အင်မတန်ကောင်းမွန်သင့်မြတ်တဲ့ သဘာဝ ဆေးတစ်ခွက်ပဲကွဲ့၊ အင်း .. ဒါကြောင့်လည်း ဒီကျောက်သွေး အကြောင်းကိုသိကြတဲ့ ငှက်ကြီးတွေနဲ့ တိရစ္ဆာန်ကျေးငှက်သတ္တဝါတွေဟာ ကျောက်တလားကြီးဆီကို ရောက်လာကြပြီး တဝုန်းဝုန်း, တဂီးဂီးနဲ့ လုယက်စားသောက်ခဲ့တာတာကလား ...၊

အင်း ... အဲဒီအသံပေါင်းစုံဟာ ဝေးသင့်ပြီး ကျောက်တလားတောင်ခြေတစ်ဝိုက်က ရွာတွေက ကြားလိုက်ရတော့ လူညည်းသံလိုလို, အော်ဟစ်ငိုကြွေးနေသံလိုလို, ရင်ဘတ်ကို တဖုန်းဖုန်းထုပြီး ငိုကြွေးညည်းညူနေကြတဲ့ အသံတွေလိုလို ကြားနေကြရတော့တာပေါ့၊ နောက်ပြီး ငှက်ကြီးတွေရဲ့တောင်ပံ တဗျန်းဗျန်းရိုက်ခတ်မိရင်းက တဖျပ်ဖျပ် အလင်းပြန်နေတဲ့ သလင်းကျောက်မီးစုန်းအရောင်တွေဟာ လရောင်မှာ တဝင်းဝင်း တလက်လက်နဲ့ ဝင်းလက်လွင့်ပျံနေကြတာကို ရွာသူရွာသားတွေက စုန်းတောက်စားသလိုလို, စုန်းတွေ တိမ်ညွန့်တက်ပြီး စားကြသလိုလိုနဲ့ အထင်မှား,အမြင်မှားတွေဖြစ်ကုန်ကြတော့တာပေါ့ကွယ် ...၊

အေး ... ဒါပေမဲ့ မင်းတို့တစ်တွေ ကြုံတွေ့ခဲ့ကြရတယ် ဆိုတဲ့ ရသေ့ကြီးတစ်ပါးနဲ့ ဟောဒီကျောက်တလား သာသနာ့ နယ်မြေကြီးဟာ ထူးဆန်းလှတဲ့ ဂမ္ဘီရပဋ္ဌန်းဆက်တွေဖြစ်ဖို့က တော့ ရာနှုန်းပြည့်သေချာတယ် ဒကာကြီးရေ"



ယခုတော့ ကျောက်တလားကြီးနှင့်ပတ်သက်သော ကောလာဟလများ၊ ဝိဝါဒကွဲပြားမှုများသည် ကျောက်တလား ကြီးပြိုကျပျက်စီးသွားခဲ့ရသည်နှင့် တစ်ခုချင်း၊ တစ်စချင်း အ ထုပ်ဖြည်ပြလိုက်သကဲ့သို့ ရှင်းလင်းသွားခဲ့ပြီမဟုတ်ပါလား။

ရွှေနီချောင်းမှ ရွှေပုံပြင်၊ ကျောက်တလားကြီးမှ မကောင်းဆိုးဝါး လူမည်းကောင်ကြီးများနှင့် ရွှေသိုက်၊ ရွှေကြော ကြီးဟု အမျိုးမျိုးသတင်းကြီးကျော်ကြားခဲ့သည့် ကျောက်တလား ကြီးမှာ ဤနေ့ ဤရက် ဤအချိန်မှစတင်၍ အမှန်တကယ်ပင် တန်ဖိုးအနဂ္ဃမဖြတ်နိုင်သည့် ဗုဒ္ဓအမွေအနှစ်တို့ စုဝေးကိန်း အောင်းရာ သာသနာ့နယ်မြေကြီးတစ်ခုအဖြစ် အထင်ကရ ပေါ် လွင်လာခဲ့ပါချေပြီတည်း။

ဟုတ်သည် ...။

ကျောက်တလားလိုဏ်ခေါင်းကြီးအတွင်း နှစ်ပေါင်းများ စွာ ကိန်းဝပ်စံပယ်နေတော်မူသော 'ပဉ္စလောဟိတရုပ်ပွားတော် မြတ်ကြီး'ကို ဆေးကြောသန့်စင်လိုက်သောအခါ ထူးခြားသော ဓာတ်သားအရောင်များက တဝင်းဝင်းတလက်လက် တောက်ပ လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသောခတ်သားငါးမျိုး (ပဥ္စပါးပါး)နှင့် ထုဆစ်သွန်းလုပ်ထားသည်မှာ မှန်သော်လည်း ထူးထူးခြားခြား ရွှေရောင်ငွေရောင်များဖြင့်သာ လင်းလက်တောက်ပလျက် ရှိပါ၏။

အရာအားလုံးထက် ပိုမိုထူးခြားချက်မှာ ရာဇမုနိ ရုပ်ပွားတော်ဖြစ်ပြီး မကိုဋ်သရဖူမှာ ရွှေသားအစစ်ဖြင့်သွန်းလုပ်မှုဖော်ထားပြီး နဖူးသင်းကျစ်တော်တွင် ကွမ်းသီးလုံးအရွယ်အစားခန့်ရှိသည့် ပတ္တမြားကြီးတစ်လုံးပါ မြှုပ်နှံမှုဖော်ထားခြင်းကြောင့် ကျောက်တလားလိုဏ်ခေါင်းကြီးထဲတွင် အနီရောင်အလင်းတန်းများယှက်ဖြာနေကြခြင်းပင်ဖြစ်ပါ၏။

ပတ္တမြားကြီးမှာ ရုပ်ပွားတော်၏မျက်နှာတော်ပေါ်သို့တိုင် အနီရောင်အရည်များ ယိုစီးကျနေသည်ဟု ထင်မှတ်ရလောက်အောင် အရည်အသွေးကောင်းမွန်လှသည်။

ယခုအချိန်မှာတော့ ကျောက်တလားတောင်ခြေမှ ရွာသူရွာသားများသာမက နီးစပ်ရာ မြို့ရွာများမှပင် ကျောက်တလားတောင်ဘက်ရှိ ကျောက်တလားလိုဏ်ခေါင်းကြီးထဲမှ ‘ပဥ္စလောဟိတရုပ်ပွားတော်မြတ်ကြီး’ အား နေ့ညမပြတ် လာရောက်ဖူးမြော်နေကြပြီဖြစ်သဖြင့် နက်ရှိုင်းသော တောတောင်ကြီးအသွင်ပင် ပျောက်ကွယ်လုလုဖြစ်နေခဲ့ပါချေပြီကော ...။

ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ ...’။

သည်နေ့ သည်ရက်သည် နာမည်ကျော် ကျောက်တလားလိုဏ်ခေါင်းကြီးထဲတွင် ကိန်းဝပ်စံပယ်နေသည့် ‘ပဥ္စလောဟိတရုပ်ပွားတော်မြတ်ကြီး’ အနေကဇာတင်လှူပွဲနှင့် ကျောက်တလားသာသနာ့နယ်မြေသစ်ကြီး ဖွင့်ပွဲနေ့ပင်ဖြစ်ပါ၏။



တောင်ခြေရွာများမှသာမက မြို့ရွာများမှပင် သတင်းကြားနှင့် လာရောက်ကြသဖြင့် ကျောက်တလားတောင်သာသနာ့နယ်မြေတစ်ခုလုံး ကြက်ပျံမကျ စည်ကားသိုက်မြိုက်လျက်ရှိသည်။

ထိုသာသနာသတင်းနှင့်အတူ နေနှင့်လ၊ ရွှေနှင့်မြကဲ့သို့ ပကာတင့်သလောက်အတွဲညီလှသော ‘မြိုင်စိန်တူးဖော်ရေးစခန်း’ မှ ယာယီအင်ဂျင်နီယာချုပ် ဒွာနမှူးမင်းမောင်နှင့် စောနန္ဒာတို့ မကြာမီလက်ဆက်ကြတော့မည့် မင်္ဂလာသတင်းကလည်း ကျောက်တလားနယ်မြေတစ်ဝိုက်တွင် သတင်းပျံ့လွင့်လျက် ရှိပါတော့သည်။

ထို့ထက်ပို၍ထူးခြားလှသည့် သတင်းတစ်ခုကလည်း မျက်စိနှစ်ကွင်းအလင်းပြန်မြင်ခဲ့ရသည့် ဗိန္ဒောဆရာကြီး ဦးကျောက်အိုးတစ်ယောက် ဦးပဥ္စင်းကြီးဘဝသို့ ကူးပြောင်းကာ ကျောက်တလားသာသနာ့နယ်မြေ၏ သာသနာ့အရိပ်တွင် ရာသက်ပန်ခိုလှုံဝင်ရောက်သွားပြီဆိုသော သတင်းစကားပင် ဖြစ်ပါချေတော့သည်။

တန်ဆောင်မုန်းလပြည့်ညဖြစ်သဖြင့် ကြည်လင်ရွှန်းပသည့် လပြည့်ဝန်းကြီးက ယခင်ကတည်းရှိခဲ့ဖူးသော ကျောက်တလားကြီးဝန်းကျင်တွင် ယှက်ဖြာကျဆင်းလျက် ရှိပါ၏။

ကျောက်တလားလိုဏ်ခေါင်းအတွင်းမှ ထွက်လာကြသော ချစ်သူနှစ်ဦးဖြစ်သည့် မင်းမောင်နှင့် စောနန္ဒာတို့မှာ လက်ချင်းတွယ်ချိတ်လျက် လရောင်ဆမ်းထားသည့် ကျောက်လှေကားထစ်လေးများအတိုင်း အပြုံးကိုယ်စီနှင့် ကျောက်တလားတောင်ခြေသို့ ဆင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦး ကျောခိုင်းထွက်ခဲ့သည့် ကျောက်တလား လိုဏ်ခေါင်းဝမှာတော့ ရသေ့အိုကြီးတစ်ပါးက တောင်ဝှေးတစ်ချောင်းကို ထောက်ကာ မင်းမောင်နှင့် စောနန္ဒာတို့ ချစ်သူနှစ်ဦးအား ခေါင်းတညိတ်ညိတ်နှင့် မျက်စိတစ်ဆုံး ငေးမောကြည့်နေသည်ကိုတော့ မည်သူမျှ သတိမထားလိုက်နိုင်ကြပါချေပြီတည်း။

ယောနိသောမနသီကာရ

# သက်မင်းဂျူလိုင်

"ဝေဝန်အကြိုပေးစာများကို မျှော်လင့်လျက်"

သက်မင်းဂျူလိုင်

အမှတ် (၁၇၀)၊ ချယ်ရီလမ်း၊ မြင်သာ၊ ၁၄/၁ - ရပ်ကွက်

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

Ph:co/ 570316, co/ 563271

www.burmeseclassic.com